www.dhammaransi.com

# ယထာဘူတ

ဒဂုန်ဦးစန်းငွေ

www.dhammaransi.com

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် [ ၉၁၁၀ ]

ပဌမအကြိမ်

၁၉၇၇–ဇန်နဝါရီလ

အုပ်ရေ ၂၅၀၀

ရောင်းဈေး ၆ ကျပ်

ပန်းချီ

ဆွေဆက်

အရောင်

ကာလာမောင်ဝင်း

မျိုးမြန်မာစာအုပ်ချုပ်

ပုံနှိပ်/ထုတ်ဝေ

ဤစာအုပ်ကို ဦးခင်ဝင်း [၀၁၄၁၅] သူရိန်ပုံနှိပ်တိုက် အမှတ် ၁၃ ရေကျော်ပတ်ကျောင်းလမ်း၊ ရန်ကုန်ပုံနှိပ်ပြီး။ ဝင်းမော်ဦး စာပေဖြန့်ချိရေး [၀၂၂၃] အမှတ် ၅၀၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဦးတင်မောင်က တာဝန်ယူ ထုတ်ဝေသည်။

www.dhammaransi.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | |
| ၂။ | ပဏာမ | |
| | **အပိုင်း (၁)** | |
| ၃။ | အမှာစကားချုပ် | ၁၇ |
| | ဓမ္မပီယရှုဘွယ် | ၁၉ |
| ၄။ | သားမှန်း သမီးမှန်း သိဘာ-သတိလား<br>လင်မှန်း မယားမှန်း သိတာ-ပညာလား | ၁၉ |
| ၅။ | ယထာဘူတဉာဏ် | ၂၁ |
| ၆။ | အပွင့်ပြီးမှ အသီး | ၂၃ |
| ၇။ | အကန်း အကန်းချင်း၊ အရူး အရူးချင်း | ၂၆ |
| | တောင်ကားတရား ဘုရားက တောင်ပေါ်ကလူ | ၂၈ |
| ၈။ | ယထာဘူတဉာဏ်ကို ရသော်.... | ၃၀ |
| ၉။ | ငါးထွေခန္ဓာ ရေလဲ ဆိုသည်မှာ | ၃၂ |
| ၁၀။ | သံသရာ ရေပြင်နစ်အောင် နှစ်လေသည့် တရားခံ | ၃၃ |
| ၁၁။ | ပုထုဇဉ် လောက၏ အသွင်အပြင် | ၃၅ |
| ၁၂။ | ဘယ်မှာလဲ ယောကျ်ား၊ ဘယ်မှာလဲ မိန်းမ | ၃၉ |
| ၁၃။ | မှန်ကြေးမုံ ဘာအသုံးကျသနည်း ရှုဟုလာ | ၄၂ |

www.dhammaransi.com

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အပိုင်း (၂)


၁၄။ အကြည့်မှန်မှ အမှန်ကို မြင်မည်။ ၄၇
၁၅။ လူ့အတွက် သိစရာ နှစ်ချက် ၄၉
၁၆။ အရှိသဘောကို မရှိသဘောက
အနိုင်ယူပုံ သာဓကများ ၅၁
၁၇။ မြေသည် အိုးလား၊ အိုးသည် မြေလား။ ၅၂
၁၈။ ငရုတ်ကို မမြင်အောင် ဆီးတားထားသော
တံတိုင်းကြီးလေးထပ် ၅၆
၁၉။ သမ္မုတိဃန ပညတ် ၅၇
၂၀။ သန္တတိဃန ပညတ် ၅၉
၂၁။ သဏ္ဌာနဃန ပညတ် ၆၀
၂၂။ သဘာဃန ပညတ် ၆၁


## အပိုင်း (၃)


၂၃။ အသိမှန်မှ အလုပ်မှန်မည်။ ၆၅
၂၄။ အန္ဓပုထုဇဉ် (သူကန်း) ၆၆
၂၅။ မြင်လျက်နှင့် ကန်းနေသူ၊ ၆၇
၂၆။ ဘုရားကို တွေ့လျက် မမြင်သော ဝက္ကလိ ရဟန်း ၆၉

www.dhammaransi.com

# မာတိကာ

| အမှတ်စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၂၇။ ပဥ္စဝဂ္ဂီ ရဟန်းတို့လည်း တခါက ဘုရားကို မမြင်ခဲ့ကြ ၇၂
၂၈။ ပရမတ် မျက်စိ ရှိနိုင်သောခေတ် ၇၄
၂၉။ အသိ နှင့် မသိ၊ ၇၇

အပိုင်း (၄)

ဘုတ်ကို မြင်မှ ရုပ်ကို မြင်နိုင်မည်၊ ၈၁
၃၀။ ခေတ်ကြီးလေးပါးတို့၏ အချင်းချင်း မတူသော စွမ်းအား သတ္တိများ ၈၃
၃၁။ အရိုပ်ပမာ မြေခေါတ်လွှာ၊ ၈၆
၃၂။ ရေခေါတ်၏ ဖွဲ့စည်းမှု စွမ်းအား ၈၇
၃၃။ လေခေါတ်၏ လှုပ်ရှားမှု စွမ်းအား၊ ၉၀
၃၄။ လောကဓာတ် ဇာတ်ခုံပေါ်ဝယ် ထူးထွေတည့် အံ့ရာသော်.... ၉၃
မျက်လှည့်ပြနေသော မျက်လှည့်ဆရာကြီး မဟာသုတ်
၃၅။ ဘုတ်ကြီးအောက်က ဘုတ်ကလေး ၁၄-ကောင် ၉၈
၃၆။ စိတ်ခြောက်မျိုး ၁၀၀
၃၇။ စိတ်အာရုံ ခြောက်မျိုး၊ ၁၀၁
၃၈။ စိတ်လည်း တန်းစီရ၏၊ ၁၀၄

www.dhammaransi.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း (၅)** | |
| | **ခန္ဓာဝေဒ** | |
| ၃၉။ | ခန္ဓာတုံးမှ သံသရာဆုံးမည် | ၁၀၆ |
| ၄၀။ | မျက်စိကို ရှေးက ဓါတ်ခွဲပုံ | ၁၀၇ |
| ၄၁။ | နှလုံးသားကို ရှေးကဓါတ်ခွဲပုံ | ၁၀၉ |
| ၄၂။ | နှလုံးသား ဆောင်ပုဒ်လင်္ကာ | ၁၁၁ |
| ၄၃။ | လူမှာ ဆံပင်ဘယ်နှစ်ချောင်း၊ မွေးညှင်းဘယ်နှစ်ပင် ရှိသနည်း | ၁၁၂ |
| ၄၄။ | အရိုးသုံးရာကို ဥပမာနှင့်တကွ ပြဆိုချက် | ၁၁၅ |
| ၄၅။ | ရုပ်ဆောင်နေသော အပုပ်ကောင် | ၁၁၉ |
| | **အပိုင်း (၆)** | |
| ၄၆။ | ဘဝအစ၌ ဘဝကိုအလျင်ဆုံး တွေ့ရပုံ | ၁၂၂ |
| ၄၇။ | ဘဝင်မြင့် ဆေးသုံးလုံးနှင့် လူသား | ၁၂၃ |
| ၄၈။ | တဏှာ | ၁၂၄ |
| ၄၉။ | မာန | ၁၂၅ |
| ၅၀။ | ဒိဋ္ဌိ | ၁၂၆ |
| ၅၁။ | ပုဏ္ဏကဆေးနှင့် လူသား | ၁၂၇ |

www.dhammaransi.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၂။ | ရုပ်သည် အတ္တလား၊ ရုပ်တခြားနာမ်တခြားလား၊ နာမ်သည် ရုပ်ကောင်ကြီးထဲမှာ အောင်းနေသလား | ၁၂၈ |
| ၅၃။ | ရုပ် အတ္တဝါဒ | ၁၂၈ |
| ၅၄။ | နာမ် အတ္တဝါဒ | ၁၂၉ |
| ၅၅။ | ရုပ်နာမ် အတ္တဝါဒ | ၁၂၉ |
| ၅၆။ | ဇီဝ အတ္တဝါဒ | ၁၃၀ |
| ၅၇။ | ဝိဉာဏ် အတ္တဝါဒ | ၁၃၀ |
| ၅၈။ | ဝေဒနာ-သညာ-သင်္ခါရ အတ္တဝါဒ | ၁၃၁ |
| ၅၉။ | ပရမတ်မျက်စိမရှိသော အန္ဓပုထုဇဉ်တို့၏ အတ္တအစွဲပွါယ် | ၁၃၁ |
| ၆၀။ | အတ္တဒိဋ္ဌိ၏ ကြီးမားသော ပင်မအားနှင့် ယင်း၏ အကိုင်းအခက် ဒိဋ္ဌိများ | ၁၃၃ |
| ၆၁။ | သဿတ ဒိဋ္ဌိ | ၁၃၃ |
| ၆၂။ | ဥစ္ဆေဒ ဒိဋ္ဌိ | ၁၃၄ |
| ၆၃။ | အတ္တဒိဋ္ဌိနှင့် ခိုင်းနှိုင်းစရာ ဥပမာများ | ၁၃၄ |
| ၆၄။ | ဘာလဲဟဲ အတ္တဒိဋ္ဌိ | ၁၃၆ |
| ၆၅။ | အတ္တဒိဋ္ဌိကို ဖျက်ဆီးပစ်ရန် လက်နက်ကြီးကိုးမျိုး | ၁၃၇ |
| ၆၆။ | နာမရူပ ပရိစ္ဆေဒဉာဏ် | ၁၃၈ |

www.dhammaransi.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၇။ | ပစ္စယ ပရိဂ္ဂဟဉာဏ် | ၁၃၈ |
| ၆၈။ | အနိစ္စဉာဏ် | ၁၃၈ |
| ၆၉။ | ဒုက္ခဉာဏ် | ၁၃၉ |
| ၇၀။ | အနတ္တဉာဏ် | ၁၃၉ |
| ၇၁။ | နိဗ္ဗိန္ဒဉာဏ် | ၁၄၀ |
| ၇၂။ | မဂ်ဉာဏ် | ၁၄၂ |
| ၇၃။ | ဖိုဉာဏ် | ၁၄၃ |
| ၇၄။ | ပစ္စဝေက္ခဏာဉာဏ် | ၁၄၃ |
| ၇၅။ | ဉာဏ်ငါးပါးကို ခရီးသွားယောကျ်ား၏ ဖြစ်ရပ်နှင့် ပုံဟပ်၍ ကြည့်ပုံ | ၁၄၄ |
| ၇၆။ | ရုပ်လှည်းနှင့်နာမ်လှည်းသမား၊ ဝါယောဓါတ်နွား | ၁၄၇ |
| ၇၇။ | ရုပ်နှင့်နာမ်တို့၏ မူလသဘော | ၁၅၀ |
| ၇၈။ | ဒိဋ္ဌိမှုခင်းနှင့်ပတ်သက်၍ အရှင်သာရိပုတ္တရာ၏ **ယမက စစ်တမ်း** | ၁၅၂ |
| | **အပိုင်း (၇)** | |
| ၇၉။ | ဝိပဿနာနှင့် ကမ္မဋ္ဌာန်း | ၁၆၈ |
| ၈၀။ | ရုပ်ရှင်နှင့်ဝိပဿနာ | ၁၇၀ |
| ၈၁။ | ဖလင်ထဲက အရုပ်ပေါင်း နှစ်သိန်းကျော် | ၁၇၁ |
| ၈၂။ | တောလေးဆယ်နှင့် ဝိပဿနာ | ၁၇၂ |

www.dhammaransi.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၃။ | ကောလေးဆယ်ကိုရှင်း၊ အတွင်းမှာ ဘာကို တွေ့မည်နည်း | ၈၂၁ |
| ၈၄။ | အရှိကိုတွေ့သော် အသိဖြင့်မိအောင်ဖမ်း | ၁၈၅ |
| ၈၅။ | စရိုက်နှင့် ပုဂ္ဂိုလ်ခြောက် မျိုး | ၁၈၇ |
| ၈၆။ | ရာဂစရိုက်အားကြီးသူ | ၁၈၈ |
| ၈၇။ | ဒေါသစရိုက်အား ကြီးသူ | ၁၈၉ |
| ၈၈။ | မောဟစရိုက်အား ကြီးသူ၊ | ၁၉၀ |
| ၈၉။ | သဒ္ဓါစရိုက်အား ကြီးသူ | ၁၉၁ |
| ၉၀။ | ဗုဒ္ဓိစရိုက်အားကြီးသူ၊ | ၁၉၁ |
| ၉၁။ | ဝိတက်စရိုက်အားကြီးသူ၊ | ၁၉၁ |
| ၉၂။ | သည်စရိုက်နှင့်–သည်ကမ္မဋ္ဌာန်း၊ | ၁၉၂ |
| ၉၃။ | စာဂါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းလိုသော်၊ | ၁၉၆ |
| ၉၄။ | ဈာန် ဆိုသည်မှာ၊ | ၂၀၀ |
| ၉၅။ | ဈာန်ဖြစ်အောင် ထောက်ကူကျားကန်ပေးသော ဒေါက်တိုင်ကြီး ငါးခု၊ | ၂၂၂ |
| ၉၆။ | ဝိတက်၊ | ၂၂၂ |
| ၉၇။ | ဝိစာရ၊ | ၂၂၇ |
| ၉၈။ | ပီတိ | ။ |
| ၉၉ | သုခ၊ | ။ |
| ၁၀၀။ | ဧကဂ္ဂတာ၊ | ။ |
| ၁၀ ။ | နိဂုံး၊ | ၂၂၆ |

www.dhammaransi.com

# နိဒါန်း

စစ်ကြိုခေတ်မြန်မာပြည်တွင် နေလိုလလို လင်းခဲ့သောသတင်း စာကြီး နှစ်စောင်ရှိခဲ့၏။ တစောင်ကား မြန်မာ့အလင်း၊ တစောင် ကား သူရိယ ဖြစ်၏။

ထိုစဉ်က ဆူးလေဘုရားလမ်း၊ ဆူးလေစေတီတော်၏ အရိပ် အောက်၌ ရှိခဲ့သော မြန်မာ့အလင်း သတင်းစာသည် ယခု မျက် မှောက်ကာလတွင် ရွှေဂုံတိုင်သို့ ရောက်နေ၏။ သူရိယ ကား ပျောက်ကွယ်လေပြီ။ ပျောက်ကွယ်ပြီဆိုသော်လည်း သူရိယသည် နာမ်သာကွယ်သည်၊ ရုပ်မကွယ်သေး။ ယခုဝန်ကြီးများရုံး အနီး အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်း ဒေါင့်ရှိ "ဝင်း မော်ဦး" စာပေတိုက်သည် ဟိုယခင်က သူရိယ သတင်းစာ ထုတ် ဝေခဲ့ရာ တိုက်ပင်တည်း။ သူရိယသည် ထိုတိုက်မှနေ၍ မြန်မာ ချင်းအောင် နေ့စဉ်လင်းခဲ့သတည်း။

ဝင်းမော်ဦး စာပေတိုက်ပိုင်ရှင်ကား ဦးတင်မောင် ဖြစ်၏။ သူသည် ဘာသာရေး စာအုပ်များကို တဖက်တလမ်းမှ ဦးစား ပေး ထုတ်ဝေ၍ သာသနာပြုနေသူ ဖြစ်၏။ သူကိုယ်တိုင်က လည်း ဘာသာတရားကို လေးစားသူဖြစ်ပြီး ရွှေတိဂုံစေတီတော် ကြီးသို့ ညစဉ်သွားရောက် ဦးခိုက်သည်။ ဖူးမြော်သည်။ ကန်တော့

www.dhammaransi.com

သည်။ ပူဇော်သည်။ ဘုရားသွား ကျောင်းတက်မှုတွင် သူသည် ကျွန်ုပ်ထက်နှာတဖျားမက အလျားလိုက် အပြတ် အသတ် ဆာ ပေသည်။ သူ၏ စေတနာနှင့် သဒ္ဓါကို ချီးကျူး သာခု ခေါ်ရ တော့သည်။

ဆက်ပါဦးမည်။ နေ့စဉ် ညညအခါများတွင် ရွှေတိဂုံ သွား ရောက် ဖူးမြော်ခြင်း ပြုလေ့ရှိသောသူ၏ ကျေးဇူးကြောင့် "မစွံ ဘူး" ဟူ၍ လက်လျှော့ ထားခဲ့သော ကျွန်ုပ်၏ စာမူတခု စွံသွား ခဲ့၏။ "ဗုဒ္ဓအမွေအနှစ်၏အရသာ" ခေါ် မဂ္ဂဝင် ရသဝါဟိနီ ဘာ သာပြန် စာမူဖြစ်ပါ၏။ ထိုစာမူကို လွန်ခဲ့သော ရှစ်နှစ်လောက် က တဝက်တပျက် ကျွန်ုပ်ရေးခဲ့၏။ သို့သော် စာအုပ် အဖြစ် မရောက်ခဲ့။ အကောင်အထည် မဖော်နိုင်ခဲ့သဖြင့် ချောင်ထိုး ထားခဲ့ရာ ပိုးစား ခြကိုက်၊ အမှိုက်ဖြစ်တော့မလောက် ရှင်ပျက် ဆင်းပျက် ဖြစ်နေ၏။

တနေ့သော် ထိုစာမူအကြောင်းကို စကားစပ်၍ ဦးတင် မောင်ကို ပြောပြမိသောအခါ သူက "ယူခဲ့ဆရာ၊ ကျွန်တော် ကြည့်အုံးမယ်" ဆိုသည်။ ထိုစာမူကို သူ့အား ပေးလိုက်သော ညတွင် အကြောင်းတစုံတရာကြောင့် သူ အိပ်မပျော်ဟု ဆို သည်။ အိပ်ပျော် လွယ်အောင် ကျွန်ုပ်ပေးလိုက်သော စာမူ အဆွေးကြီးကို စာပွဲပေါ်က ဆွဲကြည့်လေသတတ်။

နောက်တနေ့ညတွင် သူသည် ထုံးစံအတိုင်း ရွှေတိဂုံသို့ သွားရောက်၍ ဘုရားဝတ်ပြုနေစဉ် ခြင်တွေက တဝီဝီနှင့် လာ ကိုက်သည်ဆို၏။ ခါတိုင်း ခြင်ကိုက်လျှင် ခြင်ကို တဖျတ်ဖျတ် ရိုက်မိသော်လည်း ထိုနေ့ညတွင်ကား ခြင်ကိုမရိုက်တော့ဘဲ ဘေး

www.dhammaransi.com

မဲ့ပေးလိုက်လေ၏။ သူ၏ နှလုံးသွင်းကား "ဟိုတရားနာခနရှင်း ရဟန်းတပါးဟာ သူ့ကို မြွေကိုက်တာတောင်မှအဲ တရားပွဲ အနှောက်အယှက်'မဖြစ်စေရ'ဟု ဖြစ်မှာ စိုးတဲ့အတွက် မတုန်မလှုပ် သည်းခံပြီး နေနိုင်သေးတာကတဲ၊ နင့်မှာ ခြင်ကလေး ကိုက်တာ နဲ့များဟယ်...."ဟု ကိုက်ပစေ၊ ပေ၍ သည်းခံလေတော့၏။

ထိုမြွေကိုက်ခံရသော ထိုရဟန်း၏ ဝတ္ထုကြောင်းကို ညာက သူဖတ်၏။ မြွေကိုက်နှင့် ခြင်ကိုက်ကို နှိုင်းစာမိကာ ခြင်ကို အားမဲ့ပေးလိုက်သည်ဆို၏။ ဤဖြစ်ရပ်မှာ သူ့အဖို့ "လက်ငင်း အကျိုးရှိသည် အခြားသူများအဖို့လဲ အကျိုးရှိတန်ရာသည်"ဟူ၍ ထိုစာမူကို စာအုပ်အဖြစ် သူရိုက်တော့သတည်း။ လွန်ခဲ့သော နှစ်၊ အောက်တိုဘာလက ထိုစာအုပ်ထုတ်ဝေခဲ့၏)။

ဤစာအုပ်(ယထာဘူတ) သန္ဓေတည်ပုံမှာ ထူး၍ မဆန်း ဆို နိုင်သော်လည်း ကျွန်ုပ်အဘို့မှာ ဆန်းနေ၏။ မနိုင်ဝန်ကို ထမ်းရ သည်နှင့် တူနေ၏၊ အကြောင်းကတော့ သည်လိုပ ။

ဝင်းမော်ဦးစာပေနှင့် မျက်နှာချင်းဆိုင် လဘက်ရည်ဆိုင် ကွင်းမှာ ဖြစ်ပါ၏။ ဦးတင်မောင်နှင့် ကျွန်ုပ်စာ သောက် ရင်း စာပေအရေး ဆွေးနွေးကြသည်။ သူကစကားစလိုက်၏။

(တင်) "ဆရာခု-ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေး ခွန်းနှင့် ပြဿနာရပ်များ၊ (တတိယတွဲ) ထုတ်ပြီးရင်၊ အဲဒါကို ခဏရပ်ပြီး လိုင်းတမျိုး ပြောင်းရေးဘို့ စိတ်ကူးဆရာ...."

(စန်း) "ဘာဖြစ်လို့လဲ၊ စွဲမယ်မထင်လို့လား"

www.dhammaransi.com

(တင်) "မှတ်ဘူးဆရာ၊ ရုံစာလော ဘာသာရေး စာအုပ်တွေ သိပ်ထွက်နေလို့၊ သမထလမ်း၊ ဝိပဿနာလမ်း....အဲဒါတွေကို...."

(စန်း) အဲဒါလဲ ဘာသာရေး မှတ်လား"

(တင်) "ဘာသာရေးပေမဲ့ လိုင်းချင်းမတူဘူးဆရာ၊ ကျင့်နည်း၊ကြံနည်းအားထုတ်နည်းတွေပြဘို့လိုတယ်၊လူတွေဟာသမထဝိပဿနာလမ်းကို အတော်ကလေး လိုက်စားနေတာ တွေ့ရတော့ ကျွန်တော်က တရားအားထုတ်တဲ့ အခါမှာ အမှန်အတိုင်းသိစေချင်တဲ့ ဆန္ဒပါ၊ အဲဒါတွေ ဆရာထုတ် ဖေါ်နိုင်ပါလိမ့်မယ်"

(စန်း) "ကျုပ်က လက်တွေ့တရားအားထုတ်နေတဲ့ သမထဝိပဿနာသမား မဟုတ်လေတော့၊ ခင်ဗျားပြောတာတော့ ဟုတ်ပါရဲ့။ ဒါမျိုးက အပြောလွယ်သလောက် အလုပ်ကျတော့ ခက်တယ် ဦးတင်မောင်"

(တင်) "ဟာ....ဆရာ့နှယ်၊ ခက်တာကို ခက်တယ် ဆိုပြီး ပစ်ထား ရတော့မှာလား။ ကျွန်တော် စိတ်ကူး ထားတာ က 'အမြင်မှန်ဘို့-အသိမှန်ဘို့' ဆိုတဲ့ နာမယ်နဲ့ ဆရာ့ကို ရေးပါလို့ ပြောမလို့၊ အဲဒါရေး ဆရာ"

ထိုခဏ ဦးတင်မောင်ကို ညှော့သည်တယောက်က လာခေါ်သည်နှင့် စကားပြတ်သွားတော့၏။ သူ့ဆန္ဒကိုတော့ ကျွန်ုပ်သိလိုက်ရပြီ။ နောက်တကြိမ် သူနှင့်အတွေ့တွင် အဘိဓမ္မာ စာအုပ်တအုပ်ကို သူက ပေးရင်း "အဲဒါတွေလဲ ကြည့်ပေါ့ ဆရာ။

www.dhammaransi.com

ရေးပါလို့လဲ ကျွန်တော်ထပ်ပြီး တိုက်တွန်းပါတယ်”ဟု ဆိုသည်။ “အလှည့်ကျနွားမ တောင်ရှန်းရသည်” ဆိုသော ကိန်းမျိုးဆိုက်ချေပြီကော။

ဤစာမျိုးရေးရမည်မှာ လက်တွေ့သမား မဟုတ်သောကျွန်ုပ် အဖို့ နိကာယ် ငါးရပ်ကို ဘာသာပြန် ရသည်ထက်ပင် ခက်နေ၏။ သို့သော်ပိဋကတ်ပါရဂူဆရာ အဆူဆူတို့၏ ကျင့်ထုံး လုပ်ထုံးတွေရှိ၏။ ယင်းတို့ကိုမှေးတွယ်၍ လိုက်ရလျှင်....ဤသည့်နောက်ပိုင်းတွင်ကား ကျွန်ုပ်ကလောင်ပြင်သော၏။ ကြည့်တန်သည်တို့ကို အချိန်ရသရွေ့ ကြည့်ကာ သဘောကို မိအောင် ဖမ်းယူ၏။ လုပ်မိလျှင် မနားမနေ လုပ်တတ်သော ကျွန်ုပ်၏ ဝါသနာအရ စာပွဲပေါ်တွင် အက္ခရာ တင်ပြီးသော စာရွက်များ တရွက်ပြီး တရွက် တသွက်သွက် ထွက်လာ၏။ အချိန်ရသရွေ့ ကြိုးကြားကြိုးကြား ရေးလာခဲ့ရာက နှစ်လခန့် ကြာသောအခါ တကျမ်းတဖွဲ့စာ ရရှိလာ၏။

ထိုအခါ စာအုပ်အမည်ကို ဦးတင်မောင် ကင်ပွန်းတပ် ပေးထားသည့်အတိုင်း “အမြင်မှန်ဘို့ အသိမှန်ဘို့” ဟူ၍ပင် စီစဉ်ထား၏။ သို့သော် ဤအမည်ကို လိုက်လိုက်လှဲလှဲ ကျွန်ုပ် မနှစ်ချိုက်။ ဆောင်းပါးနာမည်လိုလို၊ ကဗျာဆန်သလို တမျိုးကြီးဖြစ်နေသည်။ ပြုစုထားသော စာ၏ အရသာနှင့် ဤအမည်မှာ ဟပ်မိမည်မထင်၍ ဘဝင်မကျဖြစ်နေသည်။ ကျမ်း၏ အမည်ကိုလည်း စာနှင့်အတူ ခန့်ညားမှု စိတ်ကို ဆွဲဆောင်စေနိုင်မှု ရှိစေချင်သည်။

www.dhammaransi.com

ဤသို့နှင့် ကျွန်ုပ်သည် ကျွန်ုပ်၏ ရေးဖေါ်များ ဖြစ်ကြသော ရွှေသို့အယ်ဒီတာ အဖွဲ့နှင့် တိုင်ပင်၍ ကျမ်းအမည်အတွက် အကြံဉာဏ်တောင်းသည်။ ကျမ်းစာပါ အဓိပ္ပာယ်များကို အကျဉ်းချုပ်ရှင်းပြပြီး နာမည်ပေး ကင်မွန်းတပ် မင်္ဂလာဆောင်နှဲ့ ပေးကြရန် ဆန္ဒပြုလေသောအခါ ဆရာစောရွှေဗိုလ် (အယ်ဒီတာ–ဦးမောင်းရွှေ)က "ယထာဘူတ"ဟု ကင်မွန်းတပ်ရင်း ရှင်းပြသည်" ဆရာပြောတဲ့ အဓိပ္ပာယ်နဲ့ဆိုရင် ဒီနာမယ်ဟာ အဆီလျော်ဆုံးဘဲ။ ယထာဘူတ ဆိုလျှင် ရာခိုင်နှုန်း ရှစ်ဆယ် လောက် ကာနားလည်ပြီး လူနှင့်ယဉ်ပါးပြီး ဝေါဟာရလဲဖြစ်တယ်၊ စာအုပ်လဲ ခန့်ညားသွားတယ်"ဟု ကြောင်းကျိုး ဆက်စပ်မှုနှင့် တကွ အထောက်အကူပြုလေရာ ဤအမည်ကျမှပင် ကျွန်ုပ်လည်း ဘဝင်ကျတော့သည်။

သို့ပါ၍ ဦးတင်မောင်အား ပြောလိုသည်မှာ "ဦးတင်မောင်ရေ စိတ်မရှိနဲ့ဗျနော်၊ ခင်ဗျားနာမည်က ခင်ဗျားအမေ မွေးခင်ကပေးထားတဲ့နာမယ်။ မွေးပြီးတော့ ခလေးက တမျိုးဗျ။ ဒါကြောင့် ခလေးနဲ့နာမယ် "ယထာဘူတ" ကျတာဘဲ ကောင်းပါတယ်ဗျာ....နော်၊ "ယထာဘူတ"လို့ နာမယ်ပေးကြပါစို့။

ဇဂုန် ဦးစံန်းငွေ

၁၃၇၇–ခု၊ တော်သလင်း လပြည့်ကျော် (၇)ရက်နေ့။
ရန်ကုန်မြို့။

www.dhammaransi.com

# ယထာဘူတ

ဒေါက်-ဦးစန်းမွေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ

"ဗုဒ္ဓံ ဓမ္မံ၊ သေဘာ အဟံ၊ သံဃံဝန္ဒာမိ၊
ရတနာနံ၊ ပဏာမံ၊ ဘယံ နဿတိ။
ယထာဘူတံ၊ ဘိဓေယျံ၊ ကဿံ သဒ္ဓဟိ၊
သုတေသိနံ၊ ဂန္ထော ယံ' အတ္ထံ ပဟောဿတိ။"

အဟံ—စဝဂ်လက်မှန်၊ န တံခွန်ယှဉ်း၊ ဝစ္စသား၍၊နောက်ပါး စွင့်စွင့်၊ ငွေကြယ်ပွင့်နှင့်၊ ခွန်းဆင့်မှည့်ခေါ်၊ ဘုရား တပည့်တော် သည်၊ ဗုဒ္ဓံ -မသိမရှိ၊ သိထက်သိသည့်၊ အသိပိုင်ရှင်၊ ဘုရား သခင်ကိုလည်းကောင်း၊ ဓမ္မံ—အသိဉာဏ်ကို၊ ရင့်ကျက် ပွင့်လင်း စေတတ်သော ဓမ္မစေတီတော်ကိုလည်းကောင်း၊ သံဃံ—မြတ် ဘုရား၏၊ ချစ်သား သံဃာ၊ ရတနာကိုလည်းကောင်း။ ဝန္ဒာမိ—

www.dhammaransi.com



ရွှေကြာလက်စုံ၊ ထိပ်ဝယ်ပုံလျက်၊ ယုံကြည်မြတ်နိုး၊ ရှိခိုးပါ၏။ ရတနာခံ—ဘုရားတရား၊ သံဃာအားဖြင့်၊ သုံးပါးသော ရတနာတို့အား။မေ- အကျွန်ုပ်၏၊ ပဏာမံ-ပဏာမေန ရှိသေမြတ်နိုး၊ ရှိခိုးရသော အကျိုးအားဖြင့်၊ ဘယံ- ရေး၍ မဖြောင့် အောင်၊ အနှောင့်အယှက် ပြုတတ်သော ဘေးအပေါင်းသည်။ နသ္သတု နဿတု—ပျက်စီးပါစေသော်။

နဿိတွာ—အန္တရာယ် ကင်းပျောက်၊ မရောက်သည်သာ၊ ရှင်းရှင်းကွာလျက်၊ ယထာဘူတံ အဘိဓေယျံ "ယထာဘူတ"ဘွဲ့ မည်သ,သည့်ကျမ်းကို။ သဒ္ဒဟိ—သဒ္ဒဟေန၊ ဘာသာ တရားကို၊ ရိုသေလေးစား၊ ကိုင်းရှိုင်းသောအားဖြင့်။ ကဿံ ကရိဿာမိ-အမှတ်ထင်ထင်၊ ရေးပြု စီရင်ပေအံ့ သတည်း။ အယံဂန္ထော ယထာဘူတ၊ နာမပွင့်လန်း၊ ဤစာကျမ်းသည်၊ သုတေသီနံ၊ ဘာသာတရား၊ လိုက်စားလိုသူ၊ အဆူ ဆူတို့၏။ အတ္ထံ အတ္တာယ အသိဉာဏ်ပွားတိုး၍၊ အကျိုး များစေခြင်းငှာ။ ဟောဿတိ ဟောဿတု—ကောန်စင်စစ်၊ အဖြစ်ကြီး ဖြစ်ပါစေသတည်း။

●

www.dhammaransi.com

# အပိုင်း (၁)

**အမှာစကားချပ်**။ ။မဓုပိဏ္ဍိကရှုဘွယ်ကျမ်း၊ သနာထရှုဘွယ်ကျမ်း၊ လက္ခဏရှုဘွယ်ကျမ်း၊ ဓမ္မပိယ ရှုဘွယ်ကျမ်း၊ ရာဇကြေးမုံ ရှုဘွယ်ကျမ်း စသော "ရှုဘွယ်" ဟူသော အမည်ဖြင့် ကျမ်းပေါင်းများစွာတို့ကို ပြုစုသွားတော်မူသော "မုနိန္ဒာဘိလင်္ကာရ သဒ္ဓမ္မဓဇသာမိ မဟာဓမ္မရာဇာဂုရု ဘွဲ့တံဆိပ်တော်ရ-စတုဂီရိ တောင်လေးလုံးဆရာတော် ဘုရားကြီး၏ အထံတော်သို့ မြန်မာသက္ကရာဇ် ၁၁၆၂ ခုနှစ်၊ ညီဖြစ်သူ အရှင်ဓမ္မပိယက ပုစ္ဆာလေးချက်ကို အနက် မြန်မာပြန်ဆို ပေးပါရန် ပန်ကြားခဲ့၏။ ယင်း၏ မေးလျှောက်ချက်ကို နောင်တော် စတုဂီရိ တောင်လေးလုံး ဆရာတော်ဘုရားက ပြန်ကြားလိုက်သည့် (ဓမ္မပိယရှုဘွယ်) စာထဲတွင် ယထာဘူတဉာဏ် (အမြင်မှန်၊ အသိမှန်) နှင့် ပတ်သက်၍ မှတ်သားစရာများစွာကို တွေ့ရှိရပါသည်။ သို့သော် ယင်းပြန်ကြားစာမှာ ပါဠိနှင့် စကားပြေ ရောထွေးလျက် ရှေးကျန်းဂန်ရေးနည်းမျိုးဖြင့် ရေးသားထားသဖြင့် စာကိုဖတ်သွားကာမျှဖြင့် အဓိပ္ပါယ်ကို ထင်းကနဲလင်းကနဲ လူတိုင်းစေ့သဘောပေါက်ရန် မလွယ်ကူလှပါ။ ဆရာတော်၏ သြဝါဒကို အများ

www.dhammaransi.com



သိရှိ နားလည် ခံယူနိုင်စေလိုသော ဆန္ဒဖြင့် အချို့ကို ယနေ့ခေတ်သုံး စကားလုံးများဖြင့် ဖလှယ်၍ အစ်ကိုဇာ ညီထံ ပြန်စာ သဘောမျိုး သီကုံးထား ပါသည်။ ဆရာတော်၏ "မူ" မပျက်စေဘဲ၊ သက်ဆိုင်ရာ ပါဠိများ ပါရှိဦးမည် ဖြစ်သော်လည်း အမြင်ရှင်းနိုင်သမျှ ရှင်းအောင် ကြိုးစား၍ တင်ပြထားပါသည်။

ထိုပြန်ကြားစာ ရေးသားသည့်အချိန်၌ နောင်တော် ဖြစ်သူ စတုဂိရိ ဆရာတော်မှာ သက်တော် ၇၃ နှစ်ရှိပြီး၊ ညီဖြစ်သူအရှင် ဓမ္မပိယကား သက်တော် ၆၂ နှစ် ရှိပြီဖြစ်သော်လည်း သုံးနှုန်းထားသော ဝေါဟာရ စကားလုံးများမှာ ချစ်ခင် ကြင်နာမှု အရင်းခံဖြင့်စတုဂိရိ ဆရာတော်ကအရှင်ဓမ္မပိယအား "ညီတော်" ဟူ၍လည်းကောင်း "ညီလှ"ဟူ၍လည်းကောင်း ခေါ်ဝေါ် သုံးနှုန်းတော်မူကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဤပြန်ကြားစာကို သချပ်ဖေါ်ရာတွင် ဆရာတော်၏အခေါ်အဝေါ်အာလုပ် စကားလုံးအတိုင်းစာကြောင်းများ၏ ထိပ်၌"ဓမ္မပိယ-ငါ့ညီလှ" ဟူ၍ ခေါ်ကာခေါ်ကာ ပြန်ကြားသွားမည် ဖြစ်ပါကြောင်း ဓမ္မမိတ်ဆွေများထံ ရှေ့ဦးစွာ ပန်ကြားအပ်ပါကြောင်း။ ယင်းသို့ ပြန်ကြားရာ၌လည်း "ဓမ္မပိယ ရှုဘွယ်ကျမ်း"လာ စကားရပ်အားလုံး မဟုတ်ဘဲ၊ ကောက်နှုတ်ချက်သဘောအားဖြင့် ယထာဘူတဉာဏ်နှင့် သက်ဆိုင်ရာရာကိုသာ ကွက်၍ကွက်၍ ပြန်ကြားမည် ဖြစ်ပါကြောင်းကိုလည်း ထပ်လောင်း၍ ပန်ကြား လိုပါကြောင်း။

www.dhammaransi.com

# ဓမ္မပီယရှုဘွယ်

## သားမှန်း သမီးမှန်း မှတ်မိတာ သတိလား။
## လင်မှန်း မယားမှန်း သိတာ ပညာလား၊

"ဓမ္မပိယ-ငါ့ညီလှ၊ ဗုဒ္ဓဒေသနာ၊ ပုစ္ဆာလေးချက်ကိုအနက်မြန်မာ ပြန်ဆိုပေးပါရန် ငါ့ထံပန်ကြားချက်အရ၊ မြန်မာပြန်နိသျကို ဤစာနှင့်အတူ ပေးလိုက်သည် ညီတော်။ ပါဠိကို အဋ္ဌကထာ၊ နိသျပြန်ဆိုကာမျှဖြင့်လည်း ကိစ္စပြီးပြီဟူ၍ မမှတ်ရာ။ သဘောအချက်၊ အနက်အဓိပ္ပါယ်အရှိကို သိအောင်ပြုကာ မိအောင်ကျင့်နိုင်ပါမှ အကျိုးများလေရာသည် ဖြစ်သောကြောင့် သတိနှင့်မကွာ၊ ပညာနှင့်တကွ၊ ကိုယ်ကျိုးရှိအောင် အမြဲတစေ၊ အခါခပ်သိမ်း အံခဲ၍ ကျင့်ပါလေငါ့ညီ။ သတိနှင့် ပညာ ယင်းနှစ်ဖြာကိုလည်း။ သေချာစေ့ မြေ့၊ နှလုံးတွေ့အောင်၊လေ့လာပါလေ၊ မမေ့မလျော့ခြင်းကို သတိ။ အရာရာကို ခွဲခြား၍ သိခြင်းဆိုသည်ကို ပညာ။ ဤသို့လျှင် သတိနှင့်ပညာကို တိုတိုနှင့် လိုရင်းဆိုက်အောင် နိူက်ပါဘိ။

သတိတိ စတုသစ္စပရိဂ္ဂါဟိကာ သတိ ဟု ပါဠိအလို ကျမ်းမှာဆိုသောကြောင့်၊ ဒုက္ခသမုဒယ၊ နိရောဓနှင့်၊ မဂ္ဂတဖြာ၊လေးပါးကုန်သော သစ္စာတို့ကို သိမ်းဆည်း၍ အောက်မေ့ခြင်းသည် သတိမည်၏။ သမ္ပဇညန္တိတာ ဒိသမေဝဉာဏံ ဟု ကျမ်းဂန် ဓမ္မစက်၊ အဆိုထွက်သောကြောင့်၊ ထိုလေးပါး ကုန်သော သစ္စာတို့ကိုသိခြင်းသည် သမ္ပဇည (ပညာ) မည်၏။ ဤသို့ ကျမ်းဂန်တို့၌ အတန်တန်လာသည်ကိုထောက်လျှင် သားမှန်း၊ သမီးမှန်း၊

www.dhammaransi.com



ဇနီးမှန်း၊ လင်မှန်း တအောက်မေ့မေ့၊ တစေ့စေ့နှင့် မမေ့မလျော့ အမှတ်ရခြင်းမျိုးကို သတိရှိသည်၊ သတိနှင့် ပြည့်စုံသည်ဟု မဆိုအပ်၊ မဆိုသင့် မဆိုထိုက်။ ဆိုထိုက်သည်မဟုတ်။ ဤသူကား ငါ၏သား၊ ဤသူကား ငါ၏သမီး၊ ဤသူကား ငါ၏ဇနီး၊ ဤသူကား ငါ၏လင်ဟု ခွဲခွဲခြားခြား၊ တတ်တတ်အပ်အပ်သိခြင်းမျိုးကို ပညာဟု မဆိုအပ်။ မဆိုသင့်။ မဆိုထိုက်။ ဆိုထိုက်သည်မဟုတ်။ ဤသို့လည်း ငါ့ညီဓမ္မ၊ မောင်ပီယ သည် မသေ နေရသမျှကာလပတ်လုံး မြဲမြဲကြပ်ကြပ် သတိစွဲ၍ မှတ်ပါလေ။

"ငါ့ညီဓမ္မ၊ မောင်ပီယ၊ အကယ်၍သော သားနှင့်သမီး၊ ဇနီးနှင့်လင်၊ သခင်နှင့်အိမ်စေ၊ ရွှေငွေကျွန်နွား၊ ရထားဆင်မြင်း၊ ကုန်းကျင်းလယ်ယာ၊ မြို့ ရွာ နိဂုံးကစ၊ လူ့လောက၊ နတ်လောက၊ ဗြဟ္မာ လောက၊ စသည်များတောင်း၊ ထိုထိုအရာဝတ္ထု အပေါင်းတို့ကို၊ တအောင်းမေ့မေ့၊ တစေ့စေ့ အမှတ်ရခြင်း မျိုးကို သတိ။ ခွဲခွဲခြား ခြား သိခြင်းမျိုးကို ပညာဟုဆိုခဲ့ပါလျှင် ဘုရားသခင်ပွင့်တော်မူလာ၍တရားဟောတော်မူခြင်းသည် အကျိုး ရှိ၏ဟုမဆိုသာပြီ။ မဆိုသောက်ပြီ။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ဇနီးမယား၊ သမီးသားနှင့် သက်ထားအိမ်ရှင်၊ ခင်ပွန်းလင်စသည်တို့ကို သူနာခ, သူနခိ၊ အစချီသော ခွေးထီး ခွေးမ။ သူကရာသူကရီ။အစချီသောဝက်မ ဝက်ထီးဟု ဆိုအပ်သောအဟိတ်တိရစ္ဆာန်တို့သည်ပင်လျှင် တဏှာမှတ် ရာဂမှတ်ဖြင့် တဏှာသိရာဂသိဖြင့် တအောက်မေ့မေ့၊ တစေ့စေ့လျှင် အမှတ်ရနေကြသောကြောင့် သိသိနေကြသောကြောင့် ဖြစ်ပေ၏။ ဤအချက်ကိုလည်း ဥာဏ်သက်ပါမှ မောင်ပီယ။

www.dhammaransi.com



## ယထာဘူတဉာဏ်

"အို-ဓမ္မပီယ၊ နောင့်ညီလု၊ ဆိုခဲ့ပြီးသောခွေးထီး၊ ခွေးမ၊ ဝက်ထီး ဝက်မ၊ စသည်များတောင်း အ`ဟိတ်တိရစ္ဆာန်အပေါင်းတို့နှင့်အ တူတူပင်လျှင် နတ်လူပြဟ္မာ၊ သတ္တဝါအထွေထွေ အသခဲ့ျတို့သည် လည်း ရာဂ ဒေါသ၊ မောဟတသင်း ရန်နှင့်ကင်းသည်ဟူ၍မရှိ။ အချင်း ခပ်သိမ်း သံသရာ၌ နှစ်မွန်းလျက် ပျက်စီး တု ́မြောက်၊ ဆင်းရဲဒုက္ခသို့သာ ရောက်ကုန်ရာသည်ဟု မြတ်ဗုဒ္ဓ ဘဂဝါသည် ကြီးစွာသော ဓမ္မသံဝေဂ ဖြစ်တော်မူသောကြောင့် "ယထာ ဘူတံ ဉာဏာယ သတ္တာပရိယေသိတဗ္ဗော၊ ယထာဘူတံဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော" ဟုတ်မှန်စွာ သိစေခြင်းငှာ ဆရာကို ရှာအပ်သည်။ ဟုတ်မှန်စွာ သိစေခြင်းငှာ ဆရာကို ရှာအပ်သည်။ ဟုတ်မှန်စွာ သိစေခြင်းငှာ ဆရာကိုရှာအပ်သည်ဟု" ထပ်ကာထပ် ကာ ၄၄ ကြိမ် ဟောတော်မူသည် ငါ့ညီ၊ ဥပမာဆိုသော် ၄၄ ဆင့် ကုန်သော ရန်ပုံခွင်း အမြောက်ကြီးတို့ကို ဆင့်ကာ ဆင့်ကာ ထပ် ကာထပ်ကာ ၄၄ ကြိမ် ပစ်ဖေါက်ဘိသကဲ့သို့ ယထာဘူတဉာဏ် အမြောက်ကြီး ကို ဘုရားသခင်သည် ပစ်ဖေါက်တော် မူ သတည်း။

"အို....နောင်ကြီးညီလု၊ မောင်ဓမ္မ။ ဤဒေသနာတော် အရ ယထာဘူတံ ဟုတ်မှန်သည်ကို ပညာဖြင့် သိမှ မှတ်မိသည်။ သတိ ရသည် ဆိုထိုက်မည် ငါ့ညီ။ ပညာနားဖြင့် မကြားချေက ကြား ပြီဟုမဆိုထိုက်။ မဆိုတန်။ ပညာစက္ခုဖြင့်မမြင်ချေကမြင်ပြီဟုမဆို ထိုက်၊ မဆိုသင့်ချေ။

၁၃၃၄၃

www.dhammaransi.com



"ယထာဘူတံ-မဖေါက်မပြန်၊ ဟုတ်မှန်တိုင်းကို။ ဝါ-
အရှိကိုအရှိအတိုင်း၊အဟုတ်ကိုအဟုတ်အတိုင်း ဥဒကာယ
ဇာနန္တာယ- သိစေခြင်း အကျိုးငှာ။ (ဝါ)၊ သိစေဘို့
အတွက်။ သတ္ထာ- သိအောင် ပြုစွမ်းနိုင်သော ဆရာကို၊
ပရိယေ သိာ ဗွော-ရှာအပ်၏။"

ဟုတ်မှန်တိုင်းကို မသိဘဲလျက် မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ကန်တန် မနေသင့်။ အမှန်ကို အမှန်အတိုင်း အရှိကို အရှိအတိုင်း သိစေဘို့အတွက် ပြသနိုင်သော ဆရာကောင်း သမားကောင်းကိုရှာ။ ၎င်းထံမှာ ဟုတ်မှန်စွာ သိအောင် အားထုတ်ပါလေ။ ကြိုးစားလေ။

"အို....ဓမ္မပိယ၊ညီလှဘုန်းမိုး၊ပဥ္စင်းပျို။ အမှန်ကိုအမှန်အတိုင်း မမြင်ပါဘဲလျက်ကို အဟုတ်ကို အဟုတ်အတိုင်း မသိပါဘဲလျက်ကို ဗြဟ္မာလူနတ် သတ္တဝါခပ်သိမ်းတို့သည် ကိုယ့်ကိုယ်ကိုပင်မြင်သကဲ့သို့၊ သိသကဲ့သို့ထင်မှတ်စွဲယူကြကုန်လျက်၊အမြဲမကွာ တဏှာမာန၊ ဒိဋ္ဌိမကင်း၍ ကိုယ်ကျင်းရန်သူ၊ နေ့စဉ် နေ့တိုင်း ဗလောင်ဆူလျက် ဂ အူအူ တိုးပွားနေသည်ကိုလည်း လားလားမျှမသိ။ သတိမရ။ မောဟအဝိဇ္ဇာ၊ ကြီးစွာသော မှောင်ခန်းကြီး အတွင်း၌ဆင်းရဲပျက်သဉ်း ကမ္ဘာအဆက်ဆက် ပျက်မဆုံး ဖြစ်နေကြသည်ကို ပြတော်မူလျှင် "ဤကဲ့သို့ ဖြစ်ရခြင်းကား အခြားကြောင့်မဟုတ်။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းကို မသိနိုင်ကြ၊ မမြင်နိုင်ကြသောကြောင့်သာလျှင် ဤသို့ ကမ္ဘာ အဆက်ဆက်၊ ပျက်မဆုံး၊ ဆင်းရဲမဆုံး ဖြစ်နေကြသည်" ဟု သနားတော်မူလှသောကြောင့် "ယထာဘူတံဉာဏာယသတ္ထာ ပရိယေသိတဗ္ဗော" ဟု ဟောတော်မူ

www.dhammaransi.com



ချယ် ရွှေနုတ်ထွက်ကို ဦးထိပ်ထက် တင်ထား၍ ပတ္တမြားတုံး၊ ရွှေတုံးဇရွှခဲမကာ၊ အဆဆကဲထက်၍ နှစ်သက်အပ်၊ စုံမက်အပ်၊ မြတ်နိုးအပ်လှသော "ဓမ္မရတနာဥစ္စာ" ရွှေတုံး၊ ရွှေခဲဖြစ်သည်ဟု ညီတော်ရှင်ဓမ္မပီယ စိတ်ချချ နှစ်သက်လေ၊ မြတ်နိုးလေ။ အကျိုး ကြီးစွာ ချမ်းသာအပေါင်း ကောင်းသည် ဆိုယမျှကို ရစေတတ်၊ ပြီးစေတတ်သည်ဟု သဒ္ဓါစိတ် ပေါက်၍ဝမ်းမြောက်လေ။ စေ စေ နှလုံးသွင်းလျှင် ပညာဖြင့် သိ၍ သတိရတိုင်း ဆိမ့်လိမ့်မည်၊ ဓမ္မရသာ၊ ပြဇာကိုယ်လုံး စိမ့်လိမ့်မည့်၊ နောင်ကြီး ညီလှ၊ မောင်ပီယ။

## အပွင့်ပြီးမှ အသီး

"ဓမ္မပီယ၊ အနတ္တဖြင့်၊ ချစ်စွတရား၊ အို....နောင့်ညီဘွား။ ရှေးရှေးပွင့်တော်မူလေကုန်ပြီးသော ဘုရား၊ နောက် နောက် ပွင့် တော်မူလတံ့ကုန်သော ဘုရား၊ ယခုပွင့်တော်မူသော ငါတို့ ဘုရား။ ခပ်သိမ်းကုန်သော ဘုရား သခင်တို့သည်၊ သားတော် သမီး တော်အပေါင်းနှင့်တကွ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဘာဘောမိမိ၊ သိ တော် မူကြကုန်သောကြောင့် သတိနှင့်မ ကွာ ပညာနှင့်မကင်း၊ အချင်း ခပ်သိမ်း မနားမနေ နိဗ္ဗာန်ပြည်ကြီးသို့ ကြွတော်မူကြ လေကုန်ပြီ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ခန္ဓာငါးပါး တို့၏ အနိစ္စ ဖြစ်ဟန် ဒုက္ခဖြစ်ဟန် အနတ္တဖြစ်ဟန်ကို ထင်ထင် မြင်သော ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန် သွားကြောင်း လမ်းကောင်းမှန်သည်၏ အဖြစ်ကို ဓမ္မရာဇ် မှန်ကူ၊ သယမ္ဘူ၊ မြတ်စွာ ဘုရားသည် ပသို့ ဟောကြားတော်မူသနည်းဆိုသော် "ဓမ္မဋ္ဌိတိ

www.dhammaransi.com



ဉာဏ်ခေါ်သူသိမ ပုဗ္ဗေ။ ပစ္စာနိဗ္ဗာနေ ဉာဏ”ဟု နှုတ်သံ ကျူး ရင့်ကာ နိဒါနဝါရပါဠိတော်၌ ဟောတော် မူခဲ့ပေသည်။ ယင်း၏အတ္ထ၊ မြန်မာပြန် နိသျသော်ကား "သုသိမ– သုသိမ၊ ဟု နာမပင့်လန်းချစ်သားရဟန်း။ခေါ်၊ စင်စစ်။ပုဗ္ဗေ။မဂ်ဉာဏ်၊ ဖိုလ် ဉာဏ်မဖြစ်မီ ရှေးအဘို့၌၊ ဓမ္မဋ္ဌိတိဉာဏံ-ဝိပဿနာ ဉာဏ်သည်။ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ပစ္စာ– ဝိပဿနာဉာဏ်ဖြစ်ပြီးသည်မှ နောက် ၌၊ နိဗ္ဗာနေ– နိဗ္ဗာန်၌၊ ဉာဏံ– အာရုံ ပြုသောအားဖြင့် ဖြစ် သော မဂ်ဉာဏ်သည်၊ ဥပ္ပဇ္ဇတိ– ဖြစ်၏။

"ဓမ္မပီယေ၊ အများခေါ်သည်၊ ညီတော်အရင်း၊ မောင် ပဥ္စင်း"

အပွင့်ပြီးမှ အသီး ဖြစ်သကဲ့သို့၊ ထို့အတူ ဝိပဿနာ ပညာ ဖြစ်ရှိပြီးမှ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်၏။ ထို့ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရလိုလျှင် ရှေးဦးစွာ ဝိပဿနာ ပညာနှင့် ပြည့်စုံအောင် သူထက်ငါခဲ့သင့်ကြသည်။ သံသရာဝဋ်၊ ဆင်းရဲ ညွှတ်မှ လွတ်မြောက်လိုသူ မှန်သမျှ၊ အို- နာ- သေ ရေး၊ ဘေးကြီး သုံးပါးမှ ကင်းလွတ်လိုသူ ဟူသမျှ ယထာဘူတဉာဏ် မှန်သည်ကို မှန်သည့်အတိုင်း သိတတ်သော ဝိပဿနာ ပညာကို ရအောင် ဓမ္မပိယ ညီလှပဥ္စင်း၊ ခဲလေမင်း။ ။ ဝိပဿနာ ပ ညာ၊ ယထာဘူတဉာဏ် မလုံ၊ မပြည့်စုံသော သူသည်၊ သူရူးနှင့် တူသတည်း။ ထို့ကြောင့် ... "ပုထုဇ္ဇနော ဥမ္မတ္တကာသဒိသော။ ပုထုဇ္ဇနော ဝိပဿနာ၊ ယထာဘူတဉာဏ် အမြင် မရှိသော ပုထုဇဉ်သည်၊ ဥမ္မတ္တကာသဒိသော- သူရူးနှင့်တူချေ၏။ ဤသို့များ

www.dhammaransi.com



မြောင် အစောင်စောင်သော အဋ္ဌကထာ တို့၌၊ ထပ်ကာ ထပ်ကာပင်လျှင်.....

"ပုထုဇ္ဇနော- ဥမ္မတ္တကသဒိသော၊ ပုထုဇ္ဇနော ဥမ္မတ္တကသဒိသော" ဟု မိန့်ဟောပါ၍၊ လာအရှိကို ဒေါ်ညီ သိပါလေ။

"ဓမ္မပိယ နာမရှုန်းသစ်၊ နောင့် ညီချစ်၊ ။ယထာဘူတဉာဏ်ကို မရလျှင် သူရူးနှင့်တူသည်၊ ပေါက်ပွင့်ကို မျှော်သော တောခွေးအိုကြီးနှင့်တူသည်၊ ဤသို့သော ဖြစ်ရပ်ဆိုး၊ဖြစ်ရပ်မျိုးနှင့် မတူနိုးစေလိုသည့်အတွက် ရှင်တော်မြတ်ဘုရားသည်"ယထာဘူတံ ဉာဏာယ သတ္ထာပရိယေသိတဗ္ဗော။ ယထာဘူတံဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော"ဟု ထပ်ကာထပ်ကာ ၄၄ ကြိမ်ဟောတော်မူသည်။ ၄၄ လုံးသောမိုးလုံးဟိန်းအမြောက်ကြီးကိုဆင့်ကာဆင့်ကာ ၄၄-ကြိမ် ပစ်ဖောက်တော်မူသည် မဟုတ်ပါလော။ "ယထာဘူတံ ဉာဏာယ သိက္ခာ ကရဏီယာ။ ယထာဘူတံ ဉာဏာယ သိက္ခာကရဏီယာ ၄၄-ကြိမ် တိုင်တိုင် ယထာဘူတ ဉာဏ်ကိုရအောင် သိက္ခာ သုံးပါးကို ပြုအပ်သည်" ဟုဟောတော်မူသည် မဟုတ်ပါလော။ "ယထာဘူတံ ဉာဏာယ ယောဂေါ ကရဏီယော၊ ယောဂေါ ကရဏီယော" ဟူ၍လည်း ၄၄-ကြိမ်။ "ယထာဘူတံ ဉာဏာယ ဆန္ဒော ကရဏီယော၊ ဆန္ဒောကရဏီယော"ဟူ၍လည်း၄၄-ကြိမ်၊ ယထာ ဘူတံ ဉာဏာယဥဿောဠှီကရဏီယာ၊ ဥဿောဠှီကရဏီယာ"ဟူ၍လည်း ၄၄-ကြိမ်၊ "ယထာဘူတံ ဉာဏာယ အပတိ ဝါနိ ကရဏီယာ၊အပတိဝါနိ ကရဏီယာ" ဟူ၍လည်း ၄၄-ကြိမ်၊ ယထာဘူတံ ဉာဏာယ

www.dhammaransi.com



အာတပံ ကရဏီယံ၊ အာတပံ ကရဏီယံ'ဟူ၍ငင်း ၄၄ ကြိမ်။ "ယထာဘူတံ ဉာဏာယ ဝီရိယံ၊ ကရဏီယံ ဝီရိယံ ကရဏီယံဟူ ၍လည်း ၄၄–ကြိမ်။ ယထာဘူတံ ဉာဏာယ သတိကရဏီယာ၊ သတိ ကရဏီယာ"ဟူ၍လည်း ၄၄–ကြိမ်။ "ယထာဘူတံ ဉာဏာ ယ သတိ သမ္ပဇညံ ကရဏီယံ။ သမ္ပဇညံ ကရဏီယံ" ဟူ၍ လည်း ၄၄–ကြိမ် ဟောဘော်မူ၏။ ယထာဘူတံ ဉာဏာယ အပ္ပမာဒေါ ကရဏီယော၊အပ္ပမာဒေါ ကရဏီယော"ဟု အမှန်ကို အမှန်အတိုင်း၊ အဟုတ်ကို အဟုတ်အတိုင်း သိခြင်းငှာ၊ မမေ့ မလျော့ ပြုအပ်သည်။ မမေ့မလျော့ ပြုအပ်သည် ဟူ၍လည်း ကြိမ်ကြိမ် ဆင့်ကာဆင့်ကာ၊ထပ်ကာထပ်ကာ(၄၄–ကြိမ်)ဟော တော်မူသည်။ ၄၄- ကြိမ်ပေါင်း နှစ်ဆယ့်နှစ်လီ (ဒွါဒသကွတ္တုံ) ဟောဘော်မူသည်၏ အဖြစ်ကြောင့် ယထာဘူတံ ဉာဏာယ ဟု ဆုံးမတော်မူသော ဒေသနာသည် ၅၂၈– ကြိမ် ရှိ၏။ ထို သို့ ၅၂၈–ကြိမ် တိုင်တိုင် "ယထာဘူတံ ဉာဏာယ"ဟု တဖွဖွ ဟောတော်မူခြင်းကြောင့် သူရူးနှင့်မတူ၊ ယထာဘူတ ဉာဏ်ကို မြန်မြန်ရအောင် ခမ္မပိယ၊ ငါ့ညီလှ ခဲပါလေ၊ ကြိုးစားပါလေ။

## အကန်းအကန်းချင်း၊ အရူးအရူးချင်း

"ဓမ္မပိယ–ခနောင့်ညီလှ လောက၌ ယက္ခုမ္မတ္တက ဘီလူး ဖမ်းစား၍ ရူးကုန်သော အရူးတို့သည်၊ ဟယောက်ကိုတယောက် က ရူးသည်ဟု မထင်နိုင်၊ အဘယ့်ဆိုသော် သူလဲအရူး၊ ငါလဲ အရူး၊ အရူးချင်း တူလေသောကြောင့်မှတ်။ ထို့အတူ ပိတ္တုမ္မတ္တ က–သည်းခြေပျက်၍၊ ရူးကုန်သော သူတို့သည်လည်း တယောက်

www.dhammaransi.com



ကိုတယောက်က ရှုးသည်ဟု မထင်နိုင်ကုန်။ အဘယ့်ကြောင့်ဆိုသော် သူလဲ အရှူး၊ ငါလဲအရှူး၊ အရှူးချင်းတူသောကြောင့် ဟုမှတ်၊ ဒိဋ္ဌိမုဋ္ဌကာ— ခန္ဓာငါးပါးကို၊ မိန်းမ ယောကျ်ား၊ မယားဟု လင်ဟု ထင်မှတ်စွဲယူကုန်သော ဒိဋ္ဌိမုဋ္ဌကာ အရှူး တို့သည်လည်း တယောက်ကို တယောက်က ရှုးသည်ဟု မထင်နိုင်ကုန်။ အဘယ့်ကြောင့်ဆိုသော် သူလဲအရှူး၊ ငါလဲအရှူး၊ အရှူးချင်းတူသောကြောင့်ဟုမှတ်။ ဥပမာအားဖြင့် စက္ခုန္ဒြေကွင်း အလင်းမရကုန်သော စုံလုံးကန်းသူ နှစ်ယောက်တို့သည်လည်း တယောက်ကို တယောက်က ကန်းမှန်း မသိနိုင်ကြကုန်။ အဘယ့်ကြောင့်ဆိုသော် သူလဲ အကန်း၊ ငါလဲ အကန်း၊ အကန်းချင်း တူသောကြောင့်ဟု မှတ်လေ။

"နောင်ကြီးညီလှ၊ မောင်ပီယ။ ။ ထိုဥပမာနှင့် အလားတူစွာသာလျှင် ဒိဋ္ဌိမုဋ္ဌကာ အယူဝါဒ ဖောက်၍ ရူးနောက်နေကုန်သူတို့သည်လည်း တယောက်ကိုတယောက် "အရှူး...." ဟု သိနိုင်ကြမည် မဟုတ်ပြီ။ ဒိဋ္ဌိမုဋ္ဌကာအဖြစ်မှကင်းလွတ်၍ ဝါ အမြင်မှန်ရ၍ ယထာဘူတဉာဏ် နှင့် ပြည့်စုံသူသည်သာလျှင်၊ ဒိဋ္ဌိမုဋ္ဌကာ အယူဝါဒရှူးဟုတ် မဟုတ်ကိုကောန်မူ၍ သိနိုင်ရာတော့သည်။ ယထာဘူတ ဉာဏ်ကို မရသော မိစ္ဆာဒိဋ္ဌိ— ပုဂ္ဂိုလ်သည်၊ မြင့်မားသော တောင်ခြေရင်း၌နေသူနှင့်အလားတူ၏။ ယထာဘူတဉာဏ်ကို ရပြီးသော သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်ကား၊ မြင့်မားသော တောင်ထိပ်ပေါ်ကလူနှင့်အလားတူ၏၊ ယင်းပုဂ္ဂိုလ် နှစ်ယောက် အနက်၊ တောင်ထိပ်ပေါ်က လူကား၊ အရပ်ထက် ဝန်းကျင်ရှိ မြင်အပ်ရာရာတို့ကို ကောင်းစွာထင်ထင် မြင်လေ

အော်လည်း တောင်ခြေရင်းက လူသည်ကား၊ တောင်ထိပ်ပေါ်က လူ့ဘောက် မြင်နိုင်မည် မဟုတ်။ ကိုယ်တိုင် မမြင်ရသော ကြောင့် သူပြောသမျှကိုသာ ယုံချင်ယုံ၊ မယုံချင် နေရသည့် အခြေ၌သာ တည်လေသည်။

## တောင်ကားတရား၊ ဘုရားကားတောင်ပေါ်ကလူ

“ဓမ္မပိယ၊ နာမဓေါ်ဆို ညီဘုန်းမို။ ငါဆိုခဲ့သောထိုဥပမာ၌ မြင့်မားလှစွာသော ရောမတောင်ကြီးအလား တရားတော်ကို မှတ်။ တောင်ထိပ်ကြီးပေါ်သို့ ရောက်နေသူအလား မြတ်ဘုရားကို မှတ်။ တောင်ထိပ်ပေါ်သို့ ရောက်နေသူသည် အရပ်ထက်ဝန်း ကျင်ကို ပြက်ပြက်ထင်ထင် မြင်လေသည့်အလား၊ အစိန္တေယျ ဘုရားသခင်သည် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် နှစ်သက် မြတ် နိုးဘွယ်ရာသော တရားရတနာဥစ္စာအပေါင်းကို မြင်တော်မူသည် ကိုမှတ်။ တောင်ထိပ်၌ရှိနေသော ယောကျ်ားသည်တောင်အောက် က လူတို့အား သနားသောကြောင့် ကိုယ်နှင့်ထပ်တူ မြင်စေလို၍ ချိုချိုသာသာ၊ အခါခါဟစ်၍ ပြောလေဘိသကဲ့သို့၊ ဘုရား သခင်သည်၊ ခပ်သိမ်းသော တရားကို၊ ဆရာမထား၊ ကိုယ့်ဉာဏ် အားဖြင့် အကြွင်းမရှိ၊ သိတော်မူပြီးလျှင်၊ တောင်အောက်ကလူ နှင့်တူသော လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် အနိစ္စကို လည်း အနိစ္စမှန်းမသိ။ နိစ္စ-ဟု ထင်နေကုန်၏။ ဒုက္ခကိုလည်း ဒုက္ခမှန်းမသိ။ သုခ-ဟု ထင်နေကုန်၏။ အနတ္တကိုလည်းအနတ္တ မှန်းမသိ၊ အတ္တ-ဟု ထင်နေကုန်၏။ အသုဘကိုလည်း အသုဘ မှန်းမသိ။ သုဘ-ဟု ထင်နေကုန်၏။ ငါဟူ၍မှ ပြည့်နှိပ်စရာမရှိဘဲ

www.dhammaransi.com



ကိုချွတ်၊ ငါဟုထင်မှားလျက်၊ ငါဟူ၍မှ ပြည့်နှံ့စရာ မရှိသော ကြောင့် "ငါဟူသည်ကား—ဤတရားပင်ဖြစ်သည်" ဟု မပြမဆို နိုင်ဘဲလျက်၊ "ဤသူကား မယား၊ ဤသူကား လင်၊ ဤသူကား သမီး၊ ဤသူကား သား၊ ဤသည် ဤသည်တို့ကား ငါ့အမိ၊ ငါ့ အဖ၊ ငါ့ဆွေမျိုး၊ ဤဟာ ဤဟာတို့ကား ငါ့ရွှေ-ငါ့ငွေ၊ ငါ့ လှည်း၊ ငါ့အိမ်ဖြစ်သည်။" ဟူ၍ သူရူးပမာ ငါဟူ၍ မရမရှိသော ကိုလျက် အချော်ချော် အမှားမှား၊ တရားလွဲလျက်၊ ခွေးဝက် ပမာ ယထာဘူတဉာဏ်စက္ခုမရှိ။ စက္ခုကန်းကြ လေကုန်သော ကြောင့်၊ ဆင်ကန်းတောတိုး၊ အကျိုးအဆက်ဆက် ယုတ်အာပ် သောအကြောင်း ဖြစ်သည်ကို မြင်တော်မူသော ဘုရားသခင် သည် ချစ်ခင်လေးမြတ်တော်မူလှသောကြောင့်။ ဟုတ်မှန်စွာ ယထာဘူတဉာဏ်ကိုရကြောင်း ကောင်းစွာ ကျင့်စေလိုသော ကြောင့် ချိုသာနာဘွယ်သော အသံတော်ကို ကျူးရင့်တော်မူ၍ ၄၅-ဝါ၊ တရားဟောတော်မူသည်ကိုမှတ်။

"ညီတော်ဓမ္မ၊ ပီယပုဂ္ဂိုလ်၊ ပဥ္စင်းညို။ သီလို မြင်လိုသဖြင့် တောင်ထိပ်သို့တက်၍ ကြည့်ရှုကုန်လျှင် နှစ်သက်ဘွယ်၊ မြတ်နိုး ဘွယ်၊ အံ့ဘွယ်သရဲ၊ ထူးကဲကဲတွေကို မြင်ရကုန်သောကြောင့် တောင်ပေါ်မှ မဆင်းလိုကြဘဲ၊ တောင်ထိပ် ပေါ်တွင် ပျော် ပိုက်နေသူတို့ကဲ့သို့ အရှင်သာရိပုတ္တရာ၊အရှင်မောဂ္ဂလာန်၊ခေမာ၊ ဥပ္ပလဝဏ်၊ အစရှိကုန်သော သားတော်ကြီး၊ သမီးတော်ကြီးတို့[illegible] ယထာဘူတဉာဏ်ဖြင့် အမှန်ကိုအမှန်အတိုင်း၊ အဟုတ်ကိုအဟုတ် အတိုင်း မြင်သောကြောင့် တရားတော် တောင်ထိပ် ပေါ်က မဆင်း၊ မသက်ဘဲ၊ သက်တော်ထက်ဆုံး မွေ့လျော်တော်မူသည်

www.dhammaransi.com



ကိုမှတ်။ တောင်ထိပ်သို့မတက်လို၊ မတက်နိုင်သောကြောင့်၊ နှစ်သက်စဘွယ်၊ တင့်တယ်လှစွာသော အရာတို့ကိုမသိ မမြင်ရှိကုန်သူတို့ကဲ့သို့။ ထို့အတူ ကာမဂုဏ်ငါးပါး၊ သမီး–သားနှင့်၊ မယားနှင့်လင်၊ ရှင်တမျိုးမျိုး၊ သူရူးပမာ တရားတောင်ထိပ်သို့ မတက်လို၊ မတက်နိုင်သောကြောင့်၊ အမှန်ကို အမှန်အတိုင်းမသိမမြင်။ ခန္ဓာငါးပါးတရားကို အလွဲလွဲအမှားမှား၊ သား–သမီး–မယားထင် စသည်ဖြင့် ထင်မှား၍ ပျော်နေကုန်သော ဗာလပုဂ္ဂိုလ်တို့ကိုမှတ်။ တောင်ထိပ်ပေါ်ရောက်၍ မမြင်စဘူး၊ ထူးမြတ်သော အံ့ဘွယ်သရဲ၊ ထူးကဲကဲတို့ကို ကိုယ်တိုင်ထင်ထင် မြင်ရသောအဖသည် သားသမီးတို့အား မိမိမြင်ရသည့်အတိုင်း မြင်စေလိုသောကြောင့် တောင်ထိပ်ပေါ်သို့ မတက်လိုသော သားသမီးတို့ကိုလက်ဆွဲကိုင်ငင် ချီပိုး၍ တောင်ထိပ်သို့ တင်လိုသော အဖကဲ့သို့ထို့အတူလျှင် ဘုရားသခင် ရွှေနှလုံးဘော် ရှိသည်ကို သိအပ်လှတော့သည် ညီတော် ခမ္မ–မောင်ပီယ။

## ယထာဘူတဉာဏ်ကို ရသော်

"ခမ္မစရိုက်၊ ပီယသိုက်ဖြင့်၊ သမိုက်ဘွဲ့ချီ၊ နောင့်ချစ်ညီ၊ ဤလောကီဘုံဌာန၊ယထာဘူတဉာဏ်ကိုသာ ရခဲ့ပါသော် လောကီသစ္စာတော်ကို ခံယူသောက်မိပြီမှတ်။ လောကီ သစ္စာတော်ခံယူသောက်မိ၍ အစိမ့်ရခါ လောကုတ္တရာမဂ်သစ္စာ အစဝင်လာ၍သောတာပတ္တိဖိုလ်သို့ ရောက်လိမ့်မည်မှတ်။ နှစ်ကြိမ်မြောက်လောကီ သစ္စာတော်ကို အထပ်ထပ် သောက်ပြန်လျှင် လောကုတ္တရာ မဂ်သစ္စာ ဒုတိယဝင်လာ၍ သကဒါဂါမိဖိုလ်သို့ရောက်

www.dhammaransi.com



လိမ့်မည်မှတ်။ သုံးကြိမ်မြောက် လောကီသစ္စာကို ထပ်ကာ ထပ်ကာ သောက်ပြန်သည်ဖြစ်လျှင် လောကုတ္တရာ မဂ်သစ္စာ သုံးကြိမ်မြောက် ဝင်လာ၍ အနာဂါမိဖိုလ်သို့ ရောက်လိမ့်မည်မှတ်။ လေးကြိမ်မြောက် လောကီသစ္စာကို ထပ်၍ ထပ်၍ သောက်သည်ဖြစ်လျှင် လောကုတ္တရာမဂ်သစ္စာ စတုတ္ထဝင်လာ၍ အရဟတ္တဖိုလ်သို့ရောက်လိမ့်မည်မှတ်။ လောကီသစ္စာကို ယထာဘူတဉာဏ်ဖြင့် ရှေးဦးစွာ ခံယူရရှိမည်။ ခံယူပြီးလျှင်–"ပဉ္စက္ခန္ဓာ အနိစ္စာ၊ ပဉ္စက္ခန္ဓာအနိစ္စာ"ဟုဝိပဿနာဉာဏ်ဖြင့် ထပ်ကာထပ်ကာ သောက်ရလိမ့်မည်။ ပဉ္စက္ခန္ဓာ ဒုက္ခာ၊ ပဉ္စက္ခန္ဓာဒုက္ခာ၊ ဟူ၍ငှင်း၊ ဝိပဿနာဉာဏ်ဖြင့် ထပ်ကာ ထပ်ကာ သောက်ရလိမ့်မည်။ ပဉ္စက္ခန္ဓာ အနတ္တာ၊ ပစက္ခန္ဓာအနတ္တာ ဟူ၍သော်လည်း ထပ်ကာထပ်ကာ၊ ဆင့်ကာဆင့်ကာ အကြိမ်ကြိမ် ဝိဿနာဉာဏ်ဖြင့် သောက်ရလိမ့်မည်။

"ညီတော်ဓမ္မ-မောင်ပီယ။ ဆိုအပ်ပြီးသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆေးတော်ကိုပင်ခန္ဓာတော်ရေလဲနှင့်သောက်လိုသည်ဖြစ်လျှင် အနိစ္စကိုလည်း ငါးထွေခန္ဓာ ရေလဲ၍သောက်လေ။ ဒုက္ခကိုလည်း ငါးထွေ ခန္ဓာရေလဲနှင့် သောက်လေ။ အနတ္တကိုလည်း ငါးထွေခန္ဓာရေလဲ၍ ဝိပဿနာဉာဏ်ဖြင့် သောက်မြဲသာ ဆင့်ကာဆင့်ကာ ထပ်ကာထပ်ကာ သောက် လ။ လောကုတ္တရာ မဂ်သစ္စာပြေးဝင်လာမည်မှာ အပြီးသာ။ မဂ်နောက် ကို ဖိုလ်အလိုလိုရောက်ရမည်။ အဆီးအတားမရှိပြီ။ ဤသို့ညီလှ ရှင်ဓမ္မပီယသည် စိတ်မှာစွဲ၍ ခဲလိုက်ပါဘိ။ တထိုင်ထဲတွင် အောင်ပွဲ လေးကြိမ်ခံ၍ စံရအောင်ဟူလိုသတည်း။

www.dhammaransi.com



## ငါးထွေခန္ဓာ ရေလဲဆိုသည်မှာ

"လက်မှုန်ဓမ္မ၊ အာဒိပြရှ်၊ ပိယအဆုံး၊ နှောင့်ညီဘုန်း၊ သုံးထွေသောဓမ္မ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ ဤသုံးပါးကို ငါးခုစိစုခွဲ ခန္ဓာတော် ရေလဲ ဟူသည်ကား....။

(၁) ရူပက္ခန္ဓော အနိစ္စော အနိစ္စော၊
(၂) ဝေဒနက္ခန္ဓော အနိစ္စော အနိစ္စော၊
(၃) သညက္ခန္ဓော အနိစ္စော အနိစ္စော၊
(၄) သင်္ခါရက္ခန္ဓော အနိစ္စော အနိစ္စော၊
(၅) ဝိညာဏက္ခန္ဓော အနိစ္စော အနိစ္စော၊

ဤသို့အနိစ္စ၊ ဓမ္မဆေးတော်ကို ခန္ဓာငါးထွေ ရေတော်လဲ၍ သောက်မြဲ အကြိမ်ကြိမ် သောက်လေ။ ။ ရူပက္ခန္ဓော ဒုက္ခော ဒုက္ခော၊ဝေဒနက္ခန္ဓော ဒုက္ခော ဒုက္ခော၊ သညက္ခန္ဓော ဒုက္ခော– ဒုက္ခော၊ သင်္ခါရက္ခန္ဓော ဒုက္ခော-ဒုက္ခော၊ဝိညာဏက္ခန္ဓောဒုက္ခော– ဒုက္ခော၊ ဤသို့ဒုက္ခ ဓမ္မ ဆေးတော်ကို ခန္ဓာငါးထွေရေတော်လဲ၍ သောက်မြဲသာ အကြိမ်ကြိမ် သောက်လေ။

ရူပက္ခန္ဓော အနတ္တာ အနတ္တာ၊ ဝေဒနက္ခန္ဓော အနတ္တာ- အနတ္တာ၊ သညက္ခန္ဓော အနတ္တာ၊အနတ္တာ။သင်္ခါရက္ခန္ဓောအနတ္တာ အနတ္တာ။ ဝိညာဏက္ခန္ဓော အနတ္တာ–အနတ္တာ။ ဤသို့ အနတ္တ ဓမ္မ ဆေးတော်ကို ခန္ဓာငါးထွေ ရေတော်လဲ၍ သောက်မြဲသာ သောက်လေ။ အစုံအစုံ မဂ်ဖိုလ်လေးခါ ဖြစ် ရောက်လာသော ကြောင့် သမ္မာသမ္ဗုဒ္ဓ၏၊ သြရသ အစစ်၊ ရဟန္တာဟူသော သား တော် ဖြစ်လိမ့်မည်။ ရဟန္တာအစစ် သားတော် ဖြစ်ခါ၊ ရန်စစ်

www.dhammaransi.com



ခပ်သိမ်း၊ ကုန်ငြိမ်းအောင်—စင်ပြိုဖြစ်၍၊ စိတ်နှလုံး ငြိမ်းငြိမ်း၊ ဟိန်းချ၍ စံပျော်ရမည့် အရေးသာ ရှိတော့သည်။ ဤသို့ သတိမြဲမြဲ၊ နှလုံးစွဲ၍ ခဲသာခဲလေ။အောင်ပွဲခံရမည်မှာ ဂဏှာဟိ—အပြီးသာ မှတ်ပေတော့ ငါ့ညီ။

## သံသရာရေပြင်နစ်အောင် နှစ်လေသည့်တရားခံ

"နောင်ကြီးညီလှ၊ မောင်ဓမ္မ။ ။ယထာဘူတဉာဏ်၊ အဲသည် ဉာဏ်ဖြင့် လောကီသစ္စာတော်မျှမခံ။မမှန်ဘဲလျက်။မဟုတ်ဘဲလျက်၊ မရှိဘဲလျက်၊ ခန္ဓာငါး၀၊အနိစ္စနှင့်၊ ဒုက္ခအနတ္တား၊ ဤတရားတို့ကိုပင်....၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ့-သူတပါး၊ ယောကျ်ားမိန်းမ စသည်ဖြင့် အလွဲထင်လျက်၊ ကြင်နာစုံမက်၊ နှစ်သက်မှားခဲ့သော်၊ မြတ်နိုးမှားခဲ့သော်၊တေဘူမကဝဋ်တလွှားဝယ်၊ တပေါလောလော မျောရတော့မည်မှာ ဓမ္မတာ၊ ကံသာဉစ္စာ ဖြစ်တော့သည်၊ အထင်မှားသောကြောင့် တဏှာပွားရ၍- တပေါလောလော မျောသည်ကို-ကျမ်းဂန်အရှိ၊ သိသာရုံ ထည့် လိုက် သည် ငါ့ညီ။

"ဒိဋ္ဌိဗန္ဓနဗန္ဓတ္တာ၊
တဏှာသောတေန ဝုယှရေ၊
တဏှာသောတေ ဝုယှန္တာ၊
န တေ ဒုက္ခာ ပမုစ္စရေ။"

"အာဝုသော—ဓမ္မပိယ၊ ငါ့ညီလှ။ ။ဒိဋ္ဌိဗန္ဓနဗန္ဓတ္တာ- ခန္ဓာငါးပါးဖြင့်၊စုစည်းထုတ်လုပ်ထားသည့် ဤရုပ်ကောင်ကို"ဧသော မေအတ္တာ"သည်ဟာငါ၊ သည်ဟာငါဟု တငါငါ အစွဲဓါတ်

www.dhammaransi.com



ဖြင့်၊ အထပ်ထပ် ရစ်ပတ်၍ထားအပ်ကုန်သော သတ္တဝါတို့သည်၊ တဏှာသောတေန "တေံမမ" ငါ့ဟာ ငါ့ဟာ၊ ငါ့ဥစ္စာ ဟူသော တဏှာရေစီးကြောင်းအတိုင်း၊ ဝုယှရေ-ဖြစ်ချေပျက်ချေ။ ခန္ဓာ ဟူသော သံသရာ ရေပြင်ကြီးတွင် ကမ္ဘာအဆက်ဆက် မျောရလေကုန်၏။ တဏှာသောတေန-ငါ့လင်၊ ငါ့သား၊ ငါ့မယားစသည်ဖြင့်၊ ထင်မှားယူခြင်းဟု ဆိုအပ်သော တဏှာ ရေစီးကြောင်းဖြင့်၊ ဝါ- တဏှာရေစီးကြောင်းအတိုင်း၊ ဝုယှန္တာ—ငါ့ဟာငါ့ဟာ ဟစ်ကြွေးညာလျက်၊ သံသရာ ရေယဉ်ကြော၌၊ မျောနေ ကြ ကုန် သော၊ တေသတ္တာ—ထိုထိုသတ္တဝါတို့သည်၊ ဒုက္ခာ—ဆင်းရဲဝဋ်မှ၊ နည်းပမုစ္စ ရေ—မလွတ်နိုင်ကြကုန်။

ဓမ္မပီယ၊ နောင့်သို့လှ၊ ။ သြဿ ဒလးဖြ၊ သံသရာ နဒီမြစ်၌—မနစ်မချင်း၊ ကိုယ့်ကိုယ်ကိုလည်းပြန်၍ နှစ်ကြသည်။ တယောက်ကို တယောက်လည်း၊ မနစ်မချင်း နှစ်ကြသည်။ ဤသို့နှစ်ကြ၊ နစ်ကြ ဖြစ်နေကြသည်မှာ— ဗာလပုထုဇဉ်တို့၏ အလေ့အထ ပင်တည်း။ သံသရာ၌ နစ်သည်ကို မနစ်အောင်လည်း ကိုယ့် ကိုယ်ကိုပင် ဖေါ်ကြသည်။ တယောက်ကို တယောက်လည်း မနစ်အောင် ဖေါ်ကြသည်။ ဤသည့် ဖေါ်မှု၊ ကယ်တင်မှုအလေ့သည်ကား— ဘုရားသခင် အရှင်သူမြတ်တို့၏ အလေ့တော် ဓမ္မတာပင်တည်း။ ကိုယ့်ကိုယ်ကို ချစ်သောသူသည်၊ ကိုယ့်ကိုယ်ကို ပြန်၍ မနှစ်တန်ရာ၊ နစ်အောင် မပြုတန်ရာ။ တယောက်ကိုတယောက် ချစ်သော သူသည်လည်း— တယောက်ကိုတယောက် နစ်အောင် မနှစ်တန်လေရာ....။ သို့ဖြစ်ပါလျက်ကို.... အဘယ့်ကြောင့် ကိုယ့်ကိုယ်ကို နစ်အောင် နှစ်သည်။ တယောက်ကိုတယောက် မနစ်မ

www.dhammaransi.com



ချင်း နှစ်သည်ဟု ဆိုဘိသနည်း။ သဘော ယုတ္တိ၊ မရှိစွ တကားဟုဆိုလျှင်....၊ ယုတ္တာယုတ္တိ– သဘောရှိလှသောကြောင့် သတိရစေလို၍ ဆိုလိုက်သည် ငါ့ညီ။ သဘာဝယုတ္တိ ဆိုထောက် ရှိသည်ကို သိလေအောင်၊ "ဥပမံတေ ကရိဿာမိ။ ဥပမာယမိဓေ ကစ္စေ ဝိညူ ပုရိသာ ဘာသိတဿအတ္ထံ ဇာနန္တိ...." ကျမ်းဂန်ရှိ သည်နှင့်အညီ။ သင့်အား ဥပမာကို ယခု ငါဆိုအံ့။ ဥပမာ စကားကိုကြားရသော်........ပညာရှိလျှင် အဓိပ္ပါယ်ကို သိလိမ့် မည်။ သဘောမိမိ တပ်အပ်သိလိမ့်မည်။ စက္ခုနှစ်ကွင်း အလင်း မရ–ကန်းနေသောသူအား အဖြူ၊ အနီ စသည်ကို မြင်စေလို၍– "သည်ဟာအဖြူ–သည်ဟာ အညို"ဟူ၍ ပြသော်လည်း မြင်နိုင် သည်မဟုတ်။ ထို့အတူ– ပုံဥပမာနှင့်ပင်၊ ပြောဆိုသော်လည်း ပညာမရှိလျှင် သင် သိနိုင်တော့မည်မဟုတ်။ ထိုပါဠိ၏အတ္ထ မြန်မာပြန်ဆိုချေသော်ကား... တေ–သင့်အား၊ အဟံ– ငါသည်၊ ဥပမံ–နှိုင်းယှဉ်ကြည့်စရာ၊ ဥပမာကို၊ ကရိဿာမိ– ဆိုပေအံ့။ဥပ မာယပိ–ပုံစကားဖြင့်လည်း၊ ဣဓ- ဤလူ့ရွာလောက၌၊ကေစ္စေ– အချို့ကုန်သော၊ ဝိညူ–လိမ္မာကုန်သော၊ပဏ္ဍိတာ– ပညာရှိတို့ သည်၊ ဘာသိတဿ–ပြောဆိုအပ်သောစကား၏၊အတ္ထံ - အနက် အဓိပ္ပါယ်ကို၊ ဇာနန္တိ–သဘောမိမိ၊ အဓိပ္ပါယ်ကို သိကြကုန်၏။ ဤ အချက်ကိုလည်း– အလေးအနက် ပြုလေဦး ငါ့ညီ။

## ပုထုဇဉ်လောက၏အသွင်အပြင်

"ပီယပုဂ္ဂိုလ်၊ နောင်ညီပျို၊ ဘုန်းမိုးမြတ်စွာ၊ ဘဂဝါဇိန၊ အတုလထွဋ်ထား၊ ငါတို့ရှင်တော် မြတ်ဘုရားကား။ ငါးပါး

www.dhammaransi.com



သော မာရ်ကို ချေလျက်၊ ညောင်ဗုဒ္ဓိပင်အောက်ဝယ် ဘုရားအဖြစ်သို့ ရောက်တော်မူလာသောအခါ၊ ဘာကို အလျှဉ်ဆုံးသုံးသပ်တော်မူသည် ထင်သနည်း၊ နတ်လူဗြဟ္မာ၊ သတ္တဝါခပ်သိမ်းတို့အပေါ်၌ မဟာကရုဏာပြဋ္ဌာန်းသော ပညာစက္ခုဖြင့် တစေ့စေ့ရှုကြည့်တော်မူလေသည် ငါ့ညီ။ ထိုအခါ အစားမှားရှဲ ရောဂါတိုးပွားနေသော လူနာကဲ့သို့ ပုထုဇဉ်လောက၏ အသွင်ကို မြင်တော်မူလာသည်။ တထောင်ငါးရာ ကိလေသာ နူနာကြီးကို အုံကြွစေတတ်သော "ရူပံတော်မမ ငါ့ရုပ်၊ ငါ့ကိုယ်၊ ငါ့ခန္ဓာ" စသည်ဖြင့် တရာ့ရှစ်ပါးသော တဏှာကို ပွားစေရှိရင်း၊ "သော မဟာသ္မိသည်ဟာငါ၊ သည်ဟာငါ" စသည်ဖြင့် ကိုးပါးသော မာန်ကို ပွားစေရှိရင်း၊ သောမေအတ္တာ၊ သည်ဟာ ငါ့အတ္တ၊ သည်ဟာ ငါ့အတ္တ စသည်ဖြင့် ၆၂ ပါးသော ဒိဋ္ဌိတိုကို ပွားစေရှိရင်း နတ်လူဗြဟ္မာ၊ သတ္တဝါ ခပ်သိမ်းတို့၏ ပျော်တပြုံးပြုံး၊ မော်မဆုံးဖြင့် အမှားကြီးမှား နေကြသည်ကို မြင်တော်မူလေသောအခါ။ "ငါတို့မစူးမစမ်းဘဲပြုမိ၊ ကျင့်မိချေကုန်သောကြောင့် ကမ္ဘာ့အဆက်ဆက် သံသရာ၌ တချာလည်လည် နှစ်မွန်းကြရကုန်သည်။" ဟု ဓမ္မသံဝေဂရစေခြင်း အကျိုးငှာ—

"အနုဝိစ္စကရော သာဓု၊ အနုဝိစ္စကရော သာဓု။
စူးစမ်း၍ ပြုမှကောင်းမည်၊ စူးစမ်း၍ပြုမှ ကောင်းမည်"

ဟု အကြိမ်ကြိမ် ဆုံးမတော်မူသည်။ နှလုံးသွင်း မကောင်းသောကြောင့် သံသရာဝဲသြဃထဲ၌ တချာလည်လည် နှစ်ရချေကုန်သည်ဟု ဓမ္မသံဝေဂရခြင်းအကျိုးငှာ—

www.dhammaransi.com



"ယောနိသော မနသိကာရော မဟတော အတ္ထာယ သံဝတ္တတိ။ အသင့်နှလုံးသွင်းထားခြင်းသည် ကြီးစွာသော အကျိုးကို ဖြစ်စေတတ်၏။ ကြီးစွာသော အကျိုးကို ဖြစ်စေတတ်၏။"

ဟု ဤသို့လည်း အကြိမ်ကြိမ် အခါခါ ဆုံးမတော်မူသည်။ ဟုတ်မှန်တိုင်းကို ပြသပဲ့ပြင်၊ သွန်သင်တတ်သော ဆရာကို ငါတို့ မရရှိချေသောကြောင့်၊ သံသရာဝဲ ဩဃထဲ၌ တချာချာ လည်လည် နစ်ရချေကုန်သည်ဟု ဓမ္မသံဝေဂ ရစေခြင်း အကျိုးငှာ–

"ယထာဘူတံ ဥာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။ ဟုတ်မှန်စွာသိခြင်းငှာ ဆရာကို ရှာအပ်သည်။ ဆရာကို ရှာအပ်သည်"

ဟု ဤသို့ အစရှိသည့်ဖြင့်လည်း၊ ၅၂ဂ ကြိမ် တိုင်တိုင်ဆုံးမ တော်မူသည်။ ငါတို့ သူငါ၊ ကမ္ဘာအဆက်ဆက်၊ မဟုတ်ဘဲကို၊ မမှန်ဘဲကို အလွဲလွဲအမှားမှား မှတ်ယူထင်မှားကုန်သောကြောင့် သံသရာဝဲ၊ ဩဃထဲ၌ တချာလည်လည် နစ်ရချေကုန် သည်ဟု ဓမ္မသံဝေဂ ရစေခြင်း အကျိုးငှာ–

"ယထာဘူတံ သမ္မာပညာယ ဒဋ္ဌဗ္ဗံ၊ ဟုတ်မှန်တိုင်း ကိုသာ ကောင်းစွာပညာဖြင့် မှတ်အပ်သည်။ ကောင်း စွာ ပညာဖြင့် မှတ်အပ်သည်။"

ဤသို့လည်း အကြိမ်ကို မရေတွက်နိုင်။ တထောင်၊ တသိန်း တသန်း မက ဆုံးမတော်မူသည်။ ငါတို့သည် ဘဝများစွာ၊ ကမ္ဘာအဆက်ဆက် အနိစ္စံကိုလည်း အနိစ္စမှန်းမသိ။ ဒုက္ခံကိုလည်း

www.dhammaransi.com



ဒုက္ခမှန်းမသိ။ အနတ္တကိုလည်း အနတ္တမှန်းမသိ။ အနိစ္စကိုပင် နိစ္စထင်၍ ဒုက္ခကိုပင် သုခထင်၍ အနတ္တကိုပင် အတ္တထင်၍ အဝိဇ္ဇာနှင့် တဏှာလှည့်စား အကျင့်မှားချေကုန်သောကြောင့်၊ သံသရာဝဲ ဩဃထဲ၌ တချာလည်လည် နစ်ရချေကုန်သည်ဟု ဓမ္မသံဝေဂကြီးစွာ ရစေခြင်းအကျိုးငှာ—

"သဗ္ဗေ သင်္ခါရာ အနိစ္စာ၊
သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊
သဗ္ဗေ သင်္ခါရာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒ တိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ"

ခပ်သိမ်းကုန်သော သင်္ခါရတရားတို့သည်အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ အကြင်အခါ ဟုတ်မှန်စွာ၊ ပညာဖြင့် ထင်ထင်မိမိ၊ တပ်အပ်သိ၏။ ထိုသို့အနိစ္စမှန်း၊ ဒုက္ခမှန်း၊ အနတ္တမှန်း ဟုတ်မှန်စွာ ထင်ထင် မိမိ၊ တပ်အပ်သိသောအခါ–သံသရာဝဋ်၌ မပျော်နိုင်။ ပညာဖြင့် အလွန်ငြီးငွေ့၏။ ထိုငြီးငွေ့ခြင်းကား အိုခြင်းဘေး၊ နာခြင်းဘေး၊သေခြင်း၊ဘေးကင်းရာဖြစ်သော နိဗ္ဗာန်ခရီး၊နိဗ္ဗာန်ပြည်ကြီးနှင့် နီးပြီဟု အကြိမ်ကြိမ် ဆုံးမတော်မူပေသည်။

ဤသို့ အစရှိသော နည်းဖြင့် အထူးထူးအတိုင်း မသိ။ ကျဉ်းကျဉ်းနှင့် ကျယ်ကျယ်၊ လွယ်လွယ်ခက်ခက်၊ တိမ်တိမ်နှင့် နက်သော မဂ်ဖိုလ်၏ မူလကာရဏကို ပြတော်မူ၍ နတ် လူ ဗြဟ္မာ သတ္တဝါတို့အား ကိလေသာတည်းဟူသော နူနာကို လွတ်မြောက်ကင်းဝေးစေတတ်သော "ဓမ္မာသဓဆေးတော်"ကို မြတ်ဘုရား

www.dhammaransi.com



သည် ယနားရှေးရှုကာ မဟာကရုဏာတော်ဖြင့် တိုက်ကျွေးတော်မူသည်။ အတုမရ၊ ဓမ္မဆေးကြီး ရှိန်းပြီး တတ်သည်ဟူ၍မှတ်။

## ဘယ်မှာလဲယောကျ်ား၊ ဘယ်မှာလဲမိန်းမ

"ဓမ္မပီယ၊ နာမထင်ရှား၊ နောင့်ညီဘွား၊ ဘုရားမြတ်စွာ၊ ဘဂဝါဇိန၊ မုနိန္ဒသည်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို–သဘောမိမိ၊ နှတ်လူပြဟ္မာတို့ သိစေခြင်းငှာ အလိုတော်ဆန္ဒ၊ ဗလဝ ဖြစ်သောကြောင့်–

> "ဒိဋ္ဌေဝ ါဟံ ဘိက္ခဝေ တထာဂတံ အနနုဝိဇ္ဇောတိ ဝဒါမိ။ ။ဘိက္ခဝေ၊ ချစ်သားတို့။ အဟံ၊ ငါဘုရားသည်။ ဒိဋ္ဌေဝ၊ ယခု မျက်မှောက်ထင်ထင်၊ မြင်ကောင်းသောဘဝ၌ သာလျှင်၊ တထာဂတံ-ဤတွင် ပုရိသ မိန်းမ ယောကျ်ားစသောသတ္တဝါကို၊ အနနုဝိဇ္ဇောတိ-မရှိဟူ၍ မရအပ်ဟူ၍။ ဝဒါမိ၊ဟောတော်မူ၏။

"နောင်၏ ညီဘွား၊ မောင်မှတ်သားလော့၊ ဘုရား အလို၊ အဓိပ္ပါယ်ကို ဆိုသော်၊ မျက်မြင်လောက၊ ယခုပစ္စက္ခ ဘဝ၌ပင်လျှင်၊ မိန်းမ ယောကျ်ားစသော သတ္တဝါဟု မရှိ။ ဤသို့ ယခုပစ္စက္ခဘဝ၌ပင်၊ မိန်းမကောင်း ယောကျ်ားကောင်းကို ရှာ၍မရပြီဖြစ်၍၊ သဗ္ဗညုတ ဉာဏ်တော်ဖြင့် ကြည့်လျှင် မိန်းမ–ယောကျ်ားကို မမြင်ပြီဖြစ်၍၊ ရှေးရှေးသော ကာလများစွာ၊ ဘဝါဘဝတို့၌လည်း ယောကျ်ား မိန်းမ ဟုမရှိစဘူး။ နောက်

www.dhammaransi.com



နောက်သောကာလတို့၌လည်း ဣတ္ထိ ပုရိသ–မိန်းမ ယောကျ်ား ဟူ မှုချမရှိနိုင်ဟူသည်ကိုလည်း စိတ်၌စွဲ၍ အမြဲသာ မှတ်ပါဘိ ညီတော်။

"အို...ဓမ္မပိယ၊ ဘွဲ့ရပဥ္စင်း၊ နောင့်ညီရင်း၊ ထင်လင်း လှုပ်ရှား၊ တယားယားနှင့် လာသွားနေကြသော ဣတ္ထိ ပုရိသ အထီးအမတို့ကား သတ္တဝါပင် မဟုတ်ပါလောဟု၊ စောဒက တက်ခဲ့သော်၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ ဤလေးပါးသော ဣရိယာပုထ်ကို ပြီးစေခြင်းသည်၊ မိန်းမလည်း မဟုတ်၊ ယောကျ်ားလည်းမဟုတ်။ အထီးအမဟူ၍ မှုချမဆိုသာ။

"အနိစ္စ ဒုက္ခ အနတ္တ သဘောဖြစ်သော၊ စိတ်၊ စေတသိက် ဟူသော နာမ်တရားက သွားစေလို၊ ရပ်စေလို ထိုင်စေလို၊ အိပ်စေလိုလျှင် အနိစ္စ ဒုက္ခ အနတ္တရင်းဖြစ်သော ပထဝီ၊ အာပေါ၊တေဇော၊ ဝါယော၊အစရှိသော ရုပ်တရားက သွားသည်၊ရပ်သည်၊ ထိုင်သည်၊ အိပ်သည်"

ထိုရုပ်နာမ် နှစ်ပါးတို့သည် ပရမတ္ထတရားဖြစ်ကုန်သည်။ ပရမတ္ထဖြစ်သော ယင်းရုပ်နာမ်တရား နှစ်ပါးတို့ကို ဣတ္ထိ၊ မိန်းမဟူ၍လည်းမဆိုအပ်။ ပုရိသ ယောကျ်ားဟူ၍လည်း မဆိုအပ်။ ထိုသို့ "ဣတ္ထိပုရိသ မိန်းမယောကျ်ားဟု မှုချမဆိုအပ်သော ရုပ်တရား နာမ်တရားကို "ဣတ္ထိပုရိသ" မိန်းမ ယောကျ်ားဟု စွဲထင်သည်ဖြစ်လျှင် သာသနာတော်၌ မှုချရှုး၊ မှုချအမိုက်၊ အမိုက်ဆုံးဖြစ်၏။ သည်ထက်တိုး၍ မိုက်အိုးကွဲ ဖြစ်ဘွယ်မရှိတော့ပြီ။ ထို့ကြောင့်—

www.dhammaransi.com



"နာယံ ဘိက္ခဝေ ကာယော တုမှာကံ ။ နာပိ အညေ့သံ။ဘိက္ခဝေ၊ချစ်သားတို့၊ အယံကာယော၊ဤ ဦးခေါင်းရိုး၊ လည်ကုပ်ရိုး၊ လည်တိုင်ရိုး အစရှိသော အဆင့်ဆင့်သောအရိုး။ ကိုးခုသော ဒွါရတို့မှ မပြတ်မလပ်၊ ထပ်ကာ ထပ်ကာ၊ စက်ဆုတ်ဘွယ်ယိုစီးကျသော အပေါင်းအစုမျှသာ ဖြစ်သော ဤကိုယ်သည်။ တုမှာကံ၊ သင်တို့၏။ နာကာယော၊ ကိုယ်မဟုတ်။ အညေသံ၊ တပါးသောသူတို့၏။နာပိကာယော၊ ကိုယ်လည်းမဟုတ်"

ဆံပင်၊ ဦးရေ၊ ဦးခေါင်းခွံ၊ ဦးနှောက် အစရှိသော အစုအပေါင်းတို့သည် သင်ချစ်သားတို့၏ ကိုယ်လည်းမဟုတ်။ သူတပါးတို့၏ ကိုယ်လည်းမဟုတ်။ စက်ဆုတ်ဘွယ်၊ထွီဘွယ်၊ ရွံဘွယ်တို့၏ အစုံအပေါင်းသာဖြစ်ချေသည်။ ထိုအစုအပေါင်းကို "ငါ၏ကိုယ်" ဟူ၍ မယူကုန်လင့်၊ မမှတ်ကုန်လင့်၊ သူတပါး၏ကိုယ်ဟူ၍လည်း မယူကုန်လင့်။ မမှတ်ကုန်လင့်။ ယူမိခဲ့သော်....၊ မှတ်မိခဲ့သော်.... စွန့်ကြကုန်၊ပစ်ကြကုန်ဟုမြတ်ဘုရားမိန့်ကြား ချက်ကိုလည်းအနက် ထင်ထင်၊ ငါ့သိမြင်ပါစေ။

"ပိယခေါ်တ်နှစ်၊ နှောင့်ညီချစ်။ စင်စစ်သဘော လောကနှင့် ပြောရသော် "ငါ၏ရွှေ၊ ငါ၏ငွေ...."ဟု ဆိုလျှင် ငါတခြား၊ ရွှေတခြား၊ ငွေတခြား သရုပ်ခွဲ၍ ပြရာ ရှိသောကြောင့် ငါ၏ရွှေ ငါ၏ ငွေဟု ဆိုပိုင်သည်။ ဆိုထိုက်သည်။ "ငါ၏မယား၊ ငါ၏ သမီးသား" ဆိုရာ၌လည်း ထိုကဲ့သို့ပင် ငါတခြား၊ မယား

တခြား၊ သမီးသားလည်း တခြားပင် ဖြစ်၍ သရုပ်သကန် ထုတ်၍ ပြနိုင်သောကြောင့် "ငါ၏မယား၊ ငါ၏သမီးသား"ဟု ဆိုပိုင်သည်။ ဆိုထိုက်သည်။ ဆိုကြပြောကြသည်။ ထို့နှင့်အလားတူ မြတ်စွာဘုရားသာသနာတော်၌ကား "ငါ၏ဦးခေါင်း။ ငါ၏လည်ကုပ်၊ ငါ၏လည်တိုင်၊ ငါ၏ ကျော၊ ငါ၏ ပေါင် စသည်ဖြင့် ဆိုချေသော် ငါဟူသည်ကို မပြနိုင်ရာ။ ထိုသို့ "ဤကားငါပင် ဖြစ်တော့သည်"ဟု သရုပ်ထုတ်၍ ငါ ဟူသော အကောင်ကိုမပြနိုင်၊ မသိနိုင်ချေဖြစ်သောကြောင့် လောကတရားဖြင့်လျှင် ငါဟူသည်ကိုမျှမပြ။ မဆိုနိုင်ချေဖြစ်သောကြောင့် ငါ၏ဦးခေါင်း၊ ငါ၏လည်ကုပ်၊ လည်တိုင်၊ ငါ၏ကျော၊ ငါ၏ပေါင် စသည်ဖြင့်မဆိုပိုင်သည်ကို ပြောဆိုချေသည် ဖြစ်သောကြောင့် "တရားရှုံးစေ" ဆိုးဖြတ်ရာ၏။ သာသနာတော်၌ ထိုကဲ့သို့အရှုံးမပေးပြီ။ ငါဟူ၍ ပင်မရ။ မရှိဘဲလျက် "ငါ၏ဦးခေါင်း၊ ငါ၏လည်ကုပ်၊ ငါ၏ ကျော"ဟုမဟုတ်မမှန်၊ ပြောဆိုယူမှတ်သူဖြစ်ရကား အန္ဓိယျာနိက ဒိဋ္ဌိ ဖြစ်ပြီ။ (ချွတ်၍ မရသူ) ငါ၏ သာသနာသို့ မဝင်ပြီ။ ပုထုဇ္ဇနော ဥမ္မတ္တကဲသဒိသော၊ သူရူးနှင့်တူသော ပုထုဇဉ်ဟု ဘုံ့ချည်၍လွတ်သည်မှတ်။ သည့်အတိုင်းသာမှန်လျှင်မဂ်စော်ဖိုလ်စော် မနံ၊ နိဗ္ဗာန်နှင့်ဝေးသည်ထက် ဝေးလိမ့်မည်၊ ခွေးဟူလို။

## မှန်ကြေးမုံ ဘာအာသုံးကျသနည်းရာဟုလာ

"ဓမ္မပိယ၊ ညီလှပွင့်ကောင်း၊ မဂ်ဖိုလ်လောင်း၊ အကြောင်းအားဖြင့်၊ အသင့်နှလုံး၊ စွဲသုံးစေသော၊ စေ့စေတနာ၊ မေတ္တာ ရင်း ဖြူသန့်စွာဖြင့်၊ ရာဟုလာ၏ သာဓကကို အားကျမခံ လိုက်

www.dhammaransi.com



နာ၍ကျင့်နိုင်ရန် ကျမ်းဂန်မှာတမ်း၊ လက်ဆင့်၍ ကမ်းလိုက်သည် နှောင့်ညီဘွား။ အခါတပါးတွင် ဘုရားမြတ်စွာ၊ စိန္တေယျာ သဗ္ဗညုသည်၊သားရာဟု ရင်သွေးတော်ကို မေးတော်မူသည်ကား

(ဗုဒ္ဓ) "ကိမတ္ထိယော ရာဟုလာ အာဒါသော၊ ရာဟုလာ ချစ်သားရာဟုလာ၊ အာဒါသော၊ ကြေးမုံ၊ မှန်သည်။ ကိမတ္ထိယော၊ အဘယ်အကျိုးရှိသနည်း။

(ရာဟု) ပြစ္စဝေက္ခဏတ္ထော ဘန္တေ။ ။ဘန္တေ၊ အရှင်ဘုရား။ အာဒါသော၊ကြေးမုံမှန်သည်။ပြစ္စဝေက္ခဏတ္ထော၊ မတော်သည် တော်သည်, မသင့်သည် သင့်သည်, မတင့်တယ်သည်, တင့်တယ်သည်ကို သိစေခြင်းငှာ ကြည့်ရှုဆင်ခြင်ရာတွင် အကျိုးရှိပါသည်ဘုရား"

မှန်တချပ်ကို အကြောင်းပြု၍ ရာဟုလာနှင့် ဖဘုရား။ မေးဖြေပြုကြသည်။ စကားကို ကြားပါစ ငါ့ညီ။ ဂါရဝအဉ္ဇလီ၊ လက်အုပ်ကိုတင်၍လျက် ရာဟုလာက လျှောက်သောအခါ ရာဟုလပိတာ ဖဘုရားမြတ်စွာက....

"ဧဝမေဝ ရာဟုလ ပစ္စဝေက္ခိတွာ— ပစ္စဝေက္ခိတွာ၊ ကာယေနကမ္မံ ကာတဗ္ဗံ၊ ရာဟုလ–ချစ်သား ရာဟုလာ။ ဧဝမေဝ၊ဤသို့မှန်ကြည့်သည့်နည်းတူသာလျှင်၊ပညာယ-ပညာစက္ခုဖြင့်။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ကာယေန၊ ကိုယ်ဖြင့်။ ကမ္မံ၊ အမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

www.dhammaransi.com



ကိုယ်နှင့်အလားတူစွာ အလုပ်လုပ်ရာတွင် နှုတ်ဖြင့်လည်း ဆင်ခြင်၍ဆင်ခြင်၍ လုပ်လေ၊ စိတ်ဖြင့်လည်း ဆင်ခြင်၍ ဆင်ခြင်၍ လုပ်လေ ဟု မိန့်ခွန်းတော် ချွေစကား၏ ဆိုလိုချက်အနက် အဓိပ္ပါယ်သော်ကား "ချစ်သားရာဟုလာ, ကြေးမုံ မှန်သည် ကြည့်ရှုရမှုသာလျှင် အကျိုးရှိသည်။ မကြည့်မရှုရ၊ အလွတ် စားထားရှိသည်ဖြစ်လျှင် ကြေးမုံသည် အကျိုးမရှိသကဲ့သို့၊ထိုအတူ ချစ်သား ရာဟုလာ။ အသိအလိမ္မာ၊ ပညာ ဟူသည်လည်း အကျိုးရှိသည်၊ မရှိသည်ကို ကြည့်ရှုဆင်ခြင်မှတ်သားလျှင်၊ အသိအလိမ္မာ ပညာရှိကျိုး ခံရသည်။အသိအလိမ္မာပညာပင် ရှိပါတုံလည်းမကြည့်မရှု၊ မဆင်မခြင်လျှင် အသိအလိမ္မာ ပညာရှိကျိုး မခံရပြီ။ အသိအလိမ္မာ ပညာကင်းသောသူနှင့် အတူတူပင် ဖြစ်တော့သည်။။အသိအလိမ္မာ ပညာဖြင့် ကြည့်ရှုဆင်ခြင်၍ အပြစ်ရှိသည်ဟု သိလျှင်လည်း ကြဉ်ရှောင်ပါမှ ဘေးဒုက္ခ လွတ်ငြိမ်းမည် ဖြစ်သည်။ အပြစ်ရှိမှန်းကို သိပါလျက် မကြဉ်မရှောင်ခဲ့လျှင် လူမိုက်နှင့်အတူတူပင် ဖြစ်ပြန်ခဲ့သည်။ ပညာဖြင့် ကြည့်ရှု ဆင်ခြင်၍ အကျိုးရှိ၏ဟု သိလျှင်လည်း သိသည်အားလျော်စွာ အားထုတ်ချေမှ ကိုယ်ကျိုးရှိချိမ့်မည် ဖြစ်သည်။

ဓမ္မပီယ၊နှောင့်ညီလှ၊အကျိုးရှိသည့်အရာကို ပညာဖြင့်ကြည့်ရှု၍ အကျိုးရှိ၏ဟုတပ်အပ်မှုချ၊ ကောင်းသိပါလျှင်လုံ့လမထုတ်၊အကျိုးခံရအောင်မပြု၊မကျင့်ဘဲနေပြန်ခဲ့သည်ဖြစ်လျှင်လည်း၊သူမိုက်နှင့်အတူတူပင်ဖြစ်ပြန်သည်။ ချစ်သား ရာဟုလာ။ထိုကြောင့် ငါ့သားရာဟုလာသည်ပညာဖြင့်ဆင်ခြင်နှိုင်းယှဉ်၍ အကျိုးမရှိသော

www.dhammaransi.com



အမှုအရာ အကျင့်ဟူ သမျှကို ကိုယ်နှုတ်နှလုံး သုံးပါး လုံး ဖြင့် ကြဉ် ရှောင် လေ။ ပညာ ဖြင့် ဆင် ခြင် ၍ အကျိုး ရှိ၏ ဟု သိသမျှကိုကြပ်ကြပ်မြဲမြဲ၊ အစဉ်ခဲလေတော့ ဤသို့ သားတော် ရဟုလာအား ဘုရားသခင် ဆုံးမ ဩဝါဒ ပေးတော်မူသည့်ထုံး နည်းကို ငါ့ညီ ဓမ္မပိယ— နားဝေ၊ နှစ်သက်လေ၊ စုံမက်လေ၊ မြတ်နိုးလေ၊ အကျိုးရှိလှသည်ဟု မှတ်။

သိလိုရေးဖြင့်၊ မေးလျှောက်ချိုမြ၊ နောင့်ညီလှ။ ။ ဓမ္မပိယ ဟူသော အမည်ကိုခံယူသည်နှင့် သင့်လျော်အောင်၊ ညီတော်.... ဓမ္မကို ချစ်ပါလျှင် ညီတော်ကို ဘုရားသခင် သနားပါတော့မည်။ ရှင်ဓမ္မပိယ ဟူသော အမည်နာမသည်၊အန္တတ္ထနာမ– ဖြစ်ပါတော့ သည်။ ဓမ္မပိယ— အန္တတ္ထ အမည်ရှိကုန်သော သူမြတ်အပေါင်းတို့ သည် မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်ကုန်သကဲ့သို့ ထို့အတူ— ဓမ္မပိယ ညီလှသည်လည်း မဂ်ဖိုလ်နိဗ္ဗာန်သို့ စံပျော်ရ လွယ်တော့သည်။ ဤသို့ စိတ်စွဲ၍ ဓမ္မပိယ—ညီလှအမြဲ ခဲသင့်လှတော့သည်။ ကြပ်ကြပ် မြဲမြဲ၊ ခဲသာခဲ....။ စိတ်မထွေလင့်၊ ကောန်လိုတိုင်း အပြီးသို့ရောက် လိမ့်မည် ဟူလို။

အထက်ပါ ဆိုအပ်ခဲ့ပြီးသမျှ သိစရာ၊ မှတ်စရာ အဖြာဖြာတို့ ဖြင့် စုဝေးတွေးခဲနေသော စာစုကား.... "မုနိန္ဒာဘိလင်္ကာရသဒ္ဓမ္မ ဇောသာမိမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ၊ စတုဂီရိ တောင် လေးလုံး ဆရာဘုရား၏ အာဘောဂ ဆုံးမဩဝါဒဖြစ်၏။ ပြန့် ကြားစာ သဘောမျိုးဖြင့် တင်ပြခြင်း အချို့သော အသုံးအနှုန်း ဝေါဟာရ စကားလုံးများကို အများ နားလည်လွယ်အောင်

www.dhammaransi.com



ဖလှယ်ထားခြင်းမှတပါး ဆိုလိုချက် အနက် အဓိပ္ပါယ် အား လုံးသည် ဆရာတော်၏ အာဘော်ချည်းသာ ဖြစ်ပါ၏။ ယထာ ဘူတနှင့် ပတ်သက်၍ ဆရာတော်၏ အကျယ်တဝင် ဖွင့်ဆိုချက် များကို အများ နားလည်စေလို၊ သိစေလိုလှသော စေတနာ ဖြင့်၊ သွားလမ်း၊ လာလမ်း ဖြောင့်အောင် တံတားခင်းပေးခြင်း သာ ဖြစ်ပါသည်။ ဆရာတော်သည် စာပြီး သက္ကရာဇ်ကို နိဂုံး ၌ ဤသို့ ကမ္ပည်းကန်၍ ထားခဲ့ပေသည်။

> "ရှင်ဓမ္မပိယ မည်သော ပုဂ္ဂိုလ်ညီက ချေးကျက်သည် ကို တထောင်ကသာ၊ တရာကဒေပါ၊ ခြောက်ဆယ် ကျော်ပြီးသောနှစ် (၁၁၆၂) သက္ကရာဇ်၌၊ ဂဏစ် ဖြင့် ပေထက် အက္ခရာတင်၍×××××

ဟူ၍ ဖြစ်ပါသတည်း။

ထ

www.dhammaransi.com

# အပိုင်း ( ၂ )

## အကြည့်မှန်မှ အမှန်ကိုမြင်မည်။

လူမှာ ဘ၀ပေးမျက်လုံး၊ သို့မဟုတ် ကံပေးမျက်လုံး၊ (ဝါ) ကံမျက်လုံး ဟူ၍ရှိ၏။ ထိုမျက်လုံးသည် လူ့အတွက် အသုံးခံပစ္စည်း သက်သက်ဖြစ်သောကြောင့် လူသည် ထိုမျက်လုံးကို နေရာအား လျော်စွာ၊ အသုံးချကာချကာဖြင့် ဘ၀ကို လမ်းကြောင်းပေး လေသည်။

တဖန် လူမှာ အရှိကို အရှိအတိုင်း တွက်သော်.... ဘ၀ပေး ကံမျက်လုံးနှင့်ဘက္ခ၊ မျက်လုံးနှစ်မျိုး နှစ်စား ရှိသည်ဟု ဆိုနိုင်၏။ ယင်းသည်ကား

(၁) အတွင်းမျက်လုံး၊

(၂) အပြင်မျက်လုံး၊

ဟူပေ၏။ အတွင်းမျက်လုံးကို "ဉာဏစက္ခု" ဉာဏ်မျက်လုံးဟုခေါ် သည်။ အပြင် မျက်လုံးကိုကား "မံသစက္ခု" ပကတိ မျက်လုံး ဟု ခေါ်လေသည်။

လူသည် မျက်လုံး နှစ်မျိုးစလုံးကို အသုံးချလေ့ရှိ၏။ ယင်း သို့ အသုံးချရာတွင် အတွင်းမျက်လုံးခေါ်သော "ဉာဏ်မျက်လုံး"

www.dhammaransi.com



ကို အသုံးချသည်ဖြစ်စေ၊ အပြင် မျက်လုံးခေါ်သော မံသစက္ခု ကို အသုံးချသည်ဖြစ်စေ၊ အဟုတ်ကို အဟုတ်အတိုင်း ထိထိ ရောက်ရောက် ကွင်းကနဲ ထိုးဖောက်၍မြင်လာအောင်၊ အမှန်ကို အမှန်အတိုင်း ထိထိရောက်ရောက် လင်းကနဲ ပွင့်လာအောင်၊ အရှိကိုအရှိအတိုင်း ထိထိရောက်ရောက် ထင်းကနဲထင်လာအောင် ကြည့်အပ်ရှုအပ်၏။ ကြည့်တတ်ရှုတတ် ရှိရ၏။

အဘယ့်ကြောင့်ဆိုသော် အကြည့်မှန်မှ အမှန်ကို မြင်မည် ဖြစ်သောကြော ာင့်တည်း။ အမြင်မှန်မှ အသိမှန်မည် ဖြစ်သော ကြောင့်၊ အသိမှန်မှ လိုအပ်သောပန်းတိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ကေန်ထုတ်ချောက် ရောက်နိုင်မည် ဖြစ်သောကြောင့်တည်း။ အ ကြည့်မှားလျှင် အမှားကိုသာ မြင်နေမည်။ မျက်လုံးကို အသုံး ချပုံ မှားမှုကြောင့် အမှားမှား၊ အယွင်းယွင်း၊ ကမောက်ကမ၊ စောက်ထိုးမိုးမျှော် ဖြစ်ကုန်ရသည်မှာလည်း အများအပြားပင် ရှိချေ၏။

ထိုကိစ္စ၌ အမြင်မှန် အကြည့်မှန် အသိမှန်ကို ရှာလေသူ-လူ သားအား ဗုဒ္ဓက.... "ယထာဘူတံဉာဏာယ သတ္ထာပရိယေသိ တဗ္ဗော"ဟု ညွှန်ကြားတော်မူသွား၏။ အဓိပ္ပါယ်ကား....

"ဟုတ်တိုင်းမှန်ရာကို သိခြင်းငှာ

ဆရာကောင်းကို ရှာအပ်၏" ဟူလို။

လူသည် ပတ်ဝန်းကျင်နှင့် နေရသူ ဖြစ်၏။ ပတ်ဝန်းကျင်ထဲ က သတ္တဝါတဦး။ သို့မဟုတ် လူထဲကလူ တယောက် ဖြစ်၏။ထိုလူ ၏ ပတ်ဝန်းကျင်ကား လွန်စွာ ကျယ်လှဘိသည်။ ကျယ်ဝန်းသော

www.dhammaransi.com



ထိုပတ်ဝန်းကျင်ကြီး အတွင်းဝယ် လူသည် တလူလူနှင့် ရှုန်းကန်နေရသူ ဖြစ်လေကည်။ စင်စစ် လူ့ဘဝဆိုသည်မှာ လွန်စွာရခဲသော ဒုလ္လဘ ဘဝမျိုး ဖြစ်လေရာ....၊ လူသည် အဘိုးတန်သော ဘဝကို။ ရလာသည့် အခိုက်တွင် မိမိဘဝကို တန်ဘိုးရှိရှိ၊ အသုံးကျကျ ချတတ်ဘို့ လိုအပ်၏။ ဘဝလှပ်ပြင်ပေါ်ဝယ်....လူတလုံးသူတလုံးအဖြစ်၊ ပေါ်ပေါ်ထင်ထင်ရပ်တည်နိုင်အောင် လောကီကြောင်း လူမှုရေးအရ တိုးတက်ကြီးပွားမှုအတွက် ပြုမူဆောင်ရွက်ရာတွေ၊ ဓမ္မကြောင်းအရ အလေးအနက်ပြု၍ လေ့လာစရာ သိကောင်းစရာတွေ များစွာရှိချေ၏။

## လူ့အတွက်သိစရာ နှစ်ချက်

အချုပ်အားဖြင့် ဆိုသော်.... လူသည် လောက ကြောင်း၌လည်းကောင်း၊ ဓမ္မကြောင်း၌လည်းကောင်း၊ သိအပ်စရာအဖြာဖြာတို့ကို ယထာဘူတ ကျကျသိထားပါမှ လူဖြစ်ရကျိုး နပ်ပေမည်။ ဤ၌မူ ဓမ္မကြောင်းကိုသာ ဦးတည်နိုင်ပါမည်။

အဘိဓမ္မာအလိုအားဖြင့် လူ့အဖို့ သိစရာနှစ်မျိုးသာ ရှိ၏။ ထိုနှစ်မျိုးကို ခွဲခွဲခြားခြား သိထားသူအား "လူတော်" ဟုဆိုသည်။ ထိုနှစ်မျိုးကား—

(၁) အဟုတ်ရှိ သဘောတရား နှင့် (ပရမတ်)

(၂) အဟုတ်မရှိသဘောတရား၊ (ပညတ်)

ဤနှစ်မျိုးတည်း။

www.dhammaransi.com



ယင်းနှစ်မျိုးအနက် အဟုတ်ရှိသောတရား ကို ပရမတ် ဟု ဆို သည်။ အဟုတ်မရှိသဘောတရားကို ပညတ် ဟုဆိုသည်၊ လူသည် ပရမတ်ကို ပရမတ်မှန်းသိရမည်၊ ပညတ်ကိုပညတ်မှန်းသိရမည်။ ပရမတ်နှင့်ပညတ်ကို ခွဲခွဲခြားခြား နားလည်ရမည်ဟု ဆိုလိုသည်။

(အဟုတ်ရှိ၊ အမှန်ရှိ၊ တကယ်ရှိ) ပရမတ်နှင့် (အဟုတ်မရှိ၊ အမှန်မရှိ၊ တကယ်မရှိသော) ပညတ်သည် နပန်းသတ်သကဲ့သို့ လုံးထွေးနေ၏။ သို့လုံးထွေးရာက အဟုတ်ရှိကို၊ အဟုတ်မရှိက အနိုင်ယူလိုက်သောကြောင့် (ဝါ) ပရမတ်ကို ပညတ်က အလဲထိုး လိုက်သောကြောင့် အဟုတ်ရှိသည် အဟုတ်မရှိ အောက်တွင် မြုပ်သွား၏။ (ဝါ)ပရမတ်သည် ပညတ်၏ အရိပ်အောက်တွင် ပျောက်ရလေ၏၊ ဤအချက်ကို လူအားလုံးက ဝိုင်းအုံ၍အကြွင်း မဲ့လက်ခံကြသဖြင့် အရှိသဘောသည် မရှိသဘောကို မလွန်သာ အောင် ဖြစ်ရလေ၏။ ကြီးထွားအားကောင်းလှသော ပညတ်၏ အရှိန်အဝါအောက်တွင် ပရမတ်ခမျာမှာ ဒလိမ့်ခေါက်ကွေးကျ ကာ ပညတ်ကို ဒူးထောက်ရရှာလေ၏။

ထို့ကြောင့် အရာရာတွင် ပညတ်သာလျှင်ပေါ်ထင်၍ ပညတ် သာလျှင် တွင်ကျယ်လေ၏။ ဤသို့ဖြစ်ရသည်မှာ အဘယ့်ကြောင့် ပါနည်း။ (ဝါ) ပညတ်လောင်းရိပ်အောက်၌ ပရမတ် ရွက်ညွန့် များ ညှိုးခြောက်သွားရရှာသည်မှာ အဘယ်ကြောင့်ပါနည်း။

www.dhammaransi.com



## အရှိသဘောကို မရှိသဘောက အနိုင်ယူပုံ သာဓကများ

(မရှိသဘော)ပညတ်လောင်းရိပ်အောက်တွင်(အရှိသဘော) ပရမတ်ရှက်ညှန့်များ ညှိုးခြောက်သွားရသည်မှာ လူကြောင့်ဖြစ်လေသည်။ လူ၏နှုတ်ထွက်စကား၊ သမုတ်ချက်များကြောင့် ဖြစ်လေသည်။ ထိုသဘောကို ပေါ်အောင် ဤဥပမာ သာဓကများဖြင့် ဖေါ်ကြည့်နိုင်၏။

လောက၌ အမျိုးမျိုးသော အဆောက်အဦတို့ကို အုတ်၊ ကျောက်၊ သစ်ဝါး စသည်တို့ဖြင့် တခမ်းအနား တည်ဆောက်ကြကုန်၏။ ပြီးသောအခါ အဆောက်အဦတို့၌ ပုံသဏ္ဌာန် အမျိုးမျိုး ပေါ်လာကုန်၏၊ ပေါ်လာကုန်သော ထိုထိုပုံသဏ္ဌာန်များကို အစွဲပြု၍ လူတို့နှုတ်က သမုတ်လေသည်ကား အချို့ကို အိမ်၊ အချို့ကိုတိုက်၊ အချို့ကိုကျောင်း၊ အချို့ကိုရုံး၊ အချို့ကို ဆေးရုံဟူ၍ ခေါ်တွင်ကုန်၏။

သို့သော် ထိုထိုအိမ် ဟူသော အမည်တား ပရမတ် စစ်စစ်သစ်၏အမည်မဟုတ်။ အုတ်တိုက်၊ ရုံး၊ ဆေးရုံဟူသော အမည်တို့လည်း အုတ်၏ အမည်များမဟုတ်။ တည်ဆောက် ထားသော ပုံသဏ္ဌာန်မျှကို အစွဲပြု၍ ဤကား အိမ်၊ ဤကားတိုက်၊ ဤကား ရုံး၊ ဤကား ဆေးရုံဟူ၍ နောက်မှဖြစ်ပေါ်လာသော အမည်များသာ ဖြစ်ကုန်၏။

အုတ်၊ ကျောက်၊ သစ်၊ ဝါး စသည်တို့သည် မူလ ဇာတိရင်း ပရမတ်(အရှိသဘော)ကို မည်သည့်အခါမျှ မစွန့်ကုန်။ ပြောင်း

www.dhammaransi.com



လဲခြင်း၊ ဖောက်ပြန်ခြင်း မရှိကုန်။ သစ်ပင်၌ ရှိနေစဉ် အခါက လည်း သစ်သားသည် သစ်သားတည်း။ အိမ် ဖြစ်လာသောအခါ ၌လည်း သစ်သားသည် သစ်သားသာတည်း။ တစုံတရာ ပြောင်း လဲ ဖောက်ပြန်ခြင်း မရှိ။

ပုံသဏ္ဌာန်ကို မှီတွယ်၍ဖြစ်လာသော ပညတ်မျိုးတို့ကား ခု ကမျိုး၊ခုတမျိုး၊ တာပိုးကြီး ကျိုးသည့်နှယ် အမျိုးမျိုး ပြောင်း လဲ ကုန်လေ၏။ အိမ်ကိုဖျက်၍ ကျောင်းဆောက်သော် အိမ် ဟူ သော အမည် ပျောက်ကာ ကျောင်း အမည်သို့ ရောက်လာ၏။ တဖန် ကျောင်းဖျက်၍ စရပ်၊ တန်ဆောင်း ဆောက်ပြန်လျှင် လည်း ကျောင်းအမည် ပျောက်ကာ စရပ်အမည်၊တန်ဆောင်း အမည် ရောက်လာ၏။

မူလအရှိ ဇာတိရင်း (ပရမတ်) သစ်သား အဖြစ်မှ အိမ် ဟူ သော အမည်၊ ကျောင်း ဟူသောအမည်၊ တန်ဆောင်ဟူသော မည်များသို့ အဆင့်ဆင့် ပြောင်းလိုက်၊ ရွှေ့လိုက်၊ ဂနာမငြိမ်။ ဤခြွေမရ ဖြစ်ရသည်မှာ လူတို့၏ ပါးစပ်(ပညတ်)ကြောင့်မှ တ ပါး၊ အခြားပြုလုပ်သူ တရားခံမရှိ။ လူတို့၏ သမုတ်ချက်၊ ပညတ် လောင်းရိပ်အောက်ဘွင် ပရမတ် အစစ်၊ ဓာတ်အနှစ် ရွှက်ညွှန့် များ ညှိုးခြောက် ကုန်ရခြင်း ဖြစ်သတည်း။

## မြေသည်အိုးလား၊ အိုးသည်မြေလား

ထိုမှတပါး မြေအိုး ဥပမာကို ထောက်လျှင်လည်း ပညတ် အောက်တွင် ပရမတ် ပျောက်ရပုံမှာ ထင်ရှား၏။

www.dhammaransi.com



မြေအိုးဟူသော စကား၌ မြေသည် အိုး၏ အနှစ်အသားဖြစ်၏။ အိုး၏ အနှစ်အသား ဆိုရာ၌ အိုး ဟူသော စကားသည် ပုံပန်းသဏ္ဌာန်ကို ခေါ်သော "သဏ္ဌာန်ပညတ်"၏ အမည်တည်း။ မြေ၏ အမည် မဟုတ်။ ထိုသဏ္ဌာန်ပညတ်သည်လည်း ပရမတ္ထတရားကဲ့သို့ ခေါတ်နှစ်ခေါတ်သား ရှိသည်မဟုတ်။ မြေသည်သာ ပရမတ် အစစ်ဖြစ်၍ ခေါတ်နှစ်ခေါတ်သားရှိ၏။

လောက၌ အိုးဟူ၍ ရှိသလောဟု မေးခဲ့သော်....ပရမတ်နှင့် ပညတ် ခြားနားမှုကို မသိသောသူတို့က အိုး ဟူ၍ ရှိ၏.... ဟု ဖြေကြကုန်လတံ့။ အိုး ဟူ၍ ရှိခဲ့သော် ထိုအိုးကို ပြစမ်းပါဟု မေးရာ၏။ ထိုအခါ အနီး၌ရှိသော အိုးကို လက်ညှိုးထိုး၍ "ဤသည်ကား အိုး မဟုတ်သလော"ဟု ပြကြကုန်လတံ့။

ထိုသို့ပြခြင်းသည် အိုး မဟုတ်သော မြေကို "အိုး....ဟု စွပ်စွဲခြင်း ဖြစ်၏။ အစွပ်စွဲ မှား၏။ မှားပုံကား....။

မြေ ဟူသည် ပရမတ်မျိုး ဖြစ်၍ အနှစ်အသားရှိ၏။
အိုး ဟူသည်ကား ပညတ်မျိုး ဖြစ်၍ အနှစ်အသား မရှိ။
ခေါင်းကင်ကဲ့သို့ အချိုးနှိုးသာတည်း။

မြေကို အိုး ဟူ၍ စွပ်စွဲခြင်းသည် မြေကို အိုး၏အတ္တ ပြုခြင်း ဖြစ်၏။ အနှစ်အသားရှိသော မြေကို အနှစ်အသား မရှိသော အိုး၏ အထယ်ခံ၊ အမာခံ အနှစ်အသားပြုခြင်း ဖြစ်၏။ ထိုအခါ မရှိသော အိုးသည် ရှိသော အိုး ဖြစ်လေ၏။ မြေသည် အိုး၏ အတ္တ- ဖြစ်လေ၏။ အတ္တ-ဖြစ်ခဲ့သော် မြေသည်ပင်လျှင် အိုး အိုးသည်ပင်လျှင် မြေ၊ ဟူ၍ မြေနှင့်အိုး တခုတည်း ဖြစ်လေ၏။

ခန္ဓာငါးပါး ရုပ်နာမ်တရားသည် မြေနှင့်တူ၏။ ပုဂ္ဂိုလ် သတ္တဝါ၊ လူ၊ တိရစ္ဆာန်၊ မိန်းမ ယောကျ်ားသည် အိုးနှင့်တူ၏။ မြေကို အိုးဟု ဆိုခဲ့လျှင် မြေသည် အိုး၏ အတ္တ ဖြစ်လေသကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောကျ်ား ဟုဆိုခဲ့လျှင် ရုပ်နာမ်တရားသည် ပုဂ္ဂိုလ်၊ သတ္တဝါ မိန်းမ၊ ယောကျ်ား၏ အတ္တ ဖြစ်ရလေ၏။

မြေအိုးဟူသော စကား၌ မြေကားတခြား၊ အိုးကားတခြား။ မြေသည် (ဟာကယ်ရှိ၊ အဟုတ်ရှိ၊ အမှန်ရှိသော) ပရမတ္ထမျိုးတည်း။ အိုးသဏ္ဌာန်သည် (ဟာကယ်မရှိ၊ အဟုတ်မရှိ၊ အမှန်မရှိသော) ပညတ်မျိုးတည်း။ ထို့ကြောင့် မြေသည် အိုးမဟုတ်။ အိုးသည် မြေမဟုတ်။ ဤကား အဘိဓမ္မာ စစ်စစ် ဓါတ်အနှစ် ဖြစ်၏။

လောကကြောင်းအားဖြင့်ကြည့်သော် ပညတ်ကိုလည်း လက်လွှတ်၍ မဖြစ်ချေ။ ပညတ်သည် လူသားများအချင်းချင်း ဆက်ဆံ ဆုံပြောရေးအတွက် ဆက်ပေးသော ပေါင်းကူးတံတားနှင့် အလားဟူ၏။ လူတို့ဆိုပြောနေကြသော သင်္ကေတ စကားသည် အမှန်ဟု အဋ္ဌကထာတို့၌ ဆိုကုန်၏။

ထို့ကြောင့် ပညတ်နှင့် ပရမတ်ကို (ဝါ) အဟုတ်ရှိတရားနှင့် အဟုတ်မရှိတရားကို ခွဲခွဲခြားခြား သိမှသည်သာ ပဓာနဟု မှတ်ရာ၏။ ပညတ်ကို မှားသည်ဟု မဆိုအပ်။

သင်္ကေတဝစနံ သစ္စံ–လူတို့ သင်္ကေတပြု၍ ပြောဆို
နေသောစကားသည်အမှန်။ အဘယ့်ကြောင့်မှန်သနည်း။

www.dhammaransi.com



လောက သမ္မုတိကာရဏာ လူအပေါင်း၏ သောင်းသောင်းဖျဖျ ဝိုင်းအုံ၍ သမုတ်ထားခြင်းကြောင့် မှန်၏။

ပရမတ္ထဝစနံသစ္စံ၊ ပရမတ်စကားသည်လည်းအမှန်။ အဘယ့်ကြောင့် မှန်သနည်း။ ဓမ္မာနံဘူတလက္ခဏာ၊ အဟုတ်ရှိ၊ တကယ်ရှိသော ပရမတ္ထတရားတို့၏ ဖောက်ပြန်ခြင်းမရှိ၊ တိကျသောကြောင့် မှန်၏။

တကမ္ဘာလုံးနှင့်ချီ၍ ထုထယ် ကြီးမားလှစွာသော ပညတ်အောက်တွင် ပရမတ်ပျောက်ရသည် ဆိုသော်လည်း လုံးဝ ဆိတ်သုဉ်းသွားခြင်းမျိုးကား မဟုတ်။ မီးခဲ ပြာဖုံး သဘောမျိုးသာ တည်း။ ပြာက ဖုံးနေသောကြောင့်သာ အတွင်းက ရဲနေသော မီးခဲကို မမြင်ရခြင်းနှင့်တူ၏။

စင်စစ်ဆိုသော် ပညတ်သည် အဘယ်မျှ ကြီးထွား အားကောင်းသည် ဆိုစေကာမူလည်း သူ့အလိုအလျောက် ပေါ်ပေါက်နိုင်စွမ်း ရှိသည်မဟုတ်၊ ပရမတ်ကြောင့်သာ ပညတ်ဖြစ်လာသည်။ ပရမတ်မရှိလျှင် ပညတ်လည်း ရှိလေတော့မည် မဟုတ်။

ပရမတ်နှင့် ပညတ်ကား အချင်းချင်း မကင်းနိုင်၊ မီးတောက်ကိုစွဲ၍ မီးရောင်ဖြစ်သကဲ့သို့ ပရမတ်ကို စွဲမှီ၍ ပညတ်သည် ဖြစ်လာ၏။

မီးသည် တဟုန်းဟုန်းတောက်လျက်ရှိနေ၏။ သို့သော်လည်း အင်အားကြီးမားသော မီးခိုးလုံးကြီး များက ဖုံးလိုက်သော အခါ ထိုမီးခိုးလုံးကြီး အောက်တွင် မီးတောက်မှာ ပျောက်လေ၏။

www.dhammaransi.com



ထို့ အတူလျှင်–ပညတ်မီးခိုးလုံးကြီးက ဖုံးထားသောကြောင့် ပရမတ် မီးတောက်မှာ အရောင်မတောက်သာဘဲ မှေးမှိန်နေ၏။ ထို့ကြောင့်ပရမတ်စစ်စစ်ကို အနှစ်ကျကျ အသိရခက်၏။ ပညတ် အခိုးအရှိန်ကြောင့် ညှိုးမှိန်နေ၏။

(ဘကယ်ရှိ၊ အဟုတ်ရှိသော) ပရမတ်စစ်စစ်ကို အနှစ် ပြည့်ပြည့် အသားကျကျ လိုက်၍ ထင်းကနဲ၊ လင်းကနဲ၊ ဝင်းကနဲ ထင်မြင်အောင် မကြည့်နိုင်လျှင် တရားအသိ၌ ပိုင်နိုင် ထိရောက်ရန် ခဲယဉ်းပေမည်။

## ပရမတ်ကို မမြင်အောင်

## ဆီးတားကွယ်ကာထားသော တံတိုင်းလေးထပ်

(အဟုတ်ရှိ၊ တကယ်ရှိသဘော) ပရမတ်သည် အနှစ်သာရနှင့် တူ၏။ (အဟုတ်မရှိ၊ တကယ်မရှိသဘော) ပညတ်ကား အပေါ်ယံအခွံ, အကာနှင့်တူ၏။ အတွင်း၌ရှိသော အနှစ်ကို အပေါ်က အခွံ,အကာဖြင့် ဖုံးထားသဖြင့် အနှစ်ကို လုံးလုံး မမြင်ရချေ။

အတွင်းသားဓါတ်နှစ်၊ ပရမတ်အစစ်ကို မမြင်ရအောင် ဖုံးကွယ်ထားသော ပညတ်မဟာရံ တံတိုင်းကြီးလေးထပ်ရှိ၏။ ယင်းတို့ကား–

(၁) သမူဟ ဃန ပညတ်တံတိုင်းကြီးတထပ်၊
(၂) သန္တတိဃန ပညတ် တံတိုင်းကြီးတထပ်၊
(၃) သဏ္ဌာန ဃန ပညတ် တံတိုင်းကြီး တထပ်၊
(၄) သုဘဃနပညတ် တံတိုင်းကြီး တထပ်။

www.dhammaransi.com



ဤသို့အားဖြင့် တံတိုင်းလေးထပ် ဖြစ်၏။

ယင်းလေးမျိုးတို့အနက်....

၁။ **သမူဟဃန ပညတ်** ဆိုသည်ကား။ ။ အများကို စုပေါင်းထားသော်လည်း တခဲနက် တလုံးတည်း၊ တစုတည်း၊ တခုတည်း ထင်ရသော **သဘော**ကို ဆိုသည်။

ဥပမာ.... သစ်လုံး အမျိုးမျိုး၊ ပျဉ်ချပ် အမျိုးမျိုး၊ သံ အမျိုးမျိုး၊ သွပ် အမျိုးမျိုးတို့ကို စုပေါင်းလျက် အဆောက်အဦး တည်ဆောက်ကြ၏။ မိုးထိလုခမန်း ထိုးလို ထောင်လောင်နှင့် ပျဉ်ထောင် အဆောက်အဦကြီးတွေ ဖြစ်လာ၏။ ထိုအခါ လူတို့က ယင်း အဆောက်အဦကြီးကို အိမ် ဟူ၍ရင်း၊ ကျောင်း ဟူ၍ရင်း၊ တန်ဆောင်းဟူ၍ရင်း သမုတ်၍ အမည်သညာ ပြုလိုက်ကြသော အခါ လူတို့ပညတ်ချက်အတိုင်း အိမ်၊ ကျောင်း၊ တန်ဆောင်းဟူ၍ ဖြစ်လာရကုန်၏။

သစ်သား၊ သံ၊ သွပ်၊ အများအပြားတို့ဖြင့် စုပေါင်း တည်ဆောက်ခြင်း ဖြစ်သော်လည်း လူတို့သည် ပျဉ်ပြားများကို မမြင်တော့ ကုန်။ သွပ်၊ သံ တို့ကို မမြင်တော့ ကုန်။ တလုံးတစည်း တခုတည်း ဖြစ်နေသော ပုံသဏ္ဌာန် အိမ်၊ ကျောင်း၊ တန်ဆောင်း များကိုသာ မြင်ကုန်၏။ ထိုအခါ လူတို့ ခေါ်ဝေါ် သမုတ်ထားသော အိမ်၊ ကျောင်း၊တန်ဆောင်း ဟူသော ပညတ် အောက်တွင် ပရမတ် အစစ်ဖြစ်သည့်(ကေန်ထင်ရှားရှိနေသည့်) ပျဉ်ပြား၊ သွပ်၊သံ တို့ ပျောက်ကုန်ရလေ၏။ ဤ အဖြစ်သနစ်မျိုးကို **သမူဟဃန ပညတ်** ဟု ဆိုသတည်း။ ပညတ်ဖြင့် စည်းဝိုင်း

www.dhammaransi.com



ကာ မဟာရုံတံတိုင်းကြီး ခတ်ထားလိုက်သောကြောင့် အတွင်းမှာ တကယ်ရှိနေသော ပရမတ် အစစ်တို့ကိုမမြင်ရ, ဖြစ်သတည်း။

လှေ၊ လှည်း၊ မော်တော်ကား၊ မီးရထား၊ လေယာဉ်ပျံ စသည်တို့သည်လည်း ဤနည်းနှင်နှင် ဖြစ်ကုန်၏။ သစ်သား ကရိယာ တန်ဆာပလာ၊ သံ ကရိယာ တန်ဆာပလာ အများအပြားကို စုပေါင်းလျက် ပြုလုပ်ထားခြင်းဖြစ်သော်လည်း လူတို့သည် ယင်း စုပေါင်းပစ္စည်းများကို မမြင်တော့ကုန်၊ သတိမထားတော့ကုန်။ ပြုလုပ်ချက်အရ ထွက်ရှိလာသော ပုံသဏ္ဌာန်ကိုသာ စွဲမှီ၍ "သည်ဟာလှေ, သည်ဟာ လှည်း, စသည်ဖြင့် ခေါ်တွင်ကုန်၏။ ခေါ်တွင်မှုပညတ်အောက်တွင် အမှန်ရှိသောပရမတ်ပစ္စည်းများ ပျောက်ကုန်လေ၏။ ဤသည်လည်း သမူဟဃန ပညတ်၏ လက်ချက်ပင်တည်း။

ထိုမှတပါး ချည်ဖြင့် ယက်လုပ်ထားသော အထည်ပစ္စည်းများကို ကြည့်လျှင်လည်း အချို့ကို ပုဆိုး၊ အချို့ကို ထမီ၊ အချို့ကို အင်္ကျီ၊ အချို့ကို လက်သုတ်ပုဝါ၊ အချို့ကို အိပ်ယာခင်း စသည်ဖြင့် အမြင်ပုံသဏ္ဌာန်ကိုစွဲ၍ ခေါ်တွင် ပညတ်ကုန်၏။ အမှန်ရှိ၊ အဟုတ်ရှိ ဖြစ်သော ချည်မျှင်၊ ချည်ချောင်း၊ အပေါင်း ပရမတ်သည် ပုဆိုး၊အင်္ကျီ၊ထမီ စသော ပညတ်အောက်တွင် ပျောက်လေ၏။ ပညတ် တံတိုင်းကြီးဖြင့် ဝိုင်း၍ကာရံထားသောကြောင့် အတွင်းသား ပရမတ် ပစ္စည်း အစစ်များကိုမမြင်တော့ကုန်။ ဤသို့အား ဖြင့် တခဲနက် စု စည်း တွေခဲနေသော ပုဆိုး၊ အင်္ကျီ စသော "သမူဟဃန ပညတ်" အောက်တွင် ပရ

www.dhammaransi.com



မတ်သည် ပျောက်ရပြန်လေ၏။ တရားရှာသူအဘို့ ထိုပညတ်တို ကွာအောင် မခွာနိုင်လျှင် အဘယ်မှာ ထိရောက်နိုင်ပါမည် နည်း။

၂။ **သန္တတိဃန ပညတ်** ဆိုသည်ကား-အခြားမထင်လောဘဲ (ကြားကာလ မရှိလောဘဲ)တခဲနက် တဆက်တည်း ၊ တစပ်တည်း ဖြစ်တည်နေသည်ဟု ထင်ရသော သဘောမျိုးကို ဆိုသည်။

ဥပမာ....အဘိဓမ္မာအလိုအားဖြင့်ယနေ့ငါသည် ယနေ့ငါသာ ဖြစ်၏။မနေ့က ငါမဟုတ်ချေ။သို့သော် လူတို့ကား လူစ၍ဖြစ်လာ သည့်အချိန်မှ စ၍ ယနေ့အထိသော သက်တမ်းတလျှောက်လုံး ကို ခြား၍ခြား၍ ကွက်၍ကွက်၍ မမြင်ကုန်။ တဆက်တည်းတ စပ်တည်းဟု မြင်ကုန်၏။ ထို့ကြောင့်လည်း မွေးစက ငါသည် လည်း ငါ။ မနှစ်က ငါသည်လည်း ငါ။ မနေ့က ငါသည် လည်း ငါ။ ယနေ့ ငါသည်လည်း ငါ ဟု တဆက်တည်း တစပ် တည်း ငါ ဟု စွဲမှတ် ကုန်၏။

ဗုဒ္ဓသမိုင်းကြောင်းကို ကြည့်လျှင်လည်း သုမေဓာ ရသေ့ ၏ ဘဝမှ သည် နောက်ဆုံးဘုရား အဖြစ်သို့ ရောက်ရှိလာသည့် ဘဝအတွင်း ကြားကာလများတွင် လူ ဖြစ်လိုက်၊ နတ်ဖြစ်လိုက် တိရစ္ဆာန် ဖြစ်လိုက်နှင့် ဘဝပေါင်းများစွာဖြင့် သံသရာ တခွင် ကျင် လည် ခဲ့ရသော်လည်း တဆက် တည်း ဟု ထင်ကုန်၏။ သုမေဓာသည်လည်း သည်ဘုရားပင်။ မဟောသဓာသည်လည်း သည် ဘုရားပင်။ ဘူရိဒတ် သည်လည်း သည် ဘုရားပင်ဟု မြင် ကုန်၏။ ကြီးထွားအားကောင်းလှသော ထို သန္တတိဃန ပညတ်-

www.dhammaransi.com



၏ အောက်တွင် ဘဝများစွာ၌ တကယ်ကျင်လည်ခဲ့၊ အဟုတ် ဖြစ်ခဲ့ဘူးသော ဗုဒ္ဓ၏ ပရမတ်ဘဝ များစွာတို့ ပျောက်ကုန်လေ ၏၊ သန္တတိဃန ပညတ်တံတိုင်းကြီးက ဆီးတားထားမှုကြောင့်၊ အတွင်းသား ပရမတ် ဘဝများစွာတို့ကို မမြင်တော့ကုန်။ ဤသို့ ပညတ် ကွယ်နေသေးသမျှ နိဗ္ဗာန်တရားနှင့် ဝေးနေရပေဦးမည် သာတည်း။

၃။ **သဏ္ဌာနဃန ပညတ်** ဆိုသည်ကား.... အဝိုင်း၊လေး ထောင့်၊ သုံးထောင့်၊ အနိမ့်၊ အမြင့်၊ အပိန်၊ အဖောင်း၊ အပြား အလုံး....စသော ပုံပန်းသဏ္ဌာန်များကို ဆိုသည်။

ဥပမာ.... ဘောလုံးသည် အဝန်းအဝိုင်း ဖြစ်၏။ ဝန်းဝိုင်းနေ ၏။ လုံး၏။ ဤပုံသဏ္ဌာန်မျှကိုစွဲ၍ လူတို့က ဘောလုံး ဟု သ မုတ် ခေါ်ဝေါ်ခြင်းပြုကုန်၏။ စင်စစ်အားဖြင့်ကား.... သားရေ ပြားသာတည်း။ သားရေပြားကို ဝိုင်းဝန်းအောင်ချုပ်လုပ်ထား အပ်သော ပစ္စည်းသာ တည်း။

သို့သော်.... **အဝန်း၊** အဝိုင်း၊ အလုံး တည်းဟူသော ပုံပန်း သဏ္ဌာန် သဏ္ဌာန်နဃန ပညတ် အောက်တွင် တကဲ့ အစစ်မှန် ပရမတ်ဖြစ်သော **သားရေပြားသည်** ပျောက်ရလေ၏။ သဏ္ဌာန ဃန ပညတ်က ဖုံးကွယ်ထားသောကြောင့် လူတို့သည် ပရမတ် သားရေပြားကို မမြင်တော့ကုန်။

ထို့ပြင် လူတယောက်ကို ပေတိုင်းဆု င ါးပေနှင့်ခြောက် လက်မ ရှိ၏။ ထိုသူကို အရပ်အမောင်း င ါး ပေ ခြောက်လက်မ မြင့်

www.dhammaransi.com



သူ ဟု သမုတ်ကုန်၏။ တကယ်ရှိလေသည်ကား ထိုသူ၌ ဓာတ်လေးပါး အစုအဝေး။ အသွေး၊ အသား၊ အကြော၊ အရိုး စသော ၃၂–ကောဋ္ဌာသ အစုအဝေးသာ ဖြစ်၏။

သို့သော်.... ငါးပေ ခြောက် လက်မ တည်းဟူသော ပုံပန်းသဏ္ဌာန်၊ သဏ္ဌာန်နဃန ပညတ်အောက်တွင်၊ တကယ်ရှိနေသော ဓာတ်လေးပါး အစုအဝေးသည် ပျောက်ရလေ၏။ သဏ္ဌာနဃန ပညတ်က ဖုံးကွယ်သွားသောကြောင့် ပရမတ်အစစ်ကို လူတို့ မမြင်တော့ကုန်။ သဏ္ဌာနပညတ် မဟာရုံတံတိုင်းကြီးပေါ်ကျော်၍ အတွင်းက ပရမတ်ကို မြင်အောင် မကြည့်ကြတော့ကုန်။ ပိန်၊ ဖောင်း၊ လေးထောင့်၊ သုံးထောင့် စသည်တို့၌လည်း ဤနည်းအတိုင်းပင်တည်း။ လေးထောင့်၊ သုံးထောင့်၊ ပိန်၊ ဖောင်း တည်းဟူသော ပညတ် တံတိုင်းကြီးကို ထိုးဖောက်၍ အတွင်း ပရမတ် ဆိုက်ရောက်သည်အထိမကြည့်တော့ကုန်။ထိုအခါပညတ်သည် လူမှ အဘယ်မှာလျှင် ကွာနိုင်တော့မည်နည်း။ ပညတ်ကို ကွာအောင် မခွာနိုင်သမျှ အမြိုက် ဓမ္မကို ရသမှန်သော်လည်း ပင်ပန်းရုံသာ ရှိလေအံ့။

၄။ **သုဘဃန ပညတ်** ဆိုသည်ကား....။ ။မျက်စိ ဖြင့် ကြည့်၍ လှပ တင့်တယ်သော သဘောကို ဆိုသည်။

လောက၌ နှစ်သက်စရာ၊ မြတ်နိုးစရာ၊ မက်မောစရာ၊ အာရုံတို့သည် အဖုံဖုံရှိကုန်၏။ ထိုထိုအာရုံတို့သည် သုဘဃန, တစု တခဲတည်း တွေခဲနေသော တင့်တယ်အာရုံများ ဖြစ်ကုန်လေရာ ထိုထိုနှစ်သက်ဖွယ် အာရုံများက ဖမ်းစား ထားလေသောအခါ

www.dhammaransi.com



လူသည် ပင့်ကူအိမ်၌ မိနေသော ယင်ကောင် အလား ခွာမရ အောင် တွယ်တာကပ်ငြိလေ၏။ ပညတ်လေးမျိုးတွင် ဤသုဘ ပညတ်သည် အဆိုးဆုံး၊ လူကို မလှုပ်နိုင်အောင် အတုပ်နိုင်စွမ်း အရှိဆုံး၊ အား အကောင်းဆုံး ဖြစ်ကောင်းဖြစ်ပေမည်။ သူတို့ သဘောကား သုဘအာရုံများနှင့် တွေ့သော် ဖွတ်မေ့၊ ပဒတ်မေ့၊ မေ့ကုန်လေ၏။

ဥပမာ....အသေးအဖွဲ့၊ လက်ကိုင် ပုဝါကလေးက အစ လူကို အရူးအမူးဖြစ်အောင် ဖမ်းစားလိုက်၏။ သည် လက်ကိုင် ပုဝါ ကလေးဟာ အရောင်လဲလှ၊ အသားလဲကောင်း၊ တယ်ချစ်စရာ ကောင်းပါကလား ဟူသော မြတ်နိုးစိတ်၊ လိုချင်မက်မောစိတ် ဖြစ်ရသည်မှာ သုဘဃနပညတ်ကြောင့် ဖြစ်၏။ ကောင်းတာ ကလေးကိုမှ စားချင်၊ ကောင်းတာကလေးကို မှ ဝတ်ချင်၊ ကောင်းတာကလေးကိုမှ လိုချင်သော ဆန္ဒကို လူ့ ဦးနှောက်ထဲ သို့ မဝင်လျှင်ဝင်အောင် သပ်ရိုက်၍ သွင်းလိုက်သော တရားခံ မှာ သုဘဃနပညတ်ပင် တည်း။

ယောကျ်ားက မိန်းကလေးချောချောကို မြင်ရာ၌၎င်း၊ မိန်းမ က ယောကျ်ားကလေးလှလှကို မြင်ရာ၌၎င်း၊ သုဘဃန ပညတ် ၏ ထိုးနှက်ချက်မှာ အဘယ်မျှ ထက်မျက်လေမည်ကို ရိပ်စားမိ နိုင်ပေသည်။ လှပတင့်တယ်ရှုချင်စဖွယ်တည်းဟူသော သုဘဃန ပညတ်က ဖုံးကွယ်ထားလေသောကြောင့် လူဆိုသည်မှာ အရိုးစု အကြောစုပါကလား ဟူသော ပရမတ်အစစ်ကို မမြင်ခဲတော့ချေ။ သုဘပညတ်အောက်တွင် ပရမတ်သည် ပျောက်ရလေ၏။

www.dhammaransi.com



အချုပ်အားဖြင့်ကား ဆိုခဲ့ပြီးသော ပညတ်မဟာရံ တံတိုင်းကြီးလေးထပ်တို့ဖြင့် ဆီးတားကွယ်ကာထားသောကြောင့် လူတို့သည် အတွင်း၌ တကယ်ရှိ အဟုတ်ရှိနေသော ပရမတ် အစစ်ကို မမြင်တော့ကုန်။ ဤပညတ်ကြီး လေးရပ်က တံတိုင်းခတ် ဆီးခံထားလေသည့်အတွက် ပရမတ်ကို အသိခက်၏။ ဤပညတ်များကို ကိုယ်မှကွာအောင် ခွာနိုင်တွန်းလှန်နိုင်ပါမှ အတွင်းကမရမတ်ပေါ်လာမည်။ ပရမတ်ဓါတ်သားများ ကွင်းကနဲ၊ လင်းကနဲ၊ အထင်းသား ပေါ်လေမှ မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်သို့ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်မည်ဖြစ်၏။

## ပညတ်ကိုခွာ၊ မရမတ်ကိုရှာ

ပညတ်ကား လောကီဘုံသားတို့၏ အကြိုက်။ လောကီ ဘုံသားတို့အတွက်။ ပရမတ်သည်ကား လောကုတ္တရာ ဘုံသားတို့၏ အာရုံ၊ ထိုဘုံသားဘို့ အတွက် သက်သက်ဖြစ်၏။ ပညတ်ကား လောကီဘက်ကို အားပေးသည်။ လောကီ၏ဘက်တော်သား အစစ်ဖြစ်သည်။ ပရမတ်ကား လောကီဘက်ကို ပျက်အောင် ဖျက်သည်။ လောကုတ္တရာ ဘက်ကို သာသာထိုးထိုး အလေးတင်းလျက် မြင့်တက်စေသည်။ လောကီကိုဖျက်နိုင်မှ လောကုတ္တရာသို့ တက်နိုင်မည်ဖြစ်သတည်း။

အချုပ်အားဖြင့် လူသည် အတိဒုလ္လဘ၊ အလွန့် အလွန်ရခဲ လှစွာသော လူ့အဖြစ်၊ လူ့ဘဝကို ရရှိထားသဖြင့် အလွန် ကံကောင်းသူ၊ ပါရမီထူးခြားသူ ဖြစ်လေသည်။

www.dhammaransi.com



သို့သော်....ထိုလူ၏ ပတ်ဝန်းကျင်၌ကား ပညတ်သည် တင်းကျမ်းပြည့် ရှိနေ၏။ ထိုကြောင့် ထိုလူသားသည် ပညတ်များကြားတွင် ခေါင်းမဖော်နိုင်အောင် မြုပ်နေရရှာ၏။ သွားပညတ်၊ စားပညတ်၊ နေပညတ်၊ ထိုင်ပညတ်၊ ပြောပညတ်၊ ဆိုပညတ် စသော ထိုထိုပညတ်တို့သည် လူသားအားပတ်ပတ်လည်ဝိုင်းရံလျက် ရှိကုန်၏။

ထိုလူသားတို့အသို့ သတ္တိရှိဘို့၊ လူစွမ်းကောင်း ဖြစ်ဘို့ လို၏။ ရရှိထားသော အဘိုးတန် မိမိ၏ဘဝကို ပညတ် အောက်တွင် အပျောက်မခံလေဘဲ၊ (ဝါ) ပညတ်ဓဇလုတ်ထဲ၌ အမြုပ် မခံလေဘဲ၊ ပရမတ်အစစ်ကို အနှစ်ကျကျ မြင်အောင် ကြည့်တတ်ရပေမည်။ အကြည့်မှန်လျှင် အမှန်ကိုမြင်လာမည်။ အမှန်ကိုမြင်သောအခါ အသိမှန်ဝင်လာမည်။ အသိမှန်သောအခါ၌ကား ပညတ်ကို ကွာအောင် ခွာရန် ခဲယဉ်းတော့မည်မဟုတ်။

ပညတ်ကွာသွားလေသောအခါ၊ (ဝါ)ပညတ်နှင့်မိမိ။ မိမိနှင့်ပညတ် အိုးစားကွဲသွားပြီ၊ ပြတ်စဲသွားပြီ ဆိုပါတော့။ ထိုအခါဘာဖြစ်မည်နည်း။ မည်သည့် အကျိုးရှိသနည်းဟု အမေးအမြန်းရှိခဲ့သော် မိမိကိုယ်တိုင် ပညတ်မှ ကွာသောအချိန်တွင် ထိုမေးခွန်းအတွက် အဖြေကို ထိုသူကိုယ်တိုင် သွက်လက်စွာ ဖြေဆိုနိုင်လတံ့။ ပညတ်မှကွာသောအကျိုးကို ကိုယ်တိုင်ခံစားရလတံ့။

ooo

www.dhammaransi.com

# အပိုင်း (၃)

## အသိ မှန်မှ အလုပ် မှန်မည်

လူ နှစ်ယောက် ခရီးသွားကြ၏။ ယင်းတို့အနက် တဦးသော သူမှာ သွားမည့်နေရာကို ရှေးကလည်း သူရောက်ဘူး၏။ လမ်းကိုလည်း သူကောင်းကောင်း သိ၏။ ထိုခရီးသို့ သူသွားလေသည်။

တယောက်သောသူကား သွားမည့်နေရာကို ရှေးကလည်း သူမရောက်ဘူး။ လမ်းကိုလည်း သူမသိ။ ကြားဘူးနားဝ ရှိကာမျှဖြင့် ထိုခရီးသို့ စမ်းတဝါးဝါး သူသွားလေသည်။

ထိုခရီးသွားနှစ်ယောက်၏ ဥပမာကို ကြည့်သင့်၏။ မည်သူက အကျိုးသက်ရောက်မှုရှိလေမည် ထင်သနည်း။

ဗုဒ္ဓကို ကြည်ညိုသဖြင့် ဗုဒ္ဓ၏ အေးမြလှစွာသော အရိပ်ဆာယာကို ခိုလျက် ယောဂီအလုပ်ကို လုပ်နေ၏။ ကောင်းသောအမှုဖြစ်၍ လှူသာဓုခေါ်၊ နတ်သာဓုခေါ်စရာကား မှန်၏။

သို့သော်...ထိုယောဂီသည် မိမိ၏ဗုဒ္ဓထံချဉ်းကပ်ပုံ ချဉ်းကပ်နည်းကို လည်းကောင်း၊ ဗုဒ္ဓနှင့်မိမိ ထိတွေ့မှုရှိ မရှိ ကိုလည်းကောင်း။ဗုဒ္ဓကိုမိမိကိုယ်တိုင်မြင်မမြင်ကိုလည်းကောင်း၍အချက်ကိုကား အလေးအနက်ပြု၍ စဉ်းစားရာ၏။

www.dhammaransi.com



အလုပ်လုပ်ရာ၌မည်သည့်အလုပ်ကိုလုပ်သည်ပင်ဖြစ်စေ၊အလုပ်နှင့်တူအောင် ဟုတ္တိပတ္တိရှိအောင် ထိထိရောက်ရောက် ဖြစ်အောင် လုပ်မှသာ အရေးကြီး၏။ ပေးကားပေး၏ မရ။ ကျွေးကား ကျွေး၏ မဝ ဆိုသကဲ့သို့ လုပ်ကားလုပ်၏ အကျိုးမရှိသော အလုပ်မျိုး မဖြစ်မိစေရာ။

## ကန်းသူ နှင့် မကန်းသူ

ထိုသူနှစ်ယောက် (ကန်းသူ နှင့် မကန်းသူ)ကို ဒွန်တွဲလျက် ဗုဒ္ဓကိုယ်တော်တိုင်လည်း နေရာများစွာတို့၌ ချ၍ချ၍ ပြတော်မူသွား၏။ အဋ္ဌကထာ အရှင်သူမြတ်တို့သည်လည်း အကွက်ဆိုက်ရာ ဆိုက်ရာတွင် ထိုသူနှစ်ယောက်ကို ယှဉ်၍ မော်ကွန်း တင်တော်မူသွားကြကုန်၏။

ထိုသူ နှစ်ဦးကား မည်သူတွေပါနည်း။

(၁) တဦးကား အန္ဓပုထုဇဉ်။

(၂) တဦးကား ကလျာဏပုထုဇဉ်။

ဤနှစ်ဦးပင်တည်း။ ကန်းသောသူ၊ သူကန်းကို အန္ဓပုထုဇဉ် ဟု ဆိုသည်။ မကန်းသောသူ၊ သူကောင်းကို ကလျာဏပုထုဇဉ် ဟု ဆိုသည်။ မည်သို့ကန်း၍ မည်သို့ကောင်းလေသနည်း၊ မည်သည့် အရာကန်း၍ မည်သည့်အရာ ကောင်းလေသနည်း။

## အန္ဓပုထုဇဉ်(သူကန်း)

ကန်း၊ မကန်း ပြဿနာအတွက် ဗုဒ္ဓသည် (အဟုတ်ရှိ၊ တကယ်ရှိ၊ အမှန်ရှိ) ပရမတ်နှင့် (အဟုတ်မရှိ၊ တကယ်မရှိ၊ အမှန်မရှိ)

www.dhammaransi.com



ပညတ်ကို မှတ်ကျောက်ပြု၍ ဆုံးဖြတ်တော်မူ၏။ ကန်း၊ မကန်းကို ပရမတ် ပညတ် မှတ်ကျောက်ပေါ် တင်ကြည့်လျှင် သိလိမ့်မည်ဟု ဆိုလိုသည်။

အထက်၌ ပြဆိုခဲ့ပြီးသောအတိုင်း အပေါ်ယံဘန်းပြ၊ အလှ အပ (တကယ်မရှိ၊ အဟုတ်မရှိ သဘော) ပညတ် တိမ်သလာ ဖုံးသောကြောင့် (တကယ်ရှိ၊ အဟုတ်ရှိသဘော) ပရမတ် အစစ်ကို လုံးလုံးမမြင်သူကို အန္ဓပုထုဇဉ်(သူကန်း)ဟု ဆိုသည်။

## ကလျာဏပုထုဇဉ် (သူကောင်း)

အမြေးအကာ၊ ပညတ်လွှာများကို ဖယ်ရှားခွာလှန်၍ အဟုတ်ရှိ၊ တကယ်ရှိပရမတ် အစစ်၊ အနှစ်သာရကို ထုတ်နှုတ် ယူငင်၊ သိမြင်နိုင်သောပရမတ်မျက်စိရှိသူကို ကလျာဏပုထုဇဉ်(သူကောင်း) ဟု ဆိုသည်။

## မြင်လျက် နှင့် ကန်းနေသူ

မြင်လျက် နှင့် ကန်းနေသူဆိုလျှင် စကားဆန်း ဖြစ်နေမည်။ သို့သော် အသက်ရှင်လျက်နှင့် သေနေသူများလောက် မဆန်းပါချေ။ အသက်ရှင်လျက် နှင့် သေနေသူများ အကြောင်းကိုဗုဒ္ဓမြတ်ဘုရားသည် နေရာများစွာ တို့၌ အခါ အားလျော်စွာများစွာပင် ဟောကြားသွားတော်မူ၏။

ဤမြင်လျက်နှင့် ကန်းနေသူများအကြောင်းကိုကား ပဏ္ဏာသအဋ္ဌကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာကြီးများနှင့် မူလဋီကာတို့၌

www.dhammaransi.com



ဆိုကြောင်းကို တွေ့ရ၏။ ယင်းတို့အနက် ပဏ္ဏာသ အဋ္ဌကထာကြီးတွင်....မံသစက္ခုနာ ဝါ ဒိဗ္ဗစက္ခုနာ ဝါ စသဖြင့်....

"အဟုတ်ရှိ၊ အမှန်ရှိ၊ တကယ်ရှိကို သိမြင်သော ပရမတ် မျက်စိအလင်းမရှိက အရိယာပုဂ္ဂိုလ် ဆိုသည်မှာ ဘယ်လိုပုဂ္ဂိုလ်ဟုမသိ။ ပကတိမျက်စိ ဒိဗ္ဗစက္ခု မျက်စိဖြင့် အရိယာပုဂ္ဂိုလ်ကို တွေ့မြင်နေရငြားသော်သည်း မြင်သည်မမည်။ ကန်းနေသူ။ သူကန်း၊အကန်း"

ဟု ဆိုသည်။ အဋ္ဌသာလိနီ အဋ္ဌကထာကြီး နှင့် မူလဋီကာ တို့၌ကား ကန်းခြင်း၏ အကြောင်းကိုတမျိုးပြ၍ဆိုထား၏၊

"အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ဆိုအပ်သော လက္ခဏာရေးသုံးပါး အကြောင်းကို ကောင်းစွာ မသိသူ (ယင်းလက္ခဏာရေးသုံးပါး၏ အနှစ်သာရကို အချိုးကျကျမသိမမြင်သောသူ)သည် အရိယာပုဂ္ဂိုလ်နှင့် နဖူးတွေ့ ဒူးတွေ့ တွေ့နေပါလျက်လည်း တွေ့သည်မမည်။ မြင်နေပါလျက်လည်း မြင်သည် မမည်"

ဟုဆိုသည်။ ဤကျမ်းဂန်ကြီးများ၏အဆိုကို အတိုချုပ်လိုက်သော် မျက်စိအမြင်သန်သော ကလျာဏပုထုဇဉ်ကောင်း ဖြစ်လိုသူတယောက်အဖို့ပညတ်နှင့် ပရမတ်ကို ခွဲခွဲခြားခြား နားလည်အောင်ရန်နှင့်၊အနိစ္စလက္ခဏာ၏အကြောင်း၊ဒုက္ခလက္ခဏာ၏အကြောင်း အနတ္တ လက္ခဏာ၏ အကြောင်းကို ကောင်းစွာ ကျေကျေညက်ညက် သိရှိရန် လိုအပ်သည်ဟု ဆိုလိုသည်။

www.dhammaransi.com



ပညတ် နှင့် ပရမတ်ကို ဝမ်းနှင့်လေ မကွဲသကဲ့သို့ ခွဲခွဲခြား ခြားနားမလည်ပါဘဲလျက် တရားနောက်သို့ တကောက်ကောက် လိုက်သော်ငြားလည်း "ကျွဲပါးစောင်းတီးသကဲ့သို့" ဖြစ်နေချိမ့်မည်။ အနိစ္စမှန်း၊ ဒုက္ခမှန်း၊ အနတ္တမှန်း မသိပါဘဲလျက်၊ စိတ်လိုက်မာန်လျောက် တရားနောက်သို့လိုက်စေကာမူလည်း နွား၏ အနီး၌ ပုလွေမှုတ်သည်နှင့်သာ တူနေချိမ့်မည်။ ဆင်းရဲကျိုးမနပ် ကျင့်ကြံ အားထုတ်ရကျိုးမနပ်။ ပင်ပန်းခြင်းသာ အဖတ်တင် လေရာသည်။ တရားထိုင်လျှင် ပညတ်နှင့် ပရမတ်ကို ပိုင်အောင်ကိုင်ဟု ဆိုခြင်းပင်တည်း။

## နေ့တိုင်းဘုရားကို ဖူးမြင်နေပါလျက် ဘုရားကိုမမြင်သော ဝက္ကလိရဟန်း

ယင်း အကြောင်း နှင့် ပတ်သက်၍ ဝက္ကလိ ရဟန်းအား ဗုဒ္ဓကိုယ်တော်တိုင် မြွက်ကြားတော်မူဘူး၏။ [၁]

ဝက္ကလိရဟန်းသည် ဗုဒ္ဓကို အလွန်ကြည်ညို၏။ ဗုဒ္ဓအားမျက်စိ အောက်က အပျောက်မခံဘဲ၊ အရိပ်တကြည့်ကြည့်နှင့် တစိမ့်စိမ့် အမြဲဖူးနေရမှ ကျေနပ်သူဖြစ်လေသည်။

တနေ့သော် ထိုဝက္ကလိရဟန်းသည် အသည်း အသန် ဖျားလေ၏။ ထိုအခါ ဖူးမြော်နေကျဖြစ်သော ဗုဒ္ဓမြတ်ဘုရားကို ဖူးမြော်လိုသော်လည်း သူ့ခမြာ အိပ်ရာထဲတွင် လဲနေသဖြင့် မဖူးနိုင်ရှာ။ အိပ်ရာမှပင် မထနိုင်ရှာဖြစ်နေ၏။

---

၁။ ခန္ဓဝဂ္ဂသံယုတ္တပါဠိ ထေရဝဂ္ဂဝက္ကလိသုတ္တ။

www.dhammaransi.com



ဗုဒ္ဓသည် ဝက္ကလိရဟန်း မကျန်းမမာ ဖြစ်နေကြောင်း ကြားတော်မူလျှင် ဝက္ကလိရဟန်းထံသို့ ကိုယ်တိုင်ကြွတော်မူ၍ "ကျန်းခန့်သာ၏လော့၊ မာ၏လော့" ရောဂါ အခြေအနေ အတက်အကျကို မေးမြန်းတော် မူလေသည်။ ထိုအခါ မသက်သာကြောင်း၊ အခြေအနေ ဆိုး၀ါးကြောင်းကို ဝက္ကလိရဟန်းက လျှောက်ထားလတ်သော်—

"ချစ်သား ဝက္ကလိ၊ သင့်မှာပူပင်ဘွယ်၊ စိတ်မချမ်းသာဘွယ် တစုံတရာများ ရှိနေသလော့" ဟု ဗုဒ္ဓက မေးတော်မူ၏။ ထိုအခါ ပူပင်စရာ၊ စိတ်မချမ်းသာစရာတွေ တပည့်တော်မှာများစွာရှိနေပါသည်ဘုရားဟု ဝက္ကလိက လျှောက်၏။

ဤသို့လျှောက်သော် "ပူပင်စရာ စိတ်မချမ်းသာစရာများ ပျောက်အောင် မိမိဆောက်တည်လာခဲ့သော သီလကို ဆင်ခြင်ခြင်းအားဖြင့် ပယ်ဖျောက်ရန်" ဗုဒ္ဓက အကြံပေးသောအခါ။ "ဤသို့ ဖျောက်သော်လည်း မပျောက်နိုင်ပါ" လျှောက်လျှင် "သို့စင်မူ ဖျောက်လျက်နှင့် မပျောက်နိုင် ဆိုသော ပူပင်စရာ၊ စိတ်မချမ်းသာစရာကား အဘယ်နည်း" ဟူ၍ ဗုဒ္ဓက မေးတော်မူလေသည်တွင် ဝက္ကလိရဟန်းက လျှောက်ထားသည်ကား—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့် တော်၏ သန္တာန်မှာ ဖူးမြင်နေကျ ဘုရားသခင်ကို ဖူးမြင်လိုသော ဆန္ဒများ ပြင်းပျစွာ ဖြစ်နေပါ၏။ သို့ပါသော်လည်း တပည့်တော်မှာ ဖျား၍ အင်အားချိနဲ့နေပါပြီ။ ဘုရားသခင်ကို အဖူးအမျှော်သွားနိုင်သည့် အင်အား တပည့်တော်မှာ မရှိတော့သည့် အတွက်၊ ဖူး

www.dhammaransi.com



မြော်လိုလျက် ဆွေးတသက်သက်နှင့်သာ နေရပါသည်ဘုရား” ဟူ၍ လျှောက်ထား၏။ ထိုအခါ ဗုဒ္ဓက ဝက္ကလိအား ဆုံးမစကား မြွက်ကြားပေသည်ကား–

“ချစ်သား ဝက္ကလိ၊ ဤသို့ဆွေးတမြေ့မြေ့ ဖြစ်နေရန်မသင့်။ ပူတိကာယ အပုပ်ကောင်မျှဖြစ်သော ငါ၏ ရူပကာယတော်ကို ဖူးမြော်နေခြင်းဖြင့် သင့်အား အဘယ်အကျိုး ရှိမည်နည်း”

ချစ်သားဝက္ကလိ၊ အကြင်သူသည် ပညာကို ခွ လှစ်၍ ပရမတ်အစစ်ဖြစ်သော အနှစ်တရားကို မြင်၏။ ထိုသူသည် ငါ့ကို မြင်သည် မည်၏။ အကြင်သူသည် ငါ့ကို မြင်၏။ ထိုသူသည် တရားကို မြင်၏။

ချစ်သား ဝက္ကလိ။ ပရမတ်အစစ်၊ အနှစ်သာရ ဓမ္မကိုမြင်သော် ငါ့ကိုမြင်သည်မည်၏။ ငါ့ကိုမြင်သော် တရားကိုမြင်သည် မည်၏”ဟု ဩဝါဒစကား မြွက်ကြားတော်မူဘူးသတည်း။

အထက်ပါ စကားတော်၏ လိုရင်းအချုပ်ကို အနှစ်သာရ ထုတ်သော်.... အသား၊ အနှစ်၊ ပရမတ်အစစ်ကို သိသောဉာဏ် မျက်စိ ရှိမှသာ ဘုရားမှန်း၊ တရားမှန်း သိနိုင် မြင်နိုင်သည်။ ဉာဏ် မျက်စိ မရှိလေက ဘုရားကို ဘုရားမှန်း၊ တရားကိုတရားမှန်း မ သိနိုင်။ ထို့ကြောင့် ပကတိမျက်စိဖြင့် ဘုရားသခင်အား မျက် ဝါး ထင်ထင် ဖူးတွေ့နေရပါလျှက်လည်း ဖူးတွေ့ရသည်မမည်။ ပညာ တိမ်သလာ ဖုံးသောကြောင့် မမြင်လုံးလုံး၊ စုံလုံးကန်းနေသည့် သူကန်းသာတည်း ဟု ဆိုလိုသည်။

www.dhammaransi.com



## ပဉ္စဝဂ္ဂီ တို့လည်း ဘုရားကို တခါက မမြင်ခဲ့ကြ။

ပရမတ်အစစ်ကို သိ, ဆိုရာ၌.... ပရမတ်အားလုံးကို သိဘို့ ကိစ္စကား သဗ္ဗညုဘုရားသခင်တို့၏ အရာသာ ဖြစ်ဘိ၏။ သာမန်ပုဂ္ဂိုလ်တို့ အနေဖြင့် အကုန်သိနိုင်ရန် မလွယ်။ သိအပ် သိသင့် သိထိုက်သမျှကို သဘာဝကျကျ သိလျှင်ပင် သိသည်....ဟု ဆိုရ၏။

ပရမတ်အစစ်ဆိုသည်မှာ ရုပ်တရား နှင့် နာမ်တရား.... ဤနှစ်ပါးကို ဆိုသည်။ ယင်းရုပ်အကြောင်း၊ နာမ်အကြောင်း တို့ကို သဘော သဘာဝများနှင့်တကွ လက္ခဏာရေး သုံးပါး ပါအောင် သိမှ ပရမတ်, စစ်သည်။ မပါလျှင် မစစ်။ ထိုအကြောင်းကို ထင်ရှားစွာ သိရှိရန် အောက်ပါ သမိုင်းကြောင်းကို အကဲခပ်နိုင်၏။

သိဒ္ဓတ္ထမင်းသားသည် တောထွက်၍ ရဟန်းပြုပြီးလျှင် "ဥရုဝေဠ"မည်သော တောအုပ်၌ ပဉ္စဝဂ္ဂီ တို့နှင့် အတူ နေထိုင်ခဲ့၏။ နောက် ပဉ္စဝဂ္ဂီတို့နှင့် လမ်းခွဲကာ တပါးတည်းနေ၍တရားရှာခဲ့ရာမှ နောက်ဆုံးတွင် ဘုရားအဖြစ်သို့ ရောက်တော်မူလာ၏။

ထိုအခါ ဗုဒ္ဓသည် ဓမ္မစကြာ တရားဦးကို ဟောရန် တရားကျင့်ဘက် သေ့သောက်ရောင်းရင်း၊ အပေါင်းအသင်းများ ဖြစ်ကြသော ပဉ္စဝဂ္ဂီ တို့ထံသို့ သွားလေသောအခါ ပဉ္စဝဂ္ဂီတို့

www.dhammaransi.com



သည် ပကတိ မျက်စိဖြင့် ဗုဒ္ဓကို မြင်ကား မြင်ကုန်၏။ သို့သော် အသိစိတ်ခံဉာဏ်မျက်စိ မရှိကြသေးသောကြောင့်.... ဘုရားကို မြင်ကြလျက်နှင့် ဘုရားမှန်း မသိကြကုန်။ ဘုရားကို မမြင်ကြကုန်။ ဗုဒ္ဓအား ရှေးက ဂေါတမ၊ ဒို့မိတ်ဆွေ ဂေါတမ ဟူ၍ ပင် ထင်ကြလေသဖြင့်....“ငါ့ရှင်၊ ငါ့ရှင်”ဟူသော သုံးနေကျ စကားလုံးကို သုံး၍ ခေါ်ဝေါ်ဆက်ဆံကြကုန်၏။ “ငါ့ရှင်.... ဂေါတမ၊ ပျောက်ချက်သားကောင်းဘိစွ။ အခုမှ လာတော့သည် တမုံ့....” ဟု မေးလား၊ မြန်းလား လုပ်ကြကုန်၏။ ထိုအခါ ဗုဒ္ဓ သည် ဤသို့ ဖွင့်၍ ပြောပြတော်မူရလေ၏။

> “ရဟန်းတို့၊ ငါ့ကို ဂေါတမ ဟူသော အမည်ဖြင့် လည်းကောင်း၊အာဝုသော–ငါ့ရှင် ဟူသော ခေါ်ဝေါ်ခြင်းဖြင့် လည်းကောင်း၊ (ရှေးက ပြောနည်းမျိုးဖြင့်) မခေါ်၊မပြော ကြကုန်လင့်။ ရဟန်းတို့ငါကား ရဟန္တာ တည်း။ ယခု ဘုရား ဖြစ်လာပြီတည်း။

ဘုရား ဖြစ်လာပြီ ဖြစ်ကြောင်းကို ဤသို့ ရင်ဖွင့်၍ ရှင်း သော်ငြားလည်း ပဉ္စဝဂ္ဂီ တို့ကား အယုံအကြည် မရှိကုန်။ ဗုဒ္ဓ ၏ စကားကို လက်မခံကြကုန်။ ဘုရားကို မျက်ဝါးထင်ထင်၊ မြင် တွေ့နေကြပါလျက်နှင့် သူသို့သည် ဘုရားမှန်း မသိကြကုန်သေး။ ဘုရားကို မမြင်ကြကုန်သေး။

တဖြည်းဖြည်း တစတစအားဖြင့် ဟောပြောပြသလေသည် တွင်မှ၊ ပဉ္စဝဂ္ဂီ တို့သည် ပရမတ် အစစ်ကိုသိ ဉာဏ်မျက်စိဖြင့် ဘုရားကို ဘုရားမှန်း သိလာကြကုန်သတည်း။

www.dhammaransi.com



ထိုအခါ အရှင်ဝပ္ပ သည် အလွန် အားရရွှင်လန်းစွာ ထ၍ ဥဒါန်းကျူးလိုက်သည်ကား-(ပဿတိ ပဿော ပဿန္တံ စသည်)[၁]

"မြင်သူသည် မြင်သူကိုလည်း မြင်၏။
မမြင်သူကိုလည်း မြင်၏။ မမြင်သူကား မမြင်သူကို
လည်း မမြင်လေ။ မြင်သူကိုလည်း မမြင်လေ"

ဤစကားဖြင့် သိသူ နှင့် မသိသူ၊ယင်းနှစ်လူတို့၏ ခြားနား ချက် ကွာဟချက်ကို ပြ၏။ ဉာဏ်မျက်စိအဆင့်မှ သိ,မသိကို သိသည်။ မရှိက—သိ, မသိ ကို မသိ။ မြင်တတ်သော ဉာဏ်မျက် လုံးရှိမှ မြင်, မမြင်,ကို မြင်သည်။ မရှိလျှင် မြင်, မမြင်ကိုမမြင်။

ဆိုလိုသည်မှာ ဉာဏ်မျက်စိ အလင်းပွင့်၍အသိရင့်သော သူ သည် ဉာဏ်မျက်စိ ရှိသူကိုလည်း ရှိမှန်းသိသည်။ ဉာဏ်မျက်စိ မရှိသူကိုလည်း မရှိမှန်းသိသည်။ ဤသူကား မြင်တတ်သူ၊ ဤ သူကား မြင်တတ်သူမဟုတ်, ဟူ၍ မြင်တတ်သူနှင့် မမြင်တတ်သူကို ခွဲခြား၍ မြင်သည်၊ သိသည်။

အသိမရင့်၊ ဉာဏ်မပွင့်သူကား- မမြင်သူကိုလည်း မမြင်မှန်း မသိရှာ။ မြင်သူကိုလည်း မြင်မှန်း မသိရှာ။မျက်ကန်း,သာတည်း ဟု ဆိုလိုသည်။

## ပရမတ်မျက်စိ ရှိနိုင်သောခေတ်

ပရမတ်မျက်စိမျိုးကား အလွန်ရှား၏။ခေတ်တိုင်း ခေတ်တိုင်း တို့၌ ရှိစကောင်း၊ ရအပ်စကောင်းသော အပေါစား မျက်လုံးမျိုး

၁။ ထေရဂါထာ ပါဠိတော်၊ သတ္တမဝဂ်၊ ပုဗ္ဗတ္ထေရဂါထာ။

www.dhammaransi.com



မဟုတ်။ ထိုပရမတ် မျက်လုံးမျိုးကို အလွန် တန်ခိုးကြီးလှ ပါ သည် ဆိုသော ဖြဟ္မာ မင်းကြီး များသည် သော် လည်း ကောင်း၊ အခြားအခြားသော ဒေဝါ သိကြား တန်ခိုး သိဒ္ဓိရှင် များသည် သော်လည်းကောင်း၊ ပေးစွမ်းနိုင်သော မျက်လုံးမျိုး မဟုတ်။ ဗုဒ္ဓ ပွင့်ထွန်းတော် မူလာသောခေတ်အတွင်း၌သာ သတ္တဝါတို့ အပေါ်၌ ကရုဏာ ရှေ့ထားလျက် မြတ်ဘုရားတို့ တပ်ပေးမှသာ ရအပ်သော အဘိုးတန် ရှားမှရှား မျက်လုံးမျိုး ဖြစ်လေသည်။ ဘုရားပေးသောမျက်လုံးဟု ဆိုလိုသည်။

ထိုစကား မှန်၏။ အောက်ပါစကားဖြင့် ထိုစကားကို ခိုင်မြဲစေ၏။

> "ဘုရားတည်းဟူသော နေမင်းကြီး ဝင်းဝင်း လက် လက် ထွက်ပြူ၍မလာခဲ့သော်....၊ ဘုရားတည်း ဟူသော ဖိုးလမင်းကြီး ယုဂန်စွန်းက ထွန်း၍မလာခဲ့သော်....၊ထို အဟုတ်ရှိ၊ တကယ်ရှိနေသော ပရမတ္ထသဘော တရားတို့ ၏ အမည်မျှကိုပင် ကြားရသိရမည် မဟုတ်။"

ဘုရားတဆူတဆူ ပွင့်တော် မူလာသော အခါ မျိုးမှာသာ "သည်ဟာရုပ်၊ သည်ဟာနာမ်၊ သည်ဟာနိဗ္ဗာန်" ဟူ၍ ရုပ်မှန်း နာမ်မှန်း နိဗ္ဗာန်မှန်းသိကြရသည်။ရုပ်စကား၊ နာမ်စကား၊နိဗ္ဗာန် စကားများကို ဆိုပြောကြရသည်။ ရုပ်သံ၊ နာမ်သံ၊ နိဗ္ဗာန်သံများ ကို နားလျှံအောင် ကြားကြရသည်။

---

၁။ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊ ပ၊ နာမမတ္တံ နုနာယတိ။ ဝိနယမဟာဋီ။

www.dhammaransi.com



သာသနာပ အခါမျိုး၌ကား ရုပ်စကားကိုလည်း မကြားရ။ နာမ်စကားကိုလည်း မကြားရ။ နိဗ္ဗာန်စကားကိုလည်း မကြားရ။ အဟုတ်မရှိ၊ တကယ်မရှိသော အနှစ်သာရကင်းသောပညတ်စကားမျိုးကိုသာ မိုးမွန်အောင် ကြားနေကြရကုန်၏။ ဤသည်ကိုပင် အမြတ်တနိုးထားကာ အဟုတ်ကြီးထင်ကြရ၊ အဟုတ်ကြီး မြင်ကြရ၊ အဟုတ်ကြီး အသိအမှတ်ပြုကြရကုန်၏။

ဤသို့၊ ဤနှယ်သော အကာပြွပြွ၊အနှစ် မဲ့ သည့် ပညတ်စကားတို့ကို အဟုတ်အဟုတ်ကြီး ထင်နေသမျှ၊ မြင်နေသမျှ သိမှတ်နေသမျှကာလပတ်လုံး အပါယ်တံခါးကြီးသည် ထုတ်ချင်းခတ်ဒိုးရိုပေါက် ဟင်းလင်းပွင့်နေမည်သာ ဖြစ်၏။ အပါယ်မင်းတို့ ပိုင်နက်ဖြစ်သော အိုမင်း၊ နာမင်း၊ သေမင်းတို့၏ လက်တွင်းက လွတ်ကင်းနိုင်ကြမည် မဟုတ်။

ကုန်ရောင်းသူသည် စာရင်းဇယား ကြေရ၏။ စာရင်းဇယား ကြေမှုသည် ကုန်သည်၏ အဓိက အလုပ်ဖြစ်၏။

တရားအားထုတ်လိုသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ကုန်ရောင်းသူနှင့် တူ၏၊ ပညတ်ပရမတ်သည် စာရင်းဇယားနှင့်တူ၏။ ကုန်ရောင်းသူအဖို့ စာရင်းဇယားကြေမှုသည်အရေးကြီးသကဲ့သို့၊ ထို့အတူ တရားအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ် အဖို့မှာလည်း တရားအားမထုတ်မီ ရှေးအဖို့၌ ပညတ် နှင့် ပရမတ်ကို ပြတ်ပြတ်သားသား သိဘို့ မြင်ဘို့ အရေးကြီး၏။ အသိမှန်မှ အလုပ်မှန်မည် ဖြစ်သောကြောင့်၊ အလုပ်မှန်မှ လိုအပ်သော ခရီးပန်းတိုင်သို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်နိုင်မည် ဖြစ်သောကြောင့်တည်း။

www.dhammaransi.com



## အသိ နှင့် မသိ

အသိ နှင့် မသိ ကား အဖြူနှင့်အမဲ အလားတည်း။ အမြဲဆန့်ကျင်၍သူတို့သည် လူကိုကစားကွင်းသဖွယ် ထားကာ အားပြိုင်နေကြ၏။ဗိုလ်လုနေကြ၏။ အသိကို မသိက နိုင်သောအခါအဝိဇ္ဇာဖြစ်သွားလေ၏။ ထိုအခါ လူသည် အမှောင်တုံး၊ အမဲတုံးကြီးဖြစ်ရလေသတည်း။မသိ ကို အသိ က နိုင်သောအခါ ပညာ ဖြစ်သွားလေ၏။ထိုအခါ လူသည်အရောင်နှင့် ရဲရဲဖြစ်ရလေသတည်း။ မရှိတာထက်၊ မသိတာခက်, ဟု ဆို၏။

မသိ ဟူသည် အဝိဇ္ဇာတည်း။

အသိ ဟူသည် ပညာတည်း။

လူသည် မသိနှင့် အသိ၊(ဝါ)အဝိဇ္ဇာ နှင့် ပညာကြားထဲရောက်နေပြီး၊ အသိနှင့် မသိတို့၏ ကစားစရာ (ဝါ) ပညာနှင့် အဝိဇ္ဇာတို့၏ ကစားစရာ ဘောလုံးသဖွယ် ဖြစ်နေ၏။ သို့သော် ထိုလူကို မသိမှုအဝိဇ္ဇာကလည်း သူ၏ဘက်တော်သားအဖြစ်ဖြင့် ရာသက်ပန် ခါးပိုက်ပိုက် မထားနိုင်ချေ။ သိမှုပညာကလည်း သူ၏ လက်ရင်းတပည့်အဖြစ်ဖြင့် ရာသက်ပန် လက်သပ်၍ မွေးမထားနိုင်ချေ။ အခါအားလျော်စွာ အပြောင်းအလဲ ရှိနိုင်၊ ဖြစ်နိုင်၏။

မှန်၏။ သိမှုပညာက အားနှင့်ဖိလာသော်....မသိမှု အဝိဇ္ဇာသည် တဖြည်းဖြည်း အိ ဆင်းသွားလေ၏။ ထိုအခါ လူသည် ပညာ၏ ဘက်တော်သား ဖြစ်လာသတည်း။ မသိမှု အဝိဇ္ဇာက

www.dhammaransi.com



အလုံးအရင်းနှင့် ဖိလာသော် သိမှုပညာသည် တဖြည်းဖြည်း အိုဆင်းသွားလေ၏။ ထိုအခါ လူသည် အဝိဇ္ဇာ၏ ဘက်တော်သားဖြစ်သွားရပြန်သတည်း။

ထို့ကြောင့်လူသည် သိခြင်း၌အကျိုး၊ မသိခြင်း၌ အပြစ်ကို တစ်တစ်ခွခွ၊ အသားကျကျ သိပြီးလျှင်၊ အပြစ်ဘက်မှ ခြေကို ရုပ်၍ အကျိုးဘက်၌ မားမားမတ်မတ် ရပ်တည်သူ ဖြစ်ရာ၏။ သတိကို တမန်၊ ဉာဏ်ကို မြေကတုတ် လုပ်၍၊ ပညာစွန်းဖြင့် ချွန်းကဲ့သို့အုပ်သူ ဖြစ်ရာ၏။

လူသည် အကယ်၍ ကံမကောင်း၊ အကြောင်းမလှ သဖြင့် အဝိဇ္ဇာအောက်သို့ကျရောက်သွားပြီဆိုလျှင် ပညာ ဘက်သို့ပြန်တက်ရန် ခဲယဉ်း၏။ ဤသို့ခဲယဉ်းသည်နှင့်အမျှ လူသည် ပညာဘက်၌ ရောက်နေသည့်အခိုက်တွင်မူကား အဝိဇ္ဇာက မက်လုံးများ ပြကာပြကာဖြင့် မြူဆွယ်လေသောအခါ အညွှာမတွယ်နိုင်ရှာလေဘဲ၊ လွယ်လွယ်နှင့် ပါတတ်လေ၏။ ပါပသ္မိံ ရမတေ မနော ဆိုသော အတိုင်းပင် ဖြစ်၏။

လူသည် ဤသည်ကို အသိရှင်ရှင်နှင့် အစဉ်မပြတ်၊ သတိချပ်မိဘို့ လို၏။

ပညာကို အဝိဇ္ဇာအောက်သို့ အရောက် မခံလေဘဲ၊ ပညာမျက်စိဖြင့် အဟုတ်ကို အဟုတ်သိ သိထားပါက၊ အမှန်ကိုအမှန်သိ သိထားခဲ့သော် လောကဓာတ်တခုလုံးတွင် ရတနာ သုံးပါးမှတပါးအခြား လိုချင်ရော၊ တပ်မက်ရော၊ ယူချင်ရောက်မြင်

www.dhammaransi.com



တော့မည် မဟုတ်။ ရတနာ သုံးပါးကိုသာ လိုချင်စရာ၊ တပ်မက်စရာ၊ ယူချင်စရာ ဟူ၍ ထင်မှတ်လေတော့မည်။

အမှန်ကို အမှန်အတိုင်း မသိကြ၍သာ၊ အဟုတ်ကို အဟုတ်အတိုင်း မမြင်ကြ၍သာ။ အရှိကို အရှိအတိုင်း မသိကြ၍သာ တဏှာ မျက်လုံးက ကျယ်ကျယ်လာခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် လောကီဘက်မှာ နှစ်သက်စရာတွေ အဖုံဖုံ၊ ခုံမင်စရာတွေ အသွယ်သွယ်၊ မွေ့လျော်ဘွယ်တွေ အတုံးအရုံး ထင်မဆုံး၊ မြင်မဆုံး ဖြစ်ကြရလေ၏။

အဟုတ် အမှန်ကို အဟုတ်သိ၊ အမှန်သိ သိ၍ ပညာမျက်စိ ကျယ်လျှင်မူကား လောကဓာတ်တခိုတွင် နှစ်လိုဘွယ်ရာ၊ မြတ်နိုးဘွယ်ရာ၊ ယူချင်စရာ၊ ရချင်စရာကိုမမြင်။ အော့ချင်စရာ၊ အန်ချင်စရာ၊ ကြောက်စရာ၊ ထိတ်စရာ၊ လန့်စရာ တွေကိုသာ မြင်မြင် နေတော့မည်။ မြင်ကလည်း အတာအတွယ်တွေ ပြယ်လေတော့သည်သာတည်း။

**ပေဋကောပဒေသပါဠိတော်၌**— ပညာကို ထိရောက်သည်ထက် ထိရောက်လှယ်အောင်၊ အစွမ်းထက်သည်ထက် ထက်အောင် အထောက်အကူပြုသော အကြောင်းနှစ်ခုကို–ဒုဝေပစ္စယာ သမ္မာဒိဋ္ဌိယာ၊ စသည်ဖြင့် ဖွင့်ပြထား၏။

"သုတပါးထံမှ သင်အံမှတ်သားထားသော အကြား
အမြင် ဗဟုသုတ အသိတမျိုး၊ အရာဌာနကိုချင့်၍

www.dhammaransi.com



သင့်လျော်အောင် စိတ်ကောင်း နှလုံးကောင်း သွင်းနိုင်ခြင်းတမျိုး၊ဤအကြောင်းနှစ်မျိုးသည် သမ္မာဒိဋ္ဌိ (အမြင်မှန်) ဖြစ်ခြင်းငှာ ဖြစ်၏။

အဝိဇ္ဇါယ်မှာ– အသင်အကြား၊ အမှတ်အသား၊ အရအမိရှိ၍ သိသော အသိမျိုးကို ဗဟုသုတသိ, ဟု ဆိုသည်။ မှတ်သားမိသည့်အတိုင်း စိတ်ကို ကောင်းသောအာရုံ၌၊ ကောင်းသော အာရုံကို စိတ်၌ ထားနိုင်ခြင်းမျိုးကို ယောနိသော မနသိကာရ, ဟု ဆိုသည်။

သုတသိမျိုးဖြင့် ပရမတ်(တကယ်ရှိ၊အဟုတ်ရှိ ရုပ်နှင့်နာမ်)ကို အမှန်အတိုင်း သိနိုင် မြင်နိုင်သော် ရတနာသုံးပါးကို စိုးဝါးဝါး မှန်ပျပျ သိနိုင်မြင်နိုင် လေပြီတည်း။ ရတနာ သုံးပါးကို ဤသို့ မှုံဝါးဝါး၊ ရေးတေးတေး၊ မြင်နိုင်မှုလည်း ပြုသမျှဒါန၊ စောင့်ထိန်းသမျှသီလ နှင့် ပွားများအားထုတ်အပ်သမျှ ဘာဝနာ ကုသိုလ်တို့သည် သန်မာဖွံ့ထွား၍ မဂ်၏အခြေ၊ ဖိုလ်၏ အခြေ ကောင်းကောင်းကြီး ဖြစ်ကုန်လိမ့်မည်တည်း။

သိမှု၊သိခြင်း၊ အသိကား ပညာတည်း။
မသိမှု၊ မသိခြင်း၊ မသိကား အဝိဇ္ဇာတည်း။

အသိ,ကား အမြတ်ဆုံးတရား၊ အရာရာမှာ အကျိုးများလှ၏။ မသိ,ကား ယုတ်မာဆိုးဝါး၊ အရာရာမှာ အပြစ် များလှ၏။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် အလုပ်မှန်ဘို့ အတွက် ရှေးဦးစွာ အသိကို မှန်အောင် ပနက်စွဲရာသတည်း။

၀၀၀

www.dhammaransi.com

# အပိုင်း (၄)

## ဘုတ်ကိုမြင်မှ ရုပ်ကိုနိုင်မည်

အိမ်မရှိ၊ တိုက်မရှိ၊ ဝင်းမရှိ၊ ခြံမရှိ၊ ကျောင်းမရှိ၊ ဈေးမရှိ၊ ဆေးရုံမရှိ၊ရုံးမရှိ။စက်ရုံမရှိ၊ပုဆိုးမရှိ၊အင်္ကျီမရှိ၊ထီးမရှိ၊ဘိနပ်မရှိ၊ လယ်မရှိ၊ယာမရှိ၊ ထွန်မရှိ၊ ထယ်မရှိ၊ ပင်လယ်မရှိ၊ မြစ်မရှိ၊ အင်းမရှိ၊ အိုင်မရှိ၊ရထားမရှိ၊ကားမရှိ၊ လေယာဉ်ပျံမရှိ၊ သင်္ဘောမရှိ၊ တောမရှိ၊တောင်မရှိ၊ ထမင်းမရှိ၊ ဟင်းမရှိ၊ ဆီမရှိ၊ဆန်မရှိ၊ ဆားမရှိ၊ရေတ်မရှိ၊ ကြက်သွန်မရှိ၊ အသီးမရှိ၊အပွင့်မရှိ၊ အရွက်မရှိ။

ဤသက်မဲ့ အရာအားလုံး ဘာဆို ဘာမှမရှိခဲ့သော်....

ထိုမှတပါးလူမရှိ၊ မိန်းမမရှိ၊ယောကျ်ားမရှိ၊သားမရှိ၊သမီးမရှိ၊ အမိမရှိ၊ အဖမရှိ၊ ညီမရှိ၊ အစ်ကိုမရှိ၊ညီမမရှိ၊ဆွေမျိုးမရှိ၊မိတ်ဆွေမရှိ၊ဆရာမရှိ၊ တပည့်မရှိ၊ ဘုန်းကြီးမရှိ၊ ကိုရင်မရှိ၊ မယ်သီလမရှိ၊ အလုပ်သမားမရှိ၊ စာရေးစာချီမရှိ၊မင်းမရှိ၊အမတ်မရှိ၊စစ်ဗိုလ်မရှိ၊ စစ်သားမရှိ၊ ဘဲမရှိ၊ ကြက်မရှိ၊ ဝက်မရှိ၊ ကျွဲမရှိ၊ နွားမရှိ၊ကျားမရှိ၊ ငါးမရှိ၊ ကြမ်းပိုးမရှိ၊ သန်းမရှိ၊ ခြင်မရှိ။ ဤသက်ရှိ အရာ

www.dhammaransi.com



အားလုံးလည်း မရှိခဲ့သော် အဘယ်သူသည် ဘာကို မြင်တော့မည်နည်း။ မြင်စရာ ကြည့်စရာ ရှုစရာ သူ့မှာ ဘာ ရှိတော့မည်နည်း။

ယခုတမူ ထိုထိုသို့သော သက်ရှိ၊ သက်မဲ့ အရာအားလုံးကို သူသူငါငါ မြင်နေကြရ၏။ အဘယ့်ကြောင့်ပါနည်း။

အဖြေမှာ ရှင်းလှ၏။ ရှိသောကြောင့် ဖြစ်သတည်း။ မြင်စရာရှိ၍ မျက်လုံးကမြင်သည်။ ကြားစရာရှိ၍ နားက ကြားသည်။ နံစရာရှိ၍ နှာခေါင်းကနံသည်။ လျက်စရာရှိ၍ လျှာက လျက်သည်။ ထိတွေ့စရာရှိ၍ ကိုယ်ကထိတွေ့သည်။ တွေးစရာရှိ၍ စိတ်က တွေးသည်။ ကြံစရာရှိ၍ စိတ်က ကြံသည်။ ဘာမှရှိမသာလျှင် ဘာကို လုပ်တတ်မည်နည်း။ လုပ်စရာတွေ ရှိရှိလာသောကြောင့်သာ အရှိအတိုင်း လုပ်ကြခြင်းဖြစ်၏။

သက်ရှိ သက်မဲ့၊ ထိုထို အရာအားလုံးသည် ဘယ်က လာသနည်း၊ အဘယ့်ကြောင့် ရှိလာသနည်း။ ရှိရှိလာအောင် ယင်းတို့ကို မည်သူက၊ မည်သည့် အရာက တဘက်လုပ်အပ်သနည်းဟု မေးစရာရှိ၏။ မေးထိုက်သော မေးခွန်းဖြစ်၏။ ထိုမေးခွန်း၏ အဖြေအတွက် မဟာဘုတ်လေးပါးကို လက်ညှိုးထိုး၍ ပြကြကုန်၏။

"ကျွခါတ်ကြီး လေးပါးတို့မှ အလုံးစုံသော ရုပ်တရားတို့သည် ပေါက်ပွါးလာကုန်၏" ၁

---

၁။ ဝိပဿနာ ဒီပနီ (လယ်တီ)

www.dhammaransi.com



ဓါတ်ကြီးလေးပါးဟူသည်ကား မြေဓါတ်၊ ရေဓါတ်၊ မီးဓါတ်၊ လေဓါတ် (မြေ, ရေ, လေ, မီး) ဟူသတည်း။ ၎င်းကို မဟာဘုတ် လေးပါး ဟူ၍လည်း ခေါ်၏။

ထို မဟာဘုတ်ခေါ်သော ဓါတ်ကြီးလေးပါးတို့၏ ဖန်တီး ချက်၊ ထုတ်လုပ်ချက်အရ သက်ရှိ သက်မဲ့ပစ္စည်းတို့သည် တသွက် သွက်ထွက်လာရကုန်၏။ သစ်ပင် တောတောင် တို့သည် လည်း ကောင်း၊ အိမ်ကျောင်းစသော အဆောက်အဦ တို့သည် လည်း ကောင်း၊ လူ တိရစ္ဆာန် စသော သတ္တဝါ အစားစား တို့သည် လည်းကောင်း ဖြစ်လာကုန်၏။

ထိုထိုသက်မဲ့ပစ္စည်းတို့ကို ရုပ်ဟုခေါ်တွင်ကုန်၏။ ရုပ်နှင့် တွဲ သော သက်ရှိပစ္စည်းတို့ကိုကား နာမ်ဟုခေါ်တွင်ကုန်၏။ ယင်း ရုပ်ပစ္စည်း နာမ်ပစ္စည်း ဟူဟူသမျှတို့သည် မဟာဘုတ်ခေါ်သော ဓါတ်ကြီးလေးပါးတို့၏ အစုအဝေးများသာဖြစ်ကုန်၏။ ဤဓါတ် ကြီးလေးပါးမှ အလွတ်ဖြစ်သော ရုပ်ဟူ၍လည်း မရှိပြီ။ နာမ် ဟူ၍လည်း မရှိပြီ။

## ဓါတ်ကြီးလေးပါးတို့၏ အချင်းချင်း မတူသော စွမ်းအားသတ္တိများ

ယင်းဓါတ်ကြီးလေးပါးတို့၏ အချင်းချင်းမတူသော ဝိသေသ စွမ်းအား သတ္တိများကား အသို့နည်း။ ယင်းတို့သည် အချင်းချင်း မည်သို့ပေါင်းစည်း စုဝေးကြကုန်သနည်း။ မည်သို့စုဝေး၍ ရုပ် ဟူ၍လည်းကောင်း၊ နာမ် ဟူ၍လည်းကောင်း ဖြစ်လာ ကုန် သနည်း။

www.dhammaransi.com



(၁) မြေဓါတ်။ ။မြေဓါတ်ကား ခက်မာသော အမူအရာ အခြင်းအရာမျှသာတည်း။ အနုမြူတခုကို အစိတ်တသန်းစိတ်၍ တစိတ်စာမျှ အခဲ, အကြိတ်, အဆံ, အမာ အထည်ဒြပ် ဟူ၍မရှိ။

အလွန်ကြည်လင်လှစွာသော နေရောင်, လရောင်, ကြယ်ရောင်, မီးရောင်, ပတ္တမြားရောင်တို့၌လည်းကောင်း၊အနီးအဝေး ပျံ့နှံ့၍သွားသော ခေါင်းလောင်းသံ ကြေးစည်သံ စသည်တို့၌ လည်းကောင်း၊ လေပြေလေညှင်း လေပြင်းမုန်တိုင်း စသည်တို့၌လည်းကောင်း၊ အနီးအဝေးပျံ့နှံ့ လွင့်ပါး၍သွားသော အမွှေးနံ့၊ အပုပ်နံ့တို့၌ လည်းကောင်း ထိုမြေဓါတ်သည် အ ပြည့် ပါရှိ၏။

ပထဝီ မြေဓါတ်သည် သမ္ဗန္ဓ ဂ္ဂနရသာ- ရေဓါတ်၊လေဓါတ် မီးဓါတ်တို့ကို ခံယူခြင်း ကိစ္စရှိ၏ ဟူ၍ အဋ္ဌကထာတို့၌ ဆိုသောကြောင့် အမာခံဖြစ်သောမြေဓါတ်အခံ မရှိလျှင် ရေဓါတ်လည်း မရှိနိုင်။ လေဓါတ်လည်းမရှိနိုင်။ မီးဓါတ်လည်း မရှိနိုင်။

မြေဓါတ်၏ ခက်မာသော အမူအရာ၊ ခက်မာသော သဘောကို ဉာဏ်ဥပမာဖြင့် သိရာ၏။ တလုံးတခဲတည်း ဖြစ်ကြသော ရေ၊ တလုံးတခဲတည်း ဖြစ်ကြသော လေတို့၌ အထက် အထက်၌ နေသောရေ၊ အထက်အထက်၌ နေသောလေတို့က အဆင့်ဆင့် ခုခံ၍နေမှုသည် ထင်ရှား၏။ တွန်းကန်၍ ထမ်းထားရမှုသည် ပေါ်လွင်၏။

www.dhammaransi.com



ထိုခုခံမှုသည် အာပေါလည်းမဟုတ်။ ကပ်တွယ် ဖွဲ့စည်းမှုသည်သာ အာပေါတည်း။ ထိုခုခံမှုသည် တေဇောလည်း မဟုတ်။ ပူမှုအေးမှုသည်သာ တေဇောတည်း။ ထိုခုခံမှုသည် ပထဝီမှု၊ ဝါယောမှု နှစ်ချက်နှင့် ဆိုင်၏။ ထိုခုခံမှု၌ ခက်မာ ခံ့ကျန်းမှုတခု။ ထောက်ကန် တောင့်တင်းမှုတခု။ ဤနှစ်ခုဖက်စပ်မှု ခုခံမှုဖြစ်နိုင်သည်။ ထိုနှစ်မှုတို့တွင် ခက်မာ ခံ့ကျန်းမှုကိုပင် မြေဓါတ်ဆိုသည်။ ထောက်ကန်တောင့်တင်းမှုကိုပင် လေဓါတ် ဆိုသည်။

ထိုနှစ်မှုတို့တွင် ထောက်ကန်တောင့်တင်းမှုဟူသော လေဓါတ်သည် ခက်မာခံ့ကျန်းမှုဟူသော မြေဓါတ်ကို မှီရသည်။ မြေဓါတ်ကို လွတ်၍ မိမိအလိုအလျောက် ဖြစ်နိုင်သည်မဟုတ်။

ဤသို့လျှင်ထိုဆိုအပ်ခဲ့ပြီးသော ရေလေတို့၌ ခက်မာ ခံ့ကျန်းမှုဟူသော မြေဓါတ် ထင်ရှားရှိကြောင်းကို ရေမှာ ရေအလျောက် လေမှာ လေအားလျော်စွာ ခက်မာမှုလက္ခဏာရှိသည်ကို မြင်၍ သိအပ်၏။ မီးရောင်, လရောင်, ခေါင်းလောင်းသံ, ကြေးစည်သံ အမွှေးနံ့ စသည် စသည်တို့၌ကား ယင်းတို့အားလျော်စွာ ခက်မာမှုလက္ခဏာများ အသီး အသီး ပါရှိ ကြငြား သော်လည်း လွန်စွာအားနည်းလှသော အမှုဖြစ်ချေ၍ လက္ခဏာယုတ္တိနှင့် မပြသာချေ။ ဉာဏ်ဖြင့်သာ ဆ၍ သိရသော ကိစ္စဖြစ်၏။

ထိုခက်မာသောသဘောသက်သက်မျှသာဖြစ်သောမြေဓါတ်သည်အာပေါဟူသော ရေဓါတ်ပရမတ်စေးဖွဲ့စည်းမှုကြောင့် မြေဓါတ်ပေါင်း ကုဋေသိန်းသောင်း ပေါင်းဖွဲ့မိသည်ရှိသော် အနု

www.dhammaransi.com



မှုတခုဟူသော ဝတ္ထုအမည်ဒြပ်ဖြစ်လာ၏။ အနူမြူပေါင်းကုဋေ သိန်းသောင်း ပေါင်းဖွဲ့ မိသည်ရှိသော် သန်းကြမ်းပိုးဖြစ်လာ၏။ ထိုမှအဆင့် အဆင့်ပွား၍ သဏ္ဍာဝါတွင် ယူဇနာလေးထောင့်ရှစ်ရာ ရှိသော အသူရိန်နတ်ကြီးတိုင်အောင်၊ ဗဟိဒ္ဓသန္တာန်တွင် ယူဇနာ ရှစ်သောင်း လေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ် တောင် ကြီး၊နှစ်သိန်းလေးသောင်းအထုရှိသောမဟာပထဝီမြေကြီး တိုင် အောင် ဉာဏ်ဖွင့်၍ သိသင့်ရာ၏။

## အရိပ်ပမာ မြေဓါတ်လွှာ

မှန်၌ထင်သော အရိပ်၊ ရေ၌ထင်သောအရိပ်၊ သစ်ပင်ရိပ်၊ တောရိပ်၊ တောင်ရိပ် စသောထိုထိုအရိပ်တို့သည် မြင့်မိုရ်တောင် မျှပင် ကြီးမားစွာထင် မြင်ငြားသော်လည်းအနုမြူမျှ အထည်ဒြပ် မရှိသည့်အတွက်ကြောင့် ပျက်ခွင့် ပျောက်ခွင့် ဆိုက်ခဲ့သော်၊ မျက် တောင်တခတ် လျှပ်တပြက် အတွင်းမှာပင် အကြိမ် ကရာမက ပျောက်နိုင် ပျက်နိုင်သကဲ့သို့၊ ထိုအတူ မြင့်မိုရ် တောင်နှင့် အမျှ ပျံ့နှံ့ကြီးကျယ်၍နေသော ထိုမြေဓါတ် သည်လည်း တခုတည်း သော ပရမတ်ဆိုင် ပရမက်ခဲဟူ၍ အနုမြူခန့်မျှ မရှိသည့်အတွက် မျက်တောင်တခတ် လျှပ်တပြက် အတွင်းမှာပင် အကြိမ်တရာမက ပျောက်ပျက်ကွယ်ပနိုင်ရာသော အရိပ်နိမိတ် ထင်မြင်အောင်ရှုရာ ၏။ (ဤကား ခက်မာမှု မြေဓါတ်၏ သဘော)

(၂) ရေဓါတ်။ ရေဓါတ်အစစ်ကား တွယ်မှု ကပ်မှု ဖွဲ့စည်း မှုသည်သာလျှင် ပရမတ်နှစ် ၄ ဓါတ်အစစ် တည်း။ ထိုရေ

www.dhammaransi.com



ဓါတ်သည် ထက်သန်အားရှိခြင်းသို့ ရောက်လတ်သော် စိုစွတ်ခြင်း ယိုစီးခြင်း ဟူသော ရေဓါတ်ဖြစ်လေ၏။

ထိုရေဓါတ်သည်လည်း အနုမြူကို အစိတ်တသိန်းစိတ်သော်လည်း တစိတ်စာမျှ အခဲ၊ အကြိတ်၊ အဆံ၊ အမာ၊ အထည်ဒြပ်ဟူ၍မရှိ။ တွယ်ကပ်ဖွဲ့စည်းခြင်း ကြိယာ အမူအရာ သက်သက်မျှသာတည်း။

## ရေဓါတ်၏ ဖွဲ့စည်းမှုစွမ်းအား

ထိုရေဓါတ်သည် မြေဓါတ်၊ မီးဓါတ်၊ လေဓါတ်တို့ကို တခုတည်း၊ တသားတည် ကဲ့သို့ နေအောင် ဖွဲ့နှောင် စည်းကြပ် ပေးလေသည်။ ထို့ကြောင့် ဘဝတူ မဟာဘုတ် သုံးမျိုးတို့သည် တခုကိုတခု အားပြုခွင့် ရကြကုန်သည်။ တပါးကိုတပါး ထောက်ပံ့ခွင့် ရကြကုန်သည်။ ဖွဲ့နှောင်စည်းကပ် ချုပ်ထိန်း၍ နေသော ရေဓါတ် ချုပ်ကွယ် ပျောက်ပျက်ခဲ့သည်ရှိသော် ထိုမြေ၊ လေ၊ မီးဓါတ်ကြီး သုံးပါးတို့လည်း အစည်း ပြယ်ပျက်၍ ခဏချင်း ပျောက်ပျက် ကွယ်ဆုံးကြကုန်လေ၏။

လောက၌ ပရမာနုမြူမှစ၍ သတ္တဝါ၌အသူရိန် နတ်ကြီးဟုဆိုအပ်သော ရုပ်တုံး၊ ရုပ်ခဲကြီးတိုင်အောင်၊ သက်မဲ့၌ မြင့်မိုရ်တောင် စကြာဝဠာတောင်ကြီးများ တိုင်အောင် သဏ္ဍာန်ကြီးငယ် အထည်ဒြပ်အနေနှင့် ရုပ်တရားတို့ အကြိုပ်၊ အခဲ၊ အတုံး၊ အခဲ၊ ဖြစ်၍နေကြမှုသည်လဲ-ဤရေဓါတ်၏ ကျေးဇူးပင်တည်း။ ဤရေဓါတ်မှတပါး အတုံးအခဲ ဖြစ်အောင် ဖွဲ့စည်းသော ဓါတ်ဟူ၍မရှိပြီ။ မြင့်မိုရ်တောင်ကြီး၌ရှိသော ဖွဲ့စည်းမှု ခဏအတွင်း ပျက်

www.dhammaransi.com



ဆုံးသည် ဖြစ်အံ့။ ထိုမြင့်မိုရ်တောင်ကြီးလည်း ခဏ အတွင်းမှာပင် ပျက်ဆုံးသွားသည်ဖြစ်ရာ၏။ နိဗ္ဗာန်မှတပါး သင်္ခတ လက္ခဏာရှိသောပရမတ္ထတရားတို့မည်သည် ထောက်ပံ့မှု မှီတွယ်မှုနှင့်ကင်း၍ မျက်တောင်တခတ် လျှပ်တပြက်မျှ တည်နေနိုင်သော အရာမည်သည် မရှိသောကြောင့်တည်း။ (ဤကား ဖွဲ့စည်းမှု ရေဓါတ်ေါ်သဘော)

၃။ **မီးဓါတ်**။ မီဓါတ် ဟူသည်ကား ပူမှု၊ အေးမှု ဟူသော အမူအရာ ကြီယာမှု သက်သက်သာတည်း။ ပူမှု၊ အေးမှု ဟူသည်လည်း ဘာဝတူ မြေ ရေ လေ မဟာဘုတ် သုံးပါးတို့ကိုရင့်မာ သန့်စွမ်းအောင် ပေါင်းနွေးမှုပေတည်း။

ဥပမာ အမိဝမ်းခုဉ်၍ မြုံ (ဝပ်ကျင်း) ထဲ၌ တည်ရှိသော ကြက်ဥတို့သည် မိခင်က မပြတ်ဝပ်၍ အငွေ့ပေးလေမှ အစဉ်အတိုင်း ရင့်မာသန့်စွမ်း၍ ကြက်သူငယ်အဖြစ်သို့ ရောက်သဖြင့် ပေါက်ဖွားနိုင် သည်။ အမိကြက်မက မဝပ်ဘဲ အငွေ့မပေးဘဲ နေခဲ့သည်ရှိသော် ကြက်သူငယ်အဖြစ်သို့ မရောက်နိုင်ပြီ။ အမိဝမ်းတွင်းက ထုံခဲ့သော အငွေ့အကုန်တွင် ပုပ်ခြင်းသို့ ရောက်တော့လေသည်။

ဤအတူ တေဇောဟူသော ဤဓါတ်မီးကား အမိ ကြက်မနှင့်အလားတူ၏။ အတူတကွဖြစ်သော မြေဓါတ်၊ လေဓါတ်၊ ရေဓါတ် ဤဓါတ်ကြီး သုံးပါးတို့ကား ကြက်ဥနှစ် နှင့် တူကုန်၏။ မီးဓါတ်နှင့်အတူ တွဲဖက်ရမှ မြေဓါတ်ဟူသော ခက်မာမှု အောင်မြင်စွာ ဖြစ်နိုင်သည်။ ရေဓါတ်ဟူသော ဖွဲ့စည်းမှုလည်း အောင်

www.dhammaransi.com



မြင်စွာ ဖြစ်နိုင်သည်။ လေဓါတ်ဟူသော တွန်းကန်မှု သည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်။မီးဓါတ်နှင့်ကင်း၍ မဖြစ်နိုင်ကြကုန်။

သွေးသားမကောင်း၍ ကိုယ်မှာအလိုအလျောက်ပေါက်လာသော အနာဖြစ်စေ၊ မတော်တဆ ထိခိုက်မိ၍ သွေးထွက် သံယို ရရှိသော ဒဏ်ရာဖြစ်စေ၊ ပြည်တစွက်စွက် ယင်တလှောင်းလှောင်းနှင့် မြင်မကောင်းအောင် ဖြစ်နေရာမှ တဖြည်းဖြည်း ခြောက်သယောင်းကာ နောက်ဆုံး၌ အနာဖေးတက်၍ ပျောက်ကင်းသွားရခြင်းတို့မှာလည်း တေဇောဟူသော မီးဓါတ်၏ ကျေးဇူးပင်သည်း။ တေဇော မီးဓါတ်ပျက်က မည်သည့်အခါမှ အနာကျက်လေတော့မည်မဟုတ်။ (ဤကား ပူမှု၊ အေးမှု မီးဓါတ်၏ သဘော)။

၄။ လေဓါတ်။ ။လေဓါတ်ကား ပူမှု၊ အေးမှုဟူသော မီးဓါတ်၏ အရှိန်အဝှန်ပေတည်း။ မီးတောက် မီးခိုး၏ အတွင်း၌ မီးဓါတ်၏ အာနုဘော်ကြောင့် မီးဓါတ်ကိုပင် အစဉ် ဖြစ်ပွါး၍ သွားနိုင်အောင် လှုံ့ဆော်ချီးပင့်မှုဟူသော ဝါယော(လေ)သည် ပါရှိ၏။ ထိုဝါယော (လေ)အတွက်ကြောင့် မီး၏ ပြန့်ပွားခြင်း၊ မီးရှိန်၏ ပြန့်ပွားခြင်း၊ မီးရောင်၏ ပြန့်ပွားခြင်း၊ မီးတောက်၏ တလူလူတက်ပွားခြင်း၊ အခိုးထွက်ခြင်း၊ အဆင့်ဆင့် မီးကူးခြင်း အစရှိသော မီးဓါတ်၏ ပြန့်ပွား စည်ကားမှုတို့သည် ထင်ရှား ဖြစ်ကုန်၏။ လောင်စာရှိရာ၌ အနည်းငယ် ချထားသော မီးသည် တွန်းကန်ချီးပင့်မှု ထိုအရှိန်အဝှန်ကြောင့် မီးစာရှိသမျှ လောင်စာရှိသမျှ အကုန်ပြန့်ပွားသွားလေ၏။

www.dhammaransi.com



မီး၌အရှိန်အဝှန်ညှံ့၍မပွားတည်နိုင်၊မတောက်တည့်နိုင်ရှိလျှင် ယပ်နှင့် ယပ်၍ရင်း၊ ပြောင်းနှင့်မှုတ်၍ရင်း၊ အပက အရှိန် အဝှန် ကူရသေးသည်။ ပူမှုရှိလျှင် ပူရှိန်ပူဟုန်ရှိမြဲ။ အေးမှုရှိလျှင် အေး ရှိန် အေးဟုန်ရှိမြဲ။ ပူမှုအေးမှုကား တခြား။ အရှိန် အဝှန်ကား တခြား။ ပူမှုအေးမှုကား မီးဓါတ်။ အရှိန် အဟုန်ကား လေ ဓါတ်တည်း။

## လေဓါတ်၏ လှုပ်ရှားမှုစွမ်းအား

နှလုံးသား၌ ဖြစ်ပေါ်သော တခုခုသော စိတ်ကြောင့် ခဏ ခြင်း ခဏခြင်း တကိုယ်လုံး စိတ္တဇရုပ်တို့ ပျံ့နှံ့ ဖြစ်ပွားမှု၊ ဥတု ဇရုပ်ကလပ်တို့ ပျံ့နှံ့ ဖြစ်ပွားမှု၊ ဝမ်းထဲသို့ ရောက်သော အစာ အာဟာရတို့၏ တကိုယ်လုံး အနှံ့အပြား ပျံ့နှံ့ဖြစ်ပွားမှု၊ကလလ ရေကြည်မှစ၍ သတ္တဝါတို့၏ အစဉ်အတိုင်း တိုးပွားစည်ကားမှု၊ အညွန့်အညှောက် ပေါ်ပေါက်သည်မှစ၍ သစ်ပင်၊ ချုံ၊ မြက်တို့ ၏ အစဉ်အတိုင်း တိုးပွားစည်ကားမှု တို့သည်လည်း ဝါယော တည်းဟူသော လေဓါတ်၏ လှုံ့ဆော်မှုနှင့် ဖြစ်ကြကုန်သည်သာ တည်း။

ဤဓါတ်သည်လည်း ဆိုခဲ့ပြီးသော ဓါတ်တို့နည်းတူ အဆံ၊ အမာဟူ၍ အနုမြူမျှမရှိ။ ထို့ကြောင့် ရေထဲ မှုန်ထဲ၌ထင်သော လူရိပ်စသည်ကဲ့သို့ ပျက်ခွင့် ပျောက်ခွင့်ဆိုက်ခဲ့သော် မျက်တောင် တခတ် လျှပ်တပြက် အတွင်းမှာပင် အကြိမ်တရာမက ပျောက် ပျက်လေသည်ပင်တည်း။ (ဤကား အရှိန်အဝှန် လေဓါတ်၏ သဘော)။

www.dhammaransi.com



## ဓါတ်လေးပါးတို့၏
## အဖြစ်သဘောနှင့် အပျက်သဘော

၁။ ခက်မာမှု (ပထဝီ)
၂။ ဖွဲ့စည်းမှု (အာပေါ)
၃။ ပေါင်းနွေးမှု (တေဇော)
၄။ အရှိန်အဟုန်မှု (ဝါယော)

ဤလေးခုသော အခြင်းအရာ အမှုအရာ ကြွယာကြီး တို့သည် သဘောလက္ခဏာအားဖြင့် အသီးအသီး ထင်ရှား ကြ ကုန်၏။ တည်ရာဌာနအားဖြင့် ခက်မာမှု [ပထဝီ]ကို မှီတည်၍၊ အခြေခံ၍ တခုတည်းကဲ့သို့ တည်ကုန်၏။ ဖြစ်အတူ၊ ပျက်အတူ၊ တည် အတူ တို့သာတည်း။

(က) ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ
မဟာဘုတ်တခုကိုစွဲမှီ၍ မဟာဘုတ်သုံးခုတို့ဖြစ်ကုန်၏။

(ခ) တယောမဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ။
မဟာဘုတ်သုံးခုကို စွဲမှီ၍ မဟာဘုတ်တခု ဖြစ်၏။

(ဂ) ဒွေမဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ။
မဟာဘုတ် နှစ်ခုတို့ကို စွဲမှီ၍ မဟုတ်ဘုတ် နှစ်ခုတို့ဖြစ် ကုန်၏။

---

၁။ ဝိဘင်းပါဠိတော်။

ယင်းသို့အချင်းချင်း မကင်းရာ မကင်းကြောင်း ကျေးဇူးပြု၍ ဖြစ်ကြသည်တွင် ဥပမာ ခဏ်မာမှုတည်းဟူသော မြေဓါတ်ပျက်ဆုံးလျှင် တည်ရာ မှီတွယ်ရာမရှိတော့ပြီ ဖြစ်၍ ကြွင်းသော ဓါတ်သုံးပါးလည်း ပျက်စီးရတော့သည်။

ထို့အတူ ဖွဲ့စည်းမှုဟူသော ရေဓါတ်ပျက်ဆုံးလျှင် အဖွဲ့အစည်းပျက်သဖြင့် တခုနှင့်တခုထောက်ပံ့မှုကင်းကြ၍အကုန်လုံး ပင် ပျက်ဆုံးကြတော့သည်။ ပေါင်းနွေး၍ ထက်သန်အောင်ပြုမှုဟူသော မီးဓါတ်ပျက်လျှင်လည်း ကျန်ဓါတ် သုံးပါးတို့လည်း ထောက်တည်ရာ မကြရတော့ဘဲ အကုန် ပျက်စီးလေတော့သည်။ကြံ့ခိုင်ဘောင့်တင်းမှု ဟူသောလေဓါတ် ပျက်လျှင်လည်း ကြွင်းသော ဓါတ်တို့လည်း အားပြတ်၍ ရပ်ကုန် လေတော့သည်။

ထိုအတူ ခက်မာမှုဟူသော မြေဓါတ်သည်လည်း ခက်မာခြင်း ကြီးယာကို ကြံ့ကြံ့ရံ့ရံ့ တင်းတင်းရင်းရင်းဖြစ်အောင် ချီးပင့်သောလေဓါတ်မရှိလျှင် အားပြတ်၍ ပျက်ရလေ၏။ ဖွဲ့စည်းခြင်းဟူသော ရေဓါတ်သည်လည်း ဖွဲ့တွယ်ခြင်း ကြီယာကို ကြံ့ကြံ့ရံ့ရံ့ တင်းတင်းရင်းရင်း ဖြစ်အောင် ချီးပင့်သော လေဓါတ် မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏။

ယင်းဓါတ်လေးပါး၊ မဟာဘုတ်လေးမျိုးတို့ အနက် အချုပ် အချာကား တေဇော မီးဓါတ်ဖြစ်သည်။ စကြာဝဠာ ကမ္ဘာရေ

www.dhammaransi.com



မြေနှင့်တကွ ရုပ်သဏ္ဍာန်နှင့်စပ်သော သက်ရှိ သက်မဲ့ အလုံးစုံသည် တေဇောတည်းဟူသော မီးဓါတ်၏ အပွားအစီး ချည်းသာတည်း။

ဤ ဆိုအပ်ပြီးသည်တို့ကား....

"ဓါတ်လေးပါးတို့၏ အချင်းချင်း မတူသော ဝိသေသ စွမ်းအားသတ္တိများကား အသို့နည်း။ ယင်းတို့သည် အချင်းချင်း မည်သို့ ပေါင်းစည်း စုဝေးကုန် သနည်း။ မည်သို့စုဝေးကာ ရုပ်,နာမ် ဖြစ်လာကုန်သနည်း ဟူသော မေးခွန်းရပ်များနှင့် ပတ်သက်သော အဖြေစကားရပ်တို့ ဖြစ်ကုန်သတည်း။

× × ×

## လောကဓါတ်ဇာတ်ခုံပေါ်ဝယ်

## ထူးတွေ့တည့် အံ့ရာသော မျက်လှည့်ပြနေသော

## မျက်လှည့်ဆရာကြီး မဟာဘုတ်

မဟာဘုတ် ခေါ်သော ဓါတ်ကြီးလေးပါးသည် ရုပ်ခွဲ၊ နာမ်ခွဲ အမျိုးမျိုး ပြောင်းလွဲ ဖန်ဆင်း၍ ပြတတ်သော ကမ္ဘာကျော် မျက်လှည့်ဆရာကြီးနှင့် အလားတူ၏။

ယင်းဓါတ်ကြီးလေးပါးတို့ သဟဇာတ်ဖြစ်၍ အတူတကွ စပ်နှောလုံးထွေးမိလေသောအခါ....သတ္တဝါအကောင် မဟုတ်ပါဘဲ လျက်ကို ငါ အကောင်၊ သူ အကောင်ဟူ၍လည်းကောင်း။ ခွေး

www.dhammaransi.com



အကောင်၊ ဝက်အကောင်၊ ငှက်အကောင် ဟူ၍လည်းကောင်း။ လင်အကောင်၊ မယားအကောင်၊ သား သမီးအကောင် ဟူ၍လည်းကောင်း ထင်မှတ်အောင် လှည့်ပတ် ပြလေ၏။ ထိုအခါ သူ၊ ငါ၊ ခွေး၊ ဝက်၊လင်၊မယား၊ သား သမီးဟူ၍ တကယ်ရှိ၊ အတုတ် ရှိသယောင် ထင်လာကုန်လေ၏။

သက်မဲ့ရုပ်ဝတ္ထုတို့ကိုလည်း မှိုင်းမှိုင်းညို့ညို့၊ မို့မို့ မဲမဲနှင့် တကဲ့တောကြီးတွေ၊ တကဲ့တောင်ကြီးတွေ၊ တကဲ့ သစ်ပင်ကြီးတွေ ထင်ရအောင် အမျိုးမျိုးလှည့်ပတ် ဖန်ဆင်း၍ ပြကုန်၏။ ထိုအခါ ဤသည်တို့ကား တကဲ့တောကြီး၊ တကဲ့တောင်ကြီး၊ တကဲ့သစ်ပင်ကြီးတွေပါတကား”ဟူ၍ မရှိဘဲလျက်ကို အရှိ ထင်လာကုန်လေ၏။

လောက၌ တစ္ဆေ၊ သရဲ၊ အစိမ်း၊ သဘက်၊ ဖုတ်၊ ပြိတ္တာ၊ ဘီလူးတို့ကို “မဟုတ်ဘဲလျက်ကို အဟုတ်ထင်အောင် ဖန်ဆင်း ပြတတ်သော နာနာဘာဝများ” ဟု ဆိုကုန်၏။ အဘိဓမ္မာအဋ္ဌကထာကျမ်းပြုဆရာသည် မဟာဘုတ်လေးပါး၏ အသွင်ကို အဆိုပါ အမျိုးမျိုး ဖန်ဆင်းတတ်သော နာနာဘာဝ ဖုတ်၊ ပြိတ္တာ၊ ဘီလူးများနှင့် ခပ်ဆင်ဆင် တူသည်ဟု မြင်လေ၍ “မဟာဘူတသာမညတော မဟာဘူတာ” ဟု ဥပမာပေး၍ မဟာဘုတ်ကို အနက်ဖွင့်တော်မူလေသည်။ မဟာဘူတသာမညတော- မျက်လှည့်သမား ဘီလူး သရဲ သဘက် ဖုတ် ပြိတ္တာ အစိမ်း များနှင့် တူသည်၏ အဖြစ်ကြောင့်။ တာ- ထိုမဟာဘုတ် လေးပါး တို့သည်။ မဟာဘူတာ-မဟာဘုတ် မည်ကုန်၏ ဟု ဆိုသတည်း။

www.dhammaransi.com



လူတို့သည် မျက်လှည့်ဝိဇ္ဇာ၊မဟာဘုတ်ဆရာကြီး၏ လှည့်စားကွက်၊ဖျားယောင်းကွက် ပဥ္စလက် ပညာအောက်တွင်မျက်ကြောသေသေနှင့် မှိုင်းမိနေကြကုန်ရကား-မြေ့,ရေ, လေ,မီး, ဓါတ်ကြီးလေးပါးအရှိကို အရှိအတိုင်း မမြင်ကြတော့ကုန်။ မျက်လှည့်ဝိဇ္ဇာ မဟာဘုတ်ဆရာကြီး၏ ဆန္ဒအတိုင်းသာ လူဘဲ၊ နတ်ဘဲ၊ သူဘဲ၊ ငါဘဲ၊ ခွေးဘဲ၊ ကြက်ဘဲ၊ ထမီဘဲ၊ ပုဆိုးဘဲ၊ လင်ဘဲ၊ မယားဘဲ၊ သားဘဲ၊ မီးဘဲ၊ အိမ်ဘဲ၊ တိုက်ဘဲ၊ ရုံးဘဲ၊ ကျောင်းဘဲ ဟူ၍ ထင်ကုန်၊ မြင်ကုန်လေ၏။ ဘုတ်ပျောက်ပြီး၊ ရုပ်ခြောက်ရုပ်ပိန်၊ ရုပ်ဖေါင်း၊ ရုပ်ပွ များကိုသာ အဟုတ်ကြီး ထင်၍ မြင်ကြကုန်လေ၏။

မျက်လှည့်ဆရာ၏ လှည့်စားခြင်း အတတ်ပညာရပ်ဖြင့် လှည့်ပတ်ချက်ကို မပါးမနပ်သူ၊ အသိဉာဏ်ခေါင်းပါးသောလူထု၊ လူပြိန်းတို့က အကြွင်းမဲ့လက်ခံ ယုံကြည်ကြကုန်သော်လည်း၊ သူ့ထက်သာသော ဆရာ့ ဆရာကြီးများကလည်းကောင်း၊ သူနှင့်တန်းတူ ပညာအဆင့်ရှိသူများကလည်းကောင်း ယုံကြည်ခြင်း မရှိကြကုန်။ မဟုတ်ကို မဟုတ်မှန်း သိထားကြသောကြောင့် တစုံတရာအံ့သြခြင်းလည်း မဖြစ်ကြကုန်။

လောကဓါတ်ဘုံကြီးအတွင်းရှိ အရာခပ်သိမ်းကို အကြွင်းမဲ့ အကုန်အစင် ထင်းကနဲ လင်းကနဲ ဝင်းကနဲ သိမြင်တော် မူသော သဗ္ဗညုဘုရားသခင်ကား မဟုတ်တယုတ်တွေ လျှောက်လုပ်နေသော မဟုတ်၏ အကြောင်းကို ကောင်းကောင်းသိပြီးဖြစ်နေ၏။ ထို့ကြောင့် မဟာဘုတ်သည် ဗုဒ္ဓကို အဘယ်မှာလျှင် လှည့်စား

နိုင်ဝံ့တော့မည်နည်း။အဘယ်မှာလျှင် ဗုဒ္ဓကိုလိမ်၍ ညာ၍ ဖြီးဖြန်း၍ ရနိုင်ပါမည်နည်း၊ ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော် အောက်တွင် မဟာဘုတ်သည် ဒလိမ့်ခေါက်ကွေး ဂျမ်းပြန်၍ ကျဆုံးရလေပြီတည်း။ ဗုဒ္ဓသည် မဟာဘုတ်အကြောင်းကို ဖွင့်ဖော်၍ ဤသို့ကမ္ဘာသိအောင် ကြွေးကြော်လိုက်သတည်း။ ကတာမဋ္ဌ ဘိက္ခဝေ ရုပံ[1] [2]စသည်။

"ရဟန်းတို့ ရုပ်ဟူသည် အဘယ်နည်း။ မြေ, ရေ, လေ, မီး,တည်းဟူသော မဟာဘုတ် လေးပါး တို့သည်လည်းကောင်း၊ ယင်းမဟာဘုတ် လေးပါးကို စွဲမှီ၍ ဖြစ်သော ဥပါဒါယရုပ် သည်လည်း ကောင်း။ ဤနှစ်ပါးအပေါင်းကို ရုပ် ဟူ၍ ဆိုအပ်၏။

ဗုဒ္ဓသည် ဤသို့လျှင် လူဘဲ့,နတ်ဘဲ့, သူဘဲ့, ငါဘဲ့ အထင် စွဲနေသော ရုပ်တို့၏ မူလအရှိကို အရှိအတိုင်း ထောက်ပြတော်မူလိုက်၏။

ယင်းရုပ် အချက်နှင့် ပတ်သက်၍ အဓိပ္ပါယ်ကို ထင်းကနဲ လင်းကနဲ ဝင်းကနဲ မြင်လာအောင် ဒီပဲရင်းဆရာတော်ဘုရားကြီး၏ ရှင်းပြချက်မှာလည်း ပေါ်လွင်လှ၏။ ရှင်းပြထားပုံကား....

" လူရှင်အကောင်ကို ကြိတ်ညှပ် ညှစ်ထုတ်သော် သွေးတို့သည် တမှုခန့် ရရာ၊ ထွက်ရာ၏။ ကြိတ်ညှပ်ပြီး အဖတ်ကို နေလှန်း၍ အမှုန့်ကြိတ်သော် ငါးပြည်ခန့် ရှိရာ၏။

---

၁။ ဓမ္မသင်္ဂဏီပါဠိတော်။ ၂။ ပရမတ္ထစက္ခုကျမ်း။

www.dhammaransi.com



ယင်း ငါးပြည့်ခန့်အမှုန်ကို ယင်းတမြူခန့် သေးနှင့် သမအောင် နယ်၍ လူ့သဏ္ဍာန် လူနှင့်တူအောင် လုံမှုန် ရုပ်ကြီး လုပ်ပြီးလျှင် လူရှင် လူကောင်းနှင့် ယှဉ်ပြိုင် သော် လူရှင် လူကောင်းမှာ ကံ, စိတ်, အာဟာရ တို့ ကြောင့် ဖြစ်သော အပူ၊ အအေး၊ အနွေး၊ အငွေ့တို့ သည် ပူနွေး ရင့်ကျက် စေသောကြောင့် နူနူ့ ဖပ်ဖပ်၊ လတ်ဆတ်ပျောင်းပျော့သည်။ လေခါတ် ဖေါင်းပွ၊ တိုး ဝေ့၊ တွန်းကန် တောင့်ခိုင် စေသောကြောင့် သံတုံး ကျောက်ခဲတို့ကဲ့သို့ ကျစ်ကျစ်လစ်လစ်၊မမာ၊ မလေးဘဲ ပွပျော့ ပေါ့ပါး လှုပ်ရှားနိုင်လေသည်။ (ဤကား.... နှိုင်းဆရန် စကား)။

ဓါတ်လေးပါးအချက်ကို တင်စားချက်ဖြင့် ရှင်းပြသည့်မှာ ပေါ်လွင် ထိရောက်လှ၏။ လူမှုဖြစ်သော လူခြောက်မှုန့် အတုံး အခဲကြီးနှင့် လူရှင်ကို ယှဉ်ပြထားပုံ၊ လူခြောက်နှင့်လူရှင် ဓါတ် လေးပါး၏ အစုအဝေးချင်းတူသော်လည်း လူရှင်မှာ ကံ၊ စိတ်၊ ဥတု တို့၏ တန်ခိုးသတ္တိများ ထင်ရှားရှိနေသဲ ဖြစ်သဖြင့် ကျောက် ခဲတုံးကြီးများကဲ့သို့ မာပြင်းပြင်း တောင့်တင်းမနေလေဘဲနူးညံ့ ပျော့ပျောင်းပုံ၊ နူနူဖပ်ဖပ် ရွှန်းရွှန်းစိုစိုရှိပုံ၊ ဖျတ်ဖျတ် လတ် လတ် ပေါ့ပေါ့ပါးပါးနှင့် လှုပ်ရှားသွားလာ နိုင်ပုံများကို ကွက် ကွက် ကွင်းကွင်း ထင်းကနဲ လင်းကနဲ ဝင်းကနဲ မြင်နိုင်ပေ သည်။

www.dhammaransi.com



## ဘုတ်ကြီးအောက်က

## ဘုတ်ကလေး ၁၄ ကောင်

သစ်ပင်တပင်သည် ရှိ၏။ ထိုသစ်ပင်၌ ခက်မ, သက်သေး အကိုင်းအခက်တို့သည် ရှိကုန်၏။ ထိုအကိုင်းအခက်တို့သည် သစ်ပင်ကို မှီ၍သာ ဖြစ်ကုန်၏။ သစ်ပင်သာလျှင် မှီရာ တည်ရာ ရှိကုန်၏။ ယင်း အကိုင်းအခက်တို့သည် သစ်ပင်ကိုလွတ်၍ ဝါ၊ သစ်ပင်တည်းဟူသော အမှီအတွယ်မရှိလေဘဲ မဖြစ်ကုန်။

ဤဥပမာနှင့် အလားတူသာလျှင် ဓါတ်ကြီး လေးပါး၊ ဝါ၊ မဟာဘုတ်လေးခုတို့၏ အစုအဝေး ဖြစ်သော လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်၊စသော ရုပ်တို့သည် သစ်ပင်ကြီး များနှင့် အလားတူကုန်၏။ မျက်စိ, နား, နှာ, လျှာ စသည် တို့သည် အကိုင်းအခက်များ နှင့် အလားတူကုန်၏။

မှန်၏။ သစ်ကိုင်း၏ မှီရာ တည်ရာကား သစ်ပင် ဖြစ်သကဲ့သို့ ထို့အတူ မျက်စိ၏တည်ရာ မှီရာကား လူကောင် နတ်ကောင် ဗြဟ္မာကောင်တို့၏ ခန္ဓာကိုယ်သာလျှင်တည်း။ ခန္ဓာကိုယ်မှ တပါး မျက်စေ့တည်ရာ မှီရာ မည်သည် မရှိပြီ။

မျက်စိ, နား, နှာ စသည်တို့သည်လည်း ဓါတ် လေးပါး၏ အစုအဝေးများသောကြောင့် သဘောအားဖြင့် ဘုတ်ပင် မည်ကုန်၏။ သို့သော်....ယင်းမျက်စိ, နား,နှာ စသည်ကိုကား သူ့အလိုအလျောက်ဖြစ်မလာနိုင်ကုန်။ ဘုတ်လေးပါး၏ အစု အဝေး ဖြစ်သော ခန္ဓာကိုယ် ရုပ်ကိုမှီ၍ တွယ်၍သာ ဖြစ်ကုန်၏။အဘိဓမ္မာ

www.dhammaransi.com



ကားအားဖြင့် မဟာဘုတ်ကို မှီ၍ ဖြစ်သောကြောင့် ဥပါဒါရုပ်ဟု ခေါ်၏။ ဘုတ်ကြီးလေးပါးကို ထောက်လျှင်လည်း ဘုတ်ကလေး ဟုဆိုသင့်သောကြောင့် ဤ၌ ဘုတ်ကလေး ဟူသော ဝေါဟာရစကားလုံးကို အသုံးပြုလိုက်ခြင်း ဖြစ်၏။

မဟာဘုတ်ကိုမှီ၍ ဖြစ်သော(ဝါ)မဟာဘုတ်တည်း ဟူသော အမှီအတွယ်ရှိမှသာလျှင် ဖြစ်နိုင်သော ဥပါဒါရုပ် ခေါ်သော ဘုတ်ကလေးပေါင်း ၁၄ မျိုးရှိ၏။ (ဝါ) ဘုတ်ကလေး ၁၄ ကောင်ရှိလေသတတ်။ ၎င်းတို့ကား....

၁။ စက္ခု-မျက်စိရုပ်။ မျက်လုံး အိမ်တွင်းမှာ ပေါ်သော အကြည်ရုပ်။ အကြည်ဓါတ်။

၂။ သောတ-နားရုပ်။နားအိမ်တွင်းမှာ ပေါ်သောအကြည်ရုပ်။ အကြည်ဓါတ်။

၃။ ဃာန-နှာခေါင်းရုပ်။ နှာခေါင်း အိမ်တွင်းမှာ ပေါ် သော အကြည်ရုပ်။ အကြည်ဓါတ်။

၄။ ဇိဝှာ-လျှာရုပ်။ လျှာအပြင်မှာ ပေါ်ရှိနေသော အကြည်ရုပ်။ အကြည်ဓါတ်။

၅။ ဟဒယ- နှလုံးရုပ်။ နှလုံးအိမ် တွင်းမှာ ပေါ်ရှိသော အလွန် နူးညံ့ထွန်းပလှသော ရုပ်အထူး။

၆။ ကာယ-ကိုယ်ရုပ်။ ခြေဖဝါး အပြင်မှစ၍ အတွင်းအပြင် တကိုယ်လုံးမှာ ပေါ်ရှိသော အကြည်ရုပ်။ အကြည် ဓါတ်။

၇။ ဝဏ္ဏ-အဆင်းရုပ်။ ရူပါရုံအဆင်းသဏ္ဌာန် အမျိုးမျိုး။

www.dhammaransi.com



၈။ သဒ္ဒ-အသံရုပ်။ သဒ္ဒါရုံ အသံအမျိုးမျိုး။

၉။ ဂန္ဓ-အနံ့ရုပ်။ ဂန္ဓာရုံ အနံ့အမျိုးမျိုး။

၁၀။ ရသ အရသာရုပ်။ချိုချဉ်စသော ရသာရုံ အမျိုးမျိုး။

၁၁။ အာဟာရရုပ်။ ရုပ်ဆီ၊ ရုပ်နှစ်၊ အဆီအစေးအမျိုးမျိုး။

၁၂။ ဇီဝိတရုပ်။ ရှင်သန်နေစေရန်စောင့်ချုပ် အုပ်ထိန်းသော ရုပ်ရှင်။ ရုပ်နှစ်။

၁၃။ ဣတ္ထိဘာဝရုပ်၊ မိန်းမသဏ္ဍာန်အမျိုးမျိုး။

၁၄။ ပုမ္ဘာဝရုပ်။ ယောကျ်ား အမူအရာအမျိုးမျိုး။

ဤသည်တို့ကား မဟာဘုတ် လေးပါးကို မှီ၍ ဖြစ်သော ကြောင့် ဥပါဒါရုပ် ခေါ်သော ဘုတ်ကြီးအောက်က ဘုတ်ကလေး ၁၄ ကောင်တို့ ဖြစ်ကုန်၏။

## စိတ် ခြောက်မျိုး

ယင်း ဥပါဒါရုပ် ဘုတ်ကလေး ၁၄ ကောင်တို့၌ နေရာ အားလျော်စွာ ဖြစ်ပေါ်လာသော စိတ်ခြောက်မျိုးရှိ၏။ ယင်းခြောက်မျိုးကား....

၁။ မြင်စိတ်မျိုး။

၂။ ကြားစိတ်မျိုး။

၃။ နံစိတ်မျိုး။

၄။ လျက်စိတ်မျိုး။

www.dhammaransi.com



၅။ တွေ့စိတ်မျိုး။
၆။ ကြံစိတ်မျိုး
ဤသို့အားဖြင့် စိတ်ခြောက်မျိုးတည်း။

ယင်းတို့အနက် မျက်လုံးမှာ ဖြစ်ပေါ်သော စိတ်သည် မြင်စိတ် မည်၏။(စက္ခုဝိညာဏ်စိတ်)။ နားတွင်းမှာ ဖြစ်ပေါ်သော စိတ်သည် ကြားစိတ်မည်၏။ (သောတဝိညာဏ်စိတ်)။ နှာခေါင်းတွင်းမှာ ဖြစ်ပေါ်သောစိတ်သည် နံစိတ်မည်၏။ (ဃာနဝိညာဏ်စိတ်)။ လျှာအပြင်မှာ ဖြစ်ပေါ်သော စိတ်သည် လျက်စိတ် မည်၏။ (ဇိဝှာဝိညာဏ်စိတ်)။ အချိုအချဉ်စသော ရသာရုံတို့ကို ချိုမှန်း ချဉ်မှန်း စသည်ဖြင့် သိမှုကို လျက်စိတ်ခေါ်သည်။ တကိုယ်လုံး၌ဖြစ်ပေါ်သော စိတ်သည် တွေ့စိတ်မည်၏။ (ကာယဝိညာဏ်စိတ်)။ နှလုံးအိမ်တွင်း၌ ဖြစ်ပေါ်သောစိတ်သည် ကြံစိတ်မည်၏။ (မနောဝိညာဏ်စိတ်)၊

## စိတ်အာရုံ ခြောက်မျိုး

ထိုစိတ်၏ အာရုံတို့သည်လည်း ခြောက်မျိုး ရှိကုန်၏။ ယင်းခြောက်မျိုးတို့ကား—

၁။ အဆင်း အာရုံတမျိုး (ရူပါရုံ)။

၂။ အသံ အာရုံတမျိုး (သဒ္ဒါရုံ)။

၃။ အနံ့ အာရုံတမျိုး (ဂန္ဓာရုံ)။

www.dhammaransi.com



၄။ အရသာ အာရုံတမျိုး (ရသာရုံ)။

၅။ ကိုယ်၌ ထိခိုက်ရန် အာရုံတမျိုး(ဖောဋ္ဌဗ္ဗာရုံ)။

၆။ ထွေထွေလာလာ ကြံသိရန်အာရုံတမျိုး (ဓမ္မာရုံ)။

ယင်း ခြောက်မျိုးတို့အနက် မျက်စိ နှင့် အဆင်း အာရုံ တွေ့ဆုံ၍ နေကြဆဲအခါ၌ မျက်လုံးမှာ မြင်စိတ်ဖြစ်ပေ၏။ ထို အဆင်းကိုမြင်၏။ ထိုအာရုံနှင့် မျက်နှာလွှဲပြန်လျှင် ထိုမြင်စိတ် ပျက်ဆုံးပြန်၏။အဆင်းဝတ္ထု(ရူပါရုံ)အမျိုးမျိုး ပြောင်းလဲတိုင်း မြင်စိတ်အမျိုးမျိုး ပြောင်းလဲ၏။

နား ဥပစာ၌ အသံအာရုံ(သဒ္ဒါရုံ)ပေါ်လာတိုင်း နားတွင်း မှာကြားစိတ်ဖြစ်ပေါ်လာ၏။ထိုအသံကိုကြား၏။ထိုအသံစဲ သွား ပြန်လျှင် ထိုကြားစိတ်ပျက်ဆုံးပြန်၏။ထိုအသံ အမျိုးမျိုး (သဒ္ဒါ ရုံ) ပြောင်းလဲတိုင်း ကြားစိတ်အမျိုးမျိုး ပြောင်းလဲ၏။

အနံ့ အာရုံတို့ နှင့် နှာခေါင်းတွင်းမှာ ဖြစ်ပေါ်သော နံစိတ် မျိုး၊အချိုအချဉ်စသော အရသာတို့ နှင့် လျှာအပြင်မှာ ဖြစ်ပေါ် သော လျက်စိတ်မျိုးတို့မှာလည်း ထိုနည်းတူပင်တည်း။

တွေ့စိတ်သည်ကား တကိုယ်လုံးမှာ ဖြစ်ပေါ်၏။ မြမြ ထက် သော အပ်သွားနှင့်ထိုး၍ စမ်းသော်.... နှာမှုန်းသိရာကိုယ်အင်္ဂါ အလုံးစုံသည် တွေ့စိတ်မျိုး၏ ဖြစ်ပေါ်ရာ ဌာနချည်းပင် တည်း။ ထိုတွေ့စိတ်သည် ထိမှန်း သိရုံလည်း ရှိ၏။ ဒုက္ခ ဝေဒနာ မှါရှိ

www.dhammaransi.com



သောအခါ နာစိတ်အမျိုးမျိုး၊ ကျင်စိတ်အမျိုးမျိုး၊ ကိုက်စိတ်၊ ခဲစိတ်၊ ပူစိတ်၊ အိုက်စိတ်၊ အေးစိတ်၊ ချမ်းစိတ်၊ ယားစိတ်၊ ယံစိတ်၊ ကြိမ်းစိတ်၊ စပ်စိတ်၊ အောင့်စိတ် စသည်အမျိုးမျိုး ရှိ၏။

လူအများတို့သည်မူကား ထိုနာမှု၊ ကျင်မှု စသည်တို့ကို စိတ်ဓာတ်ဟူ၍ မသိနိုင်ကြကုန်။ ဝိညာဏ်ဓာတ်ဟူ၍ မသိကြကုန်။ နာမ်ဓာတ်ဟူ၍ မသိကြကုန်။ ကျောက်ကုန်းအပြင်မှာ နေပြင်းစွာ ပူသောအခါ ကျောက်ကုန်းရေပေါ်မှာ ထိုစိတ်တွေ အသင်္ချေ အနန္တ ဖြစ်နေ၏။ လူအများတို့သည်မူကား ထိုစိတ်တွေကို ကျောက်ကုန်းရေပူသောရုပ်အစု နှင့် တခုတည်း ယူ၍ "ကျောက်ကုန်းရေပူသည်" ဟူ၍သာ မှတ်ယူ ပြောဆို တတ်ကြကုန်၏။

ဦးခေါင်းကိုက်သည်ဟု သိကြ၏။ ဦးခေါင်းတွင်းမှာ ဒုက္ခဝေဒနာနှင့်ယှဉ်သော ကိုက်ဝိညာဏ်မျိုး ဖြစ်ပေါ်၍ နေသည်ဟု မသိကြ။ ခေါင်းကိုက် ပျောက်သည်ဟု သိကြ၏။ ထို ကိုက်ဝိညာဏ် ချုပ်ပျောက်သည်ဟု မသိကြ။ ထိုထို ကိုယ်အင်္ဂါတို့၌ နာမှုပေါ်သည်၊ နာမှုပျောက်သည် စသည်တို့၌လည်း ထိုနည်းတူ သိရာ၏။

နှလုံးတွင်း၌ ဖြစ်ကြကုန်သော သိစိတ်၊ ကြံစိတ်၊ တွေးစိတ်တို့သည်မူကား လောဘစိတ်အမျိုးမျိုး၊ ဒေါသစိတ်အမျိုးမျိုး၊ မောဟစိတ်အမျိုးမျိုး၊ သဒ္ဓါစိတ်အမျိုးမျိုး၊ မေတ္တာစိတ် အမျိုးမျိုး စသည်ဖြင့် အလွန်များပြားကုန်၏။

www.dhammaransi.com



လောဘ အာရုံနှင့် တွေ့ကြုံသောအခါ လောဘ ခေါ်သော စိတ်ကြီးနှင့်ဖက်တွဲ၍ နှလုံးထဲမှာဖြစ်ပေါ်လာသော သိမှု၊ ကြံမှု၊ တွေးမှုကို လောဘစိတ် ဆိုသည်။ ဒေါသစိတ် စသည်တို့၌လည်း ထို့အတူပင်တည်း။

## စိတ်လည်း တန်းစီရ၏။

မြင်စိတ်၊ ကြားစိတ်၊ နံစိတ် စသည်ဖြင့် စိတ် ခြောက်မျိုး ရှိကြောင်း အထက်၌ ဆိုခဲ့ပြီ။ ထိုစိတ်၊ ဤစိတ်၊ အနှိစိတ်တို့သည် နှလုံးသွေးထဲတွင် တလှည့်စီ၊ တလှည့်စီ၊ သူ့အလှည့်နှင့်သူ ဖြစ်ကုန်၏။ အာရုံတခုခု၌ စိတ်နှစ်မျိုးတွဲ၍ တပြိုင်ထဲ ဖြစ်ပေါ်သည်ဟူ၍ မရှိ၊ တခု ပျက်ဆုံးမှ တခု ပေါ်၏။ တခု မပျက်သေးလျှင် နောက်စိတ်က တန်းစီနေရ၏။

ဥပမာ....။ လူတယောက်မှာ နှတ်ဆိုးလည်း ဝင်ပူး၏။ နှတ်ကောင်းလည်း ဝင်ပူး၏။ နှတ်ယဉ်နေသူ ဖြစ်၏။ သို့သော် နှတ်ပူးရာ၌ နတ်ဆိုးရော၊ နတ်ကောင်းပါ ပြိုင်တူ ဝင်ပူးသည်မရှိ။ တဦးထွက်မှသာ တဦး ဝင်သကဲ့သို့တည်း။ နှတ်ကောင်း မထွက်ခင် နှတ်ဆိုးက စောင့်နေရသကဲ့သို့တည်း။

ထို့အတူ.... ကိုယ်အမူအရာ၊ နှုတ် အမူအရာတို့ကို ခဏချင်း ခဏချင်း လှုပ်ရှားလျှင် သွားမှု၊ လာမှု၊ ပြောမှု၊ ဆိုမှု စသည်တို့ကို ပြုလုပ်နိုင်သော စိတ်တန်ခိုးကြီးတို့သည် ထိုနှလုံးဌာနမှ ဖြစ်ပွားကြကုန်၏။ လူအများတို့ကား ထိုနှလုံးဌာနမှ ဖြစ်ပွား

---

° ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊ ပစ္ဆိမံ ဇာယတေ တတော၊ ဝိသုဒ္ဓိမဂ်။

www.dhammaransi.com



ကြကုန်သော စိတ်တို့ကို တလှည့်စီ၊ တလှည့်စီ၊ ပေါ်ချည် ဖြစ်ချည် နေကြသည်ဟု မသိကြကုန်။ ထွေထွေလာလာ ကြံတတ်၊ တွေးခေါ်တတ်၊ သိတတ်သော စိတ်တခုထဲ အမြဲတည်ရှိ၍ နေသည်ဟု ထင်မှတ်ကြကုန်၏။

ဖျပ်ခနဲ ဖျပ်ကနဲ၊ အဖြစ်အပျက်တွေ မြန်ဆန်လွန်းလှသောကြောင့် တပြိုင်ထဲ၊တချက်ထဲ ဖြစ်သကဲ့သို့ ထင်ရ၏။ မျက်တောင်တခတ်၊ လျှပ်တပြက်အတွင်း ကုဋေတသိန်းမက တန်းစီ၍ ဖြစ်ပျက်ကြောင်းကို ကျမ်းဂန်တို့၌ ဆိုကုန်၏။

ထို့ကြောင့် စိတ်သည် ယောကျ်ား မိန်းမ—မရွေး၊ မည်သူ၌ဖြစ်စေ တယောက်သော ပုဂ္ဂိုလ်တွင်၊ စိတ်နှစ်မျိုး သုံးမျိုး အပြွတ်လိုက်၊ အတွဲလိုက် မည်သည့်အခါမျှ မဖြစ်။ တမျိုးဖြစ်ပြီးမှသာ နောက်တမျိုး ဖြစ်သတည်း။

အချုပ်အားဖြင့်- မဟာဘုတ်ကား အရင်းခံ ပင်မ ခေတ်ကြီး လေးပါးတည်း။ ဘုတ်ကို မသိလျှင် ဘုတ်ပြသော မျက်လှည့်ပွဲကိုသာ ကြည့်နေရမည်၊ သူသူငါငါ ရုပ်ကိုချစ်စရာ၊ ကြိုက်စရာ၊ ရွံစရာ၊ မုန်းစရာ ဟူ၍သာ ထင်ကြမည်။ ဘုတ်ကိုမိလျှင်ကား ဘယ်ရုပ်မျိုးကိုမှ လက်ခံချင်တော့မည်မဟုတ်။ ဘုတ်ကို မြင်လျှင် ရုပ်ကို နှင်လေမည်သာတည်း။

ဝဝဝ

www.dhammaransi.com

# အပိုင်း (၅)

## ခန္ဓာဗေဒ

## ခန္ဓာတုံး မှ သံသရာ ဆုံးမည်

လောကဓာတ်သိပ္ပံပညာရပ်များ ထွန်းကားလာသောခေတ်၌ လူ၏ခန္ဓာကိုယ်တွင်းဝယ် အသွေး၊ အသား၊ အကြော၊ အရိုး စသည်တို့ မည်သို့ဖြစ်တည်နေပုံများနှင့်တကွ မျက်စိ၊ နား၊ နှာ၊ စသည်တို့ပါမကျန် အစိတ်စိတ် အမြွှာမြွှာ ခွဲခဲ့၍ အရိုးတခြား အသားတခြား ခွဲခွဲခြားခြားကြည့်နိုင် သိနိုင်နေပြီဖြစ်၏။

ထို့ကြောင့် ဤခွဲတဲ့ခွဲနည်းကား ယနေ့ခေတ်တွင် အထူး အဆန်းမဟုတ်တော့ချေ။ ကြာသော် တဖြည်းဖြည်းရိုးသွားလေ မည်သာတည်း။

အရိုးကြာသော် အဆန်းဖြစ်လာ၏။ သိပ္ပံ ပညာရပ်များ မထွန်းကားသေးမီ ရှေးသရောအခါ များကလည်း လူဟူသော သတ္တဝါသည် ရှိခဲ့၏။ ထိုလူသတ္တဝါသည်လည်း ယနေ့ လူသား များနှင့် တသားတည်းသာဖြစ်၏။ ဘာမျှထူးခြားခြင်းမရှိ။ မျက်စိ နား၊ နှာ စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းများသည် ယနေ့ လူ သားများအတိုင်းပင် ဖြစ်၏။

www.dhammaransi.com



ခန္ဓာဗေဒခွဲစိတ်မှုဆိုင်ရာ ၌ ထိုအချိန်ကလည်း သူ့နည်း သူ့ဟန်ဖြင့် ရှိခဲ့သည်သာ ဖြစ်၏။ ယနေ့ခေတ်တွင် ခန္ဓာဗေဒကို ခရေစေ့တွင်းကျ သိရှိရန် ပစ္စည်းကရိယာကို အသုံးပြု၍၊ ရှေးအခါကမူ ပညာကိုသာ အားပြုကြောင်း၊ ပညာဖြင့် ဓာတ်ခွဲခဲ့ကြောင်း ကျမ်းဂန်များ ၌ တွေ့ရ၏။ အရိုးကြာခဲ့ပြီ ဖြစ်သော (ဝါ) သမိုင်းရှည်လှပြီဖြစ်သော ထို **ခန္ဓာဗေဒဓာတ်ခွဲနည်း ကား** ယနေ့ခေတ်တွင် ဆန်းနေပေသည်။ ရှေးခေတ် ခန္ဓာဗေဒ ဓာတ်ခွဲနည်းကား ဤသို့ဖြစ်ပါသတည်း။

## မျက်စိကို ရှေးက ဓာတ်ခွဲပုံ

မျက်စိသည် အသားစိုင်၊ အသားခဲ ဖြစ်၏။ ပတ်ဝန်းကျင်၌ မျက်မှောင်ရိုးဖြင့် ခြားထား၏။ ယင်းမျက်မှောင်ရိုး အတွင်း၌ တည်ရှိသော အသားစိုင်၊အသားခဲကို မျက်စိ ဟူ၍လည်းကောင်း မျက်လုံး ဟူ၍လည်းကောင်း ခေါ်ဆိုလေသည်။

ထိုမျက်လုံးသည် သဏ္ဍာန်အားဖြင့် ဝိုင်း၏။ အရောင်အားဖြင့် မျက်လုံး၏ ဘေးပတ်လည်တွင် ဖြူ၍၊ အလယ်ဗဟို၌ နက်မှောင်ပြီး ဝိုင်းစက်နေ၏။ ယင်းအနက်ဝိုင်းကို မျက်နက်ဝန်း ဟုခေါ်၏။ ယင်းမျက်နက်ဝန်းကား ထပ်အလွှာအားဖြင့် ခုနစ်ထပ်၊ ခုနစ်လွှာ ရှိ၏။ ရူပါရုံကို မြင်နိုင်စွမ်းသော ထိုအကြည်ဓာတ် (စက္ခုပသာဒ) သည် မျက်လွှာခုနစ်ထပ်၌ တည်၏။ ပမာ

---

၁။ အဋ္ဌသာလိနီ။ မူလဋီကာ

www.dhammaransi.com



အားဖြင့် ဝါဂွမ်းထဲ၌ လောင်းအပ်သောဆီသည် ဂွမ်းထဲသို့တစိမ့်စိမ့်စိမ့် ဝင်ဘိသကဲ့သို့၊ထို့အတူ ထိုအကြည်ဓာတ်(စက္ခုပသာဒ)သည် မျက်လုံး ခုနစ်ထပ်၌ စိမ့်ဝင် ပျံ့နှံ့၍ တည်လေသည်။

ထိုအကြည်ဓာတ် (စက္ခုပသာဒ)ကို မင်းသားငယ်တဦးအား ဝိုင်းဝန်းပြုစု စောင့်ရှောက်နေကြသော အထိန်းတော် လေးယောက် ငဲ့ ခိုင်းနှိုင်း၍ ပြ၏။ ဘုရင့် သားတော်ကလေး အား အထိန်းတော်ကြီး လေးယောက်တို့က အချီတော်၊ အချော့တော်၊ လက်ပေါ်ကမချ၊ ချီပိုးကြရ၏။ အချိန်တန်လျှင် ရေမိုးချိုးပေးကြရ၏။ အမွှေးနံ့သာအထုံအကြိုင်များ လှိုင်နေအောင် လိမ်းပေးကြရ၏။ အဆင်တန်ဆာများ ဆင်ယင်ပေးကြရ၏။ ပူအိုက်သော ရာသီတွင် ယပ်လေ ခတ်ပေးကြရ၏။ မင်းသား ငယ်သည် အထိန်းတော်ကြီးများ၏ ပြုစုယုယ၊ စောင့်ရှောက်မှုလက်တွင်း၌ ကြီးခြင်းသို့ ရောက်ရလေ၏။

ထို့အတူ ကောင်းစွာ ခိုင်ခန့်ခြင်းကိစ္စ၊ ဖွံ့စည်းခြင်းကိစ္စ၊ ရင့်ကျက်စေခြင်းကိစ္စ၊ လှုပ်ရှားပြောင်းရွှေ့ခြင်းကိစ္စ။ ဤကိစ္စလေးရပ်တည်းဟူသော အထိန်းတော်ကြီးများကအကြည်ဓာတ်(စက္ခုပသာဒ) မင်းသားငယ်ကို ကျေးဇူးပြုကြ ကုန်သည်။ ထိန်းကြကုန်သည်။ ဥတု၊ စိတ်၊ အာဟာရ တို့၏ အထောက်အပံ့၊ အကူအညီကိုရယူလျက်၊ ဇီဝိတိန္ဒြေက သူ့ကို စောင့်ရှောက်ထားသည်။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ အဆင်း၊ အနံ့၊ အရသာ- စသည်တို့သည် လူကို ဝန်းရံလျက် ရှိကုန်သည်။ သူသည် အဆင်း၊ အနံ့ အရသာ စသည် ခြံရံလျက် တည်နေသည်။

www.dhammaransi.com



ရှုပါရုံကို မြင်နိုင်စွမ်းသော ထိုအကြည်ဓာတ် (စက္ခုပသာဒ) သည် အတိုင်းအတာ ပမာဏအားဖြင့် သန်းဦးခေါင်း မျှသာ ရှိ၏။ ထိုပမာဏကို အရှင်သာရိပုတ္တရာ ကိုယ်တော်တိုင် မြွက်ဟ၍ ဆိုဘူးပြီ။

အကြင် စက္ခုပသာဒ ဖြင့် ရှုပါရုံတို့ကိုရှုမြင်၏။
ဤစက္ခုပသာဒကား နည်း လှ၏။ သိမ်မွေ့ လှစွာ၏။ သန်း
ဦးခေါင်း နှင့် ခိုင်းနှိုင်းစရာ ဥပမာ ရှိ၏။

ဤကား ခန္ဓာဗေဒခွဲစိတ်မှုဆိုင်ရာ ၌ ပညာကို အားပြုလျက် မျက်လုံးကို ခွဲသော ရှုကဓာတ်ခွဲခြင်းဖြစ်၏။ မျက်လုံး၌ မျက်လွှာ ခုနစ်ထပ် ရှိသည်။ အလယ်ခေါင်က မျက်နက်ဝန်းကို အဖြူရောင်များ ဝိုင်းရံထားသည်။ ရှုပါရုံ မြင်နိုင်စွမ်း ရှိသော အကြည်ဓာတ်ခေါ်သော (စက္ခုပသာဒ)မှာ အလွန် သေးငယ်သည်။ သန်းဦးခေါင်းလောက်သာ ရှိသည် ဆို၏။

## နှလုံးသားကို ရှုကဓာတ်ခွဲပုံ

နှလုံးသားသည် ပဒုမ္မာကြာနီပွင့်၏ အတွင်းဖတ်၊ ကျောဘက် အဆင်းနှင့်တူ၏။ အပေါ်ဖတ်ကို ခွါ၍ စောက်ထိုး ထားသော ပဒုမ္မာကြာငုံ၏ သဏ္ဌာန် နှလုံးသားသည် ပြင်ဘက်သားကား အချော၊ အတွင်းဘက်သားကား သပွတ်သီး၏ အတွင်းသားကဲ့သို့ ပွေရှုပ်၏။

၁။ အဘိဓမ္မဋ္ဌကထာ [၃]

www.dhammaransi.com



(က) ပညာရှိသူတို့ နှလုံးသား ကား အဖျားတိတိ စဉ်းငယ် ပွင့်ယောင်။

(ခ) ပညာနည်းသူတို့၏ နှလုံးသား ကား ငုံသည် ဖြစ်၍ အဖျားချွန်ယောင်။

ထိုနှလုံးသား၏ အတွင်း၌ ပုန်းညက်စေ့ နေရာ မျှလောက် တွင်း ရှိ၏။ ဤတွင်း၌ လက်ဆွန်း ၏ (လက်ခုပ်၏) ထက်ဝက်မျှ လောက်သော သွေးသည်တည်၏။ ဤ သွေးကိုမှီ၍ ဟဒယ ဝတ္ထု ရုပ် (နှလုံးသား) သည် ဖြစ်၏။

၁။ ရာဂစရိုက်ပြောသူ(ရာဂအားကြီးသူ)၏သွေးကားနီ၏။

၂။ ဒေါသစရိုက် ပြောသူ (ဒေါသအားကြီးသူ) ၏ သွေး ကား နက် ၏။

၃။ မောဟစရိုက်ပြောသူ (မောဟကြီးသူ)၏ သွေး ကား သားဆေးရေအဆင်း ရှိ၏။

၄။ ဝိတက်စရိုက်ပြောသော သူ ၏ သွေးကား ပဲပိစပ်ပြုတ် ရေအဆင်းရှိ၏။

၅။ သဒ္ဓါစရိုက် ပြောသူ၏ သွေးသည် မဟာ လှေကားပွင့် အဆင်း ရှိ၏။

၆။ ပညာစရိုက်ပြောသောသူ(ပညာကြီးသူ)၏ သွေးသည် ကြည်လင် ၏။ စင်ကြယ် ၏။အရောင်တောက် ၏။ အနီ အဖြူ ရောသော အဆင်း ရှိ၏။ သားမြတ် နှစ်ခု တို့၏ အကြား ရင်ခေါင်း၌ အမြဲတည်၏။

www.dhammaransi.com



ထို့ကြောင့် နှလုံးသားနှင့် ပတ်သက်၍ အကျဉ်းမှတ်သားနိုင်စေရန် ဆောင်ပုဒ်လင်္ကာကို ဗိုလ်ကုန်းဆရာတော်သည် ဤသို့ သီတော်မူ၏။

## နှလုံးသား ဆောင်ပုဒ် လင်္ကာ

"ဆင်းရွက် ပဒုံ၊ ကျောက်ပြင်ပုံ တည့်၊ ကြာငုံ
အောက်ရှု၊ ဥဒက်ရှိသူဝယ်၊ ဇဉ်းငယ်ပွင့်တုံ၊ စုငုံမန္ဒ၊
အပသန့်ရှင်း၊ တွင်းသပ္ပတ်အူ၊နှစ်ဆူခေါက်မို၊နို့သည်ရာဂ၊
ဒေါသ မည်းညား၊သားဆေးရည် မောဟ၊ တက္က,ပဲ့ရည်၊
ဝါသည် သဒ္ဓါ၊ပညာ ပြိုးပြက်၊ ဇောတမြက်သွင်၊ ဖြူစင်
လွန်ကဲ၊လက်ဆွန်းခဲ့ မျှ၊ လောဟိတသည်၊ ပုန္နာဂဋ္ဌိ၊တွင်း
မှာရှိလတ်၊ သားမြွတ် လယ်ဗွေ၊ ရင်မှာနေညား၊ နှလုံး
သားကို၊ အများသောတု ဥဒက်ဖြင့်ရှု။

နှလုံးကောင်း စမ်းဖေါင်း စကားပုံရှိ၏။ နှလုံးသား သွေးရောင်ကိုလိုက်၍ လူတို့၏ စရိုက်၊ စိတ်နေ သဘောထား များကိုပါ ခေါက်ခဲ့ထား၏။ ဥဒက် ခေါက်မှန်ဖြင့် ရိုက်ပြချက်မှ ဤပုံစံများ ထွက်လာသတည်း။

---

၁။ အဘိဓမ္မတ္ထဒီပကကျမ်း ဒုတိယအုပ်

www.dhammaransi.com



## လူမှာဆံပင်ဘယ်နှစ်ချောင်း၊မွေးညှင်းဘယ်နှစ်ပင်ရှိသနည်း ၃၂ ကောဋ္ဌာသကို ရှေးက ဓါတ်ခွဲပုံ

လူတိုင်း လူတိုင်းမှာ ဆံပင်၊ မွေးညှင်း၊ အကြော၊ အရိုး၊ အူသေး၊ အူမ တွေရှိကြ၏။ ၃၂ ကောဋ္ဌာသ ခေါ်၏။

သို့သော်....မြင်းစီး၍ အထီးမှန်း၊အမမှန်းမသိ ဟူဘိ၏သို့၊ ဆံပင်က ဘယ်နှစ်ပင်၊ အရိုးက ဘယ်နှစ်ချောင်း၊ အူမက ဘယ်နှစ်ခွေ၊ အရှည်က မည်မျှဟူ၍ အရှိကို အရှိအတိုင်း မသိကြကုန်။

ပညာရှိတွေးကြည့်လျှင် ပြေးကြည့်သည်ထက် မှန်သည်ဟု စကားပုံရှိ၏။ရှေးပညာရှင်တို့သည် ၃၂ ကောဋ္ဌာသတို့၏ အရှိကို အရှိအတိုင်း ထင်မြင်အောင် ပညာဓါတ်မှန်ဖြင့် ရိုက်၍ ဓါတ်ခွဲသွားကြကုန်၏။ ကောဋ္ဌာသ တို့၏ ပကတိ အရှိကိုသချ်ာနှင့်တကွ အတိအကျ ပြကြကုန်၏။ အဘယ်မျှအထိ တိကျမည်၊မှန်ကန်မည်ကို သိပ္ပံ ပညာရပ်များဖြင့် မှတ်ကျောက်တင်၍ ကြည့်သင့်၏။

ကျွန်ုပ်တို့ကိုယ်တွင်းရှိ ကောဋ္ဌာသများကို သိနေကြသည်ကား အကြမ်းဖျဉ်းအားဖြင့် လက်နှစ်ဘက်၊ ခြေနှစ်ချောင်း၊ သွား ၃၂ ချောင်း၊ ခြေသည်းလက်သည်းပေါင်း နှစ်ဆယ်၊ ဤမျှလောက်ကိုသာ သိကြ၊ ပြောနိုင်ကြ၏။ အရိုးက ဘယ်လောက် အကြောက ဘယ်မျှဟူ၍ မသိကြ။ မပြောနိုင်ကြတော့ကုန်။

ပညာရှိတို့၏ ဥာဏ်သည် သိပ္ပံနှင့် မည်သို့နေမည်မသိ။ ၃၂ ပါးသော ကောဋ္ဌာသများကို ဥာဏ်မှန်ပြောင်းဖြင့် ကြည့်သောအခါ သူတို့သည် ဤသို့ မြင်ကုန်သတည်း။

www.dhammaransi.com



ဤ ခန္ဓာကိုယ်ရုပ်၊ အကောင်ပုပ်၌

၁။ နှင်ကုဋ္ဋေ ငါးသိန်းသော ဆံပင်(၂၅,၀၀၀,၀၀၀)
၂။ ကိုးသောင်း ကိုးထောင်သော မွေးညှင်း(၉၉,၀၀၀)
၃။ နှစ်ဆယ်သော ခြေသည်းလက်သည်း(၂၀)
၄။ သုံးဆယ့်နှစ်ချောင်းသော သွား(၃၂)
၅။ တကိုယ်လုံးခွါ၍ လုံးသည်ရှိသော် ဇီးစေ့ခန့်မျှ ပမာဏ ရှိသော အရေထူ အရေပါး။
၆။ ကိုးရာသော အသားတစ်(၉၀၀)
၇။ ကိုးရာ့ခြောက်ဆယ်သောကြောသေး ကြောမ(၉၆၀)
၈။ သုံးရာသော အရိုး၊ ရိုးတွင်း ချဉ်ဆီအစု(၃၀၀)
၉။ သရက်သီးနှစ်လုံးပြွတ်သဏ္ဍာန်ရှိသော အညှိုးနှစ်ခု(၂)။
၁၀။ လက်ဆွဲခွဲမျှလောက် သွေးရှိသော၊ သားမြွတ် နှစ်ခုတို့၏ အလယ်၌ တည်သော နှလုံးသား။
၁၁။ သားမြွတ်အုံနှစ်ဘက်တို့၏ အတွင်း၌ တည်သော၊ ပင်လယ် ကသင်ရွက် သဏ္ဍာန်ရှိသော အသားပြားတည်းဟူသော အသည်းနှစ်မွှာ။ (၂)
၁၂။ အသားကြား၌တည်သော၊ဖုံးလွှမ်းမဖုံးလွှမ်းအပ်သော၊ နှစ်မည်သော အမြှေး (၂)
၁၃။ နွားငယ်၏ လျှာသဏ္ဍာန်ရှိသော အပြင်
၁၄။ သဖန်းသီးသဖွယ် ၃၂ လုံးသော အသားတုံး အပြား ရှိသော အဆုပ်။

---

၁။ အဘိဓမ္မတ္ထဒီပကကျမ်း [၃]

www.dhammaransi.com



၁၅။ သုံးဆယ့်နှစ်တောင် ယောကျ်ား၊ နှစ်ဆယ့် ရှစ်တောင် မိန်းမ၊ သွေးကျင်းမှာခွေ၊ ခေါင်းပြတ် မြေသဏ္ဍာန် နှစ်ဆယ့်တတန်အခွေရှိသောအူမကြီး(၂၁)

၁၆။ အူမကြီးကို နေရာတကျ မလျောကျရအောင် နှောင်ဖွဲ့ လျှိုထိုး၊ ခြေသုပ်ကြိုးအလား၊အူမကြားမှာ တည်သော အူသိမ်နှ။

၁၇။ ရှိဘွယ်လတ်သတ်၊ခွေးအန်ဖတ် ပမာ အစာသစ် အစု။

၁၈။ ရှိဘွယ်ထပ်လောင်း၊ အစာဟောင်း အစု။

၁၉။ ဦးခေါင်းအတွင်း၊ နို့ခဲအဆင်းနှင့် တူသော ဦးနှောက် အစု။

၂၀။ အသည်းကိုမှီ၍ အအိမ်နှင့်တည်သော ဗဒ္ဓသည်းခြေ။

၂၁။ တကိုယ်လုံးနှံ့၍ တည်သော အဗဒ္ဓသည်းခြေ။

၂၂။ ကိုယ်၏အတွင်း၊တခွက်ခင်းမျှ၊ပမာဏရှိသောချွဲသလိပ်။

၂၃။ ဖက်ရွက်ယော်အဆင်း၊ ထိခိုက်ခြင်း ကြောင့် ဖြစ်သော ပြည်ပုပ်။

၂၄။ အဆုပ် အညှို့ နှလုံး အထက်၊ အသည်းရွက်အောက်နေ၊ ဤလေးထွေကို စိုစေလျက် တစက်စက်ကျသောသွေးစိ တသွေး။

၂၅။ ဓါတ်သဘောမညီ၊ နှမ်းဆီအဆင်း၊ မွေးညှင်းအတွင်းမှ ယိုကျသော ချွေး။

၂၆။ နှနှင်းခဲ အဆင်း၊ အသားတွင်း၌တည်သော အဆီခဲ။

၂၇။ ကြည်လင်ဝမ်းမြောက်၊ ငိုကြွေးရောက်က၊ ပေါ်ပေါက် လာရသော မျက်ရည်။

www.dhammaransi.com



၂၈။ ဥတုပျက်ပြား၊ ခြေ လက် ဖဝါး၊ နှာခေါင်းဖျား တို့မှ ရောက်လျှားပေါ်လာရသော ဆီကြည်။

၂၉။ ရေမြှုပ်အဆင်း၊ပါးစောင်တွင်း မှ၊ သက်ဆင်းရသော တံထွေး။

၃၀။ ဦးခေါင်းတွင်းမှ၊ သက်ဆင်းလျှောကျ၊ နှာခေါင်းဝသို့ ယိုစီးရသော နှပ်ချေး။

၃၁။ အရိုးဆက်တွင်း၊ စွတ်စိုခြင်းနှင့်၊ မဟာလှေကားပွင့် အဆင်း နှင့်တူသော အစေး။

၃၂။ ဝင်ပေါက်မထင်၊ ထွက်ပေါက်သာ မြင်ရသော ကျင် ငယ်ရေအစု။

ဤသည်တို့ကား ဥာဏ်ဓါတ်မှန်၊ ရိုက်ချက်မှ၊အနက် ထင်လာ သော ၃၂ ကောဋ္ဌာသတို့၏ ဥသဏ္ဌာန်များ ဖြစ်သတည်း။ ဆံ ပင် မွေးညှင်းတို့၏ အရေအတွက်ကို ဂဏန်းနှင့်တကွ အဘိအကျ ဖေါ်ပြထားပုံမှာ အံ့ဘွယ်လိလိ ဖြစ်ဘိ၏။

## အရိုးသုံးရာ ကို

## ဥပမာ နှင့်တကွ ပြဆိုချက်

ထိုထက် အလွန်အံ့ဘွယ်လိသိ၊ ဖြစ်စေတုံဘိသည်ကား အရိုး စုများကို မျက်လုံးထဲမှာ ထင်းကနဲ၊ လင်းကနဲဝင်းကနဲ၊ သိထင်၊ မြင်သာအောင် သက်ဆိုင်ရာရာ ဥပမာများနှင့် ခိုင်းနှိုင်း၍ ပြဆို ထားချက် များမှာလည်း နှစ်သက်ဘွယ် အတိပင် ဖြစ်စေဘိ ပြန်၏။

www.dhammaransi.com



(မှတ်ချက် နှာခေါင်းတွင်းရိုး၊ နှလုံးရိုး၊ ဦးထိပ်ရိုး၊ နဖူးရိုး တို့သည် အရိုးတချောင်းစီသာဟု မှတ်။)

၁။ နှာခေါင်းတွင်းရိုးသည် အဆံထွင်ပြီး ထန်းသီး စေ့ နှင့် တူ၏။

၂။ နှလုံးရိုးသည် ယောက်မရွက် နှင့် တူ၏။

၃။ ဦးထိပ်ရိုးသည်မျက်နှာလိုးဖေါက်၊အုန်းသီးစေ့ကောက် နှင့် တူ၏။

၄။ နဖူးရိုးသည် မှောက်၍ထားသော ခရုသင်း ခွက်ကွဲ နှင့် တူ၏။

(မှတ်ချက်။ ။မျက်ကွင်းရိုး၊ နားရိုး၊ အထက် အောက်မေး ရိုး၊ ညှပ်ရိုး၊ ကျောက်ကပ်ရိုး၊ လက်ပြင်ရိုး၊ ပခုံးစွန်းရိုး၊ မောင်း ချင်းရိုး၊ ပေါင်ရိုး၊ ခါးရိုး၊ ဒူးဆစ်ရိုး၊ ခြေဖနှောင့် ရိုးတို့သည် အရိုးနှစ်ချောင်းစီးသာဟု မှတ်)။

၅။ မျက်တွင်းရိုးတို့သည် ထန်းသီးစေ့နု နှင့် တူကုန်၏။

၆။ နားရိုးတို့သည် ဆတ္တာသည်၏ သင်တုန်းအိမ် နှင့် တူကုန်၏။

၇။ အောက်မေးရိုးသည် ပန်းပဲတို့၏ ကိုက် နှင့်တူ၏။

၈။ အထက်မေးရိုးသည်ကြံခွံသင်သောဓါးငယ် နှင့် တူ၏။

၉။ ညှပ်ရိုးတို့သည် ကော့ညွတ်သော ပဲခွပ်ငယ်ရိုး နှင့် တူကုန်၏။

၁၀။ ကျောက်ကပ်ရိုး-

၁၁။ လက်ပြင်ရိုး-

www.dhammaransi.com



၁၂။ ပခုံးစွန်းရိုးတို့သည် တစောင်တခြမ်း တိုသော သီဟိုဠ်ပေါက်တူး နှင့် တူကုန်၏။
၁၃။ မောင်းရင်းရိုးတို့သည် ကြေးမှုံတံ နှင့် တူကုန်၏။
၁၄။ ပေါင်ရိုးသည် တစောင်းလိမ်ရွေ့ အရွေ့ မညီသော ပုဆိန်ရိုး နှင့် တူ၏။
၁၅။ ခါးရိုး နှစ်ခုစပ်သည် အိုးထိန်းသည်တို့ ခုံလှော်က် နှင့် တူ၏။
၁၆။ ဒူးဆစ်ရိုးတို့သည် တဖက်တခြမ်းသေသော ရေမြှုပ်ခဲနှင့် တူကုန်၏။
၁၇။ ခြေဖနှောင့်ရိုး တို့သည် ထန်းသီးစေ့ ကောက် နှင့် တူကုန်၏။

(မှတ်ချက် ခြေမျက်စိရိုး၊ မြင်းခေါင်းရိုး၊ မောင်းဖျား ရိုးတို့သည် အရိုးလေးချောင်းစီသာဟု မှတ်)။

၁၈။ ခြေမျက်စိရိုးတို့သည် ကြိုးဖေါက်သီတပ်၊ ချင်းချင်းခပ်၍ ကစားသော ကျင်ဖုလုံး နှင့် တူကုန်၏။
၁၉။ မြင်းခေါင်းတို့သည် အငယ်ကား လေးကိုင်း နှင့်၊ အကြီးကား ပိန်ကျုံ့သော မြွေ၏ ကျောက်ကုန်းနှင့် တူကုန်၏။
၂၀။ မောင်းဖျားရိုးတို့သည် ထန်းပင်ငယ်အုံ၊ နှစ်ခုအစုံနှင့် တူကုန်၏။

(မှတ်ချက် လည်ရိုး ခုနှစ်ချောင်း၊ ဦးခေါင်းရိုးကိုးချောင်း၊ ရင်ရိုးတဆယ့်လေးချောင်း၊ နံရိုးနှစ်ဆယ့်လေးချောင်း ရှိကုန်၏)။

www.dhammaransi.com



၂၁။ လည်ရိုး ခုနှစ်ချောင်းတို့သည် တံစို့၌ စီထိုး၍ ထားသော ဝါးညှောက်မျက်ကွင်း နှင့် တူကုန်၏။

၂၂။ ခေါင်းခွံရိုး ကိုးချောင်းတို့သည် ချုပ်တွဲအပ်သော ဗူးကွဲ နှင့် တူကုန်၏။

၂၃။ ရင်ရိုး ၁၄ ချောင်းတို့သည်ဆွေးမြည့်ဟောင်းမြင်းသော သန်လျက် အိမ်ချိုင့် နှင့် တူကုန်၏။

၂၄။ ကျောက်ကုန်းရိုး ၁၈ ချောင်းတို့သည် အတွင်း၌ဖေါက်သီဆင့်ထားခဲ့ပြားနှင့်အပကား ဝင်ရိုးတို့၌ ထိုးသီထားသော ဗူးတားအစဉ် နှင့် တူကုန်၏။

၂၅။ နံရိုး ၂၄ ချောင်းတို့သည် အစိတ်ကား တံစဉ် ကြီးငယ် နှင့်....၊ အပေါင်းကား ဖြန့်သော ကြက်ဖူ့တောက် နှင့် တူကုန်၏။

ထိုမှတပါး လက်ချောင်းရိုး၊ ခြေချောင်းရိုး၊ အသား၌တည်သော အရိုးနု တို့သည် ၆၄ ချောင်းစီ တို့တည်း။ ဤသို့သော အပြားအားဖြင့် အရိုးတို့သည် သုံးရာ ရှိကုန်၏။

၂၆။ ခြေ၌ အဖျားဆစ်တို့သည် ခပေါင်းရေကြည်စေ့ နှင့် တူကုန်၏။

၂၆။ ခြေ၌ အလယ်အဆစ်တို့သည် ပိန္နဲစေ့ နှင့် တူကုန်၏။

၂၇။ ခြေ၌ အရင်းအဆစ်တို့သည် ထက်စည် နှင့် တူကုန်၏။

၂၀။ ဖမိုးရိုးတို့သည် တောက်တောက်စဉ်း ဖြစ်ကုန်သော ခတ္တာငုံ၊ ပန်းတိုင်းစုငုံ နှင့် တူကုန်၏။

www.dhammaransi.com



၂၉။ လက်ချောင်းရိုးတို့သည် ခြေရိုးတို့ထက် စဉ်းငယ်၊ သေးသွယ် ရှည်လျားကုန်၏။

၃၀။ လက်ကောက်ဝတ်ရိုးတို့ကား တဖက်တွယ်ကပ်၍ ထားသော သလွဲပြားလိပ် အခွေ နှင့် တူကုန်၏။

၃၁။ အသားဦမိသော အရိုးနုတို့ကား တွေပြားသော သဏ္ဌာန်ရှိကုန်၏။

၃၂။ အစွန်အဖျားဦ တည်သော တင်ရိုးသည် အောက်သို့ရှေ့ ရှုကိုင်းထားသော မြေပါးပျဉ်း နှင့် တူကုန်၏၊ ခုနှစ်ခု ရှစ်ခုသော အရပ်တို့ဦ အပေါက်ပေါက် အထွင်းထွင်း ရှိ၏။

ဤသုံးရာသော အရိုးတို့သည် သူ့သူ့ငါငါ လူတိုင်း လူတိုင်းတို့ဦ ရှိကုန်၏။ ဤအရိုး၊ ထိုအရိုးတို့ဖြင့် ထောက်ကန်ထားလေသည့်အတွက် လူသည် တလူလူဖြစ်နေလေသည်။ အရိုးစုအရိုကို အရှိအတိုင်း မြင်ဘိလျှင်မူကား အဘယ်သူသည် ခင်တွယ်နိုင်ပချိမ့်နည်း။ သတိ နိုင်ပချိမ့်နည်း။

## ရုပ်ဆောင်နေသော အပုပ်ကောင်

ပကတိသော ဤကိုယ်ကား၊ ကြည်ညိုချင်စရာ၊ ခင်တွယ်ချင်စရာရှိပါဦးမည်လော့။ သုံးရာသော အရိုးပြိုင်းပြိုင်းတို့ဖြင့် ဆိုင်းထား၏။ အရိုးဆက်တို့ဖြင့် တချောင်းနှင့် တချောင်း ဆက်ဆက်ထား၏။ ကိုးရာသော အကြောတို့ဖြင့် အပ်ချုပ်သည့်နှယ် ချုပ်

www.dhammaransi.com



စပ်ထား၏။ ကိုးရာသော အသားတစ်တို့ဖြင့် ဖြည့်ဖို့မွမ်းမံ၊ လိမ်းကျံထား၏။ စွတ်စိုသောအရေတို့ဖြင့် တစစ်စစ်ဖြစ်နေ၏။

အပေါက်အပေါက်ရှိသော ဆိခွက်ကဲ့သို့ မပြတ်အောက်ထက် ဘရဗ့်ကျယိုစီးသော အပုပ်ရေရှိ၏။ ပိုးမျိုးရှစ်ဆယ်တို့၏နေရာအိမ်ဂေဟာတည်း။ အနာဟူသမျှတို့၏ တည်ရာတည်း။ ဆင်းရဲဟူသမျှတို့၏ မှီရာတည်း။ ပြည်မှည့်ပြီးသည့် အိုင်းအနာကြီးပမာ၊ ကိုးဖြာ ဒွါရ၊ အမာဝတို့ဖြင့် နေ့ညတစိုစို ယိုစီးလျက်ရှိနေ၏။ မစင်စီးစီးထွက်ရာ ဒွါရကိုးပေါက်တို့မှ အခါခပ်သိမ်း မစင်မကြယ်၊ စက်ဆုပ်ဘွယ်များ ယိုထွက်စီးကျနေ၏။

မျက်စိနှစ်ဘက်မှ မျက်ဝတ် မျက်ချေး၊ နားတွင်းနှစ်ဘက်မှ နဖါချေး၊ နှာခေါင်းနှစ်ဘက်မှ နှပ်ချေး၊ တရံတခါ သည်းခြေ၊ သလိပ်၊ အစာသွေးတို့သည် ခံတွင်းပေါက်မှ အန်ထွက်တတ်ကုန်၏။အောက်နှစ်ပေါက်တို့မှ ကျင်ကြီးကျင်ငယ်တို့သည် ယိုးစီးထွက်ကျကုန်၏။ ကိုးသောင်း ကိုးထောင်သော မွေးညှင်း တွင်းတို့မှ ချွေးဆား၊ အရေလွှာ မြူအညစ်အကြေးတို့သည် ယိုစီးထွတ်ကျကုန်၏။

ဤသို့သော ခန္ဓာ အသုဘ၊ ကိုယ်ကာယတို့ကိုမသုတ်သင်သည်သော်– မင်းသည်ငှင်း၊ ဆင်းရဲသား ပုဏ္ဏားသည်ငှင်း၊ ပန်းမှိုက်သွန်–ကျွန် ဒွန်းစဏ္ဍားသည်ငှင်း၊ အဆင်းအနံ့ အားဖြင့် မထူးသည်သာဖြစ်၏။ ကဲ့လဲ့ထူးခြား အပြားမရှိကုန်ရာ။ စက်ဆုပ်ဘွယ် ရွံရှာဘွယ် ထွီဘွယ်ရာသာ ရှိကုန်၏။

www.dhammaransi.com



အဘိဓမ္မာ မျက်လုံးဖြင့် သိုးသပ်ဘိမှုကား ဤခန္ဓာ၊ ဤကိုယ် သဘောကား အနည်းငယ်မျှပင် ခင်ဘွယ်၊ မင်ဘွယ်၊ တွယ်တာဘွယ်၊ မြတ်နိုးဘွယ် မရှိချေတကား။

အပုပ်ကောင်က ရုပ်ဆောင်နေသော ဤခန္ဓာကို ရှုမှန်းကာ၊ ဤကိုယ်ကာယကို လက်စတုံးနိုင်ပါမှ သံသရာ ဆုံးလေမည်သာ တည်း။ ဤခန္ဓာကိုယ်ကောင်ကြီးကို တပြုံ့ပြုံ့ပြုံးနှင့် ခြေသလုံးဖက် ထားလေသမျှ ကာလပတ်လုံး၊ သံသရာလည်၍ ဆုံးနိုင်တော့မည် မဟုတ်။

၀၀၀

www.dhammaransi.com

# အပိုင်း (၆)

## ဘဝအစဥ် ဘာကိုအလျင်ဆုံးတွေ့ရပုံ

ကုလားဘောထဲမှာနေလျှင် ကုလားကိုသာမြင်မည်။ ကုလားသံကိုသာ ကြားမည်။ တရုပ်ဘောထဲမှာနေလျှင် တရုပ်ကိုသာ မြင်မည်။ တရုပ်သံများကိုသာ ကြားနေမည်။ အနေကြာလျှင် ကုလားစကားကို ကုလားလို ကောင်းကောင်း ရေတတ်၊ ပြောတတ်လာမည်။ တရုပ်စကားကို တရုပ်လို ကောင်းကောင်း သွက်လက်စွာ ရေတတ် နွှေတတ်လာမည်။

သည့်ထက် သည့်ထက် ကြာကြာနေသော်-ကုလား အမူအရာ တရုပ်အမူအရာများ ကူးစက်လာမည်။ ကုလား ယောင်ယောင် တရုပ်ယောင်ယောင် ဖြစ်လာမည်။ အဘယ့်ကြောင့်ပါနည်း။ ပတ်ဝန်းကျင်သည် "မှုဆိုးနားနီး မုဆိုး" ဆိုသကဲ့သို့ လူကို ကူးစက်တတ်သောကြောင့် ဖြစ်၏။

လူသည် ဘယ်ကဖြစ်လာသနည်း။ ရုပ် နာမ်ဆို မှီ၍ ရုပ်နာမ်ကို အခြေခံ၍မွေးလာ၏။ ရုပ်ဖို-ရုပ်မ၊နာမ်ဖို-နာမ်မတို့၏ သံဝါသမှ ဖြစ်လာသော ရုပ်သား၊ ရုပ်သမီး၊နာမ်သား၊ နာမ်း သမီးဖြစ်၏။

www.dhammaransi.com



မွေးလာသော ထိုလူသည် အသိစိတ် ရှိလာသောအခါ လူ သည် ဘာကိုစ၍ တွေ့လေသနည်း။ ရုပ် နာမ် ဖြစ်၏။ ရုပ်နာမ်ကို စ၍တွေ့၏။ ရုပ်တို့၏ လှုပ်ရှားပုံအသွင်မျိုးစုံကို အလျှင်ဆုံး သူ မြင်သည်။ ရုပ်သံများကို အလျင်ဆုံး သူကြားသည်၊ ရုပ် နံ့များကို အလျင်ဆုံး သူခံသည်။ လူဖြစ်လာသည်နှင့် တပြိုင် နက် သူတွေ့လေသမျှ၊ ကြားလေသမျှ အာရုံ အဖုံဖုံတို့သည် ရုပ် နှင့် ရုပ်၏ အသိုင်းအသိုင်းအဝိုင်းများသာ ဖြစ်ကုန်သည်။

ထိုလူ၏အသိ၊ လူ၏ဦးနှောက်ထဲ၌ သက်ရှိ သက်မဲ့ရုပ်များ မှတပါး ဘာမျှမရှိ။ သည်ဟာ သည်ဟာတွေ၊ သည်ရုပ် သည်ရုပ် တွေကိုသာ ထပ်တလဲလဲ နေ့စဉ် သိထင်မြင်တွေ့နေ၏။

ထို့ကြောင့် နာမ်ရုပ်သည် လူ၏သန္တာန်၌ ဝက်အူနှင့် စွဲသကဲ့ သို့ စွဲနေသောအရာ ဖြစ်သဖြင့် ရုပ်စွဲ နာမ်စွဲ ကျွတ်အောင်ချွတ်၍ မရနိုင်။ ရုပ်မဟုတ်၊ နာမ်မဟုတ်၊ မဟာဘုတ်ခေါ်သော ဓာတ် ကြီးလေးပါးတို့၏အစုအဝေး ဟုပြောလျှင် ပြောသူသာမောချိမ့် မည်။ တော်တော်နှင့် သဘောပေါက်ရှာမည်မဟုတ်။ နားဝင် ရှာမည်မဟုတ်။ အကြောင်းသော်ကား လူသည် မွေးဖွား၍ လူ မှန်းသိစ အချိန်ကတည်းက ရုပ်တော နာမ်တောထဲမှာ ကြီးပြင်း လာခဲ့ရပြီး။ ရုပ်ခံ နာမ်ခံ၊ အမာခံကျောရိုးကြီးက လွန်စွာတောင့် သောကြောင့် ဖြစ်သတည်း။

## ဘဝင်မြင့် ဆေးသုံးလုံး နှင့် လူသား

သည်အထဲတွင် ထိုလူသားအား အဖြူကိုအမဲ၊ အမဲကို အစိမ်း ထင်ယောင် ထင်မှား၊ ကယောင်ချောက်ချား ဖြစ်သွားအောင်

www.dhammaransi.com



မှိုင်းတိုက်သော အထင်ကြီးစေသော "ဘဝင်မြင့်ဆေးကြီး သုံးလုံး" ကလည်းမသေမချင်း သုံးစွဲမိုဝဲသွားရန် ဖမ်းကတည်းကဝမ်းတွင်းပါ ပါလာသောကြောင့် ထိုလူသားခမျှားကား ဦးနှောက်ပျက်ရတော့ မလောက် ဖြစ်သွားရှာ၏။ (ပုထုဇနော ဥမ္မတ္တကော ကိုယောက်)

ထိုဘဝင်မြင့် ဆေးလုံးကား အခြားမဟုတ်၊ ဤသုံးမျိုးပင် ဖြစ်သတည်း။

၁။ တဏှာ

၂။ မာန

၃။ ဒိဋ္ဌိ

ယင်း သုံးမျိုးအနက် တဏှာကို အဘယ့်ကြောင့် ဘဝင်မြင့်ဆေး ဟု ဆိုအပ်သနည်း။

(၁) တဏှာ ။ အဘိဓမ္မာ အနှစ်၊ ပရမတ် စစ်စစ် အားဖြင့် သူမရှိ၊ ငါမရှိ။ သူပိုင်ဟူ၍ မရှိ၊ ငါပိုင်ဟူ၍မရှိ။ ထိုသို့ မရှိပါဘဲလျက်ကို သူဘဲ၊ငါဘဲ၊ လင်ဘဲ၊ မယားဘဲ၊ သားဘဲ၊ သမီးဘဲ၊ အမိဘဲ၊ အဘဘဲ ဟူ၍လည်း ကောင်း။ ငါ့ဟာဘဲ၊သူ့ဟာဘဲ၊ သူ့မယား၊ ငါ့မယား၊ သူ့လင်၊ ငါ့လင်၊ သူ့မိဘ၊ ငါ့မိဘ ဟူ၍လည်းကောင်း၊ ငါ့လယ်၊ ငါ့ယာ၊ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့အိမ်၊ ငါ့တိုက်။ ငါ့လှည်း၊ ငါ့နွား၊ ငါ့ မော်တော်ကား ဟူ၍လည်းကောင်း မဟုတ်ကို အဟုတ်ထင်အောင်၊ မရှိကို အရှိထင်အောင်၊မပိုင်ကို အပိုင်ထင်အောင်၊ စိတ်တွင်း၌ အမှတ်အစွဲ ရှိနေခြင်းသည် တဏှာ-မည်၏။

www.dhammaransi.com



ထို တဏှာ ဟူသော ဘဝင်မြင့်ဆေး၏ တန်ခိုးကြောင့်- လူသားသည် သူမြင်တွေ့နေရသော ရုပ်တို့ကို ခွဲခွဲခြားခြား၊မှတ် လေတော့သည်။ သည်ဟာငါ၊ သည်ဟာသူ၊ သည်ဟာ အိမ်၊ သည်ဟာကျောင်း–စသည် ဟူပေ၏။ "တဏှာ" ဖုံးထားသော ကြောင့် တဏှာ ပညတ်အောက်တွင် ပရမတ်အစစ် အနှစ်သာ ရ ဖြစ်သော ဓါတ်လေးပါး အစုအဝေးသည် ပျောက်ရလေ ၏။ တဏှာဝဲဇလုတ်ကြီးထဲတွင် ပရမတ်သည် မြုပ်ငုပ်သွားလေ ၏။

(၂)မာန။ မာနကား မိမိကိုယ်ကိုအထင်ကြီးမှု၊ဘဝင်မြင့်မှု၊ ထောင်လွှား တက်ကြွမှု၊ မော်မောက်မှု တည်း။ ထိုမာနတွင် အောက်ခြေအမှာခံရှိ၏။ အမာခံမရှိလေဘဲ မာနသည် ဖြစ်လေ့ မရှိ။

ထိုမာန၏ အောက်ခြေ အမာခံကား ရုပ်၊ အသံ၊ ပညာ၊ သီလ၊ သမာဓိ၊ မိတ်၊ ဆွေမျိုး စသည်စသည်တို့ ဖြစ်ကုန်၏။ အမာခံ တောင့်လျှင် တောင့်သလောက် မာနသည် ခြေဖျား ထောက်တတ်၏။ မော်ပြ၊ မောက်ပြ၊ ထောင်လွှားရှ် ပြတတ်၏။

ဥပမာ။ ရုပ်ချောသူက ချောဂုဏ်လှဂုဏ် မောက်ခြင်းမျိုး၊ အသံကောင်းသူက အသံဂုဏ် မောက်ခြင်းမျိုး။ ပညာတတ်သူက ပညာဂုဏ်မောက်ခြင်းမျိုး။ သီလကောင်းသူက သီလဂုဏ် မောက် ခြင်းမျိုး။မိတ်ဆွေမျိုး အင်အားတောင့်သူက မိတ်ဂုဏ်၊ ဆွေဂုဏ် မျိုးဂုဏ် မောက်ခြင်းမျိုး စသည်တို့ ဖြစ်ကုန်၏။

လူသည် မာနကိုလည်း အားကိုးတတ်၏။ မာနအားကိုးဖြင့် လူတဘက်သားအပေါ်၌ ချိုးချိုးနှိမ်နှိမ် ပြုမူဆက်ဆံ ဆိုပြော

www.dhammaransi.com



တတ်၏။ လူသည် ထိုမာနကို ဘုရားကဲ့သို့ ဆည်းကပ် ထားလေသောကြောင့်၊ မာနပညတ်၏အောက်တွင် ပရမတ်အစစ် အနှစ်သာရဖြစ်သော ခါတ်လေးပါး အစုအဝေးသည် ပျောက်ရလေ၏။ ပရမတ်ကို မာနပညတ်က မျိုပစ်လေ၏။ ထိုကြောင့်ထိုလူသားအဖို့ ပရမတ် နှင့် ဝေးကာ ပညတ် နှင့်သာ လုံးထွေးနေ၏။

(၃) ဒိဋ္ဌိ။ ငါ့ကိုယ်၊ ငါ့ခန္ဓာ၊ ငါ့ကာယဟူ၍အစွဲအလန်း ကြီးစွာဖြင့် အထင်ကြီးမှုသည် ဒိဋ္ဌိမည်၏။ ဥပမာ- ဓါး ဆိုရာ၌ သံသည် ထိုဓါး၏ အမာခံ အထည်ဖြစ်၏။ ထိုသံကိုပင် ဓါးဟူ၍ခေါ်ကြ၏။ ဤဥပမာကဲ့သို့ပထဝီစသော ဓါတ်လေးပါးသည်သတ္တဝါ၏ အမာခံအထည်ဖြစ်၏။ ထိုဓါတ်လေးပါး၏ အစုအဝေးကိုပင် သတ္တဝါဟူ၍လည်းကောင်း။ သူဘဲ၊ ငါဘဲ ဟူ၍လည်းကောင်း၊ အစွဲအလမ်းကြီးမှုကို ဒိဋ္ဌိ ဟု ဆိုပေသည်။ ထိုအတ္တစွဲ၊ ငါစွဲတည်းဟူသော ဒိဋ္ဌိက ဖုံးလွှမ်းထားသောကြောင့် ဒိဋ္ဌိပညတ်၏အောက်တွင် ပရမတ်သည် ပျောက်ရလေ၏။ ဒိဋ္ဌိဝဲက စုတ်သောကြောင့် ပရမတ်မှာ မြုပ်ပါသွားရလေ၏။

ယင်းတဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါးကို အဘိဓမ္မာ အခေါ်အားဖြင့် "မညနာ"ဟု ခေါ်၏။ မညနာဟူသည် အဘယ်ကို ဆိုလေသနည်း။

> "ပညတ်ကိုမခွါ မလှုန်နိုင်ကြကုန်သည့်အတွက်ပညတ်ကို အစွဲပြု၍ ပုထုဇဉ်တို့သည် တဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါးတို့ဖြင့် အလွဲလွဲထင်မှား၊ မြင်မှား၊ စွဲလမ်းကြ ကုန်၏။ ယင်းတရား သုံးပါးတို့ကို ထင်မှား၊ မြင်မှား၊ ယူမှား၊

www.dhammaransi.com



စွဲလမ်းတတ်သောကြောင့်"မညနာတရား"ဟူ၍လည်းဆို အပ်ကုန်၏။"

မညနာ ဆိုသည်ကား အထင်ကြီးခြင်းတည်း။ဟုတ် မှန်သည်ထက် ပိုလွန်ကာဆင်ခြင်းတည်း။အဝိဇ္ဇာအတွက် ကြောင့် ဝိပလ္လာသတရား ဖြစ်ပွါး၏။ [၂]ဝိပလ္လာသ တရား အတွက်ကြောင့် အထင်ကြီးခြင်း ဖြစ်ပွါး၏။

ထိုမညနာသည် တဏှာမညနာ။ မာနမညနာ။ ဒိဋ္ဌိ မညနာဟူ၍ သုံးပါးရှိ၏။

လောကဌ္ဌ ဆေးထ,သည်ဟု ဆိုစကားရှိ၏။ ဆေးထလျှင် ရမ်းတတ်၏။ အမှောက်မှောက် အမှားမှား ထင်ရာလျှောက်လုပ် တတ်၏။

## ပုဏ္ဏကဆေးနှင့် လူသား

ဥပမာ– ပုဏ္ဏကဆေး၊ အာဋ္ဌာဝကဆေး ထိုးထားသူ ဆေး ထခဲ့သော်–ဝါ–ဆေးထ လာသောအခါ ခုန်လိုခုန် ပေါက်လို ပေါက်၊ ပေါက်သောက်ကရ ဗလချီးနမ်း၊ ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်း ရမ်းသည် ဆို၏။

တဏှာ၊ မာန၊ ဒိဋ္ဌိ။ ဤသုံးပါးသည်–ပုဏ္ဏကဆေး၊ အာဋ္ဌာ ဝကဆေးနှင့် အလားတူ၏။ပုထုဇဉ်လူသားသည်-ထိုပုဏ္ဏကဆေး၊ အာဋ္ဌာဝကဆေး ထိုးထားသူနှင့် တူ၏။

---

၁။ ။ပရမတ္ထစကျွဲကျမ်း[ဒီပဲရင်း]

၂။ ။ဝိပဿနာဒီပနီ (လယ်တီ)

www.dhammaransi.com



ပုဏ္ဏကဆေး၊ အာဋ္ဌာဝကဆေး ထိုးထားသူကား—ဆေး ထသည် ဆိုသော်လည်း အခါခပ်သိမ်း ထသည်မဟုတ်။ ရံခါရံသာ ထတတ်၏။ ပုထုဇဉ် လူသားမှာမူကား—တဏှာ၊ မာန၊ ဒိဋ္ဌိဆေး အမြဲ ထနေ၏။

ထိုကြောင့်.... ငါမဟုတ်ဘဲကို ငါဟု ထင်မှားလေ၏။ ငါပိုင် မဟုတ်ဘဲကို ငါပိုင်ဟု အထင်ကြီးလေ၏။ ငါဆိုမှငါ၊ အာကငါ၊ တကဲ့ငါဟူ၍-မာန်တဝင့်ဝင့်၊ ဘဝင်မြင့်လေ၏။ ငါ့ကိုယ်၊ ငါ့ကာယ၊ ငါ့အတ္တဟူ၍ စွဲလမ်းလေသတည်း။ ဤဆေးမပြယ်သမျှ ပုထုဇဉ် လူသားသည် သံသရာ၌ တချာလည်လည် ဖြစ်နေရရှာမည် သာတည်း။

## ရုပ်နာမ်သည် အတ္တလား
## ရုပ်တခြား၊ နာမ်တခြားလား
## နာမ်သည် ရုပ်ကောင်ကြီးထဲမှာ အောင်းနေသလား

တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော မညနာတရား၊ ဆေးသုံးပါးထက်သောကြောင့် ပုထုဇဉ်သည်အထင်အမြင်အမျိုးမျိုးလွဲ၊အမျိုးမျိုး မှားချေ၏။ က ထောင် က ချောက်၊ ပေါက်သောက်ကရတွေ လျှောက်ထင်ကုန် လေ၏။

## ရုပ် အတ္တဝါဒ

မှန်၏။ အချို့တို့က ရုပ်ကို-အတ္တ၊ နာမ်ကိုအတ္တ၊ ရုပ်နာမ်ကို အတ္တဟူ၍ ထင်မှား၊ မြင်မှား၊ ယူမှား စွဲလမ်းကုန်၏။ နာမ်ဟူ၍ သီးခြားမရှိ။ ရုပ်သာရှိသည်။ ထိုထိုအာရုံကို သိတတ်၊ ဆင်းရဲ

www.dhammaransi.com



ချမ်းသာမှုကို ခံစားတတ်၊ ထိုထိုကိစ္စအဝဝတ်ကို ပြီးစေတတ်သမျှ အားလုံးသည် ရုပ်၏သတ္တိ၊ ရုပ်၏စွမ်းအား၊ ရုပ်၏တန်ခိုး၊ ရုပ်၏ အာနုဘော်ချည်းသာ ဖြစ်၏။ ထိုကြောင့်—ရုပ်သည်ပင် အတ္တ၊ ရုပ်သည်ပင် ကာယ၊ ရုပ်သည်ပင် အကောင် ဖြစ်သည်။ ထို အတ္တ ထို ကာယ၊ ထို အကောင်သည် တခုထဲ၊ တရှိထဲ၊ ခိုင်မြဲသည်ဟု— ထင်မှား၊ မြင်မှား၊ ယူမှား စွဲလမ်းကုန်၏။

## နာမ်အတ္တဝါဒ

အချို့တို့ကမူ—ရုပ်ကောင်ကြီးထဲမှာ နာမ်ရှိသည်။ နာမ်သည် ရုပ်ကောင်ကြီးထဲမှာ အောင်းနေသည်။ ထိုနာမ်သည်ပင် အတ္တ၊ ထိုနာမ်သည်ပင် ကါယ၊ ထိုနာမ်သည်ပင် အကောင် ဖြစ်သည်။ ထိုအတ္တ၊ ထို ကါယ၊ ထို အကောင်သည် တခုထဲ၊ တရှိထဲ ခိုင်မြဲ သည်။

ထိုကြောင့်....ထိုထိုအာရုံကို သိတတ်၊ ချမ်းသာ ဆင်းရဲမှုကို ခံစားတတ်၊ ထိုထိုကိစ္စအဝဝကို ပြီးစေတတ်ခြင်းဖြစ်သည်။ ထို အတ္တ၊ ထို ကာယ၊ ထို အကောင်သည်-ရုပ်ခန္ဓါကြီး ပျက်စီးသွား သော်လည်း သူကားမပျက်ချေ။ ဘဝတပါးသို့ထွက်သွားသည်၊ ကူးပြောင်းသည်ဟူ၍ ထင်မှား၊ မြင်မှား၊ ယူမှားစွဲလမ်းကုန်၏။

## ရုပ်နာမ် အတ္တ ဝါဒ

အချို့တို့က မူကား.... ရုပ်နာမ် နှစ်မျိုးစလုံးကိုပင် တခုထဲ၊ တရှိထဲ ခိုင်မြဲသော အတ္တ၊ ခိုင်မြဲသော ကာယ၊ ခိုင်မြဲသော အ ကောင် ဖြစ်သည်။ထို အတ္တ၊ ကာယ၊ အကောင်သည် ထိုထို အာရုံ

www.dhammaransi.com



ကို သိတတ်၊ ချမ်းသာ ဆင်းရဲကို ခံစားတတ်၊ ထိုထို ကိစ္စအဝဝ ကို ပြီးစေတတ်သည် ဟူ၍ နာမ်ရုပ် နှစ်ပါးလုံးကိုပင် အတ္တဟု ထင်မှား၊မြင်မှား၊ ယူမှား စွဲလမ်းကုန်၏။

## ဇီဝ အတ္တဝါဒ

အချို့ကလည်း ရုပ်ကောင်၊ ခန္ဓာကိုယ်ကောင်ကြီးထဲ၌ တရှိထဲ မြဲသော ဝိညာဏ်ရှိသည်။ ဝိညာဏ်သည် ရုပ်ကောင်၊ ခန္ဓာကိုယ်ကောင်ကြီးထဲမှာ နေသည်။ အသက်ရှိသည်။ ၊ဝိညာဏ်ကား ထိုထို အာရုံကို သိတတ်သည်။ ကိစ္စ အဝဝကို ပြီးစေတတ်သည်။ အသက်ကား အစောင့် အရှောက်မျှသာ။ သေသောအခါ ထိုဝိညာဏ်ကား ချုပ်ငြိမ်းပျောက်ပျက်လေ၏။ ရုပ်ကောင်—ခန္ဓာကောင်ကြီးလည်း ရိပုပ်၊ ဆွေးမြေ့လေ၏။ အသက်ကား—ဘဝတပါးသို့ ထွက်သွားသည်၊ ကူးပြောင်းသည် ဟု ယူမှား စွဲလမ်းကုန်၏။ဤ အယူနှစ်မျိုးသည်လည်း နာမ်ကို အတ္တစာရင်းထဲ သွင်းယူသော ဝါဒသာ ဖြစ်လေသည်။

## ဝိညာဏ်အတ္တ ဝါဒ

အချို့တို့ကမူ အသက်ဟူ၍ မရှိ။ ဝိညာဏ်သာ ရှိသည်။ယင်း ဝိညာဏ်သည် တခုထဲ၊ တရှိထဲ အမြဲတည်နေသည်။ ရုပ်ကောင်က ပျက်သွားသော်လည်း သူကား မပျက်။ ဘဝတပါးသို့ထွက်ခွါသွားသည်၊ ကူးပြောင်းသည် ဟု ယူမှား စွဲလမ်းကုန်၏။ ဤ အယူနှစ်မျိုးသည်လည်း နာမ် ကို အတ္တစာရင်းထဲ သွင်းယူသော ဝါဒသာ ဖြစ်လေသည်။

www.dhammaransi.com



## ဝေဒနာ၊ သညာ၊ သင်္ခါရ အတ္တဝါဒ

နာမ် ဉ်လည်း အချို့က ဝေဒနာကိုပင် တခုထဲ၊ တရှိထဲ ခိုင်မြဲသော အတ္တ ဟူ၍ငင်း၊ သညာကိုပင် အတ္တဟူ၍ငင်း၊ သင်္ခါရ ကိုပင် အတ္တ ဟူ၍ငင်း ဤသို့ စသည်ဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိ ဆေးထလေတိုင်း အလွဲလွဲ၊ အမှားမှား၊ ထင်မှား၊မြင်မှား၊ယူမှား စွဲလမ်းကြကုန်သတည်း။

## ပရမတ်မျက်စိ မရှိသော အန္ဓ ပုထုဇဉ်တို့၏ အတ္တ အဓိပ္ပါယ်

အတ္တ ဟူသည် အဘယ်နည်း။ အဘယ်ကို အတ္တ ဆိုသနည်း။ အကြင် ဝတ္ထုသည်—

(က) နိစ္စ— မြဲလည်း မြဲ၏။

(ခ) သုခ— ချမ်းလည်း ချမ်းသာ၏။ မကောင်း အာရုံနှင့် တွေ့ကြုံလျှင်သာ ဒုက္ခဖြစ်၏။ အရှင် ဟူ၍၊ အကောင် ဟူ၍သည်း ဆိုရ၏။

ထို အင်္ဂါကို အတ္တဟူ၍ ဆိုလေအည်။

ထိုစကားကို ချဲ့ဦးအံ့။ ပရမတ် မျက်စိ ပိတ်ပိတ်သား အလျှင်း ပင် မရှိသော အန္ဓာပုထုဇဉ် သတ္တဝါတို့၏ ကိုယ်၌ လိုရင်း အောက်ခြေအမာခံ အထည်ကိုယ် ရှိသည်။ ယင်း အမာခံ အထည် ကိုယ်သည်—

www.dhammaransi.com



(က) နိစ္စ– မြဲသည် ဖြစ်၍ နေ့ဆက်၊ ရက်ဆက်၊ နှစ်ဆက်- ဘဝဆက်၊ မပျက်မစီးဘဲ တရှိထဲရှိနေသည်။

(ခ) သုခ–ချမ်းသာသည် ဖြစ်၍ သုခ ဆိုရသည်။ အရှင် ဟူ၍ဆိုရသည်။ အကောင် ° ဟူ၍လည်း ဆိုရသည်။

ယင်း အထည်ကိုယ်ကောင်သည် ထိုထို အာရုံကို သိလည်းသိတတ်။ ဆင်းရဲမှု၊ ချမ်းသာမှု ကိုလည်း ခံစားတတ်။ အလိုသို့လည်း လိုက်တတ်၊ လိုက်စေတတ်သည်။ ဖြစ်ချင်သလို ဖြစ်နိုင်သည်။ သူ့သာလျှင် လိုရင်း ပဓာန အဓိက ဖြစ်သည်၊ သူမရှိက အသေ ဖြစ်သည်, ဟု မဟုတ် မရှိဘဲလျှက်ကိုယ်၊အဟုတ် အရှိ ဟူ၍ ထင်မှား၊ မြင်မှား၊ ယူမှား စွဲလမ်း ကုန်သည်။

ယင်းသို့ ပရမတ် မျက်ကန်း အန္ဓပုထုဇဉ်တို့ ထင်မှား၊ မြင်မှား၊ ယူမှားစွဲလမ်းသော မဟုတ် မရှိသောအမာခံ အထည်ကိုယ်ပင် အန္ဓပုထုဇဉ်တို့က အတ္တ ဟူ၍ သမုတ်ကုန်၊ ပညတ်ကုန်၊ ခေါ်ကုန်သည်တည်း။

အတ္တစင်မှ အနတ္တ ထင်မည်။
အနတ္တ ထင်မှ ခင်တွယ်မှု သံယောဇဉ် ပြတ်မည်။
သံယောဇဉ်ပြတ်မှ ဘဝဇာတ် ချုပ်ငြိမ်းမည်။

---

မြန်မာအမခေါ် အကောင်နှင့် ပါဠိအခေါ် အတ္တ၊ ပုဂ္ဂလ၊ သတ္တ၊ ဇီဝ– အနက်တူ၏။ အသံသာ ကွဲ၏။ "ပုဂ္ဂလောတိ အတ္တာ သတ္တော ဇီဝေါ"ကထာဝတ္ထု၊ အဋ္ဌကထာ။

www.dhammaransi.com



## အတ္တ ဒိဋ္ဌိ၏ ကြီးမားသော ပင်မ အင်အားနှင့် ယင်း၏ အကိုင်းအခက် ဒိဋ္ဌိများ

အတ္တဒိဋ္ဌိဟူသည် **အဘယ်နည်း။** အဘယ်ကို အတ္တဒိဋ္ဌိ ဆိုသ **နည်း။**

အတ္တ + ဒိဋ္ဌိ = အတ္တဒိဋ္ဌိ။

အတ္တ = ငါ၏ခန္ဓာ၊ ငါ၏ကိုယ်။

ဒိဋ္ဌိ = ယူမှား စွဲလမ်းခြင်း။

မိမိ၏ကိုယ်၊ မိမိ၏ ခန္ဓာကို ငါ၏ အတ္တဟု ယူမှား စွဲလမ်းခြင်းကို အတ္တဒိဋ္ဌိ ဆိုသည်။ လွန်စွာ အားကောင်းလှသော ဟူ၏။

ထိုအတ္တဒိဋ္ဌိသည် ပမာဆိုသော်....

(က) ဒိဋ္ဌိအမျိုးမျိုးတို့ ပေါက်ပွားရာ၊ မွေးထုတ်ရာ ပင်မကြီးနှင့် အလားတူ၏။

(ခ) ဒိဋ္ဌိ အမျိုးမျိုးတို့ကို ထုတ်လုပ်သော ဒိဋ္ဌိကုန် ထုတ် စက်ရုံကြီးနှင့်လည်း အလားတူ၏။

ဒိဋ္ဌိအမျိုးမျိုးတို့ ပေါက်ပွားရာ ဆိုသည်မှာ....

**သဿတ ဒိဋ္ဌိ။** ။ အတ္တဟု ဆိုအပ်သောကိုယ်၊ အတ္တဟု ဆိုအပ်သော ခန္ဓာ၊ အတ္တ ဟု ဆိုအပ်သော အကောင်သည် သေသော်လည်း ပျက်မသွားချေ။ ဘဝတပါး ထွက်သွားသည်။ ကူးပြောင်းသည်ဟု ယူမှား စွဲလမ်းခြင်းကို သဿတ ဒိဋ္ဌိ ခေါ်သည်။

---

အတ္တဒိဋ္ဌိ မူလကား သဿတုစ္ဆေဒါဒ စယာ။
ပဏ္ဏာသပါဠိတော်။

www.dhammaransi.com



ဥစ္ဆေဒဒိဋ္ဌိ။ အတ္တ ဟု ဆိုအပ်သော ကိုယ်၊ အတ္တ ဟု ဆိုအပ်သော ခန္ဓာ၊ အတ္တ ဟု ဆိုအပ်သော အကောင်သည် သေသည် ရှိသော် ပြတ်လေ၏။ ပျောက်လေ၏။ နောက်ထပ် ဘဝအသစ် ဖြစ်ခြင်းမရှိတော့ဟု ယူမှား စွဲလမ်းခြင်းကို ဥစ္ဆေဒ ဒိဋ္ဌိ ခေါ်သည်။

သစ်ပင်တို့၌ အကိုင်း အခက်တို့သည် ရှိကုန်၏။ ထိုအကိုင်း အခက်တို့သည် ပင်စည်၊ ပင်မ သာလျှင် အရင်းခံရှိကုန်၏။ ပင်စည် ပင်မကြီး မရှိဘဲ အကိုင်းအခက် ဟူသည် ထွက်မလာနိုင်။ ထို့အတူသာလျှင်၊ မည်သည့် ဒိဋ္ဌိပင် ဖြစ်စေ။ ဖြစ်လိုသော် စျေးဆိုင်ရှိရာ စျေးဝယ်လာသကဲ့သို့ အတ္တ ရှိရာသို့သာ ပြာရသည်။ ဆိုက်ရသည်။ အတ္တကို လွတ်၍ မည်သည့် ဒိဋ္ဌိမျှ ဘည်ဆောက်၍ မဖြစ်။ အတ္တ ၌ တံ့နား၍ အတ္တကို ခြေကုပ်ပြု၍သာ ဖြစ်လိုရာရာ ဒိဋ္ဌိတို့သည် ဖြစ်လာကြရကုန်၏။

## အတ္တဒိဋ္ဌိ နှင့် ခိုင်းနှိုင်းစရာ ဥပမာများ။

ဤသည်ကို ထောက်လျှင် အတ္တဒိဋ္ဌိကို လေယာဉ်မျိုးစုံ သက်ဆင်းရာ လေယာဉ်ကွင်းကြီးနှင့် တူသည် ဟူ၍ လည်းကောင်း ရထားများစွာတို့ ဆိုက်ရာ ဘူတာရုံကြီးနှင့်တူသည် ဟူ၍ လည်းကောင်း၊ လှေ၊ သင်္ဘော၊ များစွာတို့ ဆိုက်ကပ်ရာ သင်္ဘောဆိပ်ကြီး နှင့် တူသည်ဟူ၍လည်းကောင်း ဆိုနိုင်၏။

ထိုမှတပါး.... ဥပမာ ဖန်ချက်စက်ရုံကြီးတရုံသည် ရှိ၏။ ဖန်ထည် ပစ္စည်း များစွာတို့သည် ထိုစက်ရုံကြီးမှ ထွက်ကုန်၏။ ဖန်

www.dhammaransi.com



ထည်ပစ္စည်းတို့၏ ထွက်ရှိလာရမှုသည် ထိုစက်ရုံ၌တည်၏။ စက်ရုံ မရှိလျှင် ဖန်ထည်ပစ္စည်းမရှိနိုင်။

အတ္တဒိဋ္ဌိသည် ဖန်ထည်စက်ရုံကြီးနှင့်တူ၏။ သဿတ ဒိဋ္ဌိ စသော ဒိဋ္ဌိများစွာတို့သည် ထိုစက်ရုံမှ ထုတ်လုပ်သော ဖန်ထည်ပစ္စည်းများနှင့် အလားတူကုန်၏။ ဤစက်ရုံကြီး ရှိပေ၍သာ ဖန်ထည် အဖြစ်သို့ ရောက်လာနိုင်ကြသကဲ့သို့ အတ္တဒိဋ္ဌိ တည်းဟူသော အမာခံ ကိုယ်ကာယကြီး ရှိနေပေ၍သာ ဒိဋ္ဌိ မျိုးစုံတို့ စုပြုံရောက်လာကြခြင်း ဖြစ်၏။ အတ္တဒိဋ္ဌိ တည်းဟူသော တည်ရာ မိုရာ၊ အမာခံ မရှိလျှင် အဘယ် ဒိဋ္ဌိသည် လာနိုင်လေမည်နည်း။

တနည်းအားဖြင့် အတ္တဒိဋ္ဌိသည် မိခင်နှင့်တူ၏။ သဿတဒိဋ္ဌိ စသည်တို့ကား သားသမီးနှင့် တူကုန်၏။ သား သမီး ဖြစ်လာမှုသည် မိခင်နှင့် မကင်းသကဲ့သို့။ (ဝါ)မိခင်မရှိလျှင် မဖြစ်သကဲ့သို့ သဿတဒိဋ္ဌိစသည်တို့သည်လည်း အတ္တဒိဋ္ဌိမှသာ ပေါက်ဖွားလာကြရကုန်၏။

တရားအားထုတ်သူ ယောဂီပုဂ္ဂိုလ်သည် အတ္တဒိဋ္ဌိကို မခွာလေဘဲ (ဝါ) အတ္တဒိဋ္ဌိ တန်းလန်းနှင့် မဂ်ဖိုလ်နိဗ္ဗာန်လမ်းကိုရှယ်စူးလျှက် ကျင့်နိုင်ပ ၏။ ကြိုးစားအားထုတ်နိုင်ပါ၏။ သို့သော် အတ္တဒိဋ္ဌိ တန်းလန်းနှင့် မဂ်-ဖိုလ် နိဗ္ဗာန်သို ရောက်ရှိခြင်း၊မဂ်-ဖိုလ်နိဗ္ဗာန်ကို ရရှိခြင်းမျိုးကား မဖြစ်စကောင်း၊ ဖြစ်ရိုး ထုံးစံ မရှိ။ အတ္တဒိဋ္ဌိ တန်းလန်း ရှိနေသူအား မဂ်ကလည်းကောင်း၊ဖိုလ်က လည်းကောင်း၊ နိဗ္ဗာန်က လည်းကောင်း လက်သင့်ခံမည်

www.dhammaransi.com



မဟုတ်။ မဂ် ဖိုလ် နိဗ္ဗာန်နှင့် အတ္တဒိဋ္ဌိကား မီးနှင့်ရေ အလား၊ တခြားစီသာတည်း။

## ဘာလဲဟဲ့ အတ္တဒိဋ္ဌိ

ထို့ကြောင့် နိဗ္ဗာန် မဂ် ဖိုလ် ရလိုသူသည် ရှေးဦးစွာ အတ္တဒိဋ္ဌိကို ပြိုအောင် ဖြိုရပေမည်။ မည်သို့ ဖြိုမည်နည်း။ ကွာအောင် ခွါရပေမည်။ မည်သို့ ခွာမည်နည်း။

မြင့်မိုရ်တောင်ကြီးပင် ဖြစ်စေဦးတော့ ဇွဲလုံ့လနှင့်ဖြိုသော် ပြိုရလေမည်သာ။ ဇွဲ ရှိဘို့နှင့် ဖြိုခွင်းရန် လက်နက်ကောင်း ရှိဘို့သာ လို၏။ ဤသာသနာ၌ သန်းပေါင်းများစွာ ကုန်သော လူရှင်၊ ရဟန်းတို့သည် နိဗ္ဗာန် မဂ် ဖိုလ်ကို ရကြ၊ ရောက်ကြ ကုန်ပြီ။ ထိုသူ၊ ဤသူ အားလုံးတို့သည် အတ္တဒိဋ္ဌိကို အမြစ်ပြတ်အောင် အကြွင်းမဲ့ ဖြတ်တောက်ပြီးသူများသာ ဖြစ်ကုန်၏။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့ ရောက်ရှိ သွားကြသူများအနက် အတ္တဒိဋ္ဌိ တန်းလန်းနှင့်လူ တယောက်မျှ မပါချေ။

ထိုအတ္တဒိဋ္ဌိကို ဖြိုရာ၌ အပြောလွယ်သလောက် လုပ်ရာ၌ မလွယ်လှ။ အတ္တဒိဋ္ဌိ ကား လွန်စွာအားအင် တောင့်တင်းလှသောကြောင့် မြင့်မိုရ်တောင်ကြီးပြိုအောင် ဓီးစေ့နှင့် ပေါက်၍ ဖြိုသကဲ့သို့ ရှိတတ်ချေ၏။ အချို့ ပုဂ္ဂိုလ်တို့သည် အတ္တဒိဋ္ဌိ မြစ်မျဉ်းကြီးပြတ်အောင် စွမ်းအားရှိသမျှ ဖြတ်ကြကုန်၏။ အားထုတ်လုံးပမ်းကြကုန်၏။ သို့သော် လက်နက်က မှုမမှန်သောကြောင့် ကြိုးစားသလောက် အရာမရောက်ချေ။ ဆင်ပြောင်ကို ခြင်ကောင်ဝါးသည့်ပမာ အတ္တဒိဋ္ဌိကား အနည်းငယ်မျှပင် မဖြုံလေ။ တုန်လှုပ်ခြင်း မရှိလေ။

www.dhammaransi.com



အတ္တဒိဋ္ဌိသည် အပေါ်ရံ ပညတ်အမြေးကိုစွဲ၍ ကြံ့ကြံ့ခံနေ၏။ ထို ပညတ်အမြေး ကို ခွာနိုင်၊ လှန်နိုင်၊ တူးဖြိုပစ်နိုင်မှ အတ္တဒိဋ္ဌိ ကင်းမည် ဖြစ်၏။ထိုပညတ်အမြေးကား ပါးမယောင်ယောင်နှင့် လှန်စွာ ထူထဲလှ၏။ ထို့ကြောင့် တော်ရုံတန်ရုံ ဓါးမျိုး၊ လက်နက်မျိုးဖြင့် ဖောက်၍ မပေါက်နိုင်ချေ။ သို့သော်....ဘုရားပေးသော လက်နက်ဖြင့် ဖြိုသော် အတ္တဒိဋ္ဌိသည် သဲတောင်ကြီး ပြိုသကဲ့သို့ ပြိုရလေ၏။ ဘုရားပေးသော လက်နက်ဖြင့် ဖောက်သော် အတ္တဒိဋ္ဌိ အမြေးသည် ပေါက်ရလေ၏။

အရာခပ်သိမ်းကို အကြွင်းမဲ့ သိတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် ယောနိးတို့အား အတ္တဒိဋ္ဌိ ကို အမဲဖျက်သည့်နှယ် ဖျက်ပစ်ရန်အတွက် လက်နက်ကြီးကိုးမျိုးကို ထုတ်ပေးထားသည်။ ထို လက်နက်ကြီးကိုးမျိုး ကား အဘယ်နည်း။

## အတ္တဒိဋ္ဌိ ကို ဖျက်ဆီးပစ်ရန် လက်နက်ကြီး ကိုးမျိုး။

၁။ နာမရူပ ပရိစ္ဆေဒဉာဏ်၊

၂။ ပစ္စယ ပရိဂ္ဂဟဉာဏ်။

၃။ အနိစ္စဉာဏ်။

၄။ ဒုက္ခဉာဏ်။

၅။ အနတ္တဉာဏ်။

www.dhammaransi.com

၆။ နိဗ္ဗိန္ဒဉာဏ် ဟူ၍ လောကီဘက်က ခြောက်ပါး။
၇။ မဂ်ဉာဏ်။
၈။ ဖိုလ်ဉာဏ်။
၉။ ပစ္စဝေက္ခဏာဉာဏ်ဟူ၍၊ လောကုတ္တရာ ဘက်က သုံးပါး ပေါင်း ကိုးပါး တည်း။

၁။ နာမရူပပရိစ္ဆေဒဉာဏ်။ ။ယင်းလက်နက်ကြီး ကိုးမျိုး အနက်—နာမ်တွေ၊ ရုပ်တွေကို အသွယ်သွယ် အလှယ်လှယ်၊အသီး အသီး အသက အသက၊ အမျှင် အမျှင် တခြားစီနေအောင်၊ရုပ်ကို ရုပ် သပ်သပ်၊ နာမ်ကို နာမ်သက်သက်၊ သီးခြားဖြစ်အောင် ထင်နိုင်၊ မြင်နိုင်၊ ပိုင်ခြားနိုင်သော ဉာဏ်ကို နာမရူပ ပရိစ္ဆေဒ ဉာဏ် ဟု ဆိုသည်။ ရုပ်နှင့်နာမ် မခွဲဘဲ ဗလုံးဗထွေး ဖြစ်နေလျှင် အရေးလှမည် မဟုတ်။

၂။ ပစ္စယပရိဂ္ဂဟ ဉာဏ်။ ။နာမ်ရုပ်သည်အလိုအလျောက်၊ ရှက်ကျပင်ပေါက် ဘဘောမျိုး–အလေ့ကျ ပေါက်လာသည် မဟုတ်။ သူ့အကြောင်းနှင့်သူ ဖြစ်လာသည်ဖြစ်ရာ.... ဘယ်သင်း ကြောင့်၊ ဘယ်ဟာကြောင့် နာမ်ရုပ်ဖြစ်လာသည် ဟူ၍ နာမ်ရုပ် ဖြစ်ပေါ်ပုံအကြောင်းကို အတိအကျ သိနိုင်၊ မြင်နိုင် သိမ်းဆည်း နိုင်သောဉာဏ် ကို ပစ္စယပရိဂ္ဂဟဉာဏ် ဟု ဆိုသည်။

၃။ အနိစ္စဉာဏ်။ ။ယင်းနာမ်ရုပ်တို့၏ ဂဏှာမငြိမ်၊ တရှိန်ရှိန် လှုပ်ရှားပြောင်းလဲနေပုံ။ ယင်း နာမ်ရုပ်တို့၏ အပြက်ပြတ်

www.dhammaransi.com



အသတ်သတ်၊ အတစ်တစ်၊ အရစ်ရစ်၊ တဖြစ်ဖြစ်၊ တနစ်နစ်၊ရေပွက် လျှပ်စစ်ကဲ့သို့ ဖြစ်ပျက်မစဲ၊အမြဲမတည်ကြောင်းကို ကောင်းစွာ သိနိုင်၊ မြင်နိုင်သော ဉာဏ်ကို အနိစ္စဉာဏ် ဟု ဆိုသည်။

၄။ ဒုက္ခဉာဏ်။ ။ဖြစ်လိုက်ပျက်လိုက် ဒေါင်ချာ ရိုက်နေသော ထိုနာမ်ရုပ်တို့ကို ကြောက်စရာကြီးပါလား၊ ထိတ်စရာ၊လန့်စရာကြီးပါကလားဟူ၍ သိနိုင်၊ မြင်နိုင်သောဉာဏ်ကို ဒုက္ခဉာဏ် ဟု ဆိုသည်။

၅။ အနတ္တဉာဏ်။ ။ယင်းသို့ ဖြစ်လိုက်ပျက်လိုက်၊ ဒေါင်ချာ ရိုက်နေသော နာမ်ရုပ်တို့၏ အကောင်မဟုတ်၊ အရှင်မဟုတ်။ ပိုင်သူမရှိ၊ နိုင်သူမရှိ၊ အစိုးတရ လွှမ်းမိုး ချုပ်ကိုင်ထားနိုင်သူမရှိ။ သူ့ဖြစ်ချင်တိုင်းဖြစ်၊ သူ့ပျက်ချင်တိုင်းပျက်၊ ရေပွက်မခြား လျှပ်စစ်ဥပမာ အလားကဲ့သို့ အယူမခံ၊ အကိုင်မခံ၊ ယူစရာ၊ ရစရာ အနှစ်အသားမရှိကြောင်းကို ကောင်းစွာ သိနိုင် မြင်နိုင်သောဉာဏ်ကို အနတ္တဉာဏ် ဟု ဆိုသည်။

ယင်းဉာဏ် ငါးပါး၊ လက်နက်ကြီး ငါးမျိုးအနက် နာမရူပပရိစ္ဆေဒဉာဏ်၊ပစ္စယပရိဂ္ဂဟဉာဏ် ဟူသော ဤလက်နက်နှစ်မျိုးဖြင့် အိမ်, လှည်း, ရထား, အဝတ်, ပုဆိုး, ကြိုးလွန်စသည်တို့ ကဲ့သို့ အထူးထင်ရှားအများပေါင်းစုလုံးထွေး ရှိနေသည်ကို တသားထဲ၊တခဲထဲ၊တခုထဲ ထင်ကြရ၊ မြင်ကြရ၊ ခေါ်ဝေါ်ကြရသော "သမူဟဃနပညတ် "ကိုဖြိုရာ၏။ သမူဟဃနပညတ် ကွာအောင်ခွါရာ၏။

www.dhammaransi.com



အနိစ္စဉာဏ် ဖြင့် ဟိုနေ့ငါသည် သည်နေ့ငါပင် ဟု ဤသို့ စသည်ဖြင့် အသီးသီး တခြားစီ၊ တဌာနစီ၊ တမျိုးစီ ဖြစ်ပြီး ဖြစ်ဆဲ ရှေ့တရား နောက်တရားတို့ကို တသားထဲ၊ တခဲထဲ၊ တခုထဲ၊ တယောက်ထဲ ထင်ကြရ၊ မြင်ကြရ၊ ခေါ်ဝေါ်ကြရသော သန္တတိဃနပညတ် ကို ခွါရာ၏။ သန္တတိဃနပညတ် ကွာအောင် အနိစ္စဉာဏ်လက်နက်ဖြင့် ခွါရာ၏။

ဒုက္ခဉာဏ် ဖြင့် အလှအယဉ်၊ အတင့်အတယ်၊ ချစ်ဘွယ်၊ ခင်ဘွယ်၊ မြတ်နိုးဘွယ်ထင်ကြရ၊ မြင်ကြရ၊ ခေါ်ဝေါ် ကြရသော သုဘဃနပညတ် ကို ဖြိုရာ၏။ သုဘဃနပညတ် ကွာအောင် ဒုက္ခဉာဏ်တည်းဟူသော လက်နက်ဖြင့် ခွါရာ၏။

အနတ္တဉာဏ်ဖြင့် ဇီဝပညတ်ကို ခွါရာ၏။ ခွါဆိုသော် လည်း လို့လ ဉာဏဟ စိုက်ထုတ်၍ အထူး ခွါနေရတော့သည် မဟုတ်။ အဟုတ်ရှိ၊ အမှန်ရှိ၊ အဟုတ်သဘော၊ အမှန်သဘောကို တကယ်သိ၊ အဟုတ်သိ၊ သိလေက ပညတ်သည် သူ့အလို အလျောက် ပျောက်ရလေတော့သည်သာ တည်း။ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်၊ ယင်း ငါးပါးကို အဟုတ်ရှိသော နာမ်နှင့်ရုပ်၊ အဟုတ်သဘော ဖြစ်သော လက္ခဏာသုံးပါးကို ဟုတ်တိုင်း မှန်တိုင်း သိနိုင်ကြသောကြောင့် ယထာဘူတဉာဏ် ဟူ၍ ခေါ်ဆိုရ၏။

**၆။ နိဗ္ဗိန္ဒဉာဏ်** ။ငြီးငွေ့သော ဉာဏ် ကို နိဗ္ဗိန္ဒဉာဏ် ဟု ဆိုသည်။ ထင်ရှားစေဦးအံ့။ ဆိုခဲ့ပြီးသော ယထာဘူတဉာဏ်

www.dhammaransi.com



ငါးမျိုးဖြင့် ပညတ်ကို အရေကွာအောင် ခွာ၍ အဟုတ်ကို အဟုတ်အတိုင်း၊ အမှန်ကိုအမှန်အတိုင်း တကယ်သိလာ၊ ထင်လာ၊ မြင်လာသောအခါ လောကဌ် ခင်စရာ၊ မြင်စရာ၊ တွယ်စရာ၊ မက်မောစရာ ဆို၍ ဘာဆို ဘာမှမမြင်။ ဘယ်ဘုံ ဘယ်ဘဝမှာ မှလည်း မဖြစ်ချင်။ ကြောက်မက်ဘွယ်လိလိ၊ ဘေးအတိသာ မြင်လေရကား ဘဝသံသရာ၊ ခန္ဓာအစဉ်၌ ကြောက်ရွံ့ ငြီးငွေ့တော့သည်သာ။ ယင်းသို့ ဘာဆိုဘာမှ မဖြစ်ချင်တော့သဲ ကြောက်ရွံ့ ငြီးငွေ့သည်ကိုပင် နိဗ္ဗိန္ဒဉာဏ် ဟုဆိုသည်။ ကြောက်ရွံ့ညီးငွေ့ ဆိုသော်လည်း ဒေါမနဿ၏ အစွမ်းဖြင့် ဆင်းရဲပင်ပန်းရလောက်အောင်ကြောက်ရွံ့ညီးငွေ့ခြင်းမျိုးမဟုတ်။စင်စစ်မှာ ယထာဘူတ ဉာဏ်ဖြင့် အမှန်ကိုအမှန်အတိုင်း မသိကြ၍သာ လူ့လောက နတ်လောက၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊လူကောင်၊နတ်ကောင်၊ အထီး၊ အမ စသည့် အတောင့် အတုံး၊၊ အလုံးအခဲ၊ တရှိထဲ ခင်ဘွယ်၊ မင်ဘွယ်၊ နှစ်သက်မြတ်နိုးဘွယ်တွေဟု ထင်ကြရ၊ မြင်ကြရကုန်လေသည်။

ယထာဘူတဉာဏ် ဖြင့် အမှန်ကိုသိသော် လောကီဘက်တွင် ကောင်းကွက် ကိုမမြင်။ ပြုပြင်မစဲ၊ အမြဲ ဖြစ်ပျက်နေကြသော ရုပ်နာမ်တို့၏ အလုံးအထွေး၊ အစုအခဲ၊ သူတို့ကို ပိုင်သူမရှိ၊ နိုင်သူမရှိ၊ အစိုးတရ ချုပ်ကိုင်နိုင်သူမရှိ၊ ဖြစ်ချင်တိုင်းဖြစ်၊ ပျက်ချင်တိုင်း ပျက်၊ တပျက်ထဲပျက်၊ ပျက်မစဲ သည်ကိုသာ မြင်သောကြောင့် လူ့လောက၊ နတ်လောက သဏ္ဌာန်၊ နာမ်ရုပ်အလုံးအထွေး အစုအခဲတို့ကို ဘေးတွေ ရန်တွေကဲ့သို့ ကြောက်ရွံ့လန့်ဘွယ်၊ မတွယ်

www.dhammaransi.com



မနှစ်သက် လွတ်ထွတ်ကင်းရှင်းချင်၊ မရှင်ညီးငွေ့၊ မပျော်မွေ့သော အခြင်းအရာဖြင့် အသိဉာဏ်ညက်ညော သိမ်မွေ့စွာ ဖြစ်လာသည်ကိုပင် နိဗ္ဗိန္ဒဉာဏ်၊ ကြောက်ရွံ့ညီးငွေ့သည်ဟူ၍ ဆိုရသည်။

(၄) မဂ်ဉာဏ်။ ။လောကီဘက်၌ သိစရာကုန်၍ လောကီကိစ္စအပြီးသတ် နိဂုံးချုပ်။ လောကီကို ကျော်ပေါက်၊ နိဗ္ဗာန်သို့ဆိုက်ရောက်သောဉာဏ်ကို မဂ်ဉာဏ်ဟု ဆိုသည်။ နိဗ္ဗာန်သို့ဆိုက်ရောက်သည်မှာလည်း မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်-သိ၊ နိဗ္ဗာန်နှင့်တွေ့ထိသည်ကို ဆိုသည်။ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သိ၊ နိဗ္ဗာန်နှင့် တွေ့ထိသည်နှင့်တပြိုင်နက် ထိုပုဂ္ဂိုလ်၏ သန္တာန်မှာ အမိုက်၊ အရှုပ်၊ အညစ်၊ အနှောက်၊ အပူ၊ ကိလေသာဟူသမျှ၊ အကုသိုလ်ကံဟူသမျှ၊ အဝိဇ္ဇာ-တဏှာ အမြစ်နှင့်တကွ လက်စပြတ် ကုန်ငြိမ်း၊ ခန်းခြောက်လေ၏။

ယင်းပုဂ္ဂိုလ်၏ သန္တာန်၌ အဝိဇ္ဇာအမြေး၊ တဏှာ အစေးခန်းခြောက်သည်ရှိသော်....အကုသိုလ်ကံ ဟူသမျှတို့သည် ဖုတ်ပြီးပြုတ်ပြီး မျိုးစေ့ကဲ့သို့ ဖြစ်လေကုန်၏။ ကုသိုလ်၊ အကုသိုလ်အကြောင်း သမုဒယ ကုန်ငြိမ်း ခန်းခြောက်လေက ဇာတိစသော အဆက်ဆက် ဖြစ်လတံ့ အကျိုးခန္ဓါတို့လည်း ခန်းခြောက်ကုန်ငြိမ်းကုန်၏။ အကြောင်းကုန်ငြိမ်းခြင်း၊ အကျိုးခန္ဓါတို့၏ ကုန်ငြိမ်းခြင်း နှစ်ပါးအပေါင်းသည် မဂ်ခဏ၌ တပြိုင်ထဲဖြစ်၏။

www.dhammaransi.com



နိဗ္ဗာန်သို့ ရောက်သည်၊ နိဗ္ဗာန်ကို ရသည် ဆိုသည်မှာလည်း မဂ်ခဏ၌ရသည် ရောက်သည် မှတ်ရာ၏။ စုတိကမ္ဘရုပ် ချုပ်လေပြီးမှ ရစရာ၊ ရောက်စရာနိဗ္ဗာန် တခြားမရှိ။ နိဗ္ဗာန်ဟူသည်တပါးသာတည်း။ ယင်းတခုသော နိဗ္ဗာန်ကိုပင် မဂ် ဖြစ်ပြီးနောက် စုတိမဖြစ်မီ ရောက်သောသူမှာ ခန္ဓါကြွင်း ရှိသေးသောကြောင့် သဥပါဒိသေသနိဗ္ဗာန်, ဟူ၍၎င်း၊ စုတိဖြစ်ပြီးနောက် ခန္ဓာကြွင်း မရှိသောကြောင့်အနုပါဒိသေသနိဗ္ဗာန်, ဟူ၍၎င်းရောက်သူ၏ခန္ဓာကိုအစွဲပြု၍အမည်နှစ်ပါးဖြင့်ခေါ်ဝေါ်ရသည်။နိဗ္ဗာန်နှစ်ပါးရှိ၍ခေါ်သည်မဟုတ်။ ထိုကြောင့် နိဗ္ဗာန်၌ကား အကွဲအပြားမရှိ။ အမည်သာ ကွဲပြားသည် မှတ်ရာ၏။

(၈) ဖိုလ်ဉာဏ်။ ။မဂ်၏အကျိုး၊ မဂ်၏နောက်ထပ်၊ မဂ်၏ကိစ္စကို အပြီးသတ်စေသောဉာဏ်၊ ရရှိပြီးသော နိဗ္ဗာန်အရသာကို ခံစားတတ်သောဉာဏ်ကို "ဖိုလ်ဉာဏ်"ဟု ဆိုသည်။

(၉) ပစ္စဝေက္ခဏာဉာဏ်။ ။သိဘွယ်၊ မြင်ဘွယ်၊ ပယ်ရှင်းဘွယ်၊ ကျင့်ဘွယ်၊ ကြံဘွယ်၊ အားထုတ်ဘွယ် ကိစ္စဟူသမျှ ပြီးဆုံး ကျွတ်လွှတ်ပေပြီဟု ဆင်ခြင်စိတ်ချ၊ ဗျာပါရမရှိ၊ ကြောင့်ကြမဲ့ ကိစ္စပြီး အေးကြီးအေးရသောဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ် ဆိုသည်။

"ယထာဘူတဉာဏ်ဖြင့် အဟုတ်အမှန်ကို အဟုတ်သိ တကယ်သိ၊ သိမြင်သော ပုဂ္ဂိုလ်သည် ငြီးငွေ့၏။ ငြီးငွေ့သောသူသည် တပ်ခြင်းကင်း၏။ တပ်ခြင်းကင်းခြင်း

---

၁။ သမ္မာပံဿံ နိဗ္ဗိန္ဒတိစသည်။ ခန္ဓသံယုတ်ပါဠိတော်။

www.dhammaransi.com



ကြောင့် ကျွတ်လေ-လွတ်လေ၏။ ကျွတ်ပြီးလွတ်ပြီးသော အခါ "ငါကျွတ်လွတ်ရပေပြီ" ဤသို့ ဆင်ခြင် စိတ်ချ၊ အေးကြီးအေးရသောဉာဏ် ဖြစ်လာ၏။

ဤ၌ သိမြင် ကား-ယထာဘူတဉာဏ်။ ငြီးငွေ့ကား-နိဗ္ဗိန္ဒဉာဏ်။ တပ်ခြင်းကင်းကား-မဂ်ဉာဏ်၊ ကျွတ်လွတ် ကား ဖိုလ်ဉာဏ်။ ဉာဏ်ကား-ပစ္စဝေက္ခဏာဉာဏ်။ ဤသို့ ဉာဏ်ငါးပါးနှင့် ဟပ်၍မှတ်ရာ၏။

## ဉာဏ်ငါးပါးကို

## ခရီးသွားယောကျ်ား ၏ ဖြစ်ရပ် နှင့် ပုံဟပ်ကြည့်ပုံ

ခြစ်ခြစ်တောက် ပူပြင်းလှသော နေလုံးကြီးအောက်မှာ ဖြစ်၏။ ခရီးသွား ယောကျ်ားတဦးသည် မောပန်းကာကြီး ချွေးဒီးဒီးနှင့် တမတ်စောက်စောက် လျှောက်သွားနေ၏။ လမ်းခုလပ်တွင် ထိုသူသည် ရေငတ်၍ အာများ ခြောက်ကပ်လာသည်။ ခရီးကပန်း၊ တောမကျွမ်းသောကြောင့် သည်လမ်း သည်ခရီးတွင် ဘယ်နေရာမှာ ရေရှိသည်ဟူ၍ သူမသိ။ သို့လျှောက်လာရင်းမှ လမ်းဘေးတနေရာတွင် မှိုင်းညို့ညို့တောတန်းတခု မြင်လေ၍ ရေရှိမည် အထင် နှင့် အမောင်ခရီးသွား ထိုယောကျ်ားသည် ထိုနေရာသို့ သွားလေ၏။

ထိုနေရာသို့ ရောက်လေ၏။ ထိုနေရာ၌ အလွန်သာယာလှစွာသော၊ အလွန်နေချင့်ဘွယ် ကောင်းလှသော ရွာတရွာ ဖြစ်နေ

www.dhammaransi.com



သည်ကို တွေ့ရသောအခါ ထိုယောကျ်ားသည် အတိုင်းမသိ ဝမ်းသာ သွားလေ၏။ ငါ့အဖို့ ရေတွင်သာမက ဈေးဆိုင်ကလေးများကလည်း သပ်သပ်ယပ်ယပ်နှင့် အာဟာရဓါတ်ကိုလည်း လိုအပ်သလို ငါဖြည့်တင်းရတော့အံ့။ ဝဝကြီး စားရတော့အံ့ဟု မဆုံးနိုင်သော ပီတိဖြင့် ထိုယောကျ်ားသည် ရွှန်းရွှန်းအိ ဖြစ်နေလေ၏။ ထိုအချိန်အထိတိုင် ယောကျ်ားသည်ရေကြည်တပေါက်မျှမသောက်ရသေးသော်လည်း ရွာ၏ သာယာလှစွာသော ရှုခင်း အောက်တွင်-တယောက်တည်း မစားရ ဝခမန်း ဖြစ်နေလေသည်။

ထိုခဏ သူ့မျက်စိထဲတွင် လျှပ်စစ်ပြက်သကဲ့သို့ လက်ခနဲထင်လိုက်ပြီးနောက်....သူသည် အလွန်အံ့ဩသော မျက်လုံးဖြင့်တနေရာကို ရှုမဆုံးအောင် ဖြစ်သွားလေ၏။ သူ့ မျက်စိအောက်သို့ရောက်နေသော အာရုံကား မိန်းမ လူယောကျ်ားလည်းမဟုတ်။ နတ်သမီး နတ်သားလည်းမဟုတ်၊ ဝိဇ္ဇာ ဇော်ဂျီတဦး ဖြစ်လေသတည်း။ "အမောင်ယောကျ်ား၊ သင့်အသက်ကို ချမ်းသာလိုက ဤနေရာမှ အမြန်ထွက်ခွါလော့။ ဤရွာကား လူနေသောရွာ၊ လူသားတို့၏ နေအိမ်များမဟုတ်။ သင့်ကို စားလိုသောကြောင့် ဘီလူးတို့ သွေးဆောင်ဖန်ဆင်းထားသော ရွာဖြစ်၏။ အမောင်ယောကျ်ားခရီးသွား၊ ရှောင်ပါလော့၊ ရှားပါလော့"ဟူ၍ ဝိဇ္ဇာဇော်ဂျီက သတိပေးလေသောအခါ၊ ရေတော်သည်ကိုပင် သတိမရနိုင်တော့။ အခုချက်ချင်းပင် အသက်ထွက်တော့ မလောက်ကြောက်ရွံ့ခြင်း၊ ထိတ်ခြင်း၊ လန့်ခြင်း၊စိုးရိမ်ခြင်းတို့သာ ထိုခဏအတွင်းမှာပင် တန်းစီလျက် ရပ်လာကုန်လေ၏။

www.dhammaransi.com



"ဟယ်.... ရေမသောက်ရလျှင် ရှိစေတော့" ငါ့အသက်ကိုတော့ ဘီလူးကို မဆက်နိုင်။ ဘီလူးစာ မကျွေးနိုင်ဟူ၍ ထိုရွာမှ ကဆုန်ပေါက်လျက် ချက်ချင်း ထွက်ပြေး ရှာလေ၏။ ထိုယောကျ်ားသည် အချိန်မှီ ရုန်းထွက်နိုင်ခဲ့သဖြင့် ဘီလူး တို့၏ ထောင်ချောက်၊ ဘီလူးတို့၏ အန္တရာယ်စက်ကွင်းမှ လွတ်ကင်းရလေ၏။ ရွာနှင့် အတော်ကလေး ဝေးရာသို့ ရောက်လေသော အခါ နောက်သို့လှည့်၍ သူကြည့်လိုက်၏။ "ငါ လွတ်ပြီ....။ ငါ ကျွတ်ပြီ" ဝမ်းသာပီတိဖြင့် ဥဒါန်းကျူးမိလေတော့သည်။

ဤကား ဥပမာ တည်း။ဥာဏ်ငါးပါးကို ဥပမာဖြင့် ဟပ်၍ ကြည့်သော်....

၁။ ယထာဘူတဉာဏ်သည်.... အမှန်ကို အမှန်အတိုင်း ဘီလူး ရွာမှန်းသိခြင်းနှင့် အလားတူ၏။

၂။ နိဗ္ဗိန္ဒဉာဏ်, သည်........ ဘီလူးရွာ မှန်းသိ၍ ခရီး သွား ယောကျ်ား၏ စိတ်၌ ဖြစ်ပေါ် လာသော ရွံကြောက်းထိတ်လန့် ခြင်းနှင့် အလားတူ၏။

၃။ မဂ် ဉာဏ်သည်........ ခရီးသွား ယောကျ်ားသည် ရွံကြောက် ထိတ်လန့်ကာ မနေဝံ့သဖြင့် ထိုရွာမှ ထွက်ပြေးခဲ့ ခြင်းနှင့် အလားတူ၏။

www.dhammaransi.com



| | |
|---|---|
| ၄။ ဖိုလ် ဉာဏ်, သည်........ | ထွက် ပြေး ခဲ့ လေသောကြောင့် ထို ယောကျ်ားသည် ဘီလူး သေးမှ လွတ်မြောက် လာခြင်း နှင့် အလားတူ၏၊ |
| ၅။ ပစ္စဝေက္ခဏာ ဉာဏ်သည် | ထို ယောကျ်ားသည် ရပ်နား၍ ရွာကို ပြန်ကြည့်ကာ "ငါလွတ် ပြီ၊ ကျွတ်ပြီ" ဟု ဖြစ်ပေါ်လာ သော အသိဉာဏ်နှင့် အလား တူ၏။ |

## ရုပ် လည်း နှင့် နာမ် လည်းသမား

အတ္တဒိဋ္ဌိ၏ အဓိပ္ပာယ် အချုပ်မှာ အလိုသို့ လိုက်ပါသည်၊ လုပ်ချင်ရာကို လုပ်၍ရသည်ဟု ထင်မှတ်စွဲလမ်းသော အယူတည်း။ အတွင်းအကျဆုံးအနေဖြင့် ထင်မှု၊ မှတ်မှု၊ စွဲလမ်းမှုကြီးသည် အတ္တဒိဋ္ဌိ ပင်တည်း။ ထို့ကြောင့် ယနေ့ လူသားတို့ နေထိုင်ရာ ဤ ကမ္ဘာကြီးကို အတ္တဒိဋ္ဌိ က ထမ်းထားသည် ဟု ဆိုလျှင် မမှား တန်လေရာ။

သူ့ငါ ငါငါ၊ လူသတ္တဝါတို့သည် ကိစ္စကြီးငယ်၊အသွယ်သွယ် ကို ပြုလုပ်ဆောင်ရွက်ကြရာ၌-ငါလုပ်သည်၊ ငါ ပြောသည်၊ ငါ ဆိုသည်၊ ငါသွားသည်၊ ငါ စားသည်၊ ငါ တွေ့သည်၊ ငါ မြင် သည်၊ ငါ ကြည့်သည်၊ ငါ သိသည် ဟူ၍လည်းကောင်း၊ ချမ်း

www.dhammaransi.com



သာ ဆင်းရဲ– သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ ကို ခံစားရာ၌လည်း ငါ ခံစားသည်ဟူ၍လည်းကောင်း၊ ဤသို့ စသည်ဖြင့် အစွဲ အလမ်းကြီးစွာ ယူမှား၊ သိမှား၊ မှတ်မှား၊ ကျင့်မှား ဒိဋ္ဌိ ဖြစ်ကြကုန်၏။

ထို အတ္တဒိဋ္ဌိကို ကွာစေလိုသော် နေရင်း ထိုင်ရင်း၊ သွားရင်း လာရင်း၊ လုပ်ရင်း ကိုင်ရင်း၊ ပြောရင်း ဆိုရင်း၊ ကြည့်ရင်း ရှုရင်း၊ ရေးရင်း သားရင်း၊ နပြောင်းရင်း ရွေ့ရင်း၊ စားရင်း သောက်ရင်း မှာပင် ခွာနိုင်၏။ ဆိုခဲ့ပြီးသော အတိုင်း အမှန်ကို အမှန်အတိုင်းသိသော ယထာဘူတ ဉာဏ်, ဖြင့် ခွာလျှင် ကွာနိုင်၏။ ဥပမာ... တအိအိ တကျွိကျွိ မောင်းနေသော လှည်းကို တင်စား၍ ကြည့်နိုင်ပေသည်။ ထိုလှည်းသည် အဘယ့်ကြောင့် တလှုပ်ရှားရှားနှင့် သွားနေသနည်း ဟူသော အချက်ကို ဉာဏ်မျက်စိ၌ သက်ဝင်လာအောင် ရှုပါလေ။ ထိုလှည်း၏သွားလာနေမှု၌ စိစစ်သော်... လှည်းပါသည်။ နွား ပါသည်။ မောင်းသူပါသည်။ ဤ သုံးခု စုပေါင်းမိချက်အရ လှည်းသည် တအိအိ–ဘကျွိကျွိ နှင့် သွားနေခြင်း ဖြစ်သည် ကို မြင်လာမည်။

ယင်း တအိအိ၊ တကျွိကျွိ နှင့် လှုပ်ရှား သွားလာနေသော ပကတိ လှည်းနှင့် ငါသွားသည်၊ ငါ လာသည် ဟူသော လှုပ်ရှားမှုကို တင်စားကြည့်သော် (ဝါ) လူသတ္တဝါ၏ သွားလာ လှုပ်ရှား စားသောက်နေထိုင်မှုစသော လုပ် ငန်း ရပ် များ နှင့် စံထိုးကြည့်သော် ဘာတွေ ဘာတွေကို တွေ့ရ, မြင်ရ လေမည်နည်း။

www.dhammaransi.com



(၁)။ ၃၂-ကောဋ္ဌာသ ၏ အစုအဝေးဖြစ်သော ရုပ်ခန္ဓာ၊ ရုပ်ကာယကြီးကား လှည်း နှင့် အလား တူ၏။

(၂)။ မဟာဘုတ် ခေါ် ဓာတ်ကြီး လေးပါး တွင် လှုပ်ရှား တွန်းကန်ခြင်း သဘော– ဝါယော ဓာတ်သည် နွား နှင့် အလား တူ၏။

(၃)။ စေတသိက် ၅၂ ပါး နှင့် တကွ စိတ်သည် လှည်းမောင်းသူ နှင့် အလား တူ၏။

လှည်း၊ နွား၊ မောင်းသူ–၅ုံသုံးခု စုပေါင်းမိချက်အရ လှည်းသည် တအိအိ၊ တကျွိကျွိ နှင့် သွားနေသကဲ့သို့– ရုပ်၊ လှုပ်ရှားမှု ဝါယော၊ စိတ် ၅ုံသုံးခု တို့၏ စုပေါင်းချက်အရ ငါ သွားသည်၊ ငါ လာသည် စသော လှုပ်ရှားမှုများ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ သတိပဋ္ဌာန် အားဖြင့် နေရင်း၊ ထိုင်ရင်း သွားလာလုပ်ကိုင်ရင်း၊ အတ္တဒိဋ္ဌိ ခွာလိုသော် သွားလာနေထိုင်မှု စသော ကိစ္စကြီးငယ်၊ အသွယ်သွယ်တို့ ဖြစ်မြောက်ရန်အတွက်– နာမ်တရားစိတ်က ရုပ်ကို ခိုင်းသည်။ စိတ်က ခိုင်းသောကြောင့် ရုပ် က လုပ်သည်။ ရုပ်က စိတ်ခိုင်းတိုင်း လုပ်သောကြောင့် လှုပ်ရှားမှုအရပ်ရပ်တို့ တလစပ် ဖြစ်ပေါ်ကုန်သည် ဟု သိလျှင် အမှန်ကို အမှန်အတိုင်း သိသော ယထာဘူတ ဉာဏ်၊ ရုပ်ကိုရုပ်သက်သက်၊ နာမ်ကို နာမ်သက်သက် ပိုင်းခြား သိမြင်သော နာမရူပ

www.dhammaransi.com



ပရိစ္ဆေဒ ဉာဏ်ကို အပိုင်စီးမိပြီဖြစ်သောကြောင့် အတ္တဒိဋ္ဌိသည် ကိုယ့်မှာ ခိုနားစရာမရှိလေတော့ဘဲ အလိုလို ကွာရလေတော့မည်တည်း။

## ရုပ် နှင့် နာမ် တို့၏

## မူလ သဘော

သူသူငါငါ သွားကြ၏၊ လာကြ၏၊ စားကြ၏၊ သောက်ကြ၏။ ထိုထို သွားလာစားသောက်မှု စသည်တို့သည် ဘယ်လိုဘယ်လို၊ ဘယ်နည်းဘယ်ပုံ ဖြစ်လာကုန်သနည်း။

စင်စစ်အားဖြင့်ကား နာမ်တရား၊ ဝါ-စိတ်သည် သွားလိုပါလျက်လည်း သူ့မှာ သွားစရာ ရုပ်ဝတ္ထု၊ ရုပ်ခြေထောက် မရှိလေသောကြောင့်သူ့အနေအားဖြင့် မသွားနိုင်။ စားလိုပါလျက် မစားနိုင်။ ပြောလိုပါလျက် မပြောနိုင်။ ထိုင်လိုပါလျက် မထိုင်နိုင်။ အိပ်လိုပါလျက် မအိပ်နိုင်။ စာရေးလိုပါလျက် မရေးနိုင်။ စာဖတ်လိုပါလျက် မဖတ်နိုင်။ ပွဲကြည့်လိုပါလျက် မကြည့်နိုင်။

ထို့နည်းငင်းပင် ရုပ်သည်လည်း စားတတ်ပါလျက် စားလိုသော အာသာ သူ့မှာမရှိ။ သောက်တတ်ပါလျက် သောက်လိုသောဆန္ဒ သူ့မှာမရှိ။ သွားတတ်ပါလျက် သွားလိုသောဆန္ဒ သူ့မှာမရှိ။ စာဖတ်တတ်ပါလျက် ဖတ်လိုသောဆန္ဒ သူ့မှာမရှိ။ ပွဲကြည့်တတ်ပါလျက် ကြည့်လိုသောချင်ခြင်း အာသာဆန္ဒ သူ့မှာမရှိ။

www.dhammaransi.com



အချုပ်အားဖြင့် နာမ်သည်လည်း တန်ခိုးမရှိ။ ရုပ်သည်လည်း တန်ခိုးမရှိ။ မိမိတို့ အနေဖြင့်၊ ဝါ-မိမိချည်းသက်သက် ဘာဆို သာမျှ ကိစ္စတခုခုကို ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်။ မလုပ်နိုင်၊ မကိုင်နိုင်။ လုပ်ကိုင်နိုင်စွမ်းသော အင်အား သူတို့မှာ မရှိကြ။

သို့သော်....သူတို့ချင်း ပူးကပ်၊ စပ်နှောမိ လေသောအခါ အလုပ်တခု ဖြစ်လာသည်။ သွားလိုသောစိတ်သည် သွားတတ်သောရုပ်နှင့် တွဲမိသောအခါ သွားခြင်းဟူသော လှုပ်ရှားမှုအလုပ် တခု ဖြစ်ပေါ်လာ၏။ ထို့အတူ စားတတ်သောရုပ်သည် စားလို သော အာသာဆန္ဒရှင် စိတ်နှင့် ပူးပေါင်းမိသောအခါ စားခြင်း ဟူသော အလုပ်တခု ဖြစ်ပေါ်လာ၏။ ဤသို့စသည်ဖြင့် နာမ်နှင့် ရုပ်၊ သူတို့ချင်းပူးကပ်၊ စပ်နှောမိလေတိုင်း နေမှု၊ထိုင်မှု၊ ပြော မှု၊ ဆိုမှု၊ ရောင်းမှု၊ ဝယ်မှု၊ ဝတ်မှု၊ စားမှု၊ ပေးမှု၊ ကမ်းမှု၊ လှူမှု၊ တန်းမှုစသော ထိုထိုအလုပ်တို့သည်မီးခိုးမဆုံး၊ မီးမဆုံး ဖြစ်ပေါ် လာရကုန်လေ၏။

ဤအချက် ထိုအချက်များကို အကွက်ကျကျ၊ သဘောမိမိ သိရှိထားသောသူအား အတ္တဟူသော စွဲလမ်းမှုသည် ဖြစ်လေ တော့မည်မဟုတ်။ အတ္တ စွဲလန်းမှု ပြတ်ကင်းသော် အတ္တဒိဋ္ဌိကွာ လေပြီတည်း။

---

၁။ အပိစေတ္ထနာမံ နိဿတ္တ။ ရူပံ နိဿတ္တ။ အနုသာလိနီ။

www.dhammaransi.com



## ဒိဋ္ဌိမှုခင်း နှင့် ပတ်သက်၍

## အရှင်သာရိပုတ္တရာ၏ ယမက စစ်တမ်း

အရှင်သာရိပုတ္တရာ၏ ဤယမကစစ်တမ်းသည်ဝါဒရေးရာနှင့် ပတ်သက်၍ လွန်စွာ မှတ်သားဘွယ်လည်း ကောင်းလှ၏။ လွန်စွာ စိတ်ဝင်စားမှုကိုလည်း ကျေးဇူးပြုသော မှတ်တမ်းကြီး ဖြစ်၏။

ဗုဒ္ဓလက်ထက်တော်က ဖြစ်၏။ ယမကဟု အမည်ရှိသော ရဟန်း တပါး ရှိသကတ်။ ထိုရဟန်း၌ မှားသောအယူ ဖြစ်နေ၏။ ဘုရားသခင် ကိုပင်လျှင် စွပ်စွပ်စွဲစွဲ၊ အတင့်ရဲစွာ ပြောမှား ဆိုမှား လုပ်နေ၏။ "ငါ့ရှင် ယမက၊ မြတ်စွာဘုရားသခင်အား စွပ်စွဲ ဆို ပြောခြင်းသည် မသင့်။ ငါ့ရှင်သည် ဤသို့မပြောထိုက်ပါ။ မစွပ်စွဲ သင့်ပါ" ဟူ၍ ရဟန်းတို့က ဆိုဆုံးမကြကုန်သော်လည်း အချိုးနှိုး သော ဖြစ်လေ၏။ ယမက ရဟန်းကား ရဟန်းတို့၏စကားကို ခလေး စားခြင်းမရှိ။ မိမိအယူဝါဒကို မစွန့်လေဘဲ ပြောမြဲတိုင်းသာ ပြော၍ ဆိုမြဲတိုင်းသာ ဆိုနေလေသတည်း။

ထိုအခါ ရဟန်းတို့သည် အရှင်သာရိပုတ္တရာ၏ အထံသို့သွား၍ ဝိုင်းဝန်းတောင်းပန်ခြင်း ပြုကုန်လေ၏။ "အရှင်ဘုရား၊ တပည့် တော်တို့ တောင်းပန်ပါကုန်၏။ အယူမှားနေသော ယမကရဟန်း ထံသို့ အရှင်ကိုယ်တိုင် ကြွတော်မူ၍ ထိုရဟန်းအား ဆုံးမတော်မူ ပါလော။ မှားသောအယူမှ ကျွတ်လွတ်အောင် အရှင်ဘုရားချွတ် တော်မူပါလော့"ဟု တောင်းပန် ကြသောအခါ အရှင် သာရိ

www.dhammaransi.com



ပုတ္တရာသည် ဆိတ်ဆိတ်နေခြင်းဖြင့်လက်ခံတော်မူလိုက်ပြီးနောက် ညချမ်းအချိန် ရောက်သောအခါ ကိုယ်တော် တပါးတည်းပင် ယမက ရဟန်းထံသို့ ကြွရောက်တော်မူပြီးလျှင် အယူဝါဒ နှင့် ပတ်သက်၍ ဤသို့ စစ်မေးတော် မူလေ၏။

"ငါ့ရှင် ယမက၊ သင့်အား ယုတ်မာစွာသော အယူမှားတခု ဖြစ်နေသည်ဟု ငါကြား၏။ မှန်သလော" ဟု မေးသောအခါ "မှန်ပါသည်" ဟုယမကရဟန်းကဝန်ခံလေသော်"ငါ့ရှင်ယမက အစိန္တေယျ မြတ်ဘုရားသည် ရဟန္တာတို့အား စုတိစိတ် ဖြစ်သည့် နောက်၌ အထက်၌ပဋိသန္ဓေစိတ် တဖန် မဖြစ်သည်ကိုသာလျှင် "နပဟောတိ တထာဂတော ပရမ္မရဏာ"ဟု ဟောတော်မူသည်။ ထိုသို့ဖြစ်ပါလျက်"ငါ့ရှင်ကား-ရဟန္တာသတ္တဝါသေသည်နောက် တဖန် ရဟန္တာသတ္တဝါ ပဋိသန္ဓေ မနေပြီ။ ဤသို့ မြတ်စွာဘုရား ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသည်ကို ငါသိ၏"ဟု ငါ့ရှင် ယူလေဘိသည်။ မြတ်စွာဘုရားကိုစင်လျက် ငါ့ရှင်သည် ဒိဋ္ဌိအယူဖြင့် စွပ်စွဲလေဘိသည်။ မြတ်စွာဘုရားအား ဒိဋ္ဌိအယူကို ယူသည်ဟု ငါ့ရှင် စွပ်စွဲခြင်းသည် မသင့်နိုင်စွ"

ဤသို့ အရှင်သာရိပုတ္တရာသည် ယမက ရဟန်းအား ဆုံးမတော်မူမြဲ။ ပြီးလျှင် ဤသို့တရားချ၍ မေးတော်မူပြန်သည်။

"ငါ့ရှင်ယမက၊ရုပ်သည် နိစ္စလော၊ အနိစ္စလော။ မြဲသလော၊ မမြဲသလောဟု မေးသည်ကို အနိစ္စ မမြဲပါ့ဟု ဖြေ၏။ ထိုနောက် ဆက်လက်၍ဝေဒနာသည် နိစ္စ၊ အနိစ္စ မြဲသလော၊ မမြဲသလော။

www.dhammaransi.com



ဟူ၍လည်းကောင်း၊ သညာသည် နိစ္စ၊ အနိစ္စ-မြဲသလော၊ မမြဲသလောဟူ၍ လည်းကောင်း။ ဖဿဝေဒနာစသော စေတသိက် ငါးဆယ်ဟူသော သင်္ခါရက္ခန္ဓာသည် နိစ္စ၊ အနိစ္စ မြဲသလော၊ မမြဲသလော ဟူ၍ လည်းကောင်း။ စိတ်တခုယုတ်ကိုးဆယ်ဟူသော ဝိညာဏက္ခန္ဓာသည် နိစ္စ၊ အနိစ္စမြဲသလော၊ မမြဲသလော ဟူ၍ လည်းကောင်းစစ်မေးရာ၌လည်း ယမကရဟန်းက "အနိစ္စ-မြဲပါ" ဟူ၍ချည်းသာဖြေ၏။ ထိုအခါ အရှင် သာရိပုတ္တရာသည် သူ၏ ဖြေဆိုချက် အလျောက် ကောက်ချက်ချတော် မူလေသည်။

"ငါ့ရှင် ယမက၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဟူသော ခန္ဓာငါးပါး တရား အစုသည် နိစ္စလော၊ အနိစ္စလော့ဟု ငါ့ရှင်ကိုမေးလျှင် အနိစ္စဖြစ်ကြောင်းကို ငါ့ရှင်ဝန်ခံလျှောက်ပြီ၊ ငါ့ရှင် လျှောက်ချက်အတိုင်း ခန္ဓာငါးပါး တရား အစုသည် အနိစ္စကေန်မှန်၏။ အနိစ္စဟု ငါ့ရှင်မြဲမြဲမှတ်။ ထိုအနိစ္စဖြစ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်သည် ဒုက္ခလော၊ သုခလော၊ ဆင်းရဲလော၊ ချမ်းသာလော့....ဟူသော အမေးကို "ဒုက္ခ ဆင်းရဲဖြစ်ပါသည်"ဟု ဖြေလျှင်.... "ငါ့ရှင် ယမက။ ငါ့ရှင် လျှောက်ချက်အတိုင်း ဒုက္ခမှန်ပြီ။ ဒုက္ခဟု ငါ့ရှင် မြဲမြဲမှတ်။

ငါ့ရှင်ယမက။ ထိုအနိစ္စ၊ ဒုက္ခ ဖေါက်ပြန်တတ်သောကြောင့် ဝိပရိဏာမ သာ ဖြစ်ကုန်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ကို သတ္တဝါ၏ ရုပ်၊ သတ္တဝါ၏ ဝေဒနာ၊ သတ္တဝါ၏ သညာ၊ သတ္တဝါ၏ သင်္ခါရ၊ သတ္တဝါ၏ဝိညာဉ်ဟု ရှုသင့်၊မှတ်

www.dhammaransi.com



သင့်မည်လောဟု မေးသည်ကို "မရှုသင့် မမှတ်သင့်ပါ" ဟု ဖြေ၏။ ငါ့ရှင်ယမက။ သင် လျှောက်ချက်အတိုင်း မှန်၏။ မရှုသင့်။ မမှတ်သင့်ဟု ငါ့ရှင် မြဲမြဲမှတ်။ ငါ့ရှင်ယမက။ ထိုအနိစ္စ၊ ဒုက္ခ ဝိပရိဏာမဖြစ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဉ်ကို သတ္တဝါဟု ခေါ်ဝေါ်သင့်မည်လော မှတ်သင့်မည်လောဟု မေးသည်ကို "ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟူသော ခန္ဓာငါးပါး တရားအစုမျှကို သတ္တဝါဟု ခေါ်ဝေါ်ခြင်းငှာ မသင့်ပါ၊ သတ္တဝါဟု မယူသင့်ပါ...."ဟု ဖြေ၏။ ငါ့ရှင် ယမက။ သင်၏ လျှောက်ချက်အတိုင်း ခန္ဓာငါးပါး တရား ပရမတ္ထ အစုမျှကို သတ္တဝါ ဟုခေါ်ဝေါ်ခြင်းငှာမသင့် မှန်ပြီ။ သတ္တဝါဟုမရှု သင့်။ မမှတ်သင့်သည်လည်း မှန်ပြီ။ ငါ့ရှင် ယမက ဤသည်ကို သတိရ ရမှတ်။

"ငါ့ရှင် ယမက။ ထိုအနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ ဖြစ်ကုန်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟူသော ခန္ဓာ ငါးပါး တရားအစုမျှကို သတ္တဝါ၏ကိုယ် ဟု ရှုသင့်၊ ယူသင့်၊ မှတ်သင့်၊ ခေါ်ဝေါ်သင့်မည်လော"ဟု မေးသည်ကို "မရှုသင့်၊ မယူသင့်၊ မမှတ်သင့်၊ မခေါ်ဝေါ်သင့်ပါ ဟုဖြေ၏။ ငါ့ရှင် ယမ။ သင်၏ လျှောက်ချက်သည် မှန်၏။ ခန္ဓာငါးပါးအစုမျှကို သတ္တဝါကိုယ်၊ သတ္တဝါ၏ အတ္တဘော ဟူ၍ မယူသင့်၊ မမှတ်သင့်၊ မခေါ်ဝေါ် သင့်သည် မှန်ပြီ။ ဤသည်ကို ငါ့ရှင် သတိရရမှတ်။

"ငါ့ရှင်ယမက။ ငါ့ရှင်ကို မိစ္ဆာအယူ၊ ဒိဋ္ဌိအယူ ပျောက်စေခြင်းငှာ အလိုရှိပေသောကြောင့် ခန္ဓာငါးပါး အနက်မှ တပါး

www.dhammaransi.com



တပါးသော ခန္ဓာကို အသီးအသီး ဖေါ်ထုတ်၍ နိစ္စလော၊ အနိစ္စလော မေးလျှင်.... အနိစ္စဖြစ်သည်,ဟု ငါ့ရှင်က လျှောက်ပြီ။ ထိုအနိစ္စဖြစ်သော ခန္ဓာသည် ဒုက္ခလော့၊ သုခလော မေးလျှင် "ဒုက္ခဟု၊ ငါ့ရှင်လျှောက်ပြီ။ ထို အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမဖြစ်သော ,ခန္ဓာကို သတ္တဝါ၏ခန္ဓာ ဟု ယူသင့်မည်လော။ မှတ်သင့်မည်လော၊ ခေါ်ဝေါ်သင့်မည်လော-မေးလျှင်လည်း "မယူသင့် မမှတ်သင့်၊ မခေါ်ဝေါ်သင့်ပါ"ဟု ငါ့ရှင်လျှောက်ပြီ၊ ထိုအနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ ဖြစ်သော ခန္ဓာကို သတ္တဝါဟု ဆိုသင့်မည်၊ လော၊ ခေါ်ဝေါ်သင့်မည်လော မေးလျှင်လည်း "ခန္ဓာပဉ္စက သမူဟကို သတ္တဝါဟု မဆိုသင့်ပါ၊ မခေါ်ဝေါ်သင့်ပါ ဟု ငါ့ရှင် လျှောက်ပြီ။ ထိုအနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ ဖြစ်သောခန္ဓာပဉ္စက သမူဟကို သတ္တဝါ၏ ကိုယ်၊ သတ္တဝါ၏ ကာယ၊ သတ္တဝါ၏ အတ္တဘောဟု ဆိုသင့်မည်လော၊ ခေါ်ဝေါ်သင့်မည်လော့.... မေးလျှင်လည်း သတ္တဝါ၏ကိုယ် မဆိုပိုင်ကြောင်း၊ သတ္တဝါ၏ကာယဟု မခေါ်ဝေါ်ပိုင်ကြောင်း၊ သတ္တဝါ၏ အတ္တဘောဟု ပြောဟော ခြင်းငှာမသင့်ကြောင်း ငါ့ရှင်လျှောက်ပြီး လျှောက်ချက် အတိုင်းလည်း မှန်လှပြီ။ သတိရှိစေ။

ငါ့ရှင်ယမက၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ခန္ဓာငါးပါး အစုအဝေးမျှကို အနိစ္စသာ အမှန်၊ ဒုက္ခသာအမှန်၊ သတ္တဝါ မဟုတ်ချေ ဟု မြင်သော ငါ့ရှင်သည် ဆင်ကြွား အပ်သော ပရိယတ္တိ သာသနာတော်၌ လိမ္မာသောသာဝကဖြစ်ပြီ။ ပရိယတ္တိ သာသနာတော်၌ လိမ္မာသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ပြီ။ ခန္ဓာငါးပါးတို့

www.dhammaransi.com



၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာ ဖြစ်၍ သတ္တဝါမဟုတ်၊ ဇီဝမဟုတ်။ နိဿတ္တ၊ နိဇ္ဇီဝ၊ ကေန်မှန်သည် ဟု သိသည်၊ မြင်သည် အတိုင်း ခန္ဓာငါးပါး၌ နိဗ္ဗိန္ဒဉာဏ်ကိုမြင်စေ။ မဂ်ဖိုလ် ရလွယ်ကြောင်း ကောင်းစွာကျင့်ခြင်း ပဋိပတ္တိသာသနာကို လွန်စွာ အားထုတ်၍ ပဋိဝေဓသာသနာ အမှုတော်ထမ်း၊ ရဟန္တာ သမဏ၊ သကျပုတ္တ သားတော်စစ်အဖြစ်သို့ ရောက်စေ။ အစိန္တေယျ၊ အဖဘုရားနှင့် အတူတကွ နိဗ္ဗာန်ရွှေ့နန်း၌ ချမ်းငြိမ်းစံပယ်သင့်လှပြီ။ နောက် တော်လိုက်၊ နောက်တော်ပါဖြစ်၍ ကိုယ်တော်မြတ်နှင့် ယပ်ချပ် မကွာ ချမ်းသာနိဗ္ဗာန်၊ စံသင့်ကောင်းပြီ။ ထိုသို့နိဗ္ဗာန် စံသင့် ကောင်းလျက်၊ လုံးလုံးလျောင်းလျောင်း၊ မြင်စကောင်းသော အကောင်ခန္ဓာ၊ ကိုယ်ကာယ မှုချမရှိပါဘဲလျက် ရှိလေသကဲ့သို့ "ရဟန္တာသည် သေပြီးသည့်နောက် တဖန်သန္ဓေမနေပြီ" ဟု ငါ့ ရှင်သည် မိစ္ဆာအယူကို ဖြစ်စေ၍ အစိန္တေယျ မြတ်စွာဘုရားကိုယ် တော်ကြီးကို စွပ်စွဲသည်ကား ကျူးလွန်ဘိစွ။ အပြစ်ကြီးစွ၊ မှား လေစွ....။ ကရုဏာရှေ့ရှု ယခုငါ၏ ဆုံးမစကားကိုကြားရသဖြင့် ငါ့ရှင်သည် မိစ္ဆာဝါဒ၊ မိစ္ဆာအယူကို စွန့်ပစ်လော့....ဟုမိန့်တော် မူပြီးလျှင် ဒိဋ္ဌိမှုပြစ်အတွက် ဆက်၍ မေးစစ်တော်မူပြန်၏။

"ငါ့ရှင်ယမက။ အသို့ပါနည်း၊ သင်သည် ရုပ်ကို ရဟန္တာ၊ သတ္တဝါဟု မှတ်ထင်သလော....။ ရဟန္တာ သတ္တဝါဟု အယူ ရှိ သလော....မေးလျှင် "ရုပ်ကို ရဟန္တာဟု၊ သတ္တဝါဟုတပည့်တော် မယူပါ၊ မမှတ်ပါ၊ မထင်ပါ" ဟု ဖြေ၏။ ငါ့ရှင်ယမက၊ ထိုရုပ်ကို ရဟန္တာဟု၊သတ္တဝါဟု မယူ၊ မထင်၊ မမှတ်ခဲ့မူ.... အသို့ပါနည်း။

www.dhammaransi.com



ဝေဒနာကိုလည်းကောင်း၊ သညာကိုလည်းကောင်း၊ သင်္ခါရကို လည်းကောင်း၊ ဝိညာဏက္ခန္ဓာကိုလည်းလောင်း ရဟန္တာဟု၊ သတ္တဝါဟု ယူသလော။ ထင်သလော။ မှတ်သလောဟု မေး လျှင်လည်း "မထင်၊ မယူ၊ မမှတ်ပါ"ဟု ဖြေ၏။ ဤသို့ ရုပ်ကို ရဟန္တာဟု ဆိုသလောဟု မေးတော်မူလျှင် ယမက ရဟန်းက "ရုပ်ကို ရဟန္တာဟု မဆိုပါ"ဟုလျှောက်သည်။ ထိုအခါ အရှင်သာရိပုတ္တရာက "ငါ့ရှင်။ သင်လျှောက်တိုင်း မှန်ပြီ။ ရုပ်သည် ရဟန္တာမဟုတ်။ သတ္တဝါမဟုတ်။ သတိမြဲမြဲစွဲလော၊ (ဝေဒနာ သညာစသည်၌လည်း ဤနည်းတူပင် ဖြေ၍ ဤနည်းတူပင်သြဝါဒပေး၏။) အရှင်သာရိပုတ္တရာသည် ကြေညက်သည်ထက် ကြေညက်စေလိုသဖြင့် ဆက်၍ ပရိယာယ်ဖြင့် မေးတော်မူပြန်၏။

"ငါ့ရှင်ယမက။ သင်အသို ထင်သနည်း၊ ရုပ်၌ ရဟန္တာရှိ၏။ သတ္တဝါရှိ၏ဟု သင်ထင်မှတ်သလော မေးလျှင် ရုပ်၌ရဟန္တာ ရှိသည်။ သတ္တဝါရှိသည်ဟု မထင်၊ မမှတ်ပါ"ဟု ဖြေ၏။ထို့နောက် ဝေဒနာ၌ သတ္တဝါရှိသည် ရဟန္တာရှိသည်ဟု သင် ထင်မှတ်သလော။ သညာ၊သင်္ခါရ၊ ဝိညာဉ်တို့၌ရဟန္တာရှိသည်၊ သတ္တဝါ ရှိသည်ဟု သင်ထင်မှတ်သလော, မေးရာ၌လည်း"မထင်ပါ" ဟူ၍ ဖြေ၏။"

အဓိပ္ပာယ်ကား....ဤသို့တည်း။ အစ်ထဲ၊ ကြုတ်ကဲ၌ ရွှေခဲ၊ ငွေခဲ၊ ပတ္တမြားခဲရှိသကဲ့သို့ ခန္ဓာငါးပါးတို့တွင် တပါးပါးသော ခန္ဓာထဲ၌ ရဟန္တာရှိသည်မှတ်သလော၊ သတ္တဝါရှိသည် မှတ်သလောဟု မေးတော်မူလျှင်လည်း "ရွှေခဲ၊ ငွေခဲ၊ ပတ္တမြား ခဲသည်

www.dhammaransi.com



အစ်သဲ ကြုံ့ငုံ့ထဲ၌ ရရှိသကဲ့သို့ ခန္ဓာငါးပါး တို့တွင် တပါးပါး၌မျှ ရဟန္တာရှိသည်၊ သတ္တဝါရှိသည်ဟု မမှတ်ပါ, လျှောက်သည်။ "ငါ့ရှင် ယမက၊ သင်ခလျှောက်ထားသည့် အတိုင်း တပါးပါး သော ခန္ဓာ၌ တ မျှလည်း ရဟန္တာမရှိ၊ သတ္တဝါမရှိ-မှန်ပြီ။ ငါ့ရှင်လျှောက်ထားသည့်စကားကို ငါ့ရှင် မမေ့စေလင့်။ မြဲမြဲ မှတ်။ ထို့နောက် ဆက်၍မေးပြန်သည်ကား—

"ငါ့ရှင် ယမက၊ ရုပ်ကိုထား၍၊ ရုပ်ကိုချန်လှပ်၍ ရဟန္တာရှိ၏ ဟူ၍လည်းကောင်း၊ သတ္တဝါ ရှိ၏ဟူ၍လည်းကောင်း၊ သင်မှတ် ထင် သလော....ဟု မေးလျှင် "ဤရုပ်ကို ထား၍ တခြား ရဟန္တာ ရှိသည်။ သတ္တဝါရှိသည်ဟု မထင် မမှတ်ပါ...,ဟု လျှောက်၏။ တဖန် ငါ့ရှင် ယမက၊ ဝေဒနာကိုချန်လှပ်၍....သညာကိုချန်လှပ်၍ သင်္ခါရကို ချန်လှပ်၍၊ ဝိညာဏ်ကို ချန်လှပ်၍....၊ ထိုမှအပါး ရဟန္တာရှိသည်၊ သတ္တဝါရှိသည်ဟု ငါ့ရှင်ထင်သလော ဟု မေး လျှင်လည်း "မထင်ပါ" ဟူ၍ပင် လျှောက်၏။

ငါ့ရှင်ယမက၊ ငါ့ရှင် အသို့ထင်ဘိသနည်း။ ရုပ်ကို၊ ဝေဒနာ ကို၊ သညာကို၊ သင်္ခါရကို၊ ဝိညာဏ်ကို—ရဟန္တာဟု၊ သတ္တဝါဟု သင်ရှုဘိသလော မေးလျှင်လည်း...."ထိုငါးပါးကုန်သော ခန္ဓာ တို့၏တစုတလုံး၊တခဲတည်းဖြစ်သည်ကိုလည်း ရဟန္တာဟု၊ သတ္တဝါ ဟု မရှုပါ၊ မထင်ပါ"ဟု လျှောက်၏။

"ငါ့ရှင်မယမက၊ငါ့ရှင် အသို့ထင်ဘိသနည်း။ဤရဟန္တာသည်၊ ဤသတ္တဝါသည် ရုပ်လည်းမဟုတ်၊ ဝေဒနာလည်းမဟုတ်၊ သညာ

www.dhammaransi.com



လည်းမဟုတ်၊ သင်္ခါရလည်းမဟုတ်၊ ဝိညာဏ်လည်း မဟုတ်ဟု သင်ထင်သလော၊ ရှုသလော မေးလျှင် "မထင်ပါ၊ မရှုပါ" ဟု လျှောက်၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် အချုပ်အားဖြင့် ဤသို့ မေးတော်မူသတည်း။

"ငါ့ရှင်ယမက၊ ဤမျှသော အရာ၌ ပစ္စက္ခ မျက်မှောက်၌ပင် လျှင် အမှန်အားဖြင့် ရဟန္တာ သတ္တဝါကို မရအပ်ပါဘဲလျက် ငါ့ရှင်သည်–"ရဟန္တာ၊ သတ္တဝါ သေသည့် နောက် တဖန်မဖြစ် ပြီ...."ဟု ဤသို့ ယူခြင်း၊ ပြောဆိုခြင်းသည် သင့်ပါမည်လော၊ "မယူသင့်၊မပြောသင့်၊မဆိုသင့်သည်သာမဟုတ်ပါလော"။"လေး ပါးသော အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာသည်ကိုယ်ခန္ဓာ ပျက်စီးသွားပြီးသည်မှ နောက်၌ ပြတ်လေ၏။ ပျောက်လေ၏။ သေသည်မှနောက်၌ အာသဝေါ ကုန်ခန်းပြီးသော ရဟန်းသည် မဖြစ်တော့ပြီ။ ဤသို့ မြတ်စွာဘုရား ဟောကြားတော် မူအပ် သောတရားကို ငါသိပြီ"ဟူ၍ သင်ပြောဆိုခြင်းသည် သင့်မည် လော၊ မသင့်သည်သာလျှင် မဟုတ်ပါလော။ ဤသို့ ဟောတော် မူသည့် စကား၏အဆုံး၌ ယမကရဟန်းသည် အရဟတ္တဖိုလ်ကို ရလေ၏။

ဤကား ရဟန္တာကို စစ်မေးလျှင် မျက်မှောက်ပစ္စက္ခဘဝ၌ပင် လျှင် ရဟန္တာ ဟူ၍လည်းကောင်း၊ သတ္တဝါ ဟူ၍လည်းကောင်း ကောန်မှုချ၊ ဟုတ်မှန်စွာမရဘဲလျက် "ရဟန္တာ သတ္တဝါသေသည့် နောက် ရဟန္တာ သတ္တဝါတဖန် မဖြစ်ပြီ။ ဤသို့သော တရားကို

www.dhammaransi.com



ငါသိ၏”ဟု ဝန်ခံခြင်းသည် မသင့်သော ဝန်ခံခြင်းဖြစ်သည်,ဟု အရှင်သာရိပုတ္တရာက “မိစ္ဆာဝါဒီ”ယမက ရဟန်းကို ကဲ့ရဲ့ ပြက်တင်၊ နှိပ်စက်၍ သနား ရှေရှုသော အားဖြင့် မိန့်တော်မူသော စကားရပ် ဖြစ်၏။

“ငါ့ရှင် ယမက၊ သင် အသို့ထင်သနည်း။ ရုပ်သည် နိစ္စလော၊ အနိစ္စလော ဟု မေးတော်မူသည်စမှ၍ တရွေ့ရွေ့လျှင် မိစ္ဆာ အယူသည် တဖြည်းဖြည်း အားနည်း နည်းလာ၏။ ကလ္လ နေခေါ် ဧတံမျာကရဏံ-၌သို့ ပြောဆိုခြင်းသည် သင့်မည်လော....,ဟုနှိပ်၍ ဆုံးမသော ဩဝါဒစကားကို ကြားရသည်နှင့် တပြိုင်နက် တချက်တည်း မိမိရင်ဝယ်၌ သွေးပိုက်ထားသော မိစ္ဆာအယူကို ခန်းခြောက်စေ၍ မိစ္ဆာ အယူကင်းရှင်းလျက် သောတာပတ္တိမဂ် ဉာဏ်ဖြင့် နိဗ္ဗာန်တရားကို ပကတိထင်ထင် မြင်ရလေ၏။သောတာပန် သားတော်၏ အဖြစ်သို့ ရောက်လေ၏။

သတ္တဝါ၊ ရဟန္တာ ဟေန် ရကောင်းသည်၊ ရှိကောင်းသည်ဟု မိစ္ဆာဝါဒဖြစ်သော ယမကရဟန်းသည် “ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ ရုပ်သည်မြဲသလော မမြဲသလော”စသည်ဖြင့် ဧတ္တာရှေ့ရှု၊ကြည်ဖြူသာယာ၊ နာဘွယ်သော တရားစကားကို ဆိုတော်မူသော အရှင်သာရိပုတ္တရာ၏စကားကို ကြားနာရသည်မှစ၍....နေထွက်လိုသောကြောင့် မိုးသောက်သော်...., တရွေ့ရွေ့ အမိုက်မှောင်ကို ပျောက်စေကုန်၍ ရောင်ဖြူ ရောင်နီဘက်ပြီးသဖြင့် နေမင်း တက်ထွန်းဘိသကဲ့သို့ မိစ္ဆာအယူ ပျောက်ရှင်း၍ နေမင်းထွန်းသည်နှင့်

www.dhammaransi.com



အလေးတူသော သောတာပတ္တိမဂ်ဉာဏ်တရား အထူးကို ရပါပြီ ဟု အားရနှစ်သက်“မျက်စိကန်းသော ယောကျ်ားသည် မျက်စိမြင်လာသကဲ့သို့”အမိုက်တိုက်၌ နေရသောသူသည် အလင်းကို ရဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဤသို့ လျှောက်ထား လေသတည်း။

“အို...ငါ့ရှင် သာရိပုတ္တရာ၊ ပညာဓါတ်ခံအား သေးမှေးမှိန်သော တပည့်တော်သည် ကိုယ်တော်မြတ်၏ အဆိုအမိန့် ဩဝါဒကို မကြားရ၊ မနာရမီ ရှေးအဘို့၌ ယုတ်မာစွာသော မိစ္ဆာ အယူသည့်ဖြစ်ချေသည် သာတည်း။ အရှင်၏ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ ဟူသော တရားတော်ကို ကြားရ၊ နာရပါသောကြောင့် ယုတ်မာစွာသော ထိုမိစ္ဆာအယူကိုလည်း တပည့်တော် စွန့် လိုက်ပါပြီ။ သောတာပတ္တိမဂ် တရားကိုလည်း တပည့်တော် သိအပ်၊ ရအပ်ပါပြီ။

ဟူ၍ ယမက ရဟန်းသည် ဝမ်းမြောက် ဝမ်းသာ လျှောက်လေပြီတည်း။

ဒီဠိအယူပျောက်၍ သောတာပတ္တိမဂ်သို့ ရောက်ပြီးသော ယမက ရဟန်းအား အထက်မဂ်သုံးပါးကို ရစေခြင်းငှာ တဖန် ထပ်၍ ဥပမာ နှင့် တကွ ဥပမေယျ ကို ပြတော်မူသည်။

“ငါ့ရှင် ယမက။ သင့်ကိုသူတပါးတို့က “ရဟန္တာသေသည်၏ နောက်၌ အဘယ်သို့နည်း ငါ့ရှင်”ဟု အကယ်၍ မေးလှာ ကုန်

www.dhammaransi.com



သော် သင်အသို ဖြေမည်နည်း။ ပြောမည်နည်း”ဟု မေးသော အခါ။တပည့်တော် ဤသို ဖြေပါအံ့။ ပြောပါအံ့။ “ငါ့ရှင်တို့၊ ရုပ်သည် အနိစ္စတည်း။ အနိစ္စဖြစ်သော ထိုရုပ်သည် ဒုက္ခတည်း။ ဒုက္ခဖြစ်သော ထိုရုပ်သည်လည်းပျောက်လေပြီ။ ကင်းလေပြီ။ ရုပ်မှတပါး ပျောက်တတ်သော သတ္တဝါမရှိ။ ကင်းတတ်သော သတ္တဝါမရှိ။ ဤသို ဖြေပါ၊ ပြောပါအံ့ ဟု လျှောက်၏။

“ငါ့ရှင်ယမက။ သူကြွယ်သား နှစ်ယောက်တို့ ရှိကုန်၏။ တဦးကား ပဏ္ဍိတ ပညာရှိ၏။ တဦးကား ဗာလ ပညာနည်း၏။ ထိုသူကြွယ်သားများကို အန္တရာယ်ပြုရန်၊လုပ်ကြံရန်ဟူသော ရွယ်စူးချက်ဖြင့် ရန်သူငါးယောက်တို့သည် ခစားအံ့ဟု သူကြွယ်သားများထံသို့လာရောက်ကြကုန်၏။ မိမိတို့ထံမှောက်သို့ ရန်သူများရောက်ရှိလာကုန်သော်လည်း ရန်သူဟု သူကြွယ်သားတို့က မသိရှာလေကုန်။ ရန်သူတို့သည် ကာလကြာမြင့်စွာ ရှိသေလေးစားစွာ ဆည်းကပ် လုပ်ကျွေးလျက် တဘက်မှ လုပ်ကြံရန် အခွင့်ကောင်းကို ချောင်းမြောင်း စောင့်ဆိုင်းကာသာ နေကုန်၏။

“ငါ့ရှင်ယမက၊ ထိုအခါတိုင်အောင်လည်း သူကြွယ် သားတို့ကား ရန်သူဟု မသိကြသေး၊ ။မရိပ်ကြသေးကုန်။ ဤသို့ ရန်သူကို ရန်သူမှန်းမသိ၊ မထင် လေသောကြောင့် ရန်သူကိုပင် နှစ်သက်မြတ်နိုးကာ သူတို့အလိုရှိရာ ပြည့်စုံအောင် မတောင့် မတရအောင်၊ မကြောင့်ကြရအောင်—အခါခပ်သိမ်း၊ ချီးမြှင့် မြှောက်စားလျက် ထားလေကုန်ရာ၏။သူကြွယ်သားပဏ္ဍိတကားနောက်

www.dhammaransi.com



ကာလကြာလတ်သော်.... သူတို့သည် ငါ့ရန်သူ့ဟုသိလေရာ၏။ သူကြွယ်သား ဗာလသည်ကား "ရန်သူကို ရန်သူ့ဟု မထင်နိုင်၍ အဆွေခင်ပွန်းကြီး အဖြစ် ဆက်ဆံနေလေ၏။ ချစ်အပ်၊ ခင်အပ်၊ ကြင်နာအပ်၊ မြတ်နိုးအပ်သူဟု ထင်လေသောကြောင့် ချီးမြှင့်မြှောက်စားကာ ယင်းတို့၏ အလိုသို့သာလိုက်၍ နေလေရာ၏။

ထိုအခါ ငါးယောက် ကုန်သော ရန်သူတို့သည် အခွင့် ရလေပြီ ဖြစ်သောကြောင့် သူကြွယ်သား ဗလာ၏ ဦးခေါင်းကို သန်လျက်ဖြင့် ဖြတ်ကုန်လေရာ၏။ သူကြွယ်သား ပဏ္ဍိတသည်ကား "ရန်သူကို ရန်သူမှန်း့သိရသည့်အချိန်မှစ၍ ရန်သူနှင့် လွတ်ကြောင်းကိုသာ အမြဲတစေ လုံ့လပြုနေလေရကား တနေ့ထက် တနေ့၊ တရွေ့ရွေ့လျှင် ရန်သူနှင့် ဝေးသည်ထက် ဝေးသဖြင့် ဘေးမှ လွတ်ရာ၏"ဟု ဥပမာခင်း၍ ဉာဏ်အလင်းကို ပွင့်စေတော်မူ၏။ ဥပမာကို ဥပမေယျနှင့် ဟပ်၍ စပ်၍ ပြတော် မူသည်ကား....

"ငါ့ရှင် ယမက၊ ရန်သူငါးယောက် ဆိုသည်ကား အခြားမဟုတ် ခန္ဓာငါးပါးတည်း။ သူကြွယ်သား ဟူသည်ကား ဝဋ္ဋဆင်းရဲ၌ ဆုံလည်သော နွား၏အသွင် ကျင်လည်နေသော ဝဋ္ဋနိဿိတ ပုဂ္ဂိုလ်တည်း။ အန္တရာယ်ပြုလို၊လုပ်ကြံလိုသောကြောင့် ခစားလာ၏ ဆိုသည်ကား-ခန္ဓာငါးပါးတို့၏ ပဋိသန္ဓေ နေလာခြင်းတည်း။ ရိုသေလေးမြတ်ခစားခြင်းကို ပြုသည် ဆိုသည်ကား-ငါးပါးအာရုံ၊ ကာမဂုဏ်တို့၌ နှစ်သက်မွေ့ပျော်အောင် ပြုခြင်းတည်း။ ရန်သူရန်သူမှန်းမသိဟူသည်ကား-အနိစ္စ၊ဒုက္ခ၊အနတ္တဖြစ်

www.dhammaransi.com



သော ခန္ဓာငါးပါး တရားအစုမျှသာ ဟု မသိခြင်းတည်း။ ရန်မှန်းမသိသောကြောင့် ချီးမြှင့် မြှောက်စား၍ မတော်မတ၊ မကြောင့်မကြ ထားအ၏ ဟူသည်ကား....ခန္ဓာငါးပါးကို အလို လိုက်၍ အသက်ထက်ဆုံး မငြီးမငွေ့ ပြုစုလုပ်ကျွေး မွေးမြူခြင်းကည်း။ အထူးထူးသော အစားအစာ အာဟာရကို ရှာမှီး လုပ်ဆောင်၍ စားရခြင်း၊ အထူးထူးသော အဝတ်တန်ဆာကို မရလျှင် ရအောင် ဆင်းရဲပင်ပန်းကြီးစွာခံလျက် ရှာဖွေ၍ ဖုံးလွှမ်းရခြင်း၊ ထ, ဆိုတိုင်း ထရခြင်း၊ ထိုင်ဆိုတိုင်း, ထိုင်ရခြင်း၊ သွားကိုတိုင်းသွားရခြင်း၊ နေ, ဆိုတိုင်း နေရခြင်း၊ ကွေး, ဆိုတိုင်းကွေးရခြင်း၊ ဆန့်ဆိုတိုင်း ဆန့်ရခြင်း၊ ရယ်ဆိုတိုင်း ရယ်ရခြင်း။ ပြောဆိုတိုင်း ပြောရခြင်း၊ စားဆိုတိုင်း စားရခြင်း၊ မစားနှင့် ဆိုလျှင် မစားဘဲ နေရခြင်း၊ ဝတ်ဆိုလျှင် ဝတ်ရခြင်း၊ မဝတ်လင့်ဆိုလျှင် မဝတ်ဘဲ နေရခြင်း၊ ကြည့်ဆိုတိုင်း ကြည့်ရခြင်း၊ နားထောင် ဆိုတိုင်း နားထောင်ရခြင်း မကြည့်လင့်ဆိုလျှင် နေရခြင်း၊ နားမထောင်လင့်ဆိုလျှင် နေရခြင်း၊ ဤသို့စသောအားဖြင့် အသက်ထက်ဆုံး အသုံးမကျသော အကောင်ပုပ်ကို မွေးမြူ ရခြင်းသည် ခန္ဓာငါးပါးဟူသောရန်သူကို- ချီးမြှင့် မြှောက်စားသည်၊ အလိုသို့လိုက်၍ ထားသည်မည်၏။ ချီးမြှင့် မြှောက်စား ထားသည့် အတွင်းမှာပင် သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်လေ၏ ဟူသည်ကား....နှစ်သက်ဝမ်းမြောက်စွာ အကောင်ပုပ်ကို ပြုစု ရစဉ်မှာပင်လျှင် ဘဝတိုင်း ဘဝတိုင်း သေခြင်း မရဏသို့ ရောက်၍ ပြုရကျိုးကို မခံစားရ။ ပျက်စီးခြင်းတည်း။ ဤကား သူကြွယ်သား ဗာလနှင့်တူသော ဝဋ္ဋာဘိရတ ဗာလ ပုဂ္ဂိုလ်ဥပမာတည်း။

www.dhammaransi.com



"ငါ့ရှင် ယမက၊ ပြုစုချီးမြှောက်စဉ်ပင်လျှင် ရန်သူကို ရန်သူ မှန်းသိလေ၏ ဟူသည်ကား ခန္ဓာငါးပါး တရားအစုမျှသာ ဖြစ်၍ အနိစ္စသာ၊ ဒုက္ခသာ၊ အနတ္တသာ အမှန်။ ငါ၏ ကိုယ်မဟုတ် တကား။ ကာလရှည်ကြာစွာ သံသရာ အဆက်ဆက် နှိပ်စက် သောကြောင့် ခန္ဓာငါးပါးကို ရန်သူ–ဟုသိခြင်းတည်း။ သိသော ကြောင့် ရန်သူနှင့် ဝေးရာဝေးကြောင်း၊ လွတ်ရာ လွတ်ကြောင်း ကို လုံ့လပြု၍ အသက်မသေ၊ ချမ်းသာရလေ၏ ဟူသည်ကား ဝဋ်ဆင်းရဲ၌ ငြီးငွေ့သော ယောဂီပုဂ္ဂိုလ်သည် ရူပံ အနိစ္စံ-ရုပ် သည် အမြဲမရှိ။ ဝေဒနာ အနိစ္စာ-ဝေဒနာသည် အမြဲမရှိ သညာ အနိစ္စာ–သညာသည် အမြဲမရှိ။ သင်္ခါရာ အနိစ္စာ-သင်္ခါရ တို့သည် အမြဲမရှိကုန်။ ဝိညာဏံ အနိစ္စံ-ဝိညာဏ်သည် အမြဲမရှိ–ဤသို့စသည် ဖြင့် ဝိပဿနာကို ပွားများလေသောကြောင့် အမတ နိဗ္ဗာန်သို့ ရောက်သဖြင့် ဘေးခပ်သိမ်း ငြိမ်းလေ၏ ဟူပေ၏။

ဤသို့သော ဥပမာအားဖြင့် မေတ္တာရှေးရှု၍ ဟောတော် မူ လေသော အရှင်သာရိပုတ္တရာ၏ စကားတော် အဆုံး၌ ယမက မည်သော ရဟန်းသည် အထက်မဂ် သုံးပါး တရားအထူး ကိုရ လေ၏။ အထက်မဂ်သုံးပါး တရားအထူးကို ရပြီးလျှင် ကျေးဇူးကို သိသည်နှင့်အညီ၊ ချီးမွမ်းထောမနာ သာယာသော အသံကို ဖြစ် စေလျက် ဤသို့ လျှောက်လေသတည်း။

"အို....ငါ့ရှင်သာရိပုတ္တရာ၊ ကိုယ်တော်မြတ်၏ ဩဝါ ဒအဆုံးအမတော်ကို ကြားရ၊ နားရ ပေသောကြောင့်

www.dhammaransi.com



တပည့်တော်သည် လောကုတ္တရာ ရတနာထီးဖြူဟူသော အရဟတ္တဖိုလ် တရားတော်ကို ရပေသည် ဖြစ်၍ အာသဝေါ တရားလေးပါးတို့မှ ယခုတပည့်တော်၏ စိတ်သည် လွတ်လေပြီ။

ဟု ဝမ်းမြောက်ဝမ်းသာ လျှောက်လေပြီတည်း။ ခရီးမှားသောသူသည် မှန်သောခရီးသို့ ရောက်သကဲ့သို့၊ မျက်စိလည်သောသူသည် မျက်စိလည်ခြင်း ပျောက်သကဲ့သို့ အားရနှစ်သက် လိုက်လှဲစွာ လျှောက်သေသည် ဟုလို။

အရှင်သာရိပုတ္တရာ၏ ဤ "ယမက စစ်တမ်းမှ ရလဒ် အမြတ်ကား ကာယကံ ရှင် အရှင်ယမက အဘို့ မိစ္ဆာဒိဋ္ဌိ အယူဝါဒမှ ကျွတ်လွတ်၍ အရဟတ္တဖိုဂ်ကို မျက်မှောက် ပြုရခြင်း အကျိုး ရရှိလေသည်သာမက နောင်လာနောင်သားတို့ အဘို့ ဆိုလျှင်လည်း ရှုစရာ-အလွန်ကြည်လင်သော ရတနာမှန် "ကြေးမုံ"အဖြစ် ကျန်ရစ် ခဲ့ခြင်းပင် ဖြစ်သတည်း။

၀၀၀

www.dhammaransi.com

# အပိုင်း ( ၇ )

## ဝိပဿနာ နှင့် ကမ္မဋ္ဌာန်း

ကမ္မဋ္ဌာန်းထိုင်သည်၊ ကမ္မဋ္ဌာန်း စီးဖြန်းသည်။ ကဋ္ဌာန်း ရှုသည်၊ ကမ္မဋ္ဌာန်းပွားများသည် ဟူ၍လည်း ဆိုကြ၏။ ဝိပဿနာ ရှုသည်။ ဝိပဿနာ စီးဖြန်းသည်။ ဝိပဿနာ ပွားများသည် ဟူ၍လည်း ဆိုကြ၏။ မည်သို့ပင် အဆိုဝေါဟာရ ကွဲပြားစေကာမူ အဓိပ္ပာယ်အားဖြင့် တူ၏။ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းသည်ပင် ဝိပဿနာ ပွားများခြင်းပင်တည်း။ ဝိပဿနာရှုခြင်းသည်ပင် ကမ္မဋ္ဌာန်း စီးဖြန်းခြင်းပင်တည်း။

ကမ္မဋ္ဌာန်း စီးဖြန်းသည် ဟူ၍ပင်ဆိုဆို၊ ဝိပဿနာရှုသည်ဟူ၍ပင် ပြောပြော၊ လိုရင်းအချုပ်အားဖြင့် အဘယ်ကို အဘယ်သို့ ရှုသနည်း။ ဘယ်နည်း ဘယ်ပုံ စီးဖြန်းသည်။ ပွားများသနည်း။ ဘာ့ကြောင့်....၊ ဘယ်အတွက်....၊ ဤသို့ရှုမှု၊ စီးဖြန်းမှု၊ ပွားများမှုကို ပြုကြသနည်း....ဆိုသော အချက်ကို သိအပ်၊ သိသင့်၊ သိထိုက်ပေသည်။

www.dhammaransi.com



သင်္ခါရ။ သက်ရှိ၊ သက်မဲ့၊ ပုပုရွရွ မြင် မြင်သမျှကို သင်္ခါရ ဟု ဆိုသည်။

အနိစ္စ။ ယင်းမြင်မြင်သမျှ သင်္ခါရတို့၏ မမြဲသောသဘော၊ ရွေ့လျောခြင်း သဘော၊ပျက်စီးခြင်းသဘော ကို အနိစ္စ ဟု ဆိုသည်။

ဝိပဿနာ။ ယင်း သင်္ခါရတို့၏ မမြဲသော သဘောကို ယထာဘူတဉာဏ်ဖြင့် "မမြဲပါကလား၊ ပျက်စီးပါကလား...." ဟူ၍ အမှန်ကို အမှန်အားဖြင့် ရှုခြင်း၊စီးဖြန်းခြင်း၊ ပွားများခြင်းကို ဝိပဿနာ ဟု ဆိုသည်။

အဘယ်ကို ရှုသနည်း ဆိုရာ၌ အထက်ပါစကားဖြင့်ပင် ဖြေပြီးသား ဖြစ်၏။ တေဘူမကာ သင်္ခါရတရားတို့ကို ရှုသည်၊စီးဖြန်းသည်၊ ပွားများသည် ဟု ဆိုလိုသည်။အဘယ်သို့ ရှုသနည်း၊ ဘယ်နည်း ဘယ်ပုံ စီးဖြန်းသနည်း။ ပွား များသနည်း ဆိုရာ၌လည်း အဖြေထွက်ပြီးသား ဖြစ်ပေ၏။ အနိစ္စသဘောအားဖြင့် "မမြဲပါကလား၊ပျက်စီးပါကလား" ဟူ၍ အမှန်ကို အမှန်အတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်း ယထာဘူတဉာဏ်ဖြင့် ရှုသည်၊ စီးဖြန်းသည်၊ ပွားများသည် ဟူပေ၏။

ဝိပဿနာ ရှုခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၏ အဓိပ္ပာယ်အချုပ်

 မှာ....အနိစ္စ သဘောကို အနိစ္စမှန်း ပြိုပြိုပြင်ပြင်၊ လှိုက်လှိုက်ထဲ့လဲ့

www.dhammaransi.com



အသိဉာဏ်နှလုံးသားထဲ၌ စွဲနေအောင် သွင်းထားခြင်း၊ ရှုပွား ခြင်းပင် ဖြစ်လေရာ လုပ်တတ်ပါမူ ယင်း စီးဖြန်းမှု ကိစ္စသည် ခြေတလှမ်းနှင့်ပင် ဖြစ်နိုင်၏။

မှန်၏။ လူတို့ ခြေလှမ်း လှမ်းသွားကြရာ၌ ခြေတလှမ်း ပျက် ခဲ့ပြီးမှ ရှေ့သို့ ခြေတလှမ်း တက်ခြင်း ဖြစ်၏။ ဤတွင် ဖြစ်ပျက် သဘော အနိစ္စ ပါလာပြီ။ ရှေ့သို့ ခြေလှမ်းရာ၌ စုံခုန်၍ လှမ်းရိုး မရှိ။ တလှမ်းပြီးမှ နောက်တလှမ်းကို လှမ်းခြင်းဖြစ်ရာ ထိုအခါ နောက်ခြေလှမ်းမပျက်ဘဲ ရှေ့ခြေကိုလှမ်း၍ မရချေ။ ရှေ့ခြေကို လှမ်းလိုက်သည်နှင့်တပြိုင်နက် နောက်ခြေလှမ်းမှာ အနိစ္စ သဘော ကိစ္စချော၍ ကျန်ခဲ့လေ၏။

"ဩ....လမ်းသွားရာမှာလဲ အနိစ္စသဘော ရှိတာပါဘဲလား၊ ရှေ့တလှမ်းဖြစ်၍ နောက်တလှမ်းက ပျက်သည်။ နောက်တလှမ်း ပျက်သောကြောင့်လည်း ရှေ့တလှမ်းဖြစ်လာသည်....ဟူ၍ ဤသို့ ခြေတလှမ်းနှင့်ပင် လုပ်တတ်လျှင် သွားရင်း လာရင်း ဝိပဿနာ စီးဖြန်းခြင်း ကိစ္စ ဖြစ်နိုင်၏။

## ရုပ်ရှင် နှင့် ဝိပဿနာ

ရုပ်ရှင်သည် ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း ကိစ္စ၌ ထင် ရှားသော ပေါ်လွင်သော စံနှိုင်းစရာ၊ ဥပမာ တင်ပြစရာ အကောင်းဆုံးဖြစ်၏။ ရုပ်ရှင်ကို ကြည့်ဘူး၊ မြင်ဘူး ကြပါလိမ့်

www.dhammaransi.com



မည်။ရုပ်ရှင် ဆိုသောအတိုင်းပင် ဖလင် ကော်ပြားတွင်း၌ ပုံရိုက်၍ သွင်းထားသော အရုပ်ကလေးများ၊ တကဲ့ လူပကတိအတိုင်း၊ ရှင်သယောင်ယောင် လုပ်ပြသော အရိပ်ပြပွဲ ဖြစ်လေသည်။ မြန်မာ ရုပ်ရှင်ကားတကားလျှင် ဖလင် ပေပေါင်း သောင်း ငါး ထောင် အတွင်းမှာ အရှိများ၏။

## ဖလင်ထဲက အရုပ်ပေါင်း နှစ်သိန်းကျော်

တပေလျှင် အကွက်ပေါင်း (၁၆) ကွက် ရှိသဖြင့် တပေလျှင် အရုပ်ကလေးပေါင်း(၁၆)ရုပ်ကျ ပါဝင်၏။ ပေပေါင်း သောင်း ငါးထောင်ဆိုသော်.... အရုပ်ကလေးပေါင်း နှစ်သိန်းကျော် ပါရှိလေ၏။ ယင်း အရုပ်ပေါင်း နှစ်သိန်းကျော်ကို ပြစက် ထဲထည့်၍ တစက္ကန့်လျှင် တပေခွဲနှုန်းဖြင့် ခုတ်မောင်း၍ ထုတ်လိုက်သောအခါ ဖလင် ကော်ပြားထဲမှ အရုပ်တို့သည် တရုပ်ပြီးတရုပ်၊တလှုပ်လှုပ်နှင့် ထွက်လာကုန်လေ၏။ အရုပ်ချင်းအဆက်မပြတ် တသွက်သွက် ဆက်တိုက် တလစပ် ထွက်လာသောအခါ ရယ်လား၊ မောလား၊ သွားလား၊လာလား၊ ထိုးလား၊ ခုတ်လား တကဲ့ လူသားပကတိအတိုင်း ထင်ကြရလေ၏။

အရုပ်များသည် ပြစက်ထဲမှ ပြိုင်၍ထွက်လာကြသည်မဟုတ်၊ တရုပ်ပြီးမှ နောက်တရုပ် ထွက်လာခြင်း ဖြစ်လေရာ ဤ၌လည်း ဖြစ်ပျက်သဘော အနိစ္စ စင်စစ်ကြီး ပါလာ၏။ ရှေ့သို့ တသွက်သွက် ထွက်လာသော အရုပ်များသည် အဖြစ်သဘောကို ဆောင်

www.dhammaransi.com



၍ နောက်တွင် ကျန်ရစ်ခဲ့သော အရုပ်ကားများ အပျက်သရုပ် (အနိစ္စသဘော)ကို ဆောင်ကုန်၏။ "သြ....သည် အရုပ်ကလေး တွေဟာလဲ တလှုပ်လှုပ်နဲ့တဖြုတ်ဖြုတ် ပြောင်းလဲနေပါကလား။ သင်းကလေးတို့လဲ အနိစ္စ ပါဘဲကလား"ဟူ၍ ရုပ်ရှင်ကြည့်ရင်း မှာပင် လက္ခဏာရေး သုံးပါးတင်၍ ရုပ်ရှင် ကမ္မဋ္ဌာန်း ရှုနိုင်၊စီး ဖြန်းနိုင်၊ ပွားများနိုင်၏။

သို့သော်.... သဘောကိုသာ ပြောပါသည်။ ဤနေရာမျိုး၌ အပြောလွယ်သလောက် အလုပ် ခက်လှ၏။ရုပ်ရှင်ပြလျှင် အ များ အားဖြင့် မိမိခင်မင်စွဲလမ်းရာ မင်းသမီး၊ မင်းသားဆီ၌ စိတ်ရောက် နေသူက များ၏။ စင်စစ်ဆိုသော်....

အဘယ် ကမ္မဋ္ဌာန်းသမား၊ဘယ်ဝိပဿနာ သမားမှုလည်း ထို နေရာသို့ စိတ်ဝင်စားမည်လည်း မထင်ပါ။ အနိစ္စသဘော ဖြစ် ပျက်ပြကွက်ကား၊ အလွန်ထိရောက်လှ၏။သို့သော် လူတို့သဘော ကား လူမဟုတ်သော အရုပ်များကိုပင်လျှင် တကဲ့လူ ဟု ထင် နေကြသည် ဖြစ်ရာ၊ တကဲ့ လူကို "လူ မဟုတ်၊မိန်းမ မဟုတ်၊ ယောကျ်ား မဟုတ်" ဟု ထင်စေ မြင်စေဘို့ကိစ္စ၊ ထင်အောင်၊ မြင်အောင်၊ ပြဘို့အတွက် လွန်စွာ ခက်ဘိစွ။

## သောသေးဆယ် နှင့် ဝိပဿနာ

အကယ်၍ အမှန်ကိုအမှန်အတိုင်း၊ အဖြစ်ကို အဖြစ် အတိုင်း အရှိကို အရှိအတိုင်းသာ သိကြ၊မြင်ကြ မည်ဆိုလျှင် အဘယ် သူ

www.dhammaransi.com



သည် အဘယ်အရာကိုမျှ ခင်တွယ်ချင်တော့မည် မဟုတ်။ ဥပမာ မီးသည်ပူ၏။ လူသည် မီးကိုပူမှန်းသိ၏။ သိ၍ ပူမည် စိုးသော ကြောင့် ထိုမီးကို မကိုင်ချေ။ ဆူးသည် နင်းမိလျှင် စူးတတ်မှန်း သိသောကြောင့် လူသည် ဆူးကို အမိုက်ခံပြီး မနင်းချေ။ မြွေ ပွေးသည် ထိလျှင် ပေါက်တတ်မှန်း သိသောကြောင့် လူသည် မြွေ၏ အနီးသို့ပင် မကပ်ချေ။ ထိုအခါ လူသည် ဘေးကင်း လေ ၏။ ချမ်းသာလေ၏။

ဤဥပမာများနှင့် အလားတူစွာ မြွေ နှင့် မီးကိုထိမိ ကိုင်မိ သော သူမှာ ထိုဘဝတွင်သာ ဒုက္ခဖြစ်နိုင် သော်လည်း သံသရာ တခွင် ကျင်လည်သရွေ့ မြွေ မီး တို့ထက် [အဆဆကဲတက်၍ ဒုက္ခ ပေးနိုင်သော ရုပ်ကောင် နာမ်ကောင်ကြီးကို ထိတ်စရာ အသွင်၊ စက်ဆုပ်စရာအသွင်၊ တကဲ့အဖြစ်ကို အဖြစ်အတိုင်း မြင်အောင် ပြု လုပ်၍ အနိစ္စတော၊ ဒုက္ခတော[၁] စသော တော လေးဆယ် တို့ကို လက်နက်သဖွယ် အသုံးပြုကြကုန်၏။ အသုံးပြုရန် ညွှန်ကြား ကြ ကုန်၏။ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းရာ၌ တောလေးဆယ်တို့ကို ပစ်မှတ်ထား၍ စီးဖြန်းစေကုန်၏။ ဤခန္ဓာကိုယ်ကြီးကို ခင်မင် ဘွယ်၊ မြတ်နိုးဘွယ်၊ သာယာဘွယ်ထင်နေသမျှ ဝဋ်မှ လွတ်နိုင် မည်မဟုတ်သောကြောင့် စက်ဆုပ်ဘွယ်အသွင် ထင်မြင်အောင် တောလေးဆယ်ဖြင့် ရှုပွားစေခြင်းဖြစ်၏။

---

၁။ အနိစ္စတော၊ ဒုက္ခတော၊ ရောဂတောစသည့် ပဋိသမ္ဘိဒါ မဂ် ပါဠိတော်။

www.dhammaransi.com



## တောလေးဆယ် ဖြင့် ရှုပွားပုံ

၁။**အနိစ္စတော**။ ။ဤခန္ဓာကိုယ်ကောင်ကို အမြဲမရှိသော အားဖြင့် "မမြဲပါကလား။ မမြဲပါကလား" ဟုဟု အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၂။**ဒုက္ခတော**။ ။ဤခန္ဓာကိုယ်ကောင်ကို ဆင်းရဲသော အားဖြင့်"ဆင်းရဲပါကလား၊ ဆင်းရဲပါ ကလား" ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၃။ **ရောဂတော**။ ။ဤ ခန္ဓာကိုယ်ကောင်ကို အနာနှင့် ဆက်ဆံသောအားဖြင့်"နာဖျား တတ်ပါ ကလား၊ နာဖျားတတ်ပါကလား"ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၄။ **ဂဏ္ဍတော**။ ။ဤခန္ဓာကို အိုင်းအမာနှင့် တူသောအားဖြင့် "အနာကြီးပါကလား၊အနာကြီးပါတကား" ဟူ၍ ရှုပွားစီးဖြန်းရာ၏။

၅။**သလ္လတော**။ ။ဤခန္ဓာကို ဆူးငြောင့်နှင့် တူသောအားဖြင့် စူးတတ်ပါကလား၊ စူးတတ်ပါကလား"ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၆။ **အဃတော**။ ။ဤခန္ဓာကို အစီးအပွား မဆောင်တတ်သောအားဖြင့် "အချိုးနှိုးပါကလား၊ အချိုးနှိုးပါကလား"ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

www.dhammaransi.com



**၇။ အာဗါဓတော။** ။ဤခန္ဓာကို များစွာသော အနာနှင့် တွေ့သောအားဖြင့် "အနာကြီးပါတကား၊အနာကြီးပါတကား"ဟူ၍အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

**၈။ ပရတော။** ။ဤခန္ဓာကို သူစိမ်းပြင်ပနှင့် တူသော အားဖြင့် "သူစိမ်းပါတကား၊သူစိမ်းပါတကား" ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

**၉။ ပလောကတော။** ။ဤခန္ဓာကို အို နာ သေဘေးတို့ ဖျက်ဆီးတတ်သော အားဖြင့် "ဖျက်ဆီး တတ်ပါတကား၊ ဖျက်ဆီးတတ်ပါ တကား" ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

**၁၀။ ဤတိတော။** ။ဤခန္ဓာကို များစွာပျက်စီးခြင်း ဆောင်တတ်သောကြောင့် "ပျက်စီးတတ်ပါတကား ပျက်စီးတတ်ပါတကား"ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

**၁၁။ ဥပဒ္ဒဝတော။** ။ဤခန္ဓာကို နှိပ်စက်ခြင်း၏ အကြောင်းအားဖြင့် "နှိပ်စက်တတ်ပါတကား၊ နှိပ်စက်တတ်ပါတကား"ဟူ၍အဖန်ဖန်ရှုပွားစီးဖြန်းရာ၏။

**၁၂။ ဘယတော။** ။ဤခန္ဓာကို ခပ်သိမ်းသော ဘေးတို့၏ တည်ရာအားဖြင့် "ဘေးဖြစ်ရာပါတကား၊ ဘေးဖြစ်ရာပါတကား"ဟူ၍ အဖန်ဖန်ရှုပွား စီးဖြန်းရာ၏။

www.dhammaransi.com



၁၃။ **ဥပသဂ္ဂတော။** ။ဤခန္ဓာကို ကပ်၍ နှိပ်စက်သော အားဖြင့် "ပူးကပ် နှိပ်စက်တတ်ပါ တကား၊ ပူးကပ် နှိပ်စက်တတ်ပါတကား"ဟူ၍အဖန်ဖန်ရှုပွား စီးဖြန်းရာ၏။

၁၄။ **စလတော။** ။ဤခန္ဓာကို တုန်လှုပ် တတ်သော အားဖြင့် "တုန်လှုပ်တတ်ပါတကား၊ တုန်လှုပ် တတ်ပါတကား" ဟူ၍စီးဖြန်းရာ၏။

၁၅။ **ပဘင်္ဂုတော။** ။ဤခန္ဓာကို ပျက်စီးခြင်း သဘောသို့ ရောက်တတ်သော အားဖြင့် "ပျက်စီးမှာတကား၊ ပျက်စီးမှာပါတကား"ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၁၆။ **အဓုဝတော။** ။ဤခန္ဓာကို မမြဲသောအားဖြင့် "မမြဲပါ တကား၊ မမြဲပါတကား"ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၁၇။ **အတာနတော။** ။ဤခန္ဓာကို ဘေးရန်ကို မကာကွယ်တတ်သောအားဖြင့် "အကာ အကွယ် မရှိပါ တကား၊ အကာအကွယ်မရှိပါတကား"ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

၁၈။ **အလေနတော။** ။ဤခန္ဓာကို မှီခို ပုန်းအောင်းရာ မဟုတ်သောအားဖြင့် "မှီခိုရာ မဟုတ်ပါ တကား၊ မဟုတ်ပါတကား"ဟူ၍အဖန်ဖန်ရှုပွားရာ၏။

www.dhammaransi.com



**၁၉ အသရဏတော။** ။ဤခန္ဓာကို ကိုးကွယ်ရာမဟုတ်သောအား ဖြင့် "ကိုးကွယ်ရာမဟုတ်ပါတကား၊ မဟုတ်ပါတကား" ဟူ၍ ရှုပွားရာ၏။

**၂၀။ ရိတ္တတော။** ။ဤခန္ဓာကို ကုန်တတ် ပျက်တတ်သော အားဖြင့် "ကုန်တတ်ပါဘကား၊ ပျက်တတ်ပါတကား" ဟူ၍ အဖန်ဖန် ရှုပွားရာ၏။

**၂၁။ တုစ္ဆတော။** ။ဤခန္ဓာကို အချီးနှီးအားဖြင့် "အချီးနှီး ပါတကား၊ အချီးအနှီး ပါတကား" ဟူ၍ အဖန်အဖန် ရှုပွားစီးဖြန်းရာ၏။

**၂၂။ သုညတော။** ။ဤခန္ဓာကို အစိုးရခြင်းစသည်မှ ဆိတ်သော အားဖြင့် "ဆိတ်လှပါတကား၊ ဆိတ်လှပါ တကား" ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

**၂၃။ အနတ္တတော။** ။ဤခန္ဓာကို အလိုသို့ မလိုက်သော အားဖြင့် "အလိုမပါပါ တကား၊ အလိုမပါ ပါ တကား" ဟူ၍ အဖန်ဖန် ရှုပွားစီးဖြန်းရာ၏။

**၂၄။ အာဒီနဝတော။** ။ဤခန္ဓာကို ကြီးစွာသော အပြစ်အား ဖြင့် "အပြစ်ကြီးလှပါတကား၊ အပြစ်ကြီး လှပါတကား" ဟူ၍ အဖန်ဖန် ရှုပွား စီး ဖြန်းရာ၏။

**၂၅။ ဝိပရိဏာမဓမ္မတော။** ။ဤ ခန္ဓာကို ဖောက်ပြန် တတ် သော သဘောအားဖြင့် "ဖေါက်ပြန်တတ်

www.dhammaransi.com



၃၇။ **သောကဓမ္မတော**။ ။ဤခန္ဓာကိုစိုးရိမ်ခြင်း၏ အကြောင်း အားဖြင့်"စိုးရိမ်စရာပါတကား၊ စိုးရိမ်စရာ ပါတကား"ဟူ၍ အဖန်ဖန် ရှုပွါး စီးဖြန်း ရာ၏။

၃၈။ **ပရိဒေဝဓမ္မတော**။ ။ဤ ခန္ဓာကို ငိုမြည်တမ်း ခြင်း၏ အကြောင်းအားဖြင့်"ငိုချင်စရာပါ တကား၊ ငိုချင်စရာပါတကား"ဟူ၍ အဖန်ဖန် ရှုပွား စီးဖြန်းရာ၏။

၃၉။ **ဥပါယာသဓမ္မတော**။ ။ဤခန္ဓာကို သက်ကြီးရှိုက်ငင် ပင် ပန်းခြင်း၏ အကြောင်း အားဖြင့် "ပင်ပန်း ဘွယ်ပါတကား၊ ပင်ပန်းဘွယ်ပါတကား" ဟူ၍ အဖန်ဖန်ရှုပွား စီးဖြန်းရာ၏။

၄၀။ **သံကိလေသဓမ္မတော**။ ။ဤခန္ဓာကိုညစ်ညူးသော ကိလေ သာ နှင့် ယှဉ်သော အားဖြင့် "ကိလေသာ ကောင်ပါတကား၊ ကိုလေသာကောင်ပါ တကား"ဟူ၍ အဖန်ဖန်ရှုပွား စီးဖြန်းရာ၏။

အနိစ္စတော၊ ဒုက္ခတော စသည်၌ပါသော"တော" ဟူသော နောက်ဆုံးစကားလုံးကို အစွဲပြု၍ "တောလေးဆယ်" ဟု ခေါ် စမှတ်ပြုကြ၏။ ယင်း တို့ကိုပင် ကမ္မဋ္ဌာန်းလေးဆယ် ဟူ၍ လည်း ကောင်း၊ ဝိပဿနာလေးဆယ် ဟူ၍ လည်းကောင်း ခေါ်ကြ သေး၏။

www.dhammaransi.com



ပကတိတောအုပ်အတွင်းသို့ ဝင်လိုသော် လူတို့သည်အရမ်း မဝင်ရဲကုန်။ တောတွင်း၌ ခြင်္သေ့၊ သစ်၊ ကျား စသော သားရဲ တိရစ္ဆာန်များ ခိုအောင်းနေထိုင်ရာ ဖြစ်သောကြောင့် သတိကြီးစွာ ထား၍၊ သို့မဟုတ် သားကောင်များ လန့်အောင်ခြောက်လှန့်ပြီးမှ ဝင်လေ့ရှိကုန်၏။

ထို့နှင့် အလားတူစွာ တရားအားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည် တရားအားထုတ်ခြင်းမပြုမီ၊ အထက်ပါ တောလေးဆယ်တို့ကို အကုန်လုံးသော်လည်းကောင်း၊ သို့မဟုတ် မိမိ တတ်နိုင်သလောက် ပိုင်း၍ ပိုင်း၍သော်လည်းကောင်း ရှေးဦးစွာ ရှင်းရာ၏။ ရှင်း ဆိုသည်ကား အခြားမဟုတ်၊ အနိစ္စတော အရ ဤခန္ဓာကိုယ်ကောင်ကြီးကို ဒေါ မြဲမရှိသော အနိစ္စကောင်ကြီးမှန်း သိလာအောင်၊ ထင်လာအောင်၊ သဘောပေါက် လာအောင် အဖန်ဖန် ရှုခြင်း၊ ပွားခြင်း၊ စီးဖြန်းခြင်းကိုပင် တောရှင်းသည် ဟု ဆိုခြင်းဖြစ်၏။ ဤသို့ တောရှင်းပစ်မှသာ ဤခန္ဓာကိုယ်ကောင်းပေါ်တွင် သံယောဇဉ်ကင်းမည်။ ခင်တွယ်စိတ်၊ မြတ်နိုးစိတ်၊သာယာစိတ်များ မီးခိုးတိတ်ဖြစ်သွားမည်။ ဤခန္ဓာကိုယ်ကောင်ကြီးကို သာယာနေသမျှ၊ သံယောဇဉ်မကင်း အမျှင်တင်းလင်း တွယ်နေသမျှ တရားအာရုံ ထုံနိုင်မည် မဟုတ်။ အားထုတ်သော်လည်း အားထုတ်ရကျိုး နပ်မည်မဟုတ်။ အရာရောက်မည်မဟုတ်။ ထို့ကြောင့် ကမ္မဋ္ဌာန်းတရားကို ပွားများ ထုတ်လို စီးဖြန်းလိုသူသည် ရှေးဦးစွာ မိမိ ခန္ဓာကိုယ်မှ တောလေးဆယ်ကို ရှေးဦးစွာ တတ်နိုင်သလောက် ရှင်းပြီးမှ ကမ္မဋ္ဌာန်း စခန်းဝင်ရန် ညွှန်ကြားကုန်၏။

www.dhammaransi.com



## တော လေးဆယ် ကို ရှင်း
## အတွင်းမှာ ဘာ ကိုတွေ့မည်နည်း

ဥပမာ....ဒူးရင်းသီး၊ ပိန္နဲသီးများကိုခွဲကြ၏။ အတွင်း၌အစေ့ အဆံအိမ်ကို တွေ့ ကြ၏။ စားရ၍ဖြစ်နိုင်လောက်သည်ကို တွေ့လျှင် စားကြ၏။ ပုပ်နေသော်လည်းကောင်း၊ သို့မဟုတ် စိမ်းနေလျှင် သော်လည်း ခင်တွယ်စရာ မြတ်နိုးစရာမရှိသဖြင့် စွန့်ပစ်ကြ၏။ ဤကား ဓမ္မတာ ဂင် တည်း။

လူ၏ခန္ဓာကိုယ်ကာယကို တောအသွင်ထားကာ သာယာ ဘွယ်၊ မြတ်နိုးဘွယ်၊ ခင်တွယ်ဘွယ် ရှိ–မရှိ၊ ခင်စရာ၊ မင်စရာ၊ မြတ်နိုးစရာ ဟုတ်မဟုတ် ကို သိအောင် အတွင်း ဝင်ကြည့်လေ သောအခါ ဘာတွေ ဘာတွေကို တွေ့ရမည်နည်း။ ပရိယာယ် သွယ်ဝိုက်၍ ပြောနေစရာမလို။ သူတွေ့ ငါတွေ့၊ သူမြင် ငါမြင် ကိုယ်တွေ့ မျက်မြင်ပင် ဖြစ်ပါချေ၏။

ဤကိုယ်၊ ဤ ခန္ဓာ၊ ဤ ကာယ ရုပ်ကောင် တောအုပ်ကြီး အတွင်းဝင်၍ကြည့်လေသောအခါ ထိုးလိုးထောင်လောင်အရိုးများ ကို တွေ့ရမည်ဖြစ်၏။ ဤကိုယ်ကောင်ကြီး မတ်နေအောင် ရပ် နေအောင်၊ တလှုပ်ရှားရှား သွားလာနိုင်အောင် သုံးရာသော အရိုးတို့ဖြင့် ဆိုင်းထားပုံ၊ ကျားကန်ထားပုံကို တွေ့ရမည်။အရိုး သုံးရာ မပါလေဘဲ (၀ါ) အရိုး သုံးရာကို လွှတ်၍၊ ချန်၍၊ မိမိ ချည်း အလွတ်သပ်သပ် မရပ်တည်နိုင်ကြောင်းကို သိလာ၊ ထင်

www.dhammaransi.com



လာ၊ မြင်လာမည်။ ထိုမှတပါး ထိုအရိုးပေါင်း သုံးရာကို တွယ်လျက်၊ ကပ်မျောင်လျက်၊ မြေးယှက်နေသော အကြောများကို တွေ့ရမည်။ အပျိုင်းအပျိုင်းထသော အကြောပေါင်း ကိုးရာတို့ကလည်း ဤခန္ဓာကောင်ကို မတ်နေအောင်၊ လှုပ်ရှားသွားလာနိုင်အောင် ဆိုင်းထားသည်ကို သိလာ၊ထင်လာ၊မြင်လာမည်။

ထိုမှတပါး အရိုး နှင့် အကြောများ ပေါ်ထွက်နေသည်ကို မမြင်ရအောင် စိုစွတ်သော အရေပါး ဝတ်လုံဖြင့် ခြုံငုံမ်းထားမည်ကို တွေ့ရမည်။ ဤ အရေပါးကို ခွာလိုက်သော် အရိုးနှင့်ခေါက်ခက်၊ အကြောနှန့်ပျိုင်းပျိုင်း- ခင်ဝရာ၊ မင်စရာ၊ မက်မောစရာမရှိသော ကမ္ဗဒ္ဒာန်း ကောင်ကြီးကိုသာ မြင်ရ၊ တွေ့ရမည်ဖြစ်၏။ ဤ အကြော၊ အရိုး၊ အရေးပါးတို့ ဖြင့် သိုင်းဝိုင်း ထားသော ခန္ဓာအိမ်ကြီးကို ဗိမာန်ပြု၍ ၎င်းအတွင်း၌ ပိုးမျိုး ရှစ်ဆယ်တို့ မြို့ရွာသဘွယ်တည်၍ နေထိုင်ကြသည်ကို တွေ့ရမည်။ "ငါ့ကိုယ်၊ ငါ့ခန္ဓာကြီးကား စင်စစ် ပိုးအိမ်ကြီး၊ ပိုးအုံကြီး ပါကလား" ဟု သိလာ၊ ထင်လာ၊ မြင်လာမည်။

ထိုမှ တပါးလည်း ဤ ခန္ဓာ ကိုယ် ကောင် ကြီး ကား အပေါက် အပေါက် ရှိသော ဆီခွက်ပမာ မပြတ် အောက်ထက် အရဗ္ဗက် ယိုစီးအောင် အပုပ်ရေရှိပါကလား ဟူ၍လည်းကောင်း အနာရောဂါ ဟူသမျှ ဒိုင်ခံ၍ဖြစ်ပွားရာ (၀၁) ရောဂါမျိုးစုံတို့ ဖြစ်ပွားရာ အသိုက်အမြုံကြီးပါကလား။ ဆင်းရဲဟူသမျှတို့ တံနားရာ၊ အပန်းဖြေရာ- ဆင်းရဲရိပ်သာကြီးပါကလား။ ပြည်မှ နေ

www.dhammaransi.com



သော အနာကြီးအလား၊ ဒွါရကိုးပေါက်တို့မှ နေ့ညဉ့်ဘစိုစို၊အရိ အရွဲ အချွဲတွေ၊ အပုပ်ရေတွေ၊ ယိုစီးနေပါကလား။ မျက်စိ နှစ်ဘက်မှ မျက်ဝတ် မျက်ချေး၊ နား နှစ်ဘက်မှ နားဖာချေး၊ နှာခေါင်း နှစ်ပေါက်မှ နှပ်ချေး၊ တခါတရံ သည်းခြေသလိပ်၊ အစာ သွေးများ၊ ခံတွင်း ပါးစပ်ပေါက်မှ တတောက်တောက် အန်ထွက်နေပါကလား။ကိုးသောင်း၊ကိုးလောင်သော မွေးညင်းတွင်၊ ကျင်းချိုင့်များမှ ဆားရေအလား၊ ချွေးတစိုစို ယိုထွက်နေပါကလား ဟူ၍ လည်းကောင်း အရှိကို အရှိအတိုင်း ကိုယ်တွေ့ မျက်မြင် အထင်အရှား တွေ့လာ မြင်လာမည်။

ထိုမှတပါး ဤခန္ဓာ၊ ဤကာယ၊ ဤကိုယ်ကောင်ကြီးကို မပြုမပြင်၊ ပေါက်လွတ်ပဲစား ပစ်၍ထားခဲ့သော် မင်း၊ သူဌေး၊ သူကြွယ်၊ ပုဏ္ဏား၊ ဆင်းရဲသား၊ ကျား–မ မရွေး၊ ကွဲပြား ခြားနားခြင်း မရှိလေတော့ဘဲ၊ တသွေးထဲ တရောင်ထဲ စက်ဆုပ်ဘွယ်၊ ရွံ့ဘွယ်၊ မသာဒီဘွယ်၊ အကောင်ကြီးပါကလား။ လှပတင့်တယ်၊ မွေ့ချင်စဘွယ်ဖြစ်အောင် အပေါ်ယံက ရွှေကြဲပြီး အထဲက နောက်ချေးခံသော ယွန်းကွမ်းအစ်ကြီး သဏ္ဌာန်မျိုးပါကလား ဟူ၍ သူတကာ မပြောရဘဲနှင့် သဘော ပေါက်လာမည်။အချုပ်အားဖြင့် ငါ့ငါ ဟု သမုတ်နေကြသော တဏှာကြော်ကြော် ခေါ်ဝေါ်နေကြသော ဤခန္ဓာ၊ ဤ ရုပ်ကြီးကား အကောင်ပုပ်ကြီး သတ်သက်ပါတကား....’ဟူ၍ ယထာဘူတဉာဏ်ဖြင့် အမှန်ကိုအမှန် အတိုင်း၊ အရှိကိုအရှိအတိုင်း မြင်လာ၊ ထင်လာ၊ သိလာမည်။ ဤသို့ ဉာဏ်၌ ထင်းကနဲ ဝင်းကနဲ လင်းလာသော် “တောရှင်း

www.dhammaransi.com



ပြီ"ဟု ဆိုနိုင်၏။ ထိုအခါ အန္တရာယ်ကို စိုးရိမ်ကြောင့်ကြဘွယ် မရှိတော့ဘဲ သွားလိုရာလမ်းကို ဖြောင့်ဖြောင့်တန်းတန်း စိတ်ချ လက်ချ အေးအေးဆေးဆေး သွားနိုင်ပြီ ဖြစ်သတည်း။

## အရှိကိုတွေ့သော် အသိဖြင့်မိအောင်ဖမ်း

ဆိုခဲ့ပြီးသောအတိုင်း ဤကိုယ်၊ ဤ ကာယ၊ ဤ ခန္ဓာကောင် ၏ ပကတိအနေအထား၊ ပကတိအသွင်အပြင်အရှိကို၊ အရှိအတိုင်း တွေ့ရသောအခါ၊ ယင်း တွေ့ရှိချက်ကို ပျောက်မသွားစေဘဲ ဉာဏ်ဖြင့် အမိဖမ်း၍ အဖန်ဖန် စီးဖြန်းရာ၏။ ရှုရာ၏။ ပွားများ ရာ၏။

**ပွားများပုံကား။** ။ ဆံပင်တို့မည်သည် ဤ ကိုယ်၌ တသီး တခြား အစုတစုပါကလား။ သူ့မှာ စိတ် မရှိ။ ကြောင့်ကြမှုလည်း မရှိ။ ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်၏။ အသက်ဝိဉာဏ် အရှင်မဟုတ်။ ခက် မာ ကြမ်းတမ်းခြင်းသဘော ရှိ၏။ မြေဓာတ် သဘောသာတည်း, ဟု ဆံပင်ကို ဤသို့ ပွားရာ၊ ရှုရာ၊ စီးဖြန်းရာ၏။

ထို့နောက် မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အမြှင်၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း ဦးနှောက်တို့မည်သည် ဤကိုယ်၌ တသီးတခြား အစုတစုပါက လား။ သူ့မှာ စိတ်မရှိ၊ ကြောင့်ကြမရှိ၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊

အသက် ဝိညာဏ် အရှင်မဟုတ်။ ခက်မာ ကြမ်းတမ်းခြင်း သဘော ရှိ၏။ မြေဓာတ် သဘောသာတည်း ဟု ဆံပင်မှအစ ဦးနှောက် အဆုံးရှိသော ပထဝီဓာတ် ၂၀-ကိုတခုစီ တခုစီ သန့်ကာသန့်ကာ ဤသို့ ပွားများရာ၊ ရှုရာ၊စီးဖြန်းရာ၏။ထိုနောက် အာပေါဓါတ် ၁၂-ပါးကို ဆက်၍ ပွားများရာ၏။

ပွါးများပုံကား။ သည်းခြေ မည်သည် ဤကိုယ်၌ တသီးတခြား အစုတစုပါကလား။ သလိပ် မည်သည်....၊ ပြည် မည်သည်၊ သွေး မည်သည်—၊ ချွေးမည်သည်....၊ အဆီခဲ မည်သည်....၊ မျက်ရည် မည်သည်....၊ ဆီကြည်မည်သည်....၊ တံတွေး မည်သည်....၊ နှပ် မည်သည်....၊ အစေးမည်သည်....၊ကျင်ငယ်မည်သည်....၊ဤကိုယ်၌ တသီးတခြား၊ ကောဋ္ဌာသ အစုတခုပါကလား။ သူ့မှာ စိတ်မရှိ။ ကြောင့်ကြမရှိ၊ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊အသက် ဝိညာဏ် အရှင် မဟုတ်။ အရည်ဖြစ်၍ တည်သော ဖွဲ့စည်းခြင်း သဘော သာတည်း။အာပေါဓာတ်သဘောပါကလား, ဟူ၍ တခုစီ တခုစီ ခွဲခြားလျက် သန့်ကာသန့်ကာ အဖန်ဖန် ရှုရာ၊ ပွားများရာ၊ စီးဖြန်းရာ၏။

ပွားများခြင်း အကျိုးကား။ ဤသို့ အဖန်ဖန် ရှုပွား စီးဖြန်းသော ပုဂ္ဂိုလ်တို့အား ဆံပင်၊ မွေးညှင်း စသော ကောဋ္ဌာသ, တို့သည် သူ့အစုနှင့်သူ တသန့်စီ တန်းစီဖြစ်ပုံ ထင်ရှားလတ်သည်ရှိသော် ဆံပင်, စသော အမည်ပညတ်ကို မသုံးသပ်၊ မမှတ်သားလေဘဲ "ဤကား စက်ဆုပ်ဘွယ်၊ ဤကား စက်ဆုပ်

www.dhammaransi.com



ဘွယ်” ဟု ပွားများထပ်ထပ်၊ ရှုဆင်ခြင်အပ်၏။ ဤသို့ ရှုဆင်ခြင်ဖန်များလျှင် ကောဋ္ဌာသ-အစုသည် ကွက်ကြားကွက်ကြား၊ အထူးအားဖြင့် ခြားနား၍ ထင်လာ၏။ ထိုအခါ ထင်လာသော ကောဋ္ဌာသကို ဖိ၍ အခါခါ အဖန်ဖန် ပွားများပြန်သည်ရှိသော် တခုတည်းသော အာရုံကို စူးစူးစိုက်စိုက်ယူရသော သမာဓိ နှင့် ယှဉ်သည့်အတွက် ကမ္မဋ္ဌာန်း စီးဖြန်းသူ၏ စိတ်အစဉ်သည် လွန်စွာဖြူစင်၊ လွန်စွာ ကြည်လင်တောက်ပသည်ဖြစ်၍ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသောအပ္ပနာဈာန်ကို ရလေ၏။ ထိုကောဋ္ဌာသ-တခု၌ ပထမဈာန်ကိုရလျှင် ကြွင်းသော ကောဋ္ဌာသ- ၃၁-ပါး တို့၌လည်း မခဲယဉ်းသေတော့ဘဲ အပ္ပနာဈာန်ကို ဝင်စားနိုင်တော့သည်သာတည်း။ (မှတ်ချက်။ ဗိုလ်ကုံး ဆရာတော်၏ အဘိဓမ္မတ္ထ ဒီပကကျမ်း- ဒု)

## စရိုက် နှင့် ပုဂ္ဂိုလ်ခြောက်မျိုး

လူသည် တဦးနှင့်တဦး စရိုက်ချင်းမတူ။ လူအမျိုးမျိုး ရှိသကဲ့သို့ စရိုက်လည်းအမျိုးမျိုးရှိ၏။ စရိုက်ကို အနက်ဖွင့်သော်.... အပြုအမူ၊အလေ့၊ အကျင့်၊ အထုံ ဝါသနာ၊ ဝသီဟု ဆိုနိုင်၏၊ စရိုက်ခြောက်မျိုး။ပုဂ္ဂိုလ်ခြောက်မျိုး ရှိကြောင်းကိုဝိသုဒ္ဓိမဂ်ကဋ္ဌကထာ ကမ္မဋ္ဌာန နိဒ္ဒေသ၌ ဆို၏။ ယင်းပုဂ္ဂိုလ်ခြောက်မျိုးကား

၁။ ရာဂစရိုက် အားကြီးသူ တယောက်။

၂။ ဒေါသစရိုက် အားကြီးသူ တယောက်။

www.dhammaransi.com



၃။ **ဒေါသစရိုက်** အားကြီးသူ တယောက်။

၄။ သဒ္ဓါစရိုက် အားကြီးသူ တယောက်။

၅။ ဗုဒ္ဓိစရိုက် အားကြီးသူ တယောက်။

၆။ ဝိတက်စရိုက် အားကြီးသူ တယောက်။

ဤသို့အားဖြင့် ခြောက်ယောက်၊ ခြောက်မျိုး ဖြစ်၏။

**၁။ ရာဂစရိုက်အားကြီးသူ။** ။ယင်းပုဂ္ဂိုလ် ခြောက်ယောက်တို့အနက် ရာဂများသူ၊ ရာဂ၌ မွေ့လျော်အားကြီးသူ၊ ရာဂဝါသနာ ပြင်းထန်သူ၊ ရာဂမပြတ်ဖြစ်သူ ကို ရာဂစရိုက် အားကြီးသူဟု ဆိုသည်။ ထိုသူသည် **သွားလာမှုနှင့် ပတ်သက်၍** မြန်မြန်ဆက်ဆက် သွားလေ့မရှိ။ နှေးနှေးကွေးကွေး ဖြေးဖြေးသာ သွားတတ်၏။ အသွား နှေးသည် နှင့်အမျှ လှမ်းသော ခြေကို အောက်သို့ချရာ၊ လှမ်းပြီးခြေကို အပေါ်သို့ ကြွတင်ရာ၌လည်း နှေး၏။ ဖြေးဖြေးချ၍ ဖြေးဖြေးသာကြွ ၏။ သူ၏ခြေရာ သည် **ဆောင့်ကြွားကြွား အသွင် ထင်၏။**

**ထိုသူသည် လုပ်ကိုင်မှုနှင့်ပတ်သက်၍** တခုခုကို လုပ်ရာတွင် သွက်သွက်လက်လက် လုပ်လေ့မရှိ။ ချက်ချက်ချာချာ ပြုမှုလေ့မရှိ၊ နှေးနှေးကန်ကန်၊ လျော့တိလျော့ရဲ ပျော့နှဲ့နှဲ့ လုပ်တတ်၏။ **အစားမှုနှင့်ပတ်သက်၍ စားကောင်း** သောက်ဖွယ်ကိုကြိုက်တတ်၏။ ကောင်းကောင်းကိုမှ စားချင်၏။စားသောအခါ ဖြေးဖြေးနှင့်

www.dhammaransi.com



မှန်မှန် အရသာခံ၍ စားတတ်၏။ စားကောင်းသောက်ဘွယ်အခု ခုကိုရလျှင် အလွန်ဝမ်းသာ၏။

ထိုသူသည် ရှုကြည့်မှုနှင့်ပတ်သက်၍ သာမန်မျှသော ပန်းကို မြင်လျှင်ပင် အလွန်အံ့သြသည့် အမူအရာဖြင့်တရှုတ်ရှုတ် နမ်းတတ်၏။ လောဘရမက် ပြင်း၏။ မဖြစ်စလောက်ကလေးကိုပင်လောဘ ဇော ကပ်တတ်၏။ ရခွင့် မထိုက်၍ လက်လွှတ် လိုက်ရ သော်လည်း တပ်မက်စိတ်ကို သူဖျောက်၍မရချေ။ သဘောထား နှင့် ပတ်သက်၍လှည့်စားခြင်း ကောက်ကျစ် စဉ်းလဲခြင်း၊ ယုတ် မာ ခြင်း၊အလိုကြီးခြင်း အလွန်များ၏။

၂။ ဒေါသစရိုက်အားကြီးသူ။ ထိုသူသည်သွားလာမှုနှင့်ပတ် သက်၍ သွားသောအခါ ခြေဖဝါးဦးကို နှိပ်၍ နှိပ်၍ နင်းကာ သွားတတ်၏။ ခြေ သွက် လက် သွက်၊ ခြေမြန် လက် မြန် ရှိလှ ၏။ ဖဝါးကို နှိပ်ကာနှိပ်ကာ နင်းသဖြင့် သူ့ခြေရာ ခွက်သည် အခြား ခြေရာများထက် စောက်နက် ၏။

ထိုသူသည် လုပ်ကိုင်မှုနှင့်ပတ်သက်၍ အလုပ်တခုခု လုပ်ရာ တွင် ဇိုးဇိုးစပ်စပ် သွက်လက်စွာ၊ လုပ်တတ်၏။ ချက်ချက် ချာ ချာ ဆောင်ရွက်တတ်၏။ စားမှုနှင့်ပတ်သက်၍ အချဉ် ကြိုက်၏။ ချဉ်သော အရသာကို မက်မော၏။ စားသော် ဇိမ်ခံ၍ စားမ နေဘဲ ဝမ်းပြည့်လျှင် ပြီးရောသဘောမျိုးဖြင့် ပလုပ်ပလောင်း လွေးတတ်၏။ အရသာ ကင်းမဲ့သော စားဘွယ်ကိုရလျှင် စိတ် မချမ်းမသာ ဖြစ်နေတတ်၏။

www.dhammaransi.com



ထိုသူသည် ရှုကြည့်မှုနှင့် ပတ်သက်၍ ရှုမြင်မကောင်းသော အနိဋ္ဌာရုံမျိုးမြင်သော် ရုတ်ချင်း မျက်နှာလွှဲပစ်တတ်၏။ ရှုလိုစိတ် အလျှင်းမရှိ။ စိတ်တို၏။ အမျက်ထွက်လွယ်၏။ မဖြစ် စလောက် ကိစ္စနှင့်လည်း ထရိုက်ချင် ရိုက်တတ်၏။ သူ့ ကျေးဇူးကို မသိ တတ်။ သံယောဇဉ်လည်း မထားတတ်။ သဘောထားနှင့် ပတ် သက်၍ အမျက်ကြီး၏။ ရန်ငြိုးထားတတ်၏။ သူ့ ကျေးဇူးကို ချေဖျက်တတ်၏။ ငြူစူတတ်၏။ ဝန်တို၏။

၃။ **မောဟစရိုက်ကြီးသူ။** ။ထိုသူသည်သွားလာမှုနှင့် ပတ် သက်၍ သွားသောအခါ ဒရီးဒယိုင်နှင့် ခရီးသွား များ အား နှောက်ယှက်သော သွားခြင်းမျိုးဖြင့် သွားတတ်၏။ ခြေလှမ်း အနှုတ်အသိမ်း တုန်တုန်ရီရီ နိုင်၏။ နှိပ်၍နင်းသောကြောင့် သူ့ ခြေရာသည် စောက်နက်၏။ လုပ်ကိုင်မှုနှင့်ပတ်သက်၍အလုပ်လုပ် ရာ၌ နှေး၏။ အမှုပ်ရှုပ် အထွေးထွေး မသန့်မရှင်း လုပ်တတ်၏။

ထိုသူသည် အစားနှင့်ပတ်သက်၍ ဘာရယ်လို့ မယ်မယ်ရရ ကြိုက်လှသည်မရှိ။ ကြုံရာစား၏။ စားသော် ကသော ကမျော အလောသုံးဆယ် စားတတ်၏။ ထမင်းဟင်း အဖိတ်ဖိတ် အစဉ် စဉ် မသန့်မပြန့် စားတတ်၏။ ရှုကြည့်မှုနှင့်ပတ်သက်၍ တနေ့ခုကို မြင်သည်ရှိသော် ပတ်ဝန်းကျင်နောက်သို့ သံယောင် လိုက်တတ် ၏။ပတ်ဝန်းကျင်ကချီးမွမ်းလျှင်ရော၍ချီးမွမ်းပြီးမှ၊ပတ်ဝန်းကျင် က ကဲ့ရဲ့လျှင်လည်း ရောရော၍ ကဲ့ရဲ့တတ်၏။ အာရုံတခုခုကို မိမိဖါ သာ အယောင်ထဲ တွေ့မြင်ဘိမှုကား ကောင်း ဆိုး နှစ်တန် မဝေ

www.dhammaransi.com



ဖန်တတ်သဖြင့် လျစ်လျူရှုနေ၏။ **သဘောထား နှင့် ပတ်သက်၍** ထိန–မိဒ္ဓ– အားကြီး၏။ဥဒ္ဓစ္စ၊ ကုက္ကုစ္စ လွန်ကဲ၏။ ဝိစိကိစ္ဆာ ထူပြော၏။

**၄။သဒ္ဓါစရိုက်အားကြီးသူ။** ။ထိုသူသည် သွားလာမှု၊ လုပ်ကိုင်မှု၊စားမှု၊ရှုကြည့်မှုနှင့်ပတ်သက် ရာဂစရိုက်အားကြီးသူနှင့် အလုံးစုံတူ၏။ **သဘောထားနှင့်ပတ်သက်၍** ကား ရက်ရက်ရောရော စွန့်ကြဲပေးကမ်းတတ်၏။ ရဟန်းသံဃာသူတော်ကောင်းပုဂ္ဂိုလ် များကို ဖူးမြော် ဆည်းကပ်လေ့ ရှိ၏။ သူတော်ကောင်း စကားကို ကြားနာလို၏။ ကြည်လင်စွာ ရွှင်ပြုံးသောအမူအရာဖြင့် နေလေ့ရှိ၏။

၅။ **ဗုဒ္ဓိစရိုက်အားကြီးသူ။** ထိုသူ၏ သွားလာမှု၊ လုပ်ကိုင်မှု၊ စားသောက်မှု၊ ရှုကြည့်မှုများသည် ရာဂစရိုက် ကြီးသူနှင့် အလားတူ၏။ **သဘောထားနှင့်ပတ်သက်၍ကား** ထိုသူ သည် ဆိုပြော စကားကို နာလွယ်၏။ အဆွေခင်ပွန်းပြုသ၏။ အစားအစာ၌ အတိုင်းအရှည် သိတတ်၏။ အရာရာ၌ နှိုင်းနှိုင်းချိန်ချိန်ပြုလေ့ရှိ၏။

(၆) **ဝိတက်စရိုက် အားကြီးသူ။** ။ထိုသူ၏ သွားလာမှု၊လုပ်ကိုင်မှု၊ ရှုကြည့်မှု၊ စားသောက်မှုများသည် ရာဂစရိုက် အားကြီးသူနှင့်အလားတူ၏။

www.dhammaransi.com



**သဘောထားနှင့်ပတ်သက်၍ကား-** ပရိဘောဂ အသုံး အဆောင် များစွာ ရှိ၏။ အပေါင်းအဖော်၌ မွေ့လျော်တတ်၏။ ကုသိုလ်ရေးတွက် ဝါသနာ မပါ။ ညအခါတွင် ထွေထွေရာရာ ကို ကြံလေ့ရှိ၏။ အကြံရလျှင် ဟောဟော ဒိုင်းဒိုင်း ဖုတ်ပူ မီး တိုက် ထလုပ်တတ်၏။ စိတ်တည်ငြိမ်မှု မရှိတတ်။

## သည်စရိုက် နှင့် သည်ကမ္မဋ္ဌာန်း

အနာနှင့်ဆေး၊ သင့်အောင်ပေး, ဆိုသကဲ့သို့ ကမ္မဋ္ဌာန်း နှင့် စရိုက် အကိုက်ဘို့လည်း လွန်စွာ အရေးကြီး၏။ ယောဂီပုဂ္ဂိုလ် များသည် ဆရာ့ထံ ကမ္မဋ္ဌာန်းတောင်းလေ့ရှိရာ ထိုအခါ ဆရာ သည် တပည့် ယောဂီ၏ စရိုက်ကို အတတ်နိုင်ဆုံး အကဲခပ်၍ စရိုက်နှင့် သင့်လျော်သော **ကမ္မဋ္ဌာန်းကို**သာ ပေးလေသည်။ အ ဘယ် စရိုက်ချိုးရှိသူသည် အဘယ်ကမ္မဋ္ဌာန်းနှင့် သင့်လျော်လေ မည်နည်း။

**ကမ္မဋ္ဌာန်း** လေးဆယ် တို့တွင်....

(က) အသုဘ ဆယ်ပါး၊

(ခ) ကာယဂတာသတိ, တပါး၊

ဤတဆယ့်တပါးသော ကမ္မဋ္ဌာန်းသည် ရာဂစရိုက် အား ကြီးသူနှင့် လျော်၏။

www.dhammaransi.com



(က) နီလ,ကသိုဏ်း၊
(ခ) ပီတ,ကသိုဏ်း၊
(ဂ) လောဟိတ, ကသိုဏ်း၊
(ဃ) ဩဒါတ, ကသိုဏ်း၊
(င) အပ္ပမညာ,လေးပါး။

ဤ ရှစ်ပါးသော ကမ္မဋ္ဌာန်းသည့် ဒေါသ,စရိုက် အားကြီး သူနှင့် လျော်၏။

(က) အာကာသပါလျှသာတိ။

ဤ ကမ္မဋ္ဌာန်းတခုသည် မောဟစရိုက်, ဝိတက်စရိုက် အား ကြီးသူနှင့် လျော်၏။

(က) ဗုဒ္ဓါနုဿတိ၊
(ခ) ဓမ္မာနုဿတိ၊
(ဂ) သံဃာနုဿတိ၊
(ဃ) သီလာနုဿတိ၊
(င) စာဂါနုဿတိ၊
(စ) ဒေဝတာနုဿတိ၊

ဤ အနုဿတိ ခြောက်ပါးသည် သဒ္ဓါစရိုက်အားကြီးသူနှင့် လျော်၏။

www.dhammaransi.com



(က) မရဏာနုဿတိ၊

(ခ) ဥပသမာနုဿတိ၊

(ဂ) အာဟာရေပဋိကူလသညာ၊

(ဃ) စတုဓါတုဝဝတ္ထာန်၊

ဤ လေးပါးသော ကမ္မဋ္ဌာန်း သည် ဗုဒ္ဓိစရိုက် အားကြီးသူနှင့် လျော်၏။ ဤမှ ကြွင်းသော ပထဝီကသိုဏ်း၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ အာလောက ကသိုဏ်းဟု ဆိုအပ်သော ကသိုဏ်း ခြောက်ပါး၊ အာရုပ္ပလေးပါး၊ ဤ ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့သည် အလုံးစုံသော ပုဂ္ဂိုလ် တို့နှင့် လျော်ကုန်၏။

အထက်၌ "အရှိတွေ့သော် အသိဖြင့် မိအောင်ဖမ်း" ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သော ကမ္မဋ္ဌာန်းကား ရာဂစရိုက်အားကြီးသူနှင့် လျော်သော "ကာယဂတာသတိ ကမ္မဋ္ဌာန်း" ဖြစ်၏။ ရာဂ အားကြီးသူသည် အကောင်းကြိုက် ၏၊ ကောင်းသော ရူပါရုံများကို ခုံမင်မက်မောတတ်၏။ ရာဂ၏ ဆန္ဒ ပြင်းပြမှုဖြင့် တင့်တယ်သော၊ လှပသော သုဘအာရုံများကိုသာ ခုံမင် မက်မောနေသူအား ထိုမက်မောစိတ်ကို ပျောက်အောင် မပျောက်နိုင်သမျှ ကမ္မဋ္ဌာန်းခွင်၌ ဝင်မည်မဟုတ်။ အား ထုတ် ငြားပါသော်လည်း "ကျွဲပါးစောင်းတီး၊ နွားနီး ပလွေမှုတ်" ဆိုသကဲ့သို့ ဖြစ်နေပေမည်။ အချိန်ကုန် လူပန်းရုံသာ အဖတ် တင်မည်။ ကမ္မဋ္ဌာန်းနှင့်ကား ပြဒါး တလမ်း ဖြစ်နေမည်သာတည်း။

www.dhammaransi.com



ထို့ကြောင့်... ။ "ကေသာနာမ-ဆံပင်တို့မည်သည်ဣမသ္မိံ ကာယေ-ဤခန္ဓာကိုယ်၌ ပါဋိယေက္ကော-တသီးတခြား ဖြစ်သော၊ ကောဋ္ဌာသော-အစုတစုသာတည်း။ အ စေတနော-စိတ်မရှိ။ အဗျာကတော - ကြောင့်ကြ မရှိ။ အဗျာကတ- တရားသာတည်း။ သုညော-လူကောင် နတ်ကောင် ဗြဟ္မာကောင် ဟူသော ကိုယ်မှ ဆိတ်၏။ နဿတ္တော-သတ္တဝါ မဟုတ်၊ နိဇ္ဇီဝေါ - အသက် ဝိဉာဏ် အရှင် မဟုတ်၊ ထဒ္ဓေါ - ခိုင်မာ ကြမ်းတမ်းခြင်း သဘောသာတည်း။ ပထဝီဓာတု- မြေဓာတ် သဘောသာတည်း။

ဤသို့ ဆံပင်တခြား၊ မွေးညှင်းတခြား၊ ခြေသည်းလက်သည်း တခြား တခုစီ ကန့်၍ ကန့်၍ ၃၂-ကောဋ္ဌာသ(ဝါ) အစုအပုံ ၃၂-ပုံစလုံး ကုန်အောင် ရှုပွားရာ၏။ စိတ်ထဲ၊ အသိဉာဏ် ထဲ၌ လှိုက်လှိုက်လှဲလှဲ ဆံပင်သတ်သတ်၊ မွေးညှင်း သတ်သတ် ခွဲခွဲခြားခြား သိလာ- ထင်လာ၊မြင်လာသောအခါ ယင်း ၃၂-ကောဋ္ဌာသ,ထဲ၌ ပုဂ္ဂိုလ်သတ္တဝါ၊ သူ ငါ က စ ယောကျ်ား,မိန်းမဟူ၍ တွေ့ရတော့မည်မဟုတ်။ ထိုအခါ ယင်းခန္ဓာကိုယ်ကောင်ကြီး အပေါ်၌ ခင်မင်စိတ်၊ တွယ်တာစိတ်၊ မြတ်နိုးစိတ်များ ဖြစ်လာတော့မည် မဟုတ်။ ရွံရှာဘွယ်၊ စက်ဆုပ်ဘွယ် ဟူ၍သာ အမှန်ကို အမှန်အတိုင်း သိလာမည် ဖြစ်၏။

www.dhammaransi.com



ဤသို့သိလာသည်နှင့်တပြိုင်နက် စိတ်ကို တရားဘက်သို့ လိုသလိုဆွဲယူနိုင်ပြီ ဖြစ်၍၊ မိန်းမ၊ ယောကျ်ား ထိုထို သတ္တဝါများကို "ချစ်စရာ ကောင်းလိုက်တာ၊ မြတ်နိုးစရာ ကောင်းလိုက်တာ" ဟူ၍ ချော့မော့ သိမ်းသွင်းသော်လည်း အလျင်းပင် လက်ခံတော့မည် မဟုတ်။ အသုဘနိမိတ် မဘင့်တယ်သော အရိပ်များသာ စိတ်ထဲတွင် တရိပ်ရိပ် စွဲထင်နေတော့မည် ဖြစ်၏။ ဤကမ္မဋ္ဌာန်းကို "ကာယဂတာသတိ—ကမ္မဋ္ဌာန်း ဟု ခေါ်၏။ အချောအလှကို ကြိုက်သော၊ အကောင်းကိုမှ ကြိုက်သော "ရာဂစရိုက်အားကြီးသူ" အတွက် ဤ ကမ္မဋ္ဌာန်းကား ဆေးစွမ်းကောင်းတလက် ဖြစ်သည်။ ထို့ကြောင့် ကမ္မဋ္ဌာန်းဆရာ တို့သည် ရာဂစရိုက် အားကြီးသူအား သူနှင့် သင့်လျော်သော ဤ "ကာယဂတာသတိ ကမ္မဋ္ဌာန်း" ကို ပေးကြခြင်း ဖြစ်သတည်း။

## စာဂါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းလိုသော်

ဥပမာ အင်ဂျင်နီယာအတတ်ကို တတ်မြောက်ထားသူအား ဆေးဝါးထုတ်လုပ်ရေးသို့ ပို့ထားသော် အသို့နေမည်နည်း။ တတ်ကျွမ်း နားလည်ထားသည့် ပညာစရိုက်နှင့် စီးဖြန်းရမည့် လုပ်ငန်းမှာ ပြဒါးတလမ်း-သံတလမ်းဖြစ်နေသဖြင့် ထိုသူနှင့် ထိုအလုပ်သည် ဟုတ္တိပတ္တိ ဖြစ်နိုင်ပါတော့မည်လော....။

ထိုနည်းတူစွာ စရိုက်နှင့် ကမ္မဋ္ဌာန်းမှာ လမ်းကြောင်းဘို့လွန်စွာမှ အရေးကြီးလှ၏။ ဘုရားအစရှိသော သူတော်ကောင်း ပုဂ္ဂိုလ်

www.dhammaransi.com



များစွာတို့က သဒ္ဓါစရိုက် အားကြီးသူ အား စာဂါ နုဿတိ ကမ္မဋ္ဌာန်းကို ပေးကြခြင်းမှာ ကမ္မဋ္ဌာန်းနှင့် စရိုက် အံကိုက်လှ၏။ မူလက သဒ္ဓါတရားရှိထားသူ၏အဖို့တွင် လှူရေးတန်းရေးအတွက် အဘယ်မှာလျှင် ဝန်လေး,ဖင့်နွေးပါတော့မည်နည်း။ တက်တက်ကြွကြွနှင့် ချက်ချင်းပင် ထလုပ်မည်သာဖြစ်၏။

သဒ္ဓါစရိုက်အားကြီးသူ အဖို့ စာဂါနုဿတိ ကမ္မဋ္ဌာန်း ကို စီးဖြန်းရန် အလွန်လွယ်၏။ စာဂါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသောသူသည် မိမိ၏ပကတိ လှူလို တန်းလို၊ ပေးကမ်းစွန့်ကြဲလိုသော စေတနာအရသော် လည်းကောင်း၊ သို့မဟုတ် ကမ္မဋ္ဌာန်းစီးဖြန်းမည့်နေ့တွင် "ငါသည်နေ့အလှူခံ ပုဂ္ဂိုလ်များအား ယုတ်စွအဆုံး ထမင်းတလုပ်၊ ရေတမှုတ်၊ ပန်းတပွင့်က အစ စေတနာချက်ရောစွာဖြင့် ငါလှူအံ့" ဟု အဓိဋ္ဌာန်ချက်အရသော်လည်းကောင်း ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း ဒါနကုသိုလ်တခုခုကို ပြုပြီးလျှင် ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ မိမိ၏ ဒါနအပေါ်၌ ပီတိဖြစ်ကာ ဤသို့ စီးဖြန်းရာ၏။

**စီးဖြန်းပုံ။** ။လာဘာဝတမေ၊ သုလဒ္ဓံဝတမေ၊ ပ၊ ဒါနသံဝိဘာဂရတော။ ယော အဟံ-အကြင် ငါသည်။ မစ္ဆေရ မလပရိယုဋ္ဌိတာယ- မပေးလှူလို၊ ဝန်တိုမစ္ဆေး၊ ညစ်ကြေးရပ်ခွင်၊ ဝန်းကျင် နှိပ်ကွပ်၊ ထိုးကျင့်အပ်သော၊ ပဇာယ-သတ္တဝါ အပေါင်းတွင်(ဝါ)သတ္တဝါအပေါင်းထဲမှာ။ဝိဂတဇာတမလ

www.dhammaransi.com



မစ္ဆေရေန-ကင်းသော ၀န်တို့၊ မလှူလိုမစ္ဆေး၊ ရာဂ ဒေါစရှိသော-အညစ်အကြေးရှိသော၊ စေတသာ-စိတ်ဖြင့်။ ဝိဟရာမိ- နေရပါပေ၏။ မုတ္တစာ ဂေါ- လွတ်လွတ်ရဲရဲ၊ စွန့်ကြဲခြင်း ရှိသည်ဖြစ်၍၊ ပယတပါဏိ- ရှိသေလက်ကိုင်၊ ကိုယ်တိုင် သဒ္ဒါလှူအံ့ဟု၊ အခါမပြတ်၊ ဆေးကြောအပ်လျက်၊ စင်ကြယ်သော လက်ရှိသည်ဖြစ်၍၊ ဝေါသဂ္ဂရတော- စွန့်ကြဲပေးကမ်း၊ လှူဒါန်းခြင်း၌ မပြတ် အားထုတ်သဖြင့် မွေ့လျော်သည်ဖြစ်၍၊ ယာစယောဂေါ- တောင်းတိုင်းပေးစွန့်၊ မတိုတွန့်သဖြင့်၊ မရှုံ့ရဲတင်း၊ တောင်းခြင်းငှါ ဝံ့သည် ဖြစ်၍၊ ဒါနသံဝိဘာဂရတော- စွမ်းနိုင်သမျှ၊ လှူခြဲစွန့်ကြဲ၊ စားဘို့ထဲက ပုံခွဲဝေခြမ်း၊ ပေးကမ်းခြင်း၌ မွေ့လျော်သည်ဖြစ်၍၊ ဝိဟရာမိ-နေရပါပေ၏။ တသ္မာ- ထို့ကြောင့်။ တဿမေ-ထိုငါသည်။ လာဘာဝတ- အာယုဝဏ္ဏ၊ သုခ ဗလံ၊ ပဋိဘာန်နှင့်၊ ပီယံ-အစ၊ ဂုဏ်သာဘတို့ကိုရထိုက်ပေစွတကား၊ တဿမေ- ထိုငါသည်။ သုလဒ္ဓံဝတ-သာသနာ့နှစ်၊ လူအဖြစ် နှင့်၊ ထင်လစ်ကျခြင်း။ သိထွေ့ ကမ္မသကတာ၊ ပညာစသည်ကို ရအပ်ပေစွတကား။

www.dhammaransi.com



ဆိုလိုသည်မှာ- မပေးလို၊ မကမ်းလို၊ မလှူလို၊ မတန်းလို၊ မပေးရက်၊ မကမ်းရက်၊ မလှူရက်၊ မတန်းရက်၊မစွန့်ကြဲရက်ခြင်းသည် လူ့အတွက် အမဲစက်ကြီး ဖြစ်၏။ အစွန်းအထင်း အညစ်အကြေး ဖြစ်၏။ များစွာကုန်သော လူတို့သည် ထိုမပေးရက်၊ မကမ်းရက်၊ မလှူရက်၊ မတန်းရက်၊ မစွန့်ကြဲရက်သော ဝန်တိုမစ္ဆေရ အမဲစက်ကြီးဖြင့် စွန်းထင်ပေကျံလျက် ရှိနေကြကုန်၏။ ထို ဝန်တို မစ္ဆေရအမဲစက် အညစ်အကြေး စွန်းထင်းလူးလဲ ပေကျံနေသော လူအုပ်ထဲမှာ ငါမပါ။ထို မစ္ဆေရ ကင်းပြီး သန့်ရှင်း ဖြူစင်သော စိတ်ဖြင့် ငါ နေရ၏။ ဩော်.... ချမ်းသာစွ—ချမ်းသာစွ။

ငါ လှူချင်တိုင်း လှူခဲ့ရပြီ။ ပေးချင်းတိုင်း ပေး၊ ကမ်းချင်တိုင်း ကမ်း၊ တန်းချင်းတိုင်းတန်း၊ စွန့်ချင်တိုင်း ရက်ရက် ရောရော စွန့်ကြဲခဲ့ရပြီ။ မလှူလို၊ မတန်းလိုသော ဝန်တို မစ္ဆေရ အညစ်အကြေးကို စင်ကြယ်အောင် ဆေးကြောပြီးသောလက်၊ ငါ့မှာ ရှိ၏။ ထိုသဒ္ဓါလက်ဖြင့် ကိုင်လျက် တတ်နိုင်သလောက် ငါ လှူဒါန်းခဲ့ရပြီး ဖြစ်၍ အလှူ၌ ငါမွေ့လျော်ရပြီ၊ တောင်းတိုင်း တောင်းတိုင်းကို ငါ ပေးနိုင်၊ လှူနိုင်ခဲ့ပြီ။ အလှူရေစက် လက်နှင့်မကွာ။ သဒ္ဓါလေ့ လေ့၊ ပေးကမ်းလေ့ဖြင့် ငါ နေရ၏။ ဩော်—ချမ်းသာဘိစွ၊ ချမ်းသာဘိစွ။ ကောင်းကျိုးချမ်းသာ မင်္ဂလာကို၊အရတော်စွာ၊ ငါရအပ်ပြီကော။ သာသနာခေတ်၊လူ့အဖြစ် ဖြင့် ငါ လူဖြစ်ရကျိုး နပ်လေပြီကော-” ဤသို့ ပွားများရာ၏ ဟု ဆိုလိုသည်၊

www.dhammaransi.com



ဤသို့ ဝန်တိုမစွေ့ရ တည်းဟူသော အမဲစက်၊ အစွန်းအထင်း၊ အညစ်အကြေး ကင်းစင်သော ဂုဏ်အားဖြင့် မိမိ၏စေတနာကို အဖန်ဖန်တလဲလဲ ဆင်ခြင် ပွားများအပ်သည်ရှိသော် ထိုယောဂီပုဂ္ဂိုလ်အား ဥပစာရဈာန်သည် ဖြစ်လာ၏။

## ဈာန် ဆို သည် မှာ

စာဂါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ဥပစာရဈာန် ဖြစ်လာ၏ဟု ဆိုရာ၌ ဈာန် ဟူသည် အဘယ်နည်း။ ဈာန်၏ ထူးခြားသော သတ္တိ ဝိသေသလက္ခဏာကား အဘယ်သို့နည်း ဟု မေးဘွယ်ရှိ၏။ မေးထိုက်၏။ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးသည် ဈာန်နှင့်ပတ်သက်၍ သိစရာ၊ မှတ်စရာ၊ အချက်အလက်များကို "ပဋ္ဌာနုဒ္ဒေသဒီပနီ"၌ တိုတိုနှင့် လိုရင်းကို ရှင်းပြထား၏။ ယင်းဈာန်၏ အဓိပ္ပာယ်ကို ကွက်ကွက်ကွင်းကွင်း ထင်းကနဲ လင်းကနဲ မြင်အောင် ဥပမာမီးရှူးတိုင် ကိုင်၍ ပြတော်မူသွား၏။

မေး။ ဈာန်ဆိုသည်မှာ အဘယ်နည်း။ အဘယ် အနက်သဘောကြောင့် ဈာန် ခေါ်သနည်း။

ဖြေ။ အာရုံသို့ကပ်၍ရှုခြင်းဟူသော အနက်ကြောင့် 'ဈာန်' ဟု ခေါ်သည်။ ကပ်၍ ရှုခြင်း ဆိုသည်ကား စိတ်ဖြင့် အာရုံတခုခုသို့ ကပ်၍ ရှုခြင်းကို ဆိုသည်။

---

၁။ ကေနဋ္ဌေန ဈာနန္တိ။ ဥပနိဇ္ဈာယနဋ္ဌေန ဈာန

www.dhammaransi.com



ဈာန်၏ အဓိပ္ပာယ်ကို သိလွယ်အောင် ဥပမာဆောင်၍ ရှင်းပြဦးအံ့-လေးသမား တယောက်သည် ရှိလေ၏။ မှတ်တိုင် ပစ်ကွင်းတခုလည်း ရှိလေ၏။ လေးသမားသည် ပစ်ကွင်းကိုလေးနှင့် ခွင်းရန်အတွက် ခပ်ဝေးဝေးတွင် မားမားမတ်မတ် ရပ်လျက် ပစ်ကွင်းကိုလေးဖြင့် ချိန်၏။ မြှားကို ဖြောင့်ဖြောင့်လည်း သွားအောင်၊ ခါလည်း မခါအောင် သေချာစွာ ချိန်သည်။ ပစ်ကွင်းကိုလည်း ပြတ်ပြတ်သားသား မြင်ရအောင် စူးစူးစိုက်စိုက် ကြည့်သည်။ သေချာလောက်ပြီ ထင်ရလောအခါ မြှားကို လွှတ်လေ၏။

ဤအတူသာလျှင် စိတ်ကို ဖြောင့်အောင် တည်ငြိမ်အောင် ပြုလျက် အာရုံကို ပြတ်သား ထင်ရှားအောင် ပြုလျက် ရှုသော ပုဂ္ဂိုလ်ကို ကပ်၍ ရှုသူ(ဈာန်ဝင်စားသူ)ဟု ဆိုအပ်၏။ ကပ်၍ ရှု(ဈာန်ဝင်စား)ပြီးလျှင် ကာယကံမှုကို ပြုသည်ဖြစ်စေ၊ ဝစီကံမှုကို ပြုသည်ဖြစ်စေ၊ မနောကံမှုကို ပြုသည်ဖြစ်စေ၊ မည်သည့်အမှုကိုပင် ပြုပြု၊ ချွတ်ချော် တိမ်းပါးခြင်း မရှိလေဘဲ ပြု၏ ဟု ဆိုလေပြီ၊

ဈာန်၏ဂါထာကို ဤသို့လည်း မှတ်နိုင်သေး၏။ ဥပမာဆိုပါဘဲ- ဝက်သားရှိ၏။ ဆီ, ဆား, ရေ, ကြက်သွန်, မဆလာ

---

၁။ ယထာတိ ကူဃသော ဒုရေန္ဒတ္ဒာစသည့် ပဋ္ဌာနူဒ္ဒေသနဝ်ပနိပါဠိ လယ်တိ]

F.13

စသော ချက်စရာ အမယ်မယ်လည်း အသင့်ပင် ရှိ၏။ ဝက်သားကို ယင်းတို့နှင့် အစပ်တည့်အောင် ချက်လိုက်သောအခါ ဝက်သား ဟင်းလျာ ဖြစ်လာ၏။ ဝက်သား သည် ဟင်းလျာ အဖြစ်သို့ ရောက်သွားသောအခါ ဆီ, ဆား, ငရုတ်, ကြက်သွန် စသည်တို့သည် အကျုံးဝင်ပ ရှိပြီး ဖြစ်ကုန်၏။ ထူးခြားသော အရသာရှိသည့် ဟင်းလျာတမျိုး ဖြစ်လာသတည်း။

ထို့အတူပင် ဈာန် ဟူ၍ ဖြစ်လာသောအခါ အထီးကျန်၊ လုံးချင်းသမားမျိုး မဟုတ်တော့ချေ။ ဈာန် အဖြစ်သို့ရောက်ရှိအောင် ထောက်ကူ ကျားကန်းပေးသော အသိုင်းအဝိုင်းများ ပါရှိပြီး ဖြစ်လာ၏။ ယင်း အသိုင်းအဝိုင်းများ မပါလျှင် ဈာန် ဟူ၍ မခေါ်နိုင်။ ဈာန် မဟုတ်။

## ဈာန်ဖြစ်အောင် ကူထောက် ကျားကန်ပေးသော
## ဒေါက်တိုင်ကြီး ၄ါးခု

ဈာန် ဟူ၍ ဖြစ်လာအောင် (ဝါ) ဈာန် အဖြစ်သို့ ရောက်ရှိလာအောင် ထောက်ကူ ကျားကန် ပေးသော အသိုင်းအဝိုင်း ဒေါက်တိုင်ကြီး ၄ါးခုရှိ၏။ ယင်းတို့ကား

၁။ **ဝိတက်** ယင်းဝိတက်ကား တမျှောထဲနေ၊ တလှေထဲစီး ထခရီးထဲသွား ဆိုသကဲ့သို့ အစုတကွ ဖြစ်နေကျ စိတ် ခေါ်သော နာမ် တရားတို့ကို

www.dhammaransi.com



အာရုံသို့ မရောက်ရောက်အောင် ပို့ဆောင် တတ်သော သဘောရှိ၏။ နာမ် တရားတို့ကို တခုချင်း ဖြစ်စေ၊ အထွေးထိုက် အပြုံ့ထိုက် ဖြစ်စေ၊ အာရုံဆီသို့ ရောက်သည်အထိ ပို့ ဆောင်ပေးသည်၊ စုပေးသည် ဟု ဆိုလိုသည်။

၂။ **ဝိစာရ။** ဝိစာရကား -အာရုံ၌ စိတ်ကိုမြဲအောင် ထုပ် နှောင် ဖွဲ့ ထား တတ်သော သဘောရှိ၏။ စိတ်ကို အာရုံနှင့်မကွာအောင် တရစ်ဝဲဝဲ ဖြစ် နေစေသည် ဟု ဆိုလိုသည်။

၃။ **ပီတိ။** ပီတိကား-အာရုံသို့ ရစ်ဝဲ ရောက်ရှိလာသော စိတ်ကို နှစ်ခြိုက်အောင်၊ မြတ်နိုးအောင် ပြု တတ်၏။ စိတ်ကို ရှင် တမြူးမြူးနှင့် ကြည်နူး နေအောင် အာရုံ၏ အပါးမှ တဖဝါးမှ ခွာ မသွားချင်အောင် ယုယုယယ ပိုက်ထွေး ပြုစု ထားသည် ဟု ဆိုလိုသည်။

၄။ **သုခ** သုခကား စိတ်ကို အာရုံ၌ ချမ်းသာအောင် ထားတတ်သော သဘောရှိ၏။

၅။ **ဧကဂ္ဂတာ။** ဧကဂ္ဂတာ ကား ဟိုလိုလား၊ သည်လိုလား ဟု ဒွိဟ မရှိ။ အာရုံ၌စိတ်ကို တည်ငြိမ်စွာ။

www.dhammaransi.com



လှုတ်လှုတ်လပ်လပ် ထားတတ်သောသဘော
ရှိ၏။

ယင်းအသိုင်းအဝိုင်း ငါးမျိုးတို့ကို ဈာန် အင်္ဂါ ငါးပါး ဟု ခေါ်၏။ ယင်းအသိုင်းအဝိုင်း ဈာန်အင်္ဂါ ငါးပါးတို့ အချင်းချင်း စည်းလုံးညီညွတ်၍ ကျေးဇူးပြုလာသောအခါ (ဝါ)ယင်း အင်္ဂါ ငါးရပ်ဖြင့် တသမတ်တည်း ထောက်ကူ ကျွေးကန် လိုက်သောအခါ သတ္တိထူးတခု ပေါ်ထွက်လာ၏။

ထိုသတ္တိကား အခြား မဟုတ်။ လေးဆယ် အရေအတွက်ရှိသော ကမ္မဋ္ဌာန်းများ အနက်မှ အလိုရှိရာ အာရုံ တပါးပါး၌ တနေ့မဟုတ်၊ တညမဟုတ်၊ တရက် မဟုတ်၊ တလ မဟုတ်၊ တနှစ် မဟုတ်။ အချိန်ကြာမြင့်စွာ အလိုရှိသလောက် ထိုအာရုံ၌ စိတ်ကို တသမတ်တည်း စူးစူးစိုက်စိုက် ထားနိုင်သော၊ ပွားနိုင်၊ ရှုနိုင် စီးဖြန်းနိုင်သော သတ္တိပင် ဖြစ်သတည်း။ ထိုအာရုံ၌ စိတ်ကို မတုန်မလှုပ် ခိုင်ခိုင်ခံ့ခံ့ တည်တံ့စွာထား၍ ကြည်ကြည် လင်လင်၊ ရွှင်ရွှင်အေးမြ စိတ်ချလက်ချ၊ ချမ်းချမ်းမြေ့မြေ့ ရှုပွားဆင်ခြင်၍ နေနိုင်သောသတ္တိဟု ဆိုလိုသည်။ ယင်းသတ္တိထူး ပေါ်ထွက်သော အသိုင်းအဝိုင်း၊ ကျောထောက် နောက်ခံ၊ ဈာန် အင်္ဂါ အပေါင်းကိုပင် ဈာန် ဟု ဆိုရသတည်း။

ဈာန် ဆိုကတည်းက ထိုဈာန်ထဲ၌ "ရှိန်းပြီးသော" အမြတေဓါတ် ပါပြီး ဖြစ်၏။ မည်သည့် အာရုံကိုပင် ဝင်စားသည်၊

ဖြစ်စေ စိတ်ထွေပြားခြင်း၊ လွင့်ပါးခြင်း၊ ပျံ့လွင့်ခြင်း မရှိတော့ဘဲ စိုက်လိုက်မတ်တတ်၊ တသမတ်တည်း စူးစူးစိုက်စိုက်၊ သာယာချမ်းမြေ့ စွာ ဆင်ခြင်နိုင်၊ ဝင်စားနိုင်၊ ရှုပွားနိုင်၊ စီးဖြန်းနိုင်ပြီဖြစ်သတည်း။ ထို့ကြောင့်လည်း ဈာန်ချမ်းသာကို ရရှိအောင် ဈာန်၏ သုခကို ခံစားရအောင် တကူးတက။ လုံ့လ ကြိုးကုတ်၍ အားထုတ်ကြကုန်သတည်း။

၀၀၀

www.dhammaransi.com



# နိဂုံး

၁။ တခေါင်အပေါ်၊ သုံးရာကျော်၊ စွန်းသော် သတ်တိံ
သ။

၂။ ထိုသည့် ခုနှစ်၊ သက္ကရာဇ်၊ ချုန်းထစ် မိုးကာလ။

၃။ လ, တော်သလင်း၊ ပန်းရွှေယင်း၊ ကြိုင်သင်း ပွင့်ကုန်ကြ။

၄။ ပြည့်ကျော်စွန်းလျှက်၊ ခုနှစ်ရက်၊ ညဘက်သန်းခေါင်မှ။

၅။ ကျော် နှစ်ချက်တီး၊ အချိန်နီး၊ ပြီး၏ နိဋ္ဌိတ။

၆။ ငါ၏အသက်၊ ခြောက်ဆယ်ထက်၊ ညွန့်ခက်ရှည်သွယ်ဆ။

၇။ ယထာဘူတ၊ ကျမ်းဂန္တ၊ နေ့ ည ရွေးမရ။

၈။ ပြေးရင်း လွှားရင်း၊ နှစ်လတွင်း၊ ရေးခြင်းပြုခဲ့ရ။

၉။ အမှားကို မြင်၊ အမှန် ပြင်၊ ယူငင် ပါကုန်ကြ။

၁၀။ ဝမ်းရေးအတွက်၊ ကလောင် ဖက်၊ အသက် မွေးပါရ။

၁၁။ ဤကျမ်းအတွက်၊ မလုပ်ရက်၊ မျက်ရည် တောက်တောက်
ကျ။

၁၂။ သို့ပေကာတဲ၊ တတ်သာဘဲ၊ အံခဲမှိတ်သိုက်ရ။

၁၃။ တလဝမ်းရေး၊ ရင်ဖြင့် ဘေး၊ ကျန်သေး နောက်တလ။

၁၄။ ငါ့ဝမ်းပူဆာ၊ မနေသာ၊ ငါ့မှာ ကြီးဒုက္ခ။

၁၅။ လူ တကိုယ်ငါး၊ နည်း သလား၊ ဝမ်း, ခါး ငါ ကျောင်း
ရ။

www.dhammaransi.com



၁၆။ ကလောင်ကို သွေး၊ရှာဖွေ ကျွေး၊ဝမ်းရေးမကုံင။

၁၇။ ရေးမှဖြစ်မည်၊ ရေးအုံးမည်၊ ဉာဏ်ရည် သွေးပြန်ရ။

၁၈။ ညောင်းကိုက် ခြင်ကိုက်၊ ဘာကိုက်ကိုက်၊ ကိုက်လေကိုက် ချင်သမျှ။

၁၉။ နေ့ညအလုံး၊ တကုံးဘုံး၊ ရေးအုံး လေပါမှ။

၂၀။ သည်အိမ်ထောင်ကြီး၊ နေ့ညမီ ၊ ထိန်ညီး နိုင်မည်ပ။

၂၀။ ထို့ကြောင့် ကလောင်၊ လာဟဲ့မောင်၊ သေတောင် လျှော့ဘူးဟ။

ဒဂုန် ဦးစန်းငွေ

၁၃၃၇-ခု၊ တော်သလင်းလပြည့်ကျော်(၇)-ရက်။

သောကြာနေ့ည၊ တနာရီ၊ ၄၅-မိနစ်

ရန် ကုန် မြို့။

www.dhammaransi.com

ဗုဒ္ဓဝါဒဆိုတာ ဘာလဲ?၊ ဗုဒ္ဓဝါဒကို ပီပြင်ရှင်းလင်းရိုးသားစွာ

တင်ပြထားသော

မိတေသီနေလ ၏

# ဝိပဿနာရှုပုံတော်

သံလျှင်တောရ နည်းနိဿယများ ထွက်ပေါ်လာပါမယ်

---

**ဒေါက်တာ မောင်မောင် ၏**

**တရားဥပဒေ အထွေထွေ ဗဟုသုတ ၆ ကျပ်**

**နှင့်**

**နိုင်ငံတော် လုပ်ကြံမှု ၆ ကျပ်**

ရပါသေးတယ်....

**ဝင်းမော်ဦးစာပေ။**

www.dhammaransi.com

ဒဂုန်ဦးစန်းငွေ

ဝင်းမော်ဦး စာပေတိုက်

၆/-

ဝင်းမော်ဦး
စာပေဖြန့်ချိရေး

အမှတ်(၅၀၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့။